# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)


၁၃၈၂ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၂ ရက် ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာ ၃၁ ရက်၊ ကြာသပတေးနေ့ အတွဲ (၆၀)၊ အမှတ် (၁၉၂)


# ဒုတိယသမ္မတ ဦးမြင့်ဆွေ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ၏ စတုတ္ထအကြိမ် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား




ဒုတိယသမ္မတ ဦးမြင့်ဆွေ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ၏ စတုတ္ထအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် တက်ရောက်အမှာစကားပြောကြားစဉ်။ သတင်းစဉ်

နေပြည်တော် ဒီဇင်ဘာ ၃၀

**လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ၏ စတုတ္ထအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာအမျိုးသားကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။**

အစည်းအဝေးသို့ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ(၁)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ(၂)၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ အမျိုးသားကော်မတီအဖွဲ့ဝင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးတင်မြင့်၊ ဗိုလ်ချုပ်စိုးတင့်နိုင်၊ ဦးမောင်မောင်ဝင်း၊ ဦးလှကျော်၊ ဦးကျော်မျိုး၊ ဦးဝင်းမော်ထွန်း၊

*စာမျက်နှာ ၃ ကော်လံ ၁* ❍

> **“ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ငွေကြေးအထောက်အပံ့ပေးရေး အစီအစဉ်များ ရေရှည်တည်တံ့ရေးအတွက် ဥပဒေပိုင်းဆိုင်ရာ ကျောထောက်နောက်ခံပြုထားနိုင်ရန်လည်း အရေးကြီး”**

## မြန်မာ့လွတ်လပ်ရေးနှင့် တေးဂီတစာဆိုတို့၏ အနုပညာ

*လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုဆောင်းပါး*

စာ ၆

## ရန်ကုန်တက္ကသိုလ်နှင့် ကျွန်မ

*ရန်ကုန်တက္ကသိုလ် နှစ်တစ်ရာပြည့် အထိမ်းအမှတ်ဆောင်းပါး*

စာ ၂၀

## ထာဝစဉ် ဂုဏ်ယူနေမည်

*ရန်ကုန်တက္ကသိုလ် နှစ်တစ်ရာပြည့် အထိမ်းအမှတ်ဆောင်းပါး*

စာ ၂၂


သမ္မတ SINCE 1983

**သမ္မတ** နိဗ္ဗာန်ကုန်နှင့်သက်န်းတိုက်နှစ်သစ်မင်္ဂလာဆုတောင်းမေတ္တာပို့သလွှာ

၂၀၂၁ ခုနှစ် နှစ်သစ်မင်္ဂလာ အခါသမယမှာမြန်မာနိုင်ငံအဝန်း နေထိုင်ကြသည့် ရဟန်း ၊ ရှင်၊ လူ မြန်မာနိုင်ငံသူ၊ နိုင်ငံသားနှင့် ကမ္ဘာသူ ကမ္ဘာသားအပေါင်း စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် ဤယနေ့မှ စ၍ ကိုဗစ် – ၁၉ (COVID-19) ကမ္ဘာ့ကပ်ရောဂါဘေးဆိုးကြီးမှ အလျင်အမြန် ကင်းဝေးပျောက်ကင်းနိုင်ကြပါစေ။

အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရဦးသန်းနိုင် + အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဒေါ်ကြည်ကြည်ဆွေ

မြန်မာ့အလင်း

## နှစ်ဆန်းချိန် ခေတ်ဆန်းချိန်

ကိုဗစ်ရောဂါ၏အန္တရာယ်ကို ကမ္ဘာကြီးနှင့်အတူ ခုခံရင်း၊ ကာကွယ်ထိန်းချုပ်ကုသရင်း များစွာသောအချိန်တို့သည် ငြိမ်ဆိတ်ဆံ့ဆိုင်းစွာ ၂၀၂၀ ပြည့်နှစ်ဟူသည့် နှစ်တစ်နှစ်ပင် ကုန်ဆုံးတော့မည်။ နှစ်တစ်နှစ် ကုန်ဆုံးသည်နှင့်အတူ နှစ်သစ်တစ်နှစ် ဖူးပွင့်လာပြီ။

နှစ်သစ်ဆန်းတော့မည်။

တစ်နှစ်တာတွင် ကုန်ဆုံးခဲ့ရသော အချိန်များစွာသည် အိမ်တွင်း၌ ဖြစ်ခဲ့မည်ဟုထင်သည်။ အိမ်တွင်းကပင် အလုပ်လုပ်ခဲ့ကြရသည်။ အပြင်ထွက် အလုပ်လုပ်ရမည့် လုပ်ငန်းအများစုက ပိတ်ထားခဲ့ရ၏။ အများစုသောလုပ်ငန်းတို့မှာ တိုးတက်မှုတုံ့ဆိုင်းသွားခဲ့၏။ ခရီးသွားလုပ်ငန်းများပိတ်၊ ပြည်တွင်းပြည်ပ ခရီးသွားလာခွင့်များပိတ်၊ ဟိုတယ်လုပ်ငန်းများရပ်၊ စားသောက်ဆိုင်များ ပိတ်၊ အလှအပနှင့် ဖက်ရှင်ဆိုင်ရာ ကုန်ပစ္စည်းထုတ်လုပ်မှုများရပ်၊ အတိုချုံးရလျှင် အများစုသော လုပ်ငန်းများ ရပ်တန့်သွားခဲ့ပေသည်။

အိမ်တိုင်ရာရောက် ပစ္စည်းလိုက်လံပို့ဆောင်သော လုပ်ငန်းများ၊ ဆေးဝါးနှင့်အစားအသောက်တို့ အိမ်တိုင်ရာရောက် ပို့ဆောင်ပေးသည့်လုပ်ငန်းများနှင့် ဆေးရုံ ဆေးခန်းများ၊ ပိုးကူးစက်မှု ထိန်းသိမ်းထိန်းချုပ်ရေးစခန်းများသာ အလုပ်များနေကြသည်ဟု မြင်ရသည်။

စီးပွားရေးလုပ်ငန်းများစွာ ရပ်တန့်သွားခဲ့သည့်အတွက်၊ လုပ်ငန်းရှင်များအများစု၏ ညည်းညူသံများကိုလည်း ကမ္ဘာအနှံ့တွင် ကြားကြရမည် ဖြစ်ပေသည်။ ထို့ထက်ပို၍ ငိုကြွေးခံစားနေကြရသူများကား လက်လုပ်လက်စားသမားများနှင့် ပိတ်ထားသည့်လုပ်ငန်းများက ဝန်ထမ်းအဆင့်ဆင့်ဖြစ်၏။ အချို့လုပ်ငန်းများက လစာအပြည့် သို့မဟုတ် လစာအချို့အဝက်ဖြင့် ဆက်လက်ခန့်ထားခံရသော်လည်း များစွာသောဝန်ထမ်းများမှာအလုပ်ရပ်ဆိုင်းကုန်ကြလေသည်။ နိုင်ငံတိုင်းလိုလိုတွင် အလုပ်လက်မဲ့ဦးရေ ချက်ချင်းပင် ထောင်တက်သွားခဲ့၏။

မြန်မာနိုင်ငံသည်လည်း ပိုးကူးစက်လူနာများ၊ ရောဂါဖြစ်ပွားသည့် ဝေဒနာသည်များ၊ ထိန်းချုပ်ထားပေးရန်လိုသည့် သံသယလူနာများ စသူတို့ကို နေရာပေးရခြင်း၊ ကျွေးမွေးစောင့်ရှောက်ရခြင်း၊ စမ်းသပ်စစ်ဆေးပေးရခြင်း၊ ကုသပေးရခြင်း စသည်တို့ဖြင့် ကျန်းမာရေးဆိုင်ရာ စရိတ်စကလည်း မနည်းလှ။ သက်ဆိုင်ရာအုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေး တာဝန်ရှိသူများ၊ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ပရဟိတ ကူညီလုပ်ကိုင်ဆောင်ရွက်ပေးနေကြသူများတို့မှာလည်း မနိုင်ဝန်ထမ်းရင်း ပင်ပန်းကြီးစွာ ကျရာတာဝန်ထမ်းရွက်နေကြရသည်။

ကိုဗစ်ရောဂါနှင့် ပတ်သက်စပ်ဆိုင်သွားရသော မိသားစုများတွင်လည်း ဆုံးရှုံးမှုများအတွက် ငိုကြွေးကြရ၊ ပူလောင်ကြရ၊ ကုသမှု အောင်မြင်သည့်တိုင် ကိုယ်ပန်း စိတ်နွမ်းဖြစ်ကာ ကျန်ခဲ့ကြရ။

ယေဘုယျအားဖြင့် ဆိုရပါမူ၊ စိတ်ပျက်အားလျော့မည်ဆိုလျှင် အားလျော့စရာများရှိနေသည် ဆိုသော်လည်း လူသားတို့၏သဘာဝအတိုင်း၊ အခက်အခဲအကျပ်အတည်းများနှင့် ကြုံရလေလေ ဘဝရှင်သန်ရေး အင်အားတို့က သန်မာနိုးကြားကာ ရင်ဆိုင်ရန် အဆင်သင့် ဖြစ်လာလေလေ။

ထိုမှတစ်ပါး၊ နှစ်သစ်နှင့်အတူ ရောက်ရှိလာတော့မည်ဟူ၍ မျှော်လင့်ချက်များက စောင့်ကြိုနေပါသည်။

ကိုဗစ်ကာကွယ်ဆေးက စတင်တွေ့ရှိ စမ်းသပ်နေပြီဖြစ်ရာ မြန်မာနိုင်ငံသို့လည်း မကြာမီကာလတွင် ရောက်ရှိလာတော့မည် ဖြစ်ပါသည်။ တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ပြည့်စုံလွှမ်းခြုံနိုင်ရေးမှာ လအတန်ကြာ အချိန်ယူကြရမည် ဖြစ်သော်လည်း ကာကွယ်ဆေး စတင်ထိုးနှံသည်နှင့် ရောဂါကူးစက်ပျံ့နှံ့နေမှုကို များစွာထိန်းချုပ်နိုင်မည်ဟူသည့် မျှော်လင့်ချက်အလင်းရောင်က တောက်ပနေပါသည်။

ထို့အတူပင်၊ နှစ်ဆန်းချိန်တွင် ကုန်လွန်ခဲ့သော တစ်နှစ်တာကို လည်ပြန်ငဲ့စောင်းကြည့်သည့်အခါ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ အထွေထွေရွေးကောက်ပွဲများ နိုင်ငံအဝန်းကျင်းပခဲ့ပြီး တက်ကြွလှုပ်ရှားသော ပြည်သူလူထုက မိမိတို့လိုလားသည့် နိုင်ငံရေးပါတီတို့ကို ရွေးချယ်မဲပေးခဲ့ကြသည့် ကာလတိုတစ်ခုကလည်း အနာဂတ်မြန်မာနိုင်ငံအတွက် တောက်ပသော မျှော်လင့်ချက် အလင်းရောင်တို့ကို ယူဆောင်ပေးထားပါသည်။

၂၀၂၁ နှစ်သစ်တွင် ပြည်သူလူထု ရွေးချယ်ပေးခဲ့သော ပြည်သူ့ကိုယ်စားလှယ်အများစုဖြင့် ဖွဲ့စည်းထားသည့် လွှတ်တော်များ၊ အစိုးရအဖွဲ့တို့ ပေါ်ပေါက်လာကာ စနစ်တကျတိုးတက်လာမည့် နိုင်ငံတော်ကို မျှော်လင့်ရပါသည်။ ပိုမိုခိုင်မာမြင့်မားသော ဒီမိုကရေစီအုတ်မြစ်ကိုလည်း အင်အားရှိရှိ တည်ဆောက်နိုင်မည်၊ ပိုမိုခိုင်မာတောင့်တင်းသည့် အခြေခံဥပဒေကို ပြင်ဆင်ရေးဆွဲနိုင်ခြင်းဖြင့် ငြိမ်းချမ်းသော ဒီမိုကရေစီဖက်ဒရယ်နိုင်ငံတော်ကို ထူထောင်နိုင်မည်ဟူသော မျှော်လင့်ချက်တို့ကား နှစ်သစ်ကို ကြိုဆိုနေချေပြီတည်း။

## ၂၀၂၁ ခုနှစ်၊ (၇၃) နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး "စုပေါင်းအင်အား"ဖြင့် ကာကွယ်စောင့်ရှောက်ရေး၊

(၂) လူမှုဆက်ဆံရေးတရားမျှတမှု၊ စီးပွားရေးတရားမျှတမှု၊ နိုင်ငံရေးတရားမျှတမှု၊ အဆင့်အတန်းညီမျှမှု၊ အခွင့်အလမ်းညီမျှမှု၊ တရားဥပဒေရေးရာညီမျှမှုတို့ကို နိုင်ငံသားအားလုံး တန်းတူရည်တူ ရရှိခံစားရေး၊

(၃) စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဖြစ်စေရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး၊

(၄) ပြည်ထောင်စုကြီး ထာဝရတည်တံ့ရေးအတွက် ပြည်ထောင်စုစိတ်ဓာတ်မွေးမြူ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး၊

(၅) နိုင်ငံဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်၍ ပြည်သူတစ်ရပ်လုံး ကြုံတွေ့နေရသည့် စိန်ခေါ်မှုများကို အစိုးရ၊ ပြည်သူလူထုအားလုံးပါဝင်ပြီး စုပေါင်းအားဖြင့် ရင်ဆိုင်ကျော်လွှားရေး၊

## နေပြည်တော်၌ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် မီးရှူးမီးပန်းများ ဂုဏ်ပြုပစ်ဖောက်သွားမည်

နေပြည်တော် ဒီဇင်ဘာ ၃၀

နေပြည်တော်၌ ၂၀၂၁ ခုနှစ်၊ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် မီးရှူးမီးပန်းများကို နေရာနှစ်နေရာခွဲ၍ ဂုဏ်ပြုပစ်ဖောက်သွားမည်ဖြစ်ကြောင်း သိရသည်။

လွတ်လပ်ရေးနေ့မတိုင်မီ ဇန်နဝါရီ (၃) ရက်တွင် နိုင်ငံတော်သမ္မတအိမ်တော် အဝင်လမ်း၏ ညာဘက်ခြမ်း၌ ည ၇ နာရီတွင်လည်းကောင်း၊ ရေပန်းဥယျာဉ် ဂိတ်အမှတ်(၁)၊ အဝင်လမ်း၌ ည ၇နာရီ ၅ မိနစ်တွင် လည်းကောင်း မီးရှူးမီးပန်းများ စမ်းသပ်ပစ်ဖောက်သွားမည် ဖြစ်သည်။

လွတ်လပ်ရေးနေ့ဖြစ်သည့် ဇန်နဝါရီ (၄) ရက်တွင် နိုင်ငံတော်သမ္မတအိမ်တော် အဝင်လမ်း၏ ညာဘက်ခြမ်း၌ ည ၇ နာရီတွင်လည်းကောင်း၊ ရေပန်းဥယျာဉ် ဂိတ်အမှတ်(၁)၊ အဝင်လမ်း၌ ည ၇နာရီ ၅ မိနစ်တွင် လည်းကောင်း မီးရှူးမီးပန်းများ ဂုဏ်ပြုပစ်ဖောက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ထိန်းသိမ်းမသေ့ လွတ်လပ်အမွေ

❖ လွတ်လပ်အမွေ ထားခဲ့ပေတည့်
မသေ့ဘိုးဘွား မြန်မာများတို့
ချစ်အားပိုတဲ့ ဒီမြေ ဒီမြေ။

❖ တန်ဖိုးမြားမြောင် မျိုးဂုဏ်ဆောင်သည့်
ရွှယ်ထောင်ပြည်ရွာ မျိုးမဟာတို့
မကွာသွေးနဲ့ ရင်းခဲ့ပေ။

❖ သူတို့ပေးဆပ် ချွေးသွေးအပ်၍
မလပ်တည်ပါ မျိုးသဟာတွက်
ချစ်စွာဒီပြည် နှစ်ထောင်တည်လို့
ရွှယ်ရည်ခန့်ညား ပြည်တိုင်းကြားလည်း
စော်ကားမနိုင် ချုပ်ခြာပိုင်ဖို့
မယိုင်မလဲ လုံ့လဖွဲ့နဲ့
ထဲထဲဝင်ဝင် ရင်းခဲ့သွင်ကား
ပေါ်ထင်လှပ ခိုင်မြဲရသို့။

❖ လွတ်လပ်ရေးတဲ့ သမိုင်းသွေးနဲ့
အတွေးမဟုတ် ရင်ကတုတ်နဲ့
တိုက်ထုတ်ကျူးကျော် ပြည်ဖျက်နော်ကို
စုစည်းသြော်ကွဲ့ တုတ်ခေါးချဲ့၍
မနွဲ့ခြေလှမ်း သည်းအူပန်းမျှ
နွမ်းလည်းမကြေ ခဲမပြေဘဲ
ရဲရဲတွန်းလှန် အဖျက်ရန်။

❖ မြားမြောင်ထိုအား ဘိုးဘေးများတို့
မနားခြေလှမ်း လွန်ကြိုးပမ်း၍
မခန်းကြာမြင့် ရင်းခဲ့လင့်ကား
မတင့်မကြာ ခဏမှာတွင်
မကွာတစ်မှိတ် မျက်စိရိပ်တွင်
ပျောက်လိမ့်ကေန် ပျက်တတ်ဟန်ကို
သွင်မှန်အသိ ကြီးသတိဖြင့်
ရှိကြပါလေ ထိန်းမသေ့တည့် ထိန်းကြတည့်။ ။

**ရေချမ်း မန်း**

## အများအားဖြင့် သာယာမည်

နေပြည်တော် ဒီဇင်ဘာ ၃၀

နေပြည်တော်နှင့် မန္တလေးမြို့အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် အအေးပိုနေမည်။ **မိုး/ဇလ**

## စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်

**တစ်တိုင်းပြည်လုံး ကြီးပွားစေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့ စုပေါင်းပြီး အင်တိုက်အားတိုက်လုပ်နိုင်မှ အကျိုးခံစားခွင့် ရှိကြမှာပဲ။ ဗမာက တစ်မျိုး၊ ကရင်က တစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့က တခြား၊ အကွဲကွဲအပြားပြား လုပ်နေကြရင် အကျိုးရှိမှာ မဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်။ လုပ်ကြည့်မှလည်း အကျိုးရှိကြောင်း သိနိုင်တယ်။**

**(ဗိုလ်ချုပ်အောင်ဆန်း၏ (၁၁-၂-၁၉၄၇) ရက်နေ့တွင် ပင်လုံမြို့ စော်ဘွားများ ထမင်းစားပွဲတွင် ပြောကြားသော မိန့်ခွန်းမှ ကောက်နုတ်ချက်)**



ရွှေကြက်ယက်၊ ရွှေကြက်ကျာဘုရား ဓာတ်ပုံ - သန့်ဇော်ဦး

○ *ရှေ့ဖုံးမှ*

ဒေါက်တာမြလေးစိန်နှင့် ဦးစိုးအောင်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ လူမှုကာကွယ် စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ၊ ဒုတိယသမ္မတ ဦးမြင့်ဆွေက ယနေ့ကျင်းပသည့် အစည်းအဝေးသည် လူမှုကာကွယ် စောင့်ရှောက်ရေးဆိုင်ရာအမျိုးသားကော်မတီ၏ စတုတ္ထအကြိမ် အစည်းအဝေးဖြစ်ပါကြောင်း၊ လူမှုကာကွယ် စောင့်ရှောက်ရေးလုပ်ငန်းများသည် ဆင်းရဲမှုလျှော့ချရေးကို အထောက်အကူပြုရုံသာမက လူသားအရင်းအနှီးဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် လုပ်ငန်းတစ်ခုဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်ပါ လုပ်ငန်းအစီအစဉ်များနှင့် တိုးချဲ့ဆောင်ရွက်ရန်ရှိသော လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများအား ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် "လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ" ကို နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၈ ခုနှစ်၊ မေ ၁၇ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၃၉/၂၀၁၈)ဖြင့် လုပ်ငန်းတာဝန် (၁၁)ရပ် ချမှတ်ကာ ဒုတိယသမ္မတ ဦးဆောင်၍ (၁၂)ဦးဖြင့် ဖွဲ့စည်းခဲ့ပါကြောင်း။

လုပ်ငန်းတာဝန်များကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် " လုပ်ငန်းကော်မတီ "၊ "နည်းပညာအထောက်အကူပြုကော်မတီ"နှင့် "စောင့်ကြည့်ကြီးကြပ်ခြင်းနှင့် အကဲဖြတ်ဆန်းစစ်ခြင်းကော်မတီ" တို့ကို ဖွဲ့စည်းပြီး လုပ်ငန်းများဆောင်ရွက်နေသည့်အပြင် လုပ်ငန်းလိုအပ်ချက်အပေါ် မူတည်ပြီး "လုပ်ငန်းအဖွဲ့ (Taskforce)" များကိုလည်း ဖွဲ့စည်းပြီး လုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း။

" အမျိုးသားကော်မတီ" ၏ တတိယအကြိမ်အစည်းအဝေးနှင့် စတုတ္ထအကြိမ်အစည်းအဝေးကြားကာလအတွင်း လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ပြန်လည်သုံးသပ်ကြည့်လျှင် တိုးတက်မှုများရှိလာသည်ကို တွေ့ရှိရမည်ဖြစ်သကဲ့သို့ ပိုမိုကောင်းမွန်အောင်ဆောင်ရွက်ရန် လိုအပ်နေသေးသည့် အကြောင်းအရာများကိုလည်း တွေ့ရပါကြောင်း၊ အထူးသဖြင့် ၂၀၂၀ ပြည့်နှစ်အတွင်း မျှော်လင့်မထားဘဲ ကြုံတွေ့ရသည့် COVID–19 ကမ္ဘာ့ကပ်ရောဂါကြောင့် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ငွေကြေးအထောက်အပံ့ပေးရေး အစီအစဉ်များ၏ အကောင်အထည်ဖော်မှုပုံစံများကိုလည်း ပြောင်းလဲဆောင်ရွက်ခဲ့ရပါကြောင်း၊ ထို့ပြင် " COVID–19 စီးပွားရေးထိခိုက်မှု သက်သာရေးစီမံချက် (COVID–19 Economic Relief Plan–CERP)" ၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့် "လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ငွေကြေးအထောက်အပံ့ပေးရေး အစီအစဉ်" အသစ်များ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ COVID–19 ကူးစက်ရောဂါ ဖြစ်ပွားနေသည့်ကာလအတွင်း CERP အစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လူချင်းတွေ့ဆုံ၍ လုပ်ငန်းများဆောင်ရွက်ရန် အကန့်အသတ်များ ရှိလာပါကြောင်း၊ ထို့ကြောင့် ကိုယ်ဝန်ဆောင် မိခင်များအား ငွေကြေးအထောက်အပံ့ပေးရန်အတွက် "ငွေဗိုက်အစီအစဉ်



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ရှင်းလင်းတင်ပြစဉ်။

Mobile Application" တစ်ခုရေးဆွဲပြီး ကိုယ်ဝန်ဆောင် အမျိုးသမီးများကိုယ်တိုင် စာရင်းရေးသွင်းနိုင်ရေး ဆောင်ရွက်နိုင်ခဲ့သည်ကိုလည်း တွေ့ရှိရပါကြောင်း။

COVID–19 ကူးစက်ရောဂါ ဖြစ်ပွားနေသည့်ကာလအတွင်း၌ လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများ၏ အရေးပါမှုကို ပိုမိုသတိထားမိလာကြပါကြောင်း၊ မိမိတို့ကော်မတီဝင်များအနေဖြင့်လည်း အနာဂတ်တွင် အလားတူ ကမ္ဘာလုံးဆိုင်ရာ ကပ်ဘေးများနှင့် ကြုံတွေ့လာပါက ပိုမိုကောင်းမွန်စွာ တုံ့ပြန်နိုင်ရေးအတွက် ယခုတွေ့ကြုံနေရသည့် COVID–19 ကမ္ဘာ့ကပ်ရောဂါ အခြေအနေများအပေါ် သင်ခန်းစာဖော်ထုတ်၍ ပြုပြင်ပြောင်းလဲဆောင်ရွက်သွားရမည့်လုပ်ငန်းများနှင့် အစီအမံများကို ဆက်လက်ပြင်ဆင်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

လက်ရှိတွင် လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ရာ၌ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် "လူမှုရေးဆိုင်ရာစီမံခန့်ခွဲမှု သတင်းအချက်အလက်စနစ် (Social Management Information System – SMIS)" ကို စတင်တည်ဆောက်နေပြီဟု သိရှိရပါကြောင်း၊ အဆိုပါစနစ် တည်ဆောက်နေမှုသည် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ရန်အတွက် အရေးပါသည့် တိုးတက်ဖြစ်ထွန်းမှုတစ်ခုလည်းဖြစ်ပါကြောင်း၊ "လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုသတင်းအချက်အလက်စနစ်" တည်ဆောက်ပြီးသည့်အခါ အဆိုပါစနစ်ကို ထိရောက်စွာ အသုံးပြုနိုင်ရန်နှင့် ရေရှည်တည်တံ့နိုင်ရန်အတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းပူးပေါင်းကာ ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

ထို့ပြင် "ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက် (၂)နှစ်အောက် ကလေးသူငယ်များအား ငွေကြေးအထောက်အပံ့ပေးရေးအစီအစဉ်" ကို ၂၀၁၉–၂၀၂၀ ခု ဘဏ္ဍာရေးနှစ်အတွင်း ကမ္ဘာ့ဘဏ်ချေးငွေနှင့် နိုင်ငံတော်ရန်ပုံငွေ ပေါင်းစပ်ကာ "ဧရာဝတီတိုင်းဒေသကြီး" နှင့် "ရှမ်းပြည်နယ်" တို့တွင် တိုးချဲ့ဆောင်ရွက်နိုင်ခဲ့သည်ကိုလည်း တိုးတက်ဖြစ်ထွန်းမှုတစ်ရပ်အနေဖြင့် ရှုမြင်မိပါကြောင်း၊ နောက်ထပ်မြင်တွေ့ခဲ့ရသည့် တိုးတက်ဖြစ်ထွန်းမှုတစ်ခုမှာ ငွေကြေးအထောက်အပံ့ပေးရေးအစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်သည့်နေရာ၌ "Electronic Cash Transfer နည်းလမ်း" ကို အသုံးပြုပြီး "ဧရာဝတီတိုင်းဒေသကြီး"၊ "ရှမ်းပြည်နယ်" နှင့် "ရခိုင်ပြည်



ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ရှင်းလင်းတင်ပြစဉ်။

နယ်၊ စစ်တွေမြို့နယ်" တို့တွင် စတင်စမ်းသပ်ဆောင်ရွက်လာနိုင်သည်ကိုလည်း တွေ့ရှိရပါကြောင်း၊ ပြုပြင်ပြောင်းလဲဆောင်ရွက်မှုများ ပြုလုပ်သည့်နေရာ၌ ကနဦးကာလတွင် အခက်အခဲများစွာ တွေ့ကြုံရနိုင်ပါကြောင်း၊ အဆိုပါ အခက်အခဲများအပေါ် သင်ခန်းစာရယူကာ ပိုမိုကောင်းမွန်အောင် ဆက်လက်ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

လူမှုကာကွယ်စောင့်ရှောက်ရေးကဏ္ဍတွင် အောင်မြင်မှုများနှင့် တိုးတက်ဖြစ်ထွန်းမှုများသာမက အခက်အခဲနှင့် စိန်ခေါ်မှုများစွာရှိနေသည်ကိုလည်း နားလည်သဘောပေါက်ထားရမည်ဖြစ်ပါကြောင်း၊ အထူးသဖြင့် COVID–19 ကူးစက်ရောဂါ ဖြစ်ပွားနေသည့်ကာလတွင် မြေပြင်ကွင်းဆင်းဆောင်ရွက်နိုင်မှုအကန့်အသတ်ရှိခြင်းများ၊ မူလစီစဉ်ထားသည့် လုပ်ငန်းများကို ပြောင်းလဲပြီး ဆောင်ရွက်ရခြင်းများနှင့် အခြားသော COVID– 19 ကူးစက်ရောဂါ ဖြစ်ပွားနေမှု အခြေအနေများနှင့် ဆက်စပ်သည့်အခက်အခဲများကိုလည်း ကြုံတွေ့ခဲ့ကြရပါကြောင်း၊ ထို့ပြင် လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်နေသော "ငွေကြေးအထောက်အပံ့ပေးရေး အစီအစဉ်များ"နှင့် "ဆက်လက်တိုးချဲ့ဆောင်ရွက်သွားရန်ရှိသည့် လူမှုကာကွယ်စောင့်ရှောက်ရေး အစီအစဉ်များ" အတွက် ရေရှည်ရန်ပုံငွေရရှိရေးသည် စိန်ခေါ်မှုတစ်ခုဖြစ်လာနိုင်သည့်အတွက် "ရေရှည်ရန်ပုံငွေရရှိရေး မဟာဗျူဟာ" တစ်ရပ်ကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ အဆိုပါမဟာဗျူဟာတစ်ရပ်ကို ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအနေဖြင့် စတင်ဆောင်ရွက်နေသည်ကိုလည်း သိရှိထားပါကြောင်း။

ထို့ပြင် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ငွေကြေးအထောက်အပံ့ပေးရေး အစီအစဉ်များ ရေရှည်တည်တံ့ရေးအတွက် ဥပဒေပိုင်းဆိုင်ရာ ကျောထောက်နောက်ခံပြုထားနိုင်ရန်လည်း အရေးကြီးပါကြောင်း၊ ထို့အတွက် တာဝန်ခံဝန်ကြီးဌာနဖြစ်သည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် လက်ရှိဘဏ္ဍာရေးနှစ်အတွင်း "လူမှုရေးအထောက်အပံ့ဆိုင်ရာဥပဒေ(မူကြမ်း)" ပြီးစီးရေး ကြိုးပမ်းဆောင်ရွက်နေသည်ကိုလည်း သိရှိရပါကြောင်း။

လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများသည် နိုင်ငံတော်၏ အဓိကမဟာဗျူဟာမြောက် အစီအစဉ်ဖြစ်သည့် "မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်



ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေး ရှင်းလင်းတင်ပြစဉ်။

ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း (Myanmar Sustainable Development Plan – MSDP)" တွင် ပါဝင်သည့် အဓိက လုပ်ငန်းတစ်ခုဖြစ်ပါကြောင်း၊ ထို့ကြောင့် "လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်း" များသည် နိုင်ငံတော်၏ ဦးစားပေးလုပ်ငန်းတစ်ရပ်ဖြစ်ပြီး ပြည်သူလူထုကို တိုက်ရိုက်အကျိုးရှိစေသည့် လုပ်ငန်းဖြစ်သည့်အတွက် ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး၊ ပေါင်းစပ်ညှိနှိုင်းရေးနှင့် ရန်ပုံငွေရရှိရေးကိစ္စရပ်များတွင် ဝန်ကြီးဌာနများအကြား၊ ဝန်ကြီးဌာနများနှင့် မိတ်ဖက်အဖွဲ့အစည်းများအကြား ထိရောက်စွာ ပေါင်းစပ်ညှိနှိုင်းပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း၊ ယနေ့အစည်းအဝေးသို့တက်ရောက်လာကြသည့် တာဝန်ရှိသူများအနေဖြင့်လည်း သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများနှင့် လိုအပ်သည့် အကြံပြုချက်များကို ပွင့်ပွင့်လင်းလင်းဝိုင်းဝန်းဆွေးနွေးပေးကြရန် ပြောကြားသည်။

ထို့နောက် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ(၁)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက "လူမှုရေးဆိုင်ရာစီမံခန့်ခွဲမှု သတင်းအချက်အလက်စနစ်" တည်ဆောက်နေမှုအခြေအနေ၊ "မြန်မာ့လူမှုရေးအထောက်အပံ့ဆိုင်ရာဥပဒေ(မူကြမ်း)"ကို ရေးဆွဲပြီး ဖြစ်သဖြင့် ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေ၊ "လူမှုရေးပင်စင်အစီအစဉ်" နှင့်"ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက် (၂)နှစ်အောက် ကလေးသူငယ်များအား ငွေကြေးအထောက်အပံ့ပေးရေးအစီအစဉ်" တို့ကို အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေ၊ COVID– 19 စီးပွားရေးထိခိုက်မှု သက်သာရေးစီမံချက် (COVID–19 Economic Relief Plan – CERP) အစီအစဉ်များအရ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေ၊ ငွေကြေးအထောက်အပံ့ပေးရေးအစီအစဉ်များကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် "ရန်ပုံငွေရရှိရေး"၊ "ရေရှည်ရန်ပုံငွေရရှိရေး"နှင့် "လူသားအရင်းအနှီး လုံလောက်စွာရရှိရေး" ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

ယင်းနောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်က ကျင်းပပြီးစီးခဲ့သည့် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ဆောင်ရွက်ဆဲအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**ငွေကြေးထောက်ပံ့မှုရှင်းလင်း**

ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဒေါ်စန်းစန်းအေးက လူမှုကာကွယ် စောင့်ရှောက်ရေးအမျိုးသားအဆင့် မဟာဗျူဟာစီမံချက်အပေါ် အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက် (၂)နှစ်အောက် ကလေးသူငယ်များအား ငွေကြေးအထောက်အပံ့ပေးရေးလုပ်ငန်း အစီအစဉ်များ၊ လူမှုရေးပင်စင်ထောက်ပံ့ပေးရေးလုပ်ငန်း အစီအစဉ်များ၊ ဘက်စုံလူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းအစီအစဉ်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု အခြေအနေ၊ ဆက်လက်တိုးချဲ့ဆောင်ရွက်ရန် လျာထားသည့် လုပ်ငန်းအစီအစဉ်များ၊ လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများအတွက် ဘဏ္ဍာငွေရရှိမှုအခြေအနေနှင့် COVID-19 စီးပွားရေးထိခိုက်မှုသက်သာရေး စီမံချက် (CERP)အရ COVID-19 ကာလအတွင်း ငွေကြေးထောက်ပံ့ပေးနေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ(၂)၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက လူမှုဖူလုံရေးဥပဒေ ရေးဆွဲဆောင်ရွက်ထားရှိမှု အခြေအနေ၊ အလုပ်လက်မဲ့ အကျိုးခံစားခွင့်အာမခံစနစ် အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေ၊ COVID-19 စီးပွားရေးထိခိုက်မှုသက်သာရေးစီမံချက်(CERP)အစီအစဉ်အရ အလုပ်သမားများကို ထောက်ပံ့ပေးနေမှုအခြေအနေ၊ ရွှေ့ပြောင်းအလုပ်သမားများအား ကူညီစောင့်ရှောက်ပေးနေမှုအခြေအနေနှင့် ကလေးအလုပ်သမားပပျောက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများတွင် စနစ်တကျဝိုင်းဝန်းပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ရေး၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပြုလုပ်နိုင်ရေးနှင့် လူမှုကာကွယ်စောင့်ရှောက်ရေးအစီအစဉ်များတွင် ထောက်ပံ့ပေးလျက်ရှိသည့် ကိစ္စရပ်များ၌ ရသင့်ရထိုက်သူများ ရရှိရေးအတွက် စနစ်တကျပူးပေါင်းဆောင်ရွက်သွားနိုင်ရေးနှင့် စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီဝင် ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဦးတင်မြင့်၊ ဗိုလ်ချုပ်စိုးတင့်နိုင်၊ ဦးမောင်မောင်ဝင်း၊ ဦးလှကျော်၊ ဦးကျော်မျိုး၊ ဦးဝင်းမော်ထွန်းနှင့် အမြဲတမ်းအတွင်းဝန် ဒေါ်နိုင်သက်ဦးတို့က သက်ဆိုင်ရာဌာနများအလိုက် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆောင်ရွက်နေမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အစည်းအဝေးဆုံးဖြတ်ချက် (၇)ချက် ချမှတ်ကာ အတည်ပြုချက်ရယူသည်။

**လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း**

ယင်းနောက် အမျိုးသားကော်မတီဥက္ကဋ္ဌ၊ ဒုတိယသမ္မတ ဦးမြင့်ဆွေက တင်ပြချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် ယနေ့အစည်းအဝေး၌ ဆွေးနွေးအကြံပြုချက်များသည် ကောင်းမွန်ပြီး လွန်စွာအကျိုးရှိပါကြောင်း၊ ဆွေးနွေးအကြံပြုချက်များကိုလည်း ထိရောက်အောင်မြင်အောင် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများသည် သာမန်အားဖြင့်ကြည့်လျှင် ငွေကြေးအကုန်အကျ များသည်ဟု ထင်ရသော်လည်း နိုင်ငံသူ၊ နိုင်ငံသားများ၏ "လူမှုစီးပွားထိခိုက်လွယ်မှု အခြေအနေများကို လျှော့ချပေးရန်"၊ "လူသားအရင်းအနှီး ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေရန်" နှင့် "အခြေခံဝင်ငွေ အထောက်အပံ့ဖြစ်စေရန်" အတွက် မဖြစ်မနေဆောင်ရွက်ရမည့်လုပ်ငန်းများ ဖြစ်ပါကြောင်း၊ အဆိုပါလုပ်ငန်းများကို နိုင်ငံတကာတွင်လည်း လွန်ခဲ့သည့်နှစ်ပေါင်းများစွာကတည်းက ဆောင်ရွက်နေကြပါကြောင်း၊ မိမိတို့နိုင်ငံ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ကိစ္စရပ်များအပေါ် ရန်ပုံငွေသုံးစွဲမှုတွင် ပတ်ဝန်းကျင် နိုင်ငံများနှင့် နှိုင်းယှဉ်လျှင် နည်းပါးနေသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများကို ရေရှည်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများအချင်းချင်း ပေါင်းစပ်ညှိနှိုင်းကာ လိုအပ်သည်များ ကြိုတင်စီမံဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများ အကောင်အထည်ဖော်မှုအနေဖြင့် မြန်မာနိုင်ငံ၏ အမျိုးသားအဆင့် လူမှုကာကွယ်စောင့်ရှောက်ရေး မဟာဗျူဟာစီမံချက်ပါ အဓိကလုပ်ငန်းအစီအစဉ် (၈)ရပ်အနက် "ကိုယ်ဝန်ဆောင် မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက် (၂) နှစ်အောက် ကလေးသူငယ်များအား ငွေကြေး အထောက်အပံ့ပေးရေးအစီအစဉ်" ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် ဆောင်ရွက်ခဲ့ပြီး ပထမအကြိမ် အမျိုးသားကော်မတီ အစည်းအဝေးအပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ကရင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် တိုးချဲ့ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုနည်းတူစွာ "လူမှုရေးပင်စင်" ထောက်ပံ့ရာတွင်လည်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် အသက်(၉၀) နှစ်နှင့် အထက် အဘိုးအဘွားများကို ထောက်ပံ့ပေးခဲ့ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် အသက် (၈၅) နှစ်သို့ လျှော့ချပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ထောက်ပံ့ပေးလျက် ရှိပါကြောင်း၊ အသက် (၈၀) နှစ်သို့ လျှော့ချဆောင်ရွက်ရန် စီစဉ်ခဲ့သော်လည်း ဘဏ္ဍာရန်ပုံငွေ မလုံလောက်သည့်အတွက် ယာယီရပ်ဆိုင်းထားခဲ့ရပါကြောင်း၊ မိမိတို့ကော်မတီသည် မြန်မာနိုင်ငံ၏ လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့်မဟာဗျူဟာ စီမံချက်ပါလုပ်ငန်းအစီအစဉ်များနှင့် တိုးချဲ့ဆောင်ရွက်ရန်ရှိသော လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများအား ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ပေးအပ်ထားသည့် လုပ်ငန်းစဉ် (၁၁) ချက်ကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ ယခုလို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ရရှိပြီးသားအခြေအနေများအပေါ် အခြေခံပြီး ပိုမိုတိုးမြှင့် အကောင်အထည်ဖော်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်သည့် လုပ်ငန်းအပါအဝင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း အသစ် ငါးခုကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က ခွင့်ပြု

**နေပြည်တော် ဒီဇင်ဘာ ၃၀**

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၆/၂၀၂၀) ကြိမ်မြောက် အစည်းအဝေးကို Video Conferencing စနစ်ဖြင့် ယနေ့နံနက်ပိုင်းက ကျင်းပသည်။ **(ယာပုံ)**

အဆိုပါ အစည်းအဝေးသို့ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း လေးခု၏ မတည်ငွေရင်းတိုးမြှင့်ခြင်း အပါအဝင် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ ဟိုတယ်ကဏ္ဍနှင့် အခြားဝန်ဆောင်မှုကဏ္ဍ အလိုက် လုပ်ငန်းအသစ် ငါးခုကို ခွင့်ပြုခဲ့သည်။

အဆိုပါ လုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏသည် အမေရိကန်ဒေါ်လာ ၁၃၈ ဒသမ ၁၇၈ သန်းနှင့် ငွေကျပ် ၁၀၉,၂၀၄ သန်းရှိပြီး ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၄,၄၇၅ နေရာကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။

ယနေ့အစည်းအဝေးတွင် ခွင့်ပြုခဲ့သည့် လုပ်ငန်းများအနက် စစ်ကိုင်းတိုင်းဒေသကြီး၌ ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်မည့် ၃၀ မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်း နှစ်ခုနှင့် တနင်္သာရီတိုင်းဒေသကြီးတွင် ရာနှုန်းပြည့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်မည့် ရေငန်ပုစွန်မွေးမြူ ထုတ်လုပ်ရောင်းချခြင်း လုပ်ငန်း တစ်ခုတို့လည်း အပါအဝင်ဖြစ်သည်။

ခွင့်ပြုပေးခဲ့သည့် နေရောင်ခြည်စွမ်းအင်သုံး (ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်) လုပ်ငန်းသည် မြန်မာနိုင်ငံအနေဖြင့် အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှု လျှော့ချရေးနှင့် လိုက်လျောညီထွေဖြစ်စေရေးဆိုင်ရာ လုပ်ငန်းအစီအစဉ် (Nationally Determined Contribution- NDC) ကို ယခုနှစ်မကုန်မီ ဆောင်ရွက်သွားမည့် ရည်မှန်းချက်အရလည်းကောင်း၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁၂ ရက်တွင် အွန်လိုင်းစနစ်ဖြင့် ကျင်းပခဲ့သည့် Climate Ambition Summit ၌ ပြောကြားခဲ့သည့် ဗီဒီယိုမိန့်ခွန်းတွင် ပါရှိသည့် လမ်းညွှန်ချက်အရ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည် ဖြစ်သည်။




၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလကုန်အထိ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံ/ ဒေသပေါင်း ၅၁ ခုအနက် ရင်းနှီးမြှုပ်နှံမှု အများဆုံးပြုလုပ်သော နိုင်ငံများမှာ စင်ကာပူနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ဖြစ်ပြီး စီးပွားရေးကဏ္ဍ ၁၂ ခုအနက် အများဆုံး ရင်းနှီးမြှုပ်နှံထားသည့် ကဏ္ဍများမှာ လျှပ်စစ်ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၆ ဒသမ ၁၁ ရာခိုင်နှုန်းဖြင့် လည်းကောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၆ ဒသမ ၀၃ ရာခိုင်နှုန်းဖြင့် လည်းကောင်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၅၈ ရာခိုင်နှုန်းဖြင့် လည်းကောင်း ရင်းနှီးမြှုပ်နှံထားကြောင်း သိရသည်။

**သတင်းစဉ်**

## သမဝါယမကဏ္ဍမှ ရေထွက်ကုန်ပစ္စည်းများ ဝယ်ယူဖြန့်ဖြူးရောင်းချပေးမည်

**နေပြည်တော် ဒီဇင်ဘာ ၃၀**

ယနေ့ကာလတွင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် မြန်မာနိုင်ငံအတွင်းရှိ ရေထွက်ကုန်ပစ္စည်း ထုတ်လုပ်ဖြန့်ဖြူးရောင်းချသူများမှာ အခက်အခဲများ ဖြစ်ပေါ်လျက်ရှိသဖြင့် ယင်းအခက်အခဲများကို တစ်ဖက်တစ်လမ်းမှ ဖြေရှင်းပေးနိုင်ရန်အတွက် လည်းကောင်း၊ ပြည်တွင်းရှိ အများပြည်သူများ လွယ်လင့်တကူ ဝယ်ယူစားသုံးနိုင်ရေးအတွက် လည်းကောင်း သမဝါယမကဏ္ဍမှ ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန သမဝါယမဦးစီးဌာနအနေဖြင့် ဗဟိုသမဝါယမအသင်း၊ တိုင်းဒေသကြီး/ပြည်နယ် သမဝါယမ အသင်းစုချုပ်များနှင့် ညှိနှိုင်းပြီး No Profit, No Loss ဟူသော သမဝါယမ မူတစ်ရပ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်သည်။

ရောင်းချရန် အခက်အခဲရှိသည့် ရေထွက်ကုန်ပစ္စည်းထုတ်လုပ်သူများအနေဖြင့် တိုင်းဒေသကြီး/ ပြည်နယ် သမဝါယမဦးစီးဌာနများနှင့် သမဝါယမ အသင်းစုချုပ်များ၊ သမဝါယမဦးစီးဌာနရုံးချုပ် (ဖုန်း ၀၆၇-၃၄၁၀၃၄၁၊ ၀၆၇-၃၄၁၀၃၄၅)၊ ပဲခူးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန (ဖုန်း ၀၅၂-၂၂၂၂၅၂၁)၊ ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန (ဖုန်း ၀၁-၈၃၉၈၅၉၉ )၊ ဧရာဝတီတိုင်းဒေသကြီး သမဝါယမဦးစီးဌာန (ဖုန်း ၀၄၂-၂၄၃၂၆) သို့လည်းကောင်း ဆက်သွယ်အကူအညီရယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## အမ်းမြို့နယ် ဒါးလက်ကျေးရွာအုပ်စု ရှမ်းကုန်း (မူလွန်) ကျောင်းအား ကွန်ပျူတာ၊ ကာလာပရင်တာ၊ မီးစက်နှင့်ဆက်စပ်ပစ္စည်းများ ထောက်ပံ့ပေးအပ်

**နေပြည်တော် ဒီဇင်ဘာ ၃၀**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝေးလံ ခေါင်ဖျားဒေသများတွင် ပညာသင်ကြားနေသော ဒေသခံ ကျောင်းသား/သူများ၏ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ လျှပ်စစ်မီးမရရှိသေးသည့် ရခိုင်ပြည်နယ် အမ်းမြို့နယ် ဒါးလက်ကျေးရွာအုပ်စု ရှမ်းကုန်း (မူလွန်) ကျောင်းတွင် အသုံးပြုရန် ကွန်ပျူတာ၊ ကာလာပရင်တာ၊ မီးစက်နှင့် ဆက်စပ်ပစ္စည်းများ ပေးအပ်လှူဒါန်းကြောင်း အမ်း မြို့နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ သိရသည်။

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ရခိုင်ပြည်နယ်အတွင်း ကွန်ပျူတာ၊ ကာလာပရင်တာ၊ မီးစက်နှင့် ဆက်စပ်ပစ္စည်း ကိုးစုံ ထောက်ပံ့ပေးအပ်နိုင်ခဲ့ပြီး ထိုသို့ထောက်ပံ့ပေးအပ်နိုင်ခဲ့ခြင်းဖြင့် အမ်းမြို့နယ် ဒါးလက်ကျေးရွာအုပ်စု ရှမ်းကုန်း (မူလွန်)ကျောင်း၌ ပညာသင်ကြားနေသော ကျောင်းသား/ သူများနှင့် ဆရာ ဆရာမများ ပညာရေးကဏ္ဍအတွက် အထောက်အကူပြုနိုင်မည် ဖြစ်ကြောင်း သိရသည်။

**ဟန်လင်းနိုင်**

# ပြည်သူသာလျှင် အဓိက

## ရေဝတီတိုင်းဒေသကြီး ကျိုက်လတ်ဒေသတွင် PTTEP ၏ ရင်းနှီးမြှုပ်နှံမှုဖြင့် Integrated Domestic Gas to Power Project ကို စတင်ဆောင်ရွက်နိုင်ရန်အတွက် Notice to Proceed ပေးအပ်ခြင်းအခမ်းအနား ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၃၀

**လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ရေဝတီတိုင်းဒေသကြီး ကျိုက်လတ်ဒေသတွင် ထိုင်းနိုင်ငံ PTTEP ၏ ရင်းနှီးမြှုပ်နှံမှုဖြင့် Integrated Domestic Gas to Power Project ကို စတင်ဆောင်ရွက်နိုင်ရန်အတွက် Notice to Proceed ပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီက နေပြည်တော်ရှိ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၌ ကိုဗစ်-၁၉ ကာကွယ်ရေးနည်းစနစ်များနှင့်အညီ ကျင်းပသည်။** (ယာပုံ)



အခမ်းအနားသို့ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ဝင်းနှင့် ဒေါက်တာထွန်းနိုင်၊ အမြဲတမ်းအတွင်းဝန် ဦးသန်းဇော်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး PTTEP မှ အမှုဆောင်အရာရှိချုပ် မစ္စတာ ဖုန်စတွန်သာဗီစင် (Mr. Phongsthorn Thavisin) နှင့် ရန်ကုန်မြို့ရှိ PTTEP မှ တာဝန်ရှိသူများသည် Video Conferencing စနစ်ဖြင့် တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ရေဝတီတိုင်းဒေသကြီး ကျိုက်လတ်ဒေသတွင် ၅၉၂ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံကို ကမ်းလွန် Offshore Block ဖြစ်သော M-3(အောင်သိဒ်) နှင့် M-9 (ဇောတိကစီမံကိန်း) တို့မှ ထွက်ရှိမည့် သဘာဝဓာတ်ငွေ့ကို အသုံးပြု၍ Integrated Domestic Gas to Power Project အား ထိုင်းနိုင်ငံ PTTEP ၏ ရင်းနှီးမြှုပ်နှံမှုဖြင့် IPP/BOT စနစ်ဖြင့် တည်ဆောက်မည် ဖြစ်ပါကြောင်း၊ ဓာတ်အားပေးစက်ရုံအတွက် လိုအပ်သော ဓာတ်ငွေ့ပမာဏအား PTTEP ၏ ရှယ်ယာအများစု ပိုင်ဆိုင်သော M-3 (အောင်သိဒ်) လုပ်ကွက်မှ ရေဝတီတိုင်းဒေသကြီး၊ ဒေါင်မြိမ်း Control Station အထိ (၈၂) ကီလိုမီတာခန့်ကို ၁၆ လက်မ ရေအောက်ဓာတ်ငွေ့ပိုက်လိုင်းဖြင့်လည်းကောင်း၊ M-9 လုပ်ကွက် (ဇောတိကစီမံကိန်း) မှ ထွက်ရှိမည့် သဘာဝဓာတ်ငွေ့ကို တနင်္သာရီတိုင်းဒေသကြီး၊ ကန်ပေါက်မှ ဒေါင်မြိမ်း Control Station အထိ ကီလိုမီတာ (၃၀၀) ခန့်ကို ၂၆ လက်မ ပင်လယ်ရေအောက် ဓာတ်ငွေ့ပိုက်လိုင်းဖြင့်လည်းကောင်း အသီးသီးပို့လွှတ်ပြီး ၎င်းသဘာဝဓာတ်ငွေ့များကို ဒေါင်မြိမ်း Control Station တွင် ပေါင်းဆုံ၍ ကျိုက်လတ် (Receiving Station) အထိ ကီလိုမီတာ (၇၀) ခန့်ကို ၂၆ လက်မ ကုန်းတွင်းဓာတ်ငွေ့ပိုက်လိုင်းကို ကျိုက်လတ်(Receiving Station) သို့လည်းကောင်း၊ ထိုမှ တစ်ဆင့် ဓာတ်အားပေးစက်ရုံစီမံကိန်းအထိ နောက်ထပ် (၆) ကီလိုမီတာခန့်ကို ၁၆ လက်မ ဓာတ်ငွေ့ပိုက်လိုင်းတို့ဖြင့် အသီးသီး သွယ်တန်း၍ တည်ဆောက်သွားမည့်အပြင် Gas Receiving Station နှစ်ခုကိုလည်း သတ်မှတ်နေရာများ၌ အသစ်ထပ်မံ တည်ဆောက်သွားမည် ဖြစ်ပါကြောင်း၊ ၎င်းဓာတ်အားပေးစက်ရုံ စီမံကိန်းမှ ထွက်ရှိလာမည့် လျှပ်စစ်ဓာတ်အားများကို နိုင်ငံတော်ဓာတ်အားစနစ်နှင့် ချိတ်ဆက်၍ ပို့လွှတ်ဖြန့်ဖြူးနိုင်ရန်အတွက် ၂၃၀ ကေဗွီ ဓာတ်အားလိုင်းဖြင့် ကျိုက်လတ်မှ လှိုင်သာယာ ဓာတ်အားခွဲရုံအထိ ဓာတ်အားလိုင်း တည်ဆောက်သွားမည် ဖြစ်ပါကြောင်း။

စီမံကိန်း၏ ရင်းနှီးမြှုပ်နှံမှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ (၂) ဘီလီယံခန့်ဖြစ်ပြီး Notice to Proceed (NTP) ထုတ်ပေးပြီးနောက် ၂၀၂၄ ခုနှစ် ပထမ ခြောက်လအတွင်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကာ စီမံကိန်း၏ လုပ်ကိုင်ခွင့်ကာလသည် နှစ် (၂၀) ဖြစ်ပြီး နိုင်ငံတော်သို့ လွှဲပြောင်းပေးရမည်ဖြစ်ပါကြောင်း၊ အဆိုပါစီမံကိန်း ဆောင်ရွက်ရခြင်းသည် သန့်ရှင်းသော စွမ်းအင် (Clean Fuel ) အသုံးပြုသည့် Domestic Gas to Power စီမံကိန်း ဖြစ်စေရန်နှင့် ဒေသတွင်းဖွံ့ဖြိုးရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းများရရှိစေရန်ရည်ရွယ်ပြီး ဆောင်ရွက်ခြင်း ဖြစ်ကြောင်း၊ ထွက်ရှိလာမည့် လျှပ်စစ်ဓာတ်အားများသည် ရန်ကုန်တိုင်းဒေသကြီးနှင့် ရေဝတီတိုင်းဒေသကြီး တစ်ဝိုက်တွင် ဖြစ်ပေါ်လာမည့် စီမံကိန်းများအတွက် လျှပ်စစ်ဓာတ်အားများ လုံလောက်အောင် ပေးပို့နိုင်မည့်အပြင် ပိုလျှံလာသော လျှပ်စစ်ဓာတ်အားများကို နိုင်ငံတော် ဓာတ်အားစနစ်အတွင်းသို့ ပို့လွှတ်ဖြန့်ဖြူးသွားနိုင်မည် ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ သတ်မှတ်ကာလများအတွင်း စီမံကိန်းဖြစ်မြောက်နိုင်စေရန်အတွက် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုအနည်းဆုံးဖြင့် သတ်မှတ်အချိန်ကာလအတွင်း အရည်အသွေး ပြည့်ပြည့်ဝဝဖြင့် အောင်မြင်ပြီးမြောက်အောင် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် PTTEP ၏ အမှုဆောင်အရာရှိချုပ် မစ္စတာဖုန်စတွန်သာဗီစင်က စီမံကိန်းနှင့်စပ်လျဉ်း၍ မိမိတို့ ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြပြီး ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးသန်းဇော်နှင့် PTTEP ၏ အမှုဆောင်အရာရှိချုပ် မစ္စတာ ဖုန်စတွန်သာဗီစင်တို့က စီမံကိန်းအတွက် ထုတ်ပေးသည့် Notice to Proceed အား လက်မှတ်ရေးထိုးကြကြောင်း သိရသည်။

**သတင်းစဉ်**

## သတ္တမအကြိမ်မြောက် အခြေခံပညာသင်ရိုးညွှန်းတမ်းဆိုင်ရာ အစည်းအဝေးကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၃၀**

သတ္တမအကြိမ်မြောက် အခြေခံပညာသင်ရိုးညွှန်းတမ်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁နာရီတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ အမျိုးသားပညာရေးမူဝါဒကော်မရှင် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဘာသာရပ်သင်ရိုးညွှန်းတမ်းကော်မတီဥက္ကဋ္ဌများ၊ သင်ရိုးညွှန်းတမ်းရေးဆွဲရေးအဖွဲ့ဝင်များနှင့် သက်ဆိုင်ရာတာဝန်ရှိသူများ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ဆွေးနွေးကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက သင်ရိုးညွှန်းတမ်းညှိနှိုင်းအစည်းအဝေးကို တက်ရောက်လာသည့် အမျိုးသားပညာရေးမူဝါဒကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဘာသာရပ် သင်ရိုးညွှန်းတမ်း ကော်မတီဥက္ကဋ္ဌများနှင့် သင်ရိုးညွှန်းတမ်းရေးဆွဲရေး အဖွဲ့ဝင်များ၊ JICA, ADB, EU စသည့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၊ သင်ရိုးညွှန်းတမ်း ပြုပြင်ပြောင်းလဲရေးအတွက် ကျောင်းသုံးဖတ်စာအုပ် အသစ်ပြုစုခြင်း၊ သင်ကြားသင်ယူမှုနည်းလမ်း၊ သင်ထောက်ကူပစ္စည်း စသည်ဖြင့် သင်ရိုးညွှန်းနှင့်သက်ဆိုင်သော လုပ်ငန်းများအတွက် ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြသူများ တစ်ဦးမကျန် အားလုံးကို ကျေးဇူးတင်ပါကြောင်း၊ တန်ဖိုးထားလေးစား၍ မှတ်တမ်းတင်ဂုဏ်ယူပါကြောင်း။

Grade- 5, Grade- 8, Grade-11 သင်ရိုးညွှန်းတမ်း ပြီးစီးမှုများအတွက် ကျေးဇူးတင်ပါကြောင်း၊ စာအုပ်များ ပြုစုပြီး Face to Face Training နှင့် အွန်လိုင်း Training များကို ယနေ့ ကိုဗစ်ကာလအခြေအနေအရ ပေါင်းစပ်ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ ကိုဗစ်ကူးစက်ပြန့်ပွားမှု ထိန်းချုပ်တားဆီးကာကွယ်နေရချိန်တွင် သတိထားဆောင်ရွက်ရန်လိုပါကြောင်း။

တစ်ကမ္ဘာလုံး ယခုကူးစက်ပြန့်ပွားနှုန်းက မျိုးပြောင်းဗီဇဖြစ်ပြီး အင်မတန်ကူးစက်မြန်သည့်အတွက် လုံးဝပေါ့၍မရပါကြောင်း၊ ကိုဗစ်နှင့်အတူ ယှဉ်တွဲနေထိုင်ရမည် ဖြစ်သည့်အတွက် ပါးစပ်နှင့် နှာခေါင်းစည်း၊ မျက်နှာအကာ တပ်ဆင်ခြင်း၊ ကိုယ်အပူချိန်တိုင်းတာခြင်း၊ စနစ်တကျ စက္ကန့် ၂၀ ကြာလက်ဆေးရန် ဖြည့်ဆည်းအသုံးပြုခြင်း၊ တစ်ဦးနှင့် တစ်ဦး ခြောက်ပေကွာခြား၍ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ဗဟိုအဆင့်၊ ကျောင်းအဆင့် သင်ကြားသင်ယူမှုနည်းလမ်းများ ဆင့်ပွားသင်တန်းအတွက် စီစဉ်ဆောင်ရွက်မှုများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့် ကိုဗစ်ဗဟိုကော်မတီ၏ ညွှန်ကြားချက်များကို အတိအကျလိုက်နာပြီး ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အွန်လိုင်းသင်တန်း ဆောင်ရွက်ပါက လူတစ်ဦးချင်းစီသည် ဒစ်ဂျစ်တယ်ပစ္စည်း တစ်ခုစီနှင့် တစ်ဦးချင်းစီ အိမ်၊ ရုံး စသည့်နေရာသီးသန့်ဖြင့် ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် မြေပြင်တွင် ပြုလုပ်ပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ခွင့်ပြုချက်ရယူပြီး လူသုံးဆယ်ထက်မပိုဘဲ ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ အမျိုးသားအဆင့်ဗဟိုကော်မတီကိုတင်ပြ၍ စီစဉ်ဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်သည့်အတွက် သေသေချာချာ စနစ်တကျစီမံကာ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ နွေရာသီ သင်တန်းတက်မည့် ဆရာဆရာမ၊ ကျောင်းသား ကျောင်းသူများအတွက် ပူပြင်းသောရာသီဥတုတွင် လိုအပ်သော သောက်ရေသုံးရေ စသည့် လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေး ထည့်သွင်းစဉ်းစားရန် လိုပါကြောင်း၊ Grade- 5, Grade- 8, Grade-11 သင်ရိုးညွှန်းတမ်း စာအုပ်သစ်များ ဆောင်ရွက်ပေးမှုကို အင်မတန်အားရပါကြောင်း၊ ပြုစုဆောင်ရွက်ပေးကြသူများ၊ ပူးပေါင်းဆောင်ရွက်ပေးကြသူများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများ အားလုံးကို ကျေးဇူးတင်ပါကြောင်း၊ အရည်အသွေးရှိသော ကျောင်းသုံးဖတ်စာအုပ်များဖြစ်အောင်၊ အရည်အသွေးရှိသော သင်ကြားသင်ယူမှုများဖြစ်အောင်၊ အရည်အသွေးရှိသော သင်ကြားသင်ယူမှု သင်ထောက်ကူပစ္စည်းများ အသုံးပြုနိုင်အောင် စီစဉ်ဆောင်ရွက်ပေးကြသော အမျိုးသားသင်ရိုးညွှန်းတမ်း ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကိုလည်း ကျေးဇူးတင်ပါကြောင်း၊ JICA, ADB, EU စသော ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများမှ အဖွဲ့များအားလုံးကို ကျေးဇူးတင်ပါကြောင်း၊ ကိုဗစ်ကာလနှင့် လိုက်လျောညီထွေစွာ ဆောင်ရွက်ရသည့်အတွက် အားလုံးတွင် လိုအပ်ချက်အခက်အခဲများ ရှိနိုင်ပါကြောင်း၊ အခက်အခဲစသည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အတူတကွဆက်လက်၍ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြရန် မေတ္တာရပ်ခံပါကြောင်း ပြောကြားသည်။

ထို့နောက် သင်ရိုးသစ် Grade- 5, Grade- 8 နှင့် Grade-11 ကျောင်းသုံးစာအုပ်နှင့် ဆရာလမ်းညွှန်များ ပြုစုခြင်းနှင့်စပ်လျဉ်း၍ ဆွေးနွေးကြပြီး အစည်းအဝေး အစီအစဉ်အတိုင်း ဆက်လက်ကျင်းပသည်။

**သတင်းစဉ်**

# မြန်မာ့လွတ်လပ်ရေးနှင့် တေးဂီတစာဆိုတို့၏ အနုပညာ

• • • မမိုးမြေ • • •

**အနုပညာသည် အနုပညာဟုခေါ်တွင်သော်လည်း စစ်မက်ရေး၊ အမျိုးသားရေးနှင့် လွတ်လပ်ရေးတို့တွင်လည်း အရေးပါသောအခန်းကဏ္ဍက ပါဝင်ခဲ့သည်။ ခံစားမှု၊ စိတ်ကူးနှင့် လောကဝန်းကျင်တို့ ပေါင်းဖွဲ့၍ ဖန်တီးရသော အနုပညာစွမ်းအားသည် မြန်မာ့လွတ်လပ်ရေးတွင်လည်း အဓိကကျခဲ့ပါသည်။ ကိုလိုနီခေတ် ဂီတစာဆိုများ၊ လွတ်လပ်ရေး ရရှိရန် ကြိုးပမ်းစဉ် ခေတ်တေးပြုစာဆိုများ၏ ဇာတိမာန်တေးများသည် ပြောင်မြောက်လှပါသည်။ အဘယ်ကြောင့်ဤမျှ ထက်မြက်ခဲ့ရသနည်း။ ဤမျှ ပြောင်မြောက်ခဲ့ရသနည်းဆိုသော် ခံစားမှုကြောင့် ဖြစ်ပါသည်။ အမျိုးချစ်သည့် ခံစားမှုက အနုပညာလက်ရာကောင်းများကို ပေါ်ထွက်စေခဲ့ပါသည်။**

ကျွန်မငယ်ရွယ်စဉ်က အာဇာနည်နေ့နား နီးလာလျှင် သီချင်းတစ်ပုဒ်ကို ကြားရလေ့ရှိပါသည်။ ဗိုလ်ချုပ်အောင်ဆန်း၏ အတ္ထုပ္ပတ္တိတေးဖြစ်ပါသည်။ ကျွန်မ မှတ်မိနေသော တေးစာသားလေးမှာ **"ဦးဖာ၊ ဒေါ်စု အမိပြုကာရယ်... ကလေးငယ်နာမည် အချိန်စာရင်းပေးတော့ ထိန်လင်းလို့ခေါ်တယ်... သူ့အဖိုးရယ်၊ သူ့အဖွားရယ်... ဗိုလ်မင်းရောင်လို့ခေါ်တယ်"** ဟုဖြစ်ပါသည်။ တေးစာသားသည် ရိုးရိုးလေး ဖြစ်ပါသည်။ ရိုးရိုးလေးရေးထားသော်လည်း တေးပြုစာဆို၏ ခံစားမှုပါသည်၊ အမြင်ပါသည်။ တေးအဖွဲ့ခံရသူ ဗိုလ်ချုပ်အပေါ် စာရေးသူ၏ မေတ္တာဓာတ်တွေသည် တေးစာသားနှင့် တေးသွား၌ပါနေသည်။ ရိုးသားသော ဗိုလ်ချုပ်၏ဘဝတေးကို ရိုးရိုးလေးနှင့် နှစ်သက်စရာကောင်းအောင် ရေးဖွဲ့ထားသည်။ နားဆင်သူတို့ကလည်း ရိုးသားသော ဗိုလ်ချုပ်ကို ရိုးရိုးသားသား ချစ်ကြသည်။ နှစ်သက်ခံစားကြသည်။

### သီချင်းများနဲ့ ဗိုလ်ချုပ်သို့ လွမ်းဆွတ်ခြင်း

ထိုသီချင်းလေးသည် လွတ်လပ်ရေးအတွက် အသက်ပေးခဲ့သော ဗိုလ်ချုပ်ကို လွမ်းမောဖွယ် ဖြစ်စေသည်။ ငယ်ငယ်လေးကတည်းက ကြားဖူးသည်။ ငယ်ငယ်လေးကတည်းက ကြိုက်သည်။ ကျွန်မဆယ်ကျော်သက်အရွယ် တက္ကသိုလ်ရောက်စအထိလည်း ကြားနေရသည်။ ရုတ်တရက်သီချင်းလေးကို မကြားရတော့ပါ။ နှစ်ပေါင်းများစွာ ကြာသွားသည်။ တက္ကသိုလ်ကျောင်းသူလေးဘဝမှ ပါမောက္ခဖြစ်လာသည်။ အသက်လည်း ကြီးမှန်းမသိကြီးလာသည်။ အသက်ငါးဆယ်ကျော် ခြောက်ဆယ်နားနီးမှ မကြားရသည်မှာ ကြာလွန်းလှပြီဖြစ်သော သီချင်းတစ်ပုဒ်ကို ကြားလိုက်ရသည်။ စမ်းချောင်းရှိ သမီးအိမ်သို့ ရောက်နေစဉ် အိမ်နှင့် မလှမ်းမကမ်းမှ ကြားလိုက်ရခြင်းဖြစ်ပါသည်။ ကျွန်မစိတ်သည် နှစ်ပေါင်းများစွာ အိပ်ပျော်နေရာမှ ဖျပ်ခနဲလန့်နိုးလာသလိုလို ထင်လိုက်ရသည်။ နှစ်ပေါင်းများစွာ ကွဲကွာနေသူ၏ အသံကို ရုတ်တရက်ကြားလိုက်ရသလိုလို။ ထိုင်နေရာမှထ၍ ဝရန်တာသို့ ပြေးထွက်သွားသည်။ သီချင်းလာရာကို လိုက်ရှာမိသည်။ ခပ်လှမ်းလှမ်းတွင် ရပ်ထားသော ထီရောင်းသည့် ဆိုက်ကားမှ လွင့်ပျံ့လာနေခြင်းဖြစ်သည်။ နားကို အစွမ်းကုန်စွင့်၍ အစွမ်းကုန်ကြားအောင် နားထောင်သည်။

**"ဗမာ့လွတ်လပ်ရေးအတွက် တပ်မတော်ဖွဲ့ဖို့ ဂျပန်ပြည်မှာကွယ်၊ တကယ်ပဲ အသက်နဲ့လဲလို့ ဆင်းရဲဒုက္ခခံကာကြံစည်တယ်၊ သူရဲကောင်းတဲ့ ဗိုလ်အောင်ဆန်းနဲ့ အာဇာနည်တွေရယ်"** ဆိုသည့်တေးသံရှေ့လျားလွင့်မျောရာနောက်သို့ လည်ဆန့်၍ နားစိုက်ထားမိသည်။ ကြာပါပြီ၊ သည်သီချင်းကိုလည်း နုပျိုစဉ်က လွတ်လပ်ရေးနေ့နားနီးလျှင် အကြိမ်ကြိမ်ကြားခဲ့ရသည်။ အကြိမ်ကြိမ် နှစ်သက်ခဲ့ရသည်။ ခဏခဏ ကြားနေရသော်လည်း ရိုးအီသွားခြင်း မရှိခဲ့ပါ။ ထီရောင်းသူသည် သီချင်းသံနှင့်အတူ ဆက်ရွေ့သွားသည်။ တစ်နာရီခန့်ကြာသောအခါ သီချင်းသံပေါ်လာပြန်သည်။ "ဗမာ့သူရဲကောင်း" သီချင်း၏ အဆက်ဖြစ်သည်။ **"ငါတို့ဗမာပြည်ဝယ်... မိဘတိုင်းကရယ်... ဗိုလ်အောင်ဆန်းလို သူရဲကောင်းတွေ မွေးရမယ်... ဩော် ...ဘုရင့်နောင်နဲ့ ရာဇာဓိရာဇ်တို့လို မင်းရဲကျော်စွာပမာပုံနှယ်... အလောင်းဘုရားတို့လိုကွယ်... ဗမာတိုင်း... ဗမာမျိုး...အားကိုးလောက်ပေတဲ့... မကြောက်တမ်းမရွံ့တမ်း... ဗမာတွေအောင်ပန်းဆွတ်ရာလေတယ်"**။

ကျွန်မရင်ထဲတွင် လှိုက်တက်လာသည်။ "ငါတို့ဗမာပြည်ဝယ်... မိဘတိုင်းကရယ်... ဗိုလ်အောင်ဆန်းလို သူရဲကောင်းတွေ မွေးရမယ်" ဆိုသော စာသားသည် ပစ္စုပ္ပန်မှ သည်ခုန်ကျော်၍ ပျိုရွယ်စဉ်ဘဝဆီသို့ ပြန်ရောက်သွားစေသည်။ ထိုစဉ်အခါကလည်း ဝမ်းသာခြင်းပီတိဖြင့် လိုက်လှဲဆိုနှင့်ခဲ့ဖူးသည်ပင်။ ဗိုလ်ချုပ်အတွက် ဖွဲ့သော သီချင်းများသည် စာဆိုကွဲသော်လည်း ရေးဖွဲ့ဟန် ရိုးသားပုံတူညီသည်။ အလင်္ကာအဆင်တန်ဆာ အဖွဲ့အနွဲ့မပါ။ အရိုးဆုံးအရှင်းဆုံး ဖွဲ့ထားသည်။ သို့သော် နားဆင်သူတိုင်း ခံစားကြရသည်။ အဘယ်ကြောင့်ဆိုသော် တေးသီချင်းတိုင်းတွင် ခံစားမှုအမှန်တရားပါသောကြောင့်ပင်။ စာဖတ်သူ၊ နားဆင်သူတို့အား ရသခံစားမှု ပေးနိုင်သည့် အနုပညာပစ္စည်းတိုင်းတွင် ခံစားမှုအမှန်တရား ပါရသည်။ ကဗျာဆိုလျှင် ကဗျာ့သစ္စာဟုဆိုကြသည်။ ရသမြောက်အနုပညာလက်ရာမှန်သမျှတွင် အမှန်တရားပါသည်။ ဗမာ့သူရဲကောင်းသီချင်းတွင် စာဆိုဖွဲ့သီထားသော အကြောင်းအရာများ၊ စာသားများသည် အမှန်တရားများ ဖြစ်ကြသည်။ စာဆိုကိုးကားပြထားသော သမိုင်းအထောက်အထားများသည်လည်း သမိုင်း၏ အမှန်တရားများသာ ဖြစ်သည်။ ကြိုးသီချင်း၊ ပတ်ပျိုး၊ ယိုးဒယားသီချင်းများတွင် ပါသော ဘုန်းတော်ဘွဲ့များသည် အမှန်တရားမပါ။ သမိုင်းတွင် မထင်ရှား၊ သူရဲကောင်းမပီ၊ ခေါင်းဆောင်ကောင်းမဟုတ်လှသောမင်းများအတွက် ဖွဲ့လျှင်လည်း၊ ဘုရင်မင်းမြတ်၏ ဘုန်းတော်ကို "ထောင်ရောင်နေ၊ မှောင်မှောင်ခြွေ" ဟု ဖွဲ့ရသည်။ သိကြားမင်းနှင့် နှိုင်းရသည်။ ဘုရင်၏ နန်းတော်ကို သိကြားမင်း၏ ဝေဇယန္တာနတ်နန်းနှင့် နှိုင်းရသည်။ ဘုန်းတန်ခိုးရန့်သင်းပုံကို မဇ္ဈူသကနတ်ပန်းနှင့် ဥပမာပေးရသည်။ နိုင်ငံတော်၏ အကျယ်အဝန်းကို ကျွန်းကြီးလေးကျွန်းဟုဖွဲ့ရသည်။ တေးအဖွဲ့ခံဘုရင်၏ အရည်အသွေးအစစ်အမှန်ထက် ဘုန်းတော်ဘွဲ့များတွင် ရေးလေ့ရှိသည့်အတိုင်းဖွဲ့ရသည်။ အမှန်တရား မပါသည့်အတွက် ခံစားမှုအမှန်တရားကို မပေးနိုင်ပေ။ အနုပညာ၏သဘောမှာ စာဖတ်သူ၌ ရသမြောက်ရမည်။ ရသမြောက်သည်ဆိုရာ၌ စာတစ်ပုဒ်ကို ဖတ်မိ၊ ကြားမိလျှင် နှစ်ရှည်လများရင်၌ စွဲကျန်ရစ်နေခြင်းကို ဆိုလိုသည်။ ရသ၏ ဂယက်ဖြင့် ဖတ်သူ၊ ကြားသူ၌ ဘဝအသိထက်မြက်လာစေနိုင်စွမ်းရှိသောစာမျိုး ဖြစ်ပါသည်။

ဗမာ့သူရဲကောင်းသီချင်းတွင် ဆိုရတိုင်းတက်တက်ကြွကြွနိုးနိုးကြားကြား ဖြစ်လာစေသော စာပိုဒ်ပါသည်။ တေးဆိုတတ်စကလေးငယ်မှစ၍ သက်ကြီးရွယ်အိုအထိ တေးသံကြားလျှင် မနေနိုင်ကြ၊ လိုက်ဆိုမိကြသည်။ ဆိုမိတိုင်းလည်း ဇာတိမာန် နိုးကြားတက်ကြွလာကြရသည်။ ထိုစာပိုဒ်မှာ **"ရာဇဝင်အတ္ထုပ္ပတ္တိလည်း ရှိရမယ်... မော်ကွန်းလည်း ထိုးလောက်တဲ့ မြင့်မြတ်တဲ့ ဗိုလ်အောင်ဆန်းရယ်... တိုင်းပြည်အကျိုး စွန့်ခဲ့တဲ့ မျိုးဇာနည်နွယ်... လွတ်လပ်ဖို့တို့များကို ကျွန်တွင်းမှကယ်... တို့ဗမာတွေစိုးမိုးဖို့ မျှော်ကြရှာဖို့ပေါ်လာတယ်"** ဟု ဖြစ်ပါသည်။

ကျွန်းကြီးလေးကျွန်း၊ ရောင်ခြည်တစ်ထောင် အလင်းဆောင်သော နေမင်း၊ မဇ္ဈူသကနတ်ပန်း၊ ဝေဇယန္တာနန်း မပါပါ။ ဥပမာအလင်္ကာများနှင့် မဖွဲ့ဘဲ အမှန်တရားကို အမှန်တရားအတိုင်း၊ အရှိကို အရှိတိုင်း ဖွဲ့ခြင်းဖြင့်တေးစာသားများသည် အလိုလို လှနေသည်။ နားဆင်သူသည် စာသားတိုင်းအပေါ် ခေါင်းတစိုက်စိုက်နှင့် နှစ်သက် လက်ခံကြရမည်ပင်။ "ဗမာ့သူရဲကောင်း" တေးတစ်ပုဒ်လုံးကိုကြည့်လျှင် စကားလုံးများဖြင့် ဖွဲ့သီအပ်သောတေးစာသားသည် တေးပြုစာဆို၏ ခေတ်ကို ခံစားပြီး ခေတ်၏အမှန်တရားကို ခံစားရေးဖွဲ့ထားသည့်အတွက် စာသားများသည် ထက်မြက်နေခြင်း ဖြစ်ပါသည်။ ကဗျာသီချင်းကဲ့သို့ ရသစာပေကို သီဖွဲ့ရာတွင် စကားလုံးများသည် စာဆို၏ ခံစားမှုမှ ပေါက်ဖွားလာရမည်။ စိတ်ကူးသည်လည်း ခံစားမှုမှ မွေးဖွားလာရမည်။ ကာရန်အသံ တေးသွားများသည်လည်း ခံစားမှု၏ တုံ့ပြန်သံများသာ ဖြစ်ရမည်ဟု ဆရာဇော်ဂျီက ဆိုမိန့်ခဲ့ဖူးပါသည်။ စာဆိုသည် သူတို့ခေတ်၊ သူတို့ဗိုလ်ချုပ်၏ စွမ်းဆောင်မှုပုံရိပ်များကို ခံစား၍ ရေးဖွဲ့ထားသည်။ "ဗမာ့သူရဲကောင်း" သီချင်းသည် ခံစားမှုအမှန်တရားကြောင့် အချိန်ကာလ အကန့်အသတ်မရှိ ရသခံစားမှုကို ပေးစွမ်းနိုင်ခြင်း ဖြစ်ပါသည်။ ထိုသို့ဆိုလျှင် အဆိုပါသီချင်းကို အဘယ်စာဆိုသည် ဘယ်ခေတ်၊ ဘယ်သူကို ခံစားရေးဖွဲ့ခဲ့ပါသနည်း။

ဗိုလ်ချုပ်အောင်ဆန်းနှင့် ရဲဘော်သုံးကျိပ်တို့သည် မြန်မာ့လွတ်လပ်ရေးအတွက် တပ်မတော်ဖွဲ့ရန် ဂျပန်နိုင်ငံ၌ စစ်ပညာသင်ကြားခဲ့ကြရသည်။ စစ်ပညာသင်ကြားချိန်တွင် အသက်နှင့်လဲ၍ စွန့်စားခဲ့ကြရသည်။ ဆင်းရဲဒုက္ခအမျိုးမျိုးကိုခံစားခဲ့ကြရသည်။ ၁၉၄၂ ခုနှစ် မတ်လ ၈ ရက်နေ့တွင် ဗိုလ်တေဇခေါ် ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော ဗမာ့လွတ်လပ်ရေးတပ်မတော်ကြီးသည် ရန်ကုန်မြို့ကို သိမ်းပိုက်လိုက်ကြသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ရဲဘော်သုံးကျိပ်တို့၏ တိုင်းပြည်အတွက် စွမ်းဆောင်မှုများကို ဂုဏ်ပြုသည့်အနေဖြင့် သဟာယဆရာတင်က "ဗမာ့သူရဲကောင်း" သီချင်းကို ရေးဖွဲ့ခဲ့ပြီးလျှင် အဆိုတော်မျိုးချစ်က သီဆိုခဲ့သည်။ အဆိုတော် ကိုမြကြီးလည်း ပြန်လည်သီဆိုခဲ့ပါသည်။

လွတ်လပ်ရေးခရီးစဉ်သည် ရှည်လျားလှသည်။ နယ်ချဲ့ဗြိတိသျှကို တွန်းလှန်ပြီးနောက် ဖက်ဆစ်ဂျပန်ကို တော်လှန်ခဲ့ရပြန်သည်။ ဖက်ဆစ်ကို တိုက်ထုတ်ပြီးသည့်တိုင် လွတ်လပ်ရေးခရီးစဉ်သည် အဆုံးမသတ်သေးပါ။ နယ်ချဲ့အစိုးရသည် စက္ကူဖြူစာတမ်းကြီးနှင့်အတူ ဘုရင်ခံဒေါမန်စမစ်ကို ပြန်လည်ရောက်ရှိလာစေပြန်သည်။ နယ်ချဲ့ဝါဒနှင့် အရင်းရှင်စနစ်ဆိုးကို ပြန်လည်ထူထောင်ရန် ကြိုးပမ်းလာပြန်သည်။ အရင်းရှင်စနစ်၏ ဒဏ်၊ စစ်ဘေးစစ်ဒဏ်တို့ကို ခံရပြီး မြန်မာတစ်ပြည်လုံး ဆင်းရဲနွမ်းပါးနေလေပြီ။ ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်၍ တိုင်းပြည်ကို ပြန်လည်ထူထောင်ရေးသည် အရေးတကြီး လိုအပ်လာပါသည်။ ထိုအခြေအနေတွင် ပြည်သူတို့အား လှုံ့ဆော်ရန် တေးပြုစာဆို ရန်နိုင်စိန်က "ပြန်လည်ထူထောင်ရေး" သီချင်းကို ရေးဖွဲ့ခဲ့ပါသည်။ ထိုသီချင်း၏ ပထမစာပိုဒ်ကိုသာ ဖော်ပြသွားပါမည်။ ပြန်လည်ထူထောင်ရေးသီချင်းမှာ " လူထုအားကို အများကြီးလိုသည်။ ဗိုလ်ချုပ်အစိုးရ အချိုးကျကူညီ... တိုင်းရင်းသားတိုင်းသည် ရိုင်းပင်းကြရမည်။ ငွေထွက်နည်းဖို့ အမြဲပဲကြံစည်၊ (နည်းပေးလမ်းပြမည်) ၂ နည်းနည်းတော့ အပျော်အပါးလျှော့စေချင်သည်။ ဗမာပြည်ထောင်စုကို ပြန်လည်ထူထောင်မှုနဲ့ ပြုပြင်မည်" ဟုဖြစ်ပါသည်။

### အရိုးဆုံးသည်အလှဆုံး

"ပြန်လည်ထူထောင်ရေး" သီချင်းသည် ခေတ်၏အမှန်လိုအပ်ချက်ကို ဖွဲ့သူကဖွဲ့သည်။ ပြည်သူတစ်ရပ်လုံးကလည်း နှစ်နှစ်သက်သက် ဆိုကြသည်။ နှစ်နှစ်သက်သက် ခံစားကြသည်။ နှစ်နှစ်သက်သက် လက်ခံကျင့်သုံးကြသည့်အတွက် လွတ်လပ်ရေး ပန်းတိုင်သို့ အရောက်တက်လှမ်းနိုင်ခဲ့ခြင်း ဖြစ်ပါသည်။ ထိုသီချင်းကို ငယ်ငယ်လေး

*စာမျက်နှာ ၇ သို့*



**“ "ပြန်လည်ထူထောင်ရေး" သီချင်းသည် ခေတ်၏အမှန်လိုအပ်ချက်ကို ဖွဲ့သူကဖွဲ့သည်။ ပြည်သူတစ်ရပ်လုံးကလည်း နှစ်နှစ်သက်သက် ဆိုကြသည်။ နှစ်နှစ်သက်သက်ခံစားကြသည်။ နှစ်နှစ်သက်သက် လက်ခံကျင့်သုံးကြသည့်အတွက် လွတ်လပ်ရေးပန်းတိုင်သို့ အရောက်တက်လှမ်းနိုင်ခဲ့ခြင်း ဖြစ်ပါသည်။ ထိုသီချင်းကို ငယ်ငယ်လေးကတည်းက ကြားခဲ့သည်၊ ဆိုခဲ့သည်။ "လူထုအားကို အများကြီးလိုသည်။ ဗိုလ်ချုပ်အစိုးရအချိုးကျကူညီ" ဆိုသည့်စာသားကို ခဏခဏ အားပါးတရ ဆိုဖြစ်သည် ”**

## စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ကြေညာချက်အမှတ် (၆ / ၂၀၂၀)ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန**

**ကြေညာချက်အမှတ် (၆ /၂၀၂၀)**

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၃၀ ရက်)

၁။ Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီမှ ညွှန်ကြားချက်နှင့်အညီ နိုင်ငံတော်မှ ဖြေလျှော့ပေးထားသည့် အခွန်အခများကို စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနမှ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလကုန်အထိ ကာလတိုးမြှင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၂။ CMP လုပ်ငန်းများ၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းများနှင့် အသေးစားအလတ်စား စီးပွားရေးလုပ်ငန်းများ၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်နှင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း သုံးလတစ်ကြိမ် ပေးဆောင်ရမည့် ဝင်ငွေခွန်နှင့် လစဉ်ပေးဆောင်ရမည့် ကုန်သွယ်လုပ်ငန်းခွန်တို့နှင့် စပ်လျဉ်း၍-

(က) ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ၂၀၂၀ ပြည့်နှစ်၊ မတ်လ (၃၁) ရက်နေ့တွင် ကုန်ဆုံးမည့် ဒုတိယသုံးလပတ်အတွက် လည်းကောင်း၊ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ (၃၀) ရက်နေ့တွင် ကုန်ဆုံးမည့် တတိယသုံးလပတ်အတွက် လည်းကောင်း၊ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလ (၃၀) ရက်နေ့တွင် ကုန်ဆုံးမည့် စတုတ္ထသုံးလပတ်အတွက်လည်းကောင်း၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၃၁) ရက်နေ့တွင် ကုန်ဆုံးမည့် ပထမသုံးလပတ်အတွက် လည်းကောင်း သုံးလတစ်ကြိမ် ပေးဆောင်ရမည့် ဝင်ငွေခွန်များကို ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ (၃၁) ရက်နေ့အထိ ပေးဆောင်နိုင်ပါသည်။

(ခ) ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း မတ်လ (၃၁) ရက်နေ့တွင် ကုန်ဆုံးမည့်လအတွက်မှ စတင်၍ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း ဒီဇင်ဘာလ (၃၁) ရက်နေ့တွင် ကုန်ဆုံးမည့်လအတွက်အထိ လစဉ်ပေးဆောင်ရမည့် ကုန်သွယ်လုပ်ငန်းခွန်များကို ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ (၃၁) ရက်နေ့အထိ ပေးဆောင်နိုင်ပါသည်။

၃။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ပို့ကုန်လုပ်ငန်းများမှ ကြိုတင်ကောက်ခံသည့် ဝင်ငွေခွန် ၂% ကို ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ (၃၁) ရက်နေ့အထိ ကင်းလွတ်ခွင့်ပေးသွားမည်ဖြစ်ပါသည်။

**စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန**

## စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ကြေညာချက်အမှတ် (၇/ ၂၀၂၀) ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန**

**ကြေညာချက်အမှတ် (၇ /၂၀၂၀)**

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၃၀ ရက်)

**အခွန်ထမ်းပြည်သူများသို့ အသိပေးကြေညာချက်**

၁။ စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေများအတွက် ၂၀၁၉ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအရ သက်ညှာလျှော့ပေါ့ပေးထားသော အခွန်နှုန်းများကို ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့အထိသာ ခံစားခွင့်ရှိပါသဖြင့် ယင်းနေ့အမီ လျှော့ပေါ့နှုန်းထားများကို ခံစားနိုင်ရေးအတွက် အခွန်ထမ်းပြည်သူများသည် စည်းကြပ်တောင်းခံထားသော ငွေသွင်းချလန်ကို ရယူပြီးနောက် ယင်းချလန်ပေါ်တွင် "၃၀-၉-၂၀၂၀ ရက်နေ့ နောက်ဆုံးထား၍ ဘဏ်သို့ပေးသွင်းရမည်" ဟူသော ဖော်ပြထားချက်အရ မြန်မာ့စီးပွားရေးဘဏ်တွင် စုပြုံ၍ အခွန်ငွေပေးသွင်းလျက်ရှိသည့်အတွက် COVID-19 ဖြစ်ပွားစဉ်ကာလအတွင်း လူစုလူဝေးဖြစ်မှုကို ရှောင်ရှားနိုင်ရန်အလို့ငှာ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ ကြေညာချက်အမှတ်၊ ၄/ ၂၀၂၀ ဖြင့် အခွန်ငွေပေးသွင်းရမည့်ရက်ကို ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၃၀) ရက်နေ့အထိ ရွှေ့ဆိုင်းပေးခဲ့ပါသည်။

၂။ ယခုအခါ COVID-19 ကာကွယ်၊ တားဆီးရေးဆိုင်ရာ စည်းကမ်းချက်များအား ပြည်သူများမှ ပြည့်ပြည့်ဝဝ လိုက်နာဆောင်ရွက်နိုင်ရေးအတွက် အထက်အပိုဒ် (၁) ပါ ကိစ္စရပ်နှင့် စပ်လျဉ်း၍ အခွန်ပေးသွင်းရမည့်ရက်ကို ထပ်မံတိုးမြှင့်၍ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ (၃၁) ရက်နေ့အထိ နောက်ဆုံးထား၍ပေးသွင်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန**

## စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ကြေညာချက်အမှတ် (၈/ ၂၀၂၀) ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန**

**ကြေညာချက်အမှတ် (၈ /၂၀၂၀)**

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာ ၃၀ ရက်)

၁။ Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏ ညွှန်ကြားချက်နှင့်အညီ COVID-19 ကာကွယ်၊ တားဆီးရေးဆိုင်ရာ စည်းကမ်းချက်များအား ပြည်သူများမှ ပြည့်ပြည့်ဝဝ လိုက်နာဆောင်ရွက်နိုင်စေရေးအတွက် လည်းကောင်း၊ အခွန်ကြေညာလွှာတင်သွင်းရန်ကာလ ကုန်ဆုံးတော့မည်ဖြစ်သည့်အတွက် အခွန်ကြေညာလွှာတင်သွင်းရမည့် နောက်ဆုံးရက်တွင် လူစုလူဝေးများ မဖြစ်ပွားစေရေးအတွက်လည်းကောင်း အခွန်ကြေညာလွှာတင်သွင်းရမည့် သတ်မှတ်ရက်များအား တိုးမြှင့်ခွင့်ပြုသွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ အောက်ဖော်ပြပါ ကာလများအတွက် တင်သွင်းရမည့် အခွန်ကြေညာလွှာများအား ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ (၃၁) ရက်နေ့အထိ တင်သွင်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် တင်သွင်းရမည့် ဝင်ငွေခွန် ကြေညာလွှာ၊ လစာနှစ်ချုပ်စာရင်းနှင့် ကုန်သွယ်လုပ်ငန်းခွန်နှစ်ချုပ်ကြေညာလွှာ၊

(ခ) ၁-၁၀-၂၀၂၀ မှ ၃၁-၁၂-၂၀၂၀ ရက်နေ့အထိ သုံးလပတ်အတွက် တင်သွင်းရမည့် အထူးကုန်စည်ခွန်ကြေညာလွှာ။

**စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန**

## ဥပဒေဘာသာပြန်ကော်မရှင် အမိန့်အမှတ် ၁၂/၂၀၂၀ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ဥပဒေဘာသာပြန်ကော်မရှင်**

**အမိန့်အမှတ် ၁၂/၂၀၂၀**

**၁၃၈၂ ခုနှစ်၊ နတ်တော်လပြည့်နေ့**

**(၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၉ ရက်)**

၁။ ဥပဒေဘာသာပြန်ကော်မရှင် ဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ(က)အရ ဥပဒေဘာသာပြန်ကော်မရှင်က အတည်ပြုသည့် အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားသော ဥပဒေများ၏ မြန်မာဘာသာပြန်ဆိုချက်ကို ပုဒ်မ ၁၂ အရ ထုတ်ပြန်ကြေညာလိုက်သည်-

(က) The Public Property Protection Act

(ခ) The Court Fees Act

၂။ ဖော်ပြပါ မြန်မာဘာသာပြန်ဆိုထားသည့် ဥပဒေများသည် မူလစာမူနှင့် အလားတူ အာဏာတည်ရမည်။

ပုံ/

(ထွန်းထွန်းဦး)
ဥက္ကဋ္ဌ
ဥပဒေဘာသာပြန်ကော်မရှင်

*စာမျက်နှာ ၆ မှ*

ကတည်းက ကြားခဲ့သည်၊ ဆိုခဲ့သည်။ "လူထုအားကို အများကြီးလိုသည်။ ဗိုလ်ချုပ်အစိုးရ အချိုးကျကူညီ" ဆိုသည့်စာသားကို ခဏခဏအားပါးတရ ဆိုဖြစ်သည်။ ရေဒီယိုကလည်း ခဏခဏလာသည်။ ကလေးတွေဆိုသကဲ့သို့ လူငယ်၊ လူလတ်၊ လူကြီးတွေအားလုံးဆိုကြသည်။ စာဆိုသည် သူ့အမှန်ခံစားရသော ခေတ်၏ခံစားချက်ကို ရသမြောက်အောင်ဖွဲ့သည်။ အဆင်တန်ဆာအလင်္ကာများနှင့် မဟုတ်ပါ။ အရိုးဆုံးသည် အလှဆုံးဆိုသည့် ခံယူချက်နှင့် သူ့အနုပညာကို ရိုးရိုးလှလှဖွဲ့သည်။ ဆိုလိုချက်ကို ရှင်းလင်းပြတ်သားစွာရေး၍ အားမာန်ပါပါဆိုရလွယ်အောင် ရေးဖွဲ့နိုင်ခြင်း၊ အမှန်တရားဖြစ်ခြင်းတို့က ထိုသီချင်းကို အနုပညာဂုဏ်မြောက်စေခြင်းဖြစ်သည်ဟု ယူဆမိပါသည်။

လူထုအားထဲတွင် အနုပညာရှင်တို့၏ အင်အားသည် အထူးပင်အရေးပါကြောင်းကို ဗိုလ်ချုပ်ကလည်း ယုံကြည်သည်။ ဖက်ဆစ်တော်လှန်ရေးအတွက် ပြည်သူကိုစည်းရုံးရာ၌ ဗိုလ်ချုပ်သည် တော်လှန်ရေးအတွက် လိုအပ်ပြီး အနှစ်သာရရှိသော စာသားများကို ရွေးချယ်စေ၍ ရွှေတိုင်ညွှန့်ကို တေးတစ်ပုဒ်ရေးပေးပါရန် ဗမာ့တပ်မတော် ပြည်သူ့ဆက်ဆံရေးဌာန၌ ဆက်ဆံရေးအရာရှိဖြစ်နေသည့် ဗိုလ်ထွန်းလှ(တက္ကသိုလ်နေဝင်း) မှတစ်ဆင့် ပြောဆိုစေခဲ့ပါသည်။ ဗိုလ်ထွန်းလှသည် ပေးလိုက်သည့် စာသားများကိုပြ၍ သီချင်းတစ်ပုဒ်ရေးပေးပါရန် တောင်းပန်ခဲ့သည်။ ရွှေတိုင်ညွှန့်က ကျန်းမာရေး ဆိုးရွားနေသည့် ကြားမှပင် "ပြည်သူ့တပ်မတော်" သီချင်းကို နှုတ်ဖြင့် ချပေးသည်။ "ပြည်သူ့တပ်မတော်" သီချင်းရေးပြီး ရက်ပိုင်းအတွင်းမှာပင် ရွှေတိုင်ညွှန့် ဆုံးသွားခဲ့ပါသည်။

ဗိုလ်ထွန်းလှသည် ရွှေတိုင်ညွှန့် ပါးစပ်ဖြင့်ချပေးသည်ကို တယောဖြင့် တက်ယူခဲ့သည်။ တီးလုံးတီးကွက်ကို တီးမှုတ် သီဆိုမည့် ဝိုင်းကိုပြန်လည်၍ သီချင်းချပေးခဲ့သည်။ ဗဟန်းကန်တော်မိတ်ရပ်ရှင်ရုံကြီး၌ ကျင်းပသော လူထုအစည်းအဝေးကြီးသို့ ဗိုလ်ချုပ်အောင်ဆန်းနှင့် တပ်မတော်ခေါင်းဆောင်များ၊ နိုင်ငံရေးခေါင်းဆောင်များ တက်ရောက်သည့်ပွဲတွင် သီဆိုခဲ့သည်။ ခေါင်းဆောင်များနှင့် ပြည်သူလူထုကြီး တစ်ရပ်လုံးက သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြသည်။ စစ်ထွက်ခါနီး တပ်မတော်အင်အားပြပွဲကြီးတွင် ဗိုလ်ချုပ်အောင်ဆန်းက တပ်မတော်သားများကို ကိုယ့်သားသမီးကဲ့သို့ သဘောထား၍ လိုအပ်သောအကူအညီမှန်သမျှ ပြည်သူတို့က ကူညီကြရန် မိန့်ကြားသောအခါ လက်ဝတ်ရတနာများကို ချွတ်၍ လှူဒါန်းခဲ့ကြသည်။ ငွေကြေးများကိုလည်း ရက်ရက်ရောရော ပေးလှူခဲ့ကြသည်။ မြို့ထဲသို့ လှည့်လည်ချီတက်လာကြသော တပ်မတော်သားများကိုလည်း အောင်သပြေပန်းများ ကမ်း၍ အားရွှင်လန်းစွာ ကြိုဆိုခဲ့ကြပါသည်။

**တာဝန်ကျေသော တေးသီသူများ**

လွတ်လပ်ရေးရသည့် အချိန်မှစ၍ ယနေ့ထက်တိုင် နိုင်ငံတော်သီချင်းအဖြစ် သတ်မှတ်ထားသည့် သီချင်း၏ မြစ်ဖျားမှာ ၁၉၃၀ ပြည့်နှစ်တွင် ဝိုင်အမ်ဘီ ဆရာတင် ရေးဖွဲ့ခဲ့သော "တို့ဗမာ" သီချင်းဖြစ်သည်။ တို့ဗမာအစည်းအရုံးသည် မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းတွင် အရေးပါခဲ့ပါသည်။ ထိုအစည်းအရုံးက **"ဗမာပြည်သည် တို့ပြည်၊ ဗမာစာသည် တို့စာ၊ ဗမာစကားသည်တို့စကား၊ ဗမာပြည်ကိုချစ်ပါ၊ ဗမာစာကိုချီးမြှင့်ပါ၊ ဗမာစကားကို လေးစားပါ"** ဆိုသော ကြွေးကြော်သံနှင့် ပေါ်ထွန်းလာခြင်းဖြစ်သည်။ ထိုအစည်းအရုံးက အင်္ဂလိပ်တို့ကို ဘုရားထူး၊ သခင်မခေါ်နိုင်။ ငါတို့သည်သာ သခင်အစစ်ဖြစ်သည်ဟု ဆိုကာ မိမိဗမာလူမျိုးကိုသာ သခင်၊ သခင်မလို့ ခေါ်ရမည်ဟု ဖော်ထုတ်ကြေညာသည်။ တို့ဗမာအစည်းအရုံး၏ အခမ်းအနားများတွင် သီဆို၍ ဇာတိမာန်မြှင့်တင်ရန် ဝိုင်အမ်ဘီ ဆရာတင်က "တို့ဗမာ" သီချင်းကို ဖွဲ့ဆိုခဲ့သည်။ တို့ဗမာသီချင်းမှာ "တကောင်းအဘိရာဇာ၊ တို့ဗမာသာကီမျိုးဟာမို့၊ မညှိုးဂုဏ်တေဇာ၊ ..... ကိုပါ၊ တိုက်ခိုက်ကာ အောင်ခဲ့တာတို့ဗမာ၊ စိန်မှန်ကင်း အစစ်အဖြစ်ကြီးဖြစ်လျက် ထင်းတစ်လှည့်ကြုံရ ထုံးနှင့်မသွေ၊ လောက ဓမ္မတာပေ၊ ငါတို့ကံခေ ဖြစ်ရပြန်သလေ၊ သို့သော် အရင်းကိုစစ်လျှင် ဗမာပြည်၊ ငါတို့ ငါတို့ပြည်။ နောင်ဥဒါန်း ဘယ်မကြေစရာ၊ ရာဇဝင်တင်ထား၊ မျိုးရိုးနွယ်လား၊ ကမ္ဘာတစ်ခွင်မှာဖြင့် ဗမာအထင်အရှား၊ တို့ခေတ်တွင်မှ ညံ့ကြတော့မှာလား၊ တို့ဗမာ တို့ဗမာ မဟုတ်လေသလား၊ (တို့ဗမာ၊ ငါတို့ဗမာ)၂ (ဒါ ငါတို့ဗမာ)၂ အားလုံးညီညီ၊ ယောကျ်ားဘသား၊ တို့ဗမာ နောင်လာနောက်သား ကောင်းစားဖို့ရာ၊ တို့ကိုယ်ကျိုး လုံးလုံးမပါ၊ ရဲရဲဗမာပီပီ၊ ဗမာပြည်၊ တို့ဗမာတို့ပါ၊ သခင်ကျင့်ကို ကျင့်ကြပါ၊ သခင်မျိုးဟေ့ တို့ဗမာ၊ မိုးအောက်မြေပြင်မှာ အထက်တန်းစိတ်နဲ့ စာမရှိသွေး တို့ဗမာ။

သံပြိုင် "ကမ္ဘာမကြေ ဗမာတွေ (ဒါတို့ပြည်၊ ဒါတို့မြေ၊ ဒါငါတို့ပြည်)၂ (တို့ဗမာ)၂ ကို တိုင်းရင်းသားအကုန်အစင်တို့ပြည်လို့မှတ်ထင်၊ တို့ဝတ္တရားပင်၊ တို့ဗမာသခင်" "အမျိုးသားရေး ကြိုးပမ်းကြပါ၊ တို့ဗမာဟေ့ တို့ဗမာ၊ သြော်-- အမျိုးသားရေးကို ကြိုးပမ်းကြပါ၊ တို့ဗမာဟေ့ တို့ဗမာ၊ အရှေ့က နေဝန်းထွက်သည့်ပမာ၊ တို့ခေတ်ကို ရောက်ရမည်မလွဲပါ၊ တို့ဗမာဟေ့ တို့ဗမာ၊ ဗမာပြည် တစ်ဝှန်းအကုန်၊ တို့အိမ်မှတ်ပါ၊ တို့ယာမှတ်ပါ၊ အဲဒါ တို့ဗမာ" ဟု ဖြစ်ပါသည်။

သီချင်း၏အနက်မှာ လေးနက်သည်။ 'တို့ဗမာ'၊ 'ဒါတို့ပြည်' ဆိုသည့်စကားသံများနှင့် ပဲ့တင်ထပ်နေသည်။ ဇာတိမာန်ကိုချ၍မရအောင် စကားလုံးအင်အားများဖြင့် မြှင့်တင်ထားသည်။ အသံယူပုံမှာ ပညာသားပါလွန်း၍ အလွယ်တကူဆို၍ မရနိုင်ပေ။ တို့ဗမာ သီချင်းဖွင့်ပွဲကို ၁၉၃၀ ပြည့်နှစ် ဇူလိုင်လ ၂၀ ရက်နေ့တွင် ရွှေတိဂုံစေတီတော်ကြီး၏ ရာဟုထောင့်တွင် ကျင်းပခဲ့သည်။ အခမ်းအနားတွင် သခင်ဘသောင်းက သီချင်း၏ အနက်ကို သမိုင်းကြောင်းများနှင့် ရှင်းပြသည်။ တေးရေးဆရာ ဝိုင်အမ်ဘီဆရာတင်က ခေတ်ပေါ်တေးဂီတအဖွဲ့နှင့်အတူ ကိုယ်တိုင် သီဆိုခဲ့သည်။

လွတ်လပ်ရေးအောင်လံတော် လွှင့်ထူစဉ်တွင် သီဆိုမည့် နိုင်ငံတော်သီချင်းကိုမူ တိုင်းပြုပြည်ပြုလွှတ်တော် တတိယအကြိမ် ညီလာခံအဋ္ဌမမြောက် အစည်းအဝေးရောက်မှ အပြီးတိုင် ရွေးချယ်နိုင်ခဲ့သည်။ နိုင်ငံတော်သီချင်းကို ကော်မတီဖွဲ့၍ အကြိမ်ကြိမ် စည်းဝေးညှိနှိုင်းပြီးမှ ရွေးချယ်ခဲ့သည်။ မူလ တို့ဗမာသီချင်း၏ စကားလုံးအချို့ကို ပြုပြင်ပြီး မူလ တေးသွားအတိုင်း ရွေးချယ်သတ်မှတ်နိုင်ခဲ့သည်။ နိုင်ငံတော်သီချင်းမှာ **"တရားမျှတ လွတ်လပ်ခြင်းနဲ့မသွေ၊ တို့ပြည် တို့မြေ၊ များလူခပ်သိမ်း ငြိမ်းချမ်းစေဖို့ ခွင့်တူညီမျှ ဝါဒဖြူစင်တဲ့ပြည်(ပေ)၊ တို့ပြည်(ပေ) တို့မြေ၊** ပြည်ထောင်စုအမွေ၊ အမြဲတည်တံ့စေ၊ အဓိဋ္ဌာန်ပြုပေ **ထိန်းသိမ်းစို့လေ (ကမ္ဘာမကျေ၊ ဗမာပြည်(ပေ)၊ တို့ဘိုးဘွားအမွေအနှစ်မို့ ချစ်မြတ်နိုးပေ) ပြည်ထောင်စုကို အသက်ပေးလို့တို့ကာကွယ်မလေ၊ ဒါတို့ပြည်(ပေ)၊ ဒါတို့မြေ၊ တို့ပိုင်နက်မြေ၊ တို့ပြည်(ပေ)၊ တို့မြေ၊ အကျိုးကို ညီညာစွာတို့တတွေ၊ ထမ်းဆောင်ပါစို့လေ၊ တို့တာဝန်ပေ၊ အဖိုးတန်မြေ"** ဟု ဖြစ်ပါသည်။

နိုင်ငံတော်သီချင်းသည်လည်း အလင်္ကာ အဆင်တန်ဆာမပါ၊ လူ့နှလုံးသားဆီသို့ တိုက်ရိုက်ထိမှန်စေသည့် အားမာန်ပါသော အရိုးဆုံး၊ အခန့်ဆုံး အမှန်တရားအပါဆုံး စကားလုံးများနှင့် ဖွဲ့စပ်ထားပါသည်။ နိုင်ငံတော်သီချင်း ပီသလှပါသည်။ နိုင်ငံသားတိုင်း၏ အတွေးအသိဆီသို့ ကမ္ဘာမကြေစိတ်ဓာတ်ကို အထိရောက်ဆုံး သွင်းပေးနိုင်ခဲ့ပါသည်။ ရဲရင့်သော အာဇာနည်သူရဲကောင်းများကဲ့သို့ပင် တေးပြုစာဆိုတို့သည်လည်း ရဲရဲရင့်ရင့် တာဝန်ကျေခဲ့ကြပါသည်။

တရားမျှတလွတ်လပ်ခြင်း၊ ငြိမ်းချမ်းခြင်း၊ နိုင်ငံသားတိုင်း ခွင့်တူညီမျှရရှိရေး၊ အချင်းချင်းဝါဒတူညီရေးဆိုသည့် လွတ်လပ်သော နိုင်ငံတော်၏ အနှစ်သာရများကိုသာ မျှော်လင့်ရန် ကျန်ရှိပါတော့သည်တကား။ ။

# နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန နယ်စပ်ဒေသတိုင်းရင်းသားများ၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၃၀**

နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၊ ပြည်ထောင်စု တိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်များ (ရန်ကုန်နှင့် စစ်ကိုင်း)၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်း ၄၅ ကျောင်း၊ နယ်စပ်ဒေသတိုင်းရင်းသား လူငယ်များ စက်မှုလက်မှုပညာ သင်တန်းကျောင်း ကိုးကျောင်းနှင့် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း ၄၆ ကျောင်းကို ကိုဗစ်-၁၉ အလွန် ကာလတွင် ပြန်လည်ဖွင့်လှစ်နိုင်ရေး ပြင်ဆင်ထားရှိမှုများနှင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် သင်တန်းကျောင်းများ၏ တည်ဆောက်ရေးလုပ်ငန်းများ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက နယ်စပ်ရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Virtual System ဖြင့် ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ရဲအောင်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖုန်းမြတ်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဖွံ့ဖြိုးရေး တက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဒီဂရီကောလိပ်ကျောင်းအုပ်ကြီးများ ၊ တိုင်းဒေသကြီး/ ပြည်နယ် ခရိုင်ဦးစီးဌာနမှူးများ၊ လူငယ်သင်တန်းကျောင်း ကျောင်းအုပ်များနှင့် အသက်မွေးပညာသင်တန်းကျောင်း ကျောင်းအုပ်များက Online စနစ်ဖြင့် တက်ရောက်ဆွေးနွေး ကြသည်။

### ဆင်ခြင်တုံတရား လက်ကိုင်ထား

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက လက်ရှိကမ္ဘာ တစ်ဝန်း ဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကမ္ဘာ့နိုင်ငံများတွင် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များအပြင် စီးပွားရေး၊ လူမှုရေး၊ ပညာရေး စသည့်ကဏ္ဍအသီးသီးတွင်လည်း ထိခိုက်မှုများ ရင်ဆိုင်နေရကြောင်း၊ ရောဂါကူးစက်မှုနှင့် ပြီးဆုံးမည့်အခြေအနေကို ခန့်မှန်းရခက်ခဲသည့်အတွက် ရောဂါနှင့်အတူ ယှဉ်တွဲနေထိုင်သွားကြရမည့် နေထိုင်မှုပုံစံသစ်ကို ပြင်ဆင်ထားရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ နောင်အနာဂတ်တွင် နည်းပညာပိုင်းဆိုင်ရာများ အရေးပါလာပြီဖြစ်၍ ယခုအခါပညာနှင့်ပတ်သက်ပြီး စဉ်ဆက်မပြတ် ပိုမိုလေ့လာလုပ်ကိုင်ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ ရောဂါကာကွယ်ရေးအတွက် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များက ထုတ်ပြန်ထားသည့် ရောဂါကာကွယ်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ အသိ၊ သတိနှင့် ဆင်ခြင်တုံတရား လက်ကိုင်ထားပြီး မိမိတို့၏လုပ်ငန်းတာဝန်များကို ကျေပွန်ရုံမက အကောင်းဆုံးဖြစ်အောင် ထမ်းဆောင်သွားရမည်ဖြစ်ပါကြောင်း၊ ယခုကျင်းပသည့် အစည်းအဝေးသည် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ခေတ္တပိတ်ထားရသည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ လူငယ်သင်တန်းကျောင်းနှင့် အသက်မွေးပညာ သင်တန်းကျောင်းများကို ကိုဗစ်-၁၉ အလွန်ကာလတွင် ပြန်လည်ဖွင့်လှစ်နိုင်ရေး ပြင်ဆင်ထားရှိမှု၊ ဆရာ ဆရာမများ၊ နည်းပြများနှင့် ဝန်ထမ်းများ၏ Capacity Building ဆောင်ရွက်နေမှုများ၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများ၊ ဝန်ထမ်းရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ညှိနှိုင်း၊ ဆွေးနွေး၊ သုံးသပ်၊ဆုံးဖြတ်ကြရန် ပြုလုပ်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနသည် ဝေးလံခေါင်ပါးပြီး လူမှုရေးခက်ခဲသည့် နယ်စပ်ဒေသရှိ တိုင်းရင်းသားလူငယ်များ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိရာ ဦးစီးဌာန စတင်ဖွဲ့စည်းချိန်မှ ယနေ့အထိ အဆင့်မြင့်ပညာကဏ္ဍ၌ ပညာရေးဘွဲ့ရ ဆရာ ဆရာမ ၁၀၆၅ ဦး၊ ဝိဇ္ဇာ/ သိပ္ပံ/ အင်ဂျင်နီယာဘွဲ့ရ ၄၂၇၄ ဦး၊ အခြေခံပညာကဏ္ဍ၌ တက္ကသိုလ်ဝင်တန်းအောင်မြင်သူ ၃၁၆၃ ဦး၊ အသက်မွေးဝမ်းကျောင်းပညာကဏ္ဍ၌ စက်မှုလက်မှု သက်မွေးပညာ အောင်မြင်သူ ၄၇၅၄ ဦး၊ အိမ်တွင်းမှု သက်မွေးပညာ အောင်မြင်သူ ၉၁၉၅၆ ဦးတို့အား လေ့ကျင့်မွေးထုတ်ပေးနိုင်ခဲ့ပြီ ဖြစ်ပါကြောင်း။

ယင်းသို့ဆောင်ရွက်ရာတွင် မိမိတို့ဝန်ကြီးဌာန၏ ရည်မှန်းချက်(၇)ရပ်နှင့် နှစ်တို၊ နှစ်ရှည် စီမံကိန်းများကို Myanmar Sustainable Development Plan (MSDP)၏ မဏ္ဍိုင်ကြီး (၃)ခု၊ ရည်မှန်းချက်(၅)ခုတို့၏ အစိတ်အပိုင်းများနှင့် ချိတ်ဆက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုအချိန်တွင် ကိုဗစ်-၁၉ ကို ကြာရှည်ရင်ဆိုင်နေရသည့်အတွက် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှု သက်သာရေးစီမံချက် (COVID-19 Economic Relief Plan- CERP)၏ ပန်းတိုင် (၇)ခု၊ မဟာဗျူဟာ (၁၀)ခုတို့နှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆင့်မြင့်ပညာကဏ္ဍအနေဖြင့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်နှင့် ပြည်ထောင်စုတိုင်းရင်းသား လူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်များ (ရန်ကုန်နှင့်စစ်ကိုင်း)အနေဖြင့် ပညာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များနှင့် ပေါင်းစည်း (Affiliate) သင်ကြားလျက်ရှိခြင်းကြောင့် ပညာရေးဝန်ကြီးဌာန၏ ဆောင်ရွက်လျက်ရှိသည့် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (၂၀၂၁-၂၀၃၀) (National Education Strategic Plan) (NESP) (2021-2030) (Phase II) ရေးဆွဲဆောင်ရွက်မည့်အခြေအနေကို သိရှိပြီး ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန်နှင့် သက်ဆိုင်ရာ ဘာသာရပ်အလိုက် သင်ကြားမည့် သင်ရိုးညွှန်းတမ်းများ ကိုက်ညီမှုရှိစေရေးအတွက် (Affiliate) လုပ်ထားသည့် တက္ကသိုလ်များ၏ Board of Study (BOS) အစည်းအဝေးများ တက်ရောက်ပြီး သတ်မှတ်သည့် Curriculum အတိုင်း သင်ကြားသွားရန် လိုအပ်မည်ဖြစ်ပါကြောင်း။

ပညာရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာနအနေဖြင့် "နယ်စပ်ဒေသရှိ တိုင်းရင်းသားလူငယ်များအား အခြေခံ၊ အဆင့်မြင့်ပညာရပ်များနှင့် အသက်မွေးဝမ်းကျောင်း ပညာရပ်များ သင်ကြားလေ့ကျင့်ပေးပြီး နယ်စပ်ဒေသ၏ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် စက်မှုလက်မှု၊ အိမ်တွင်းမှုအသက်မွေးဝမ်းကျောင်း ပညာရပ်များ သင်ကြားလေ့ကျင့်ပေးခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန်" ရည်ရွယ်ချက်နှင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူ အဆင့်ဆင့်က အကောင်းဆုံးသင်ကြားလေ့ကျင့်ပေးနိုင်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြရန်နှင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် တည်ဆောက်ရေးလုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး၊ ခွင့်ပြုဘတ်ဂျက်နှင့်အညီ အရည်အသွေးအပြည့်အဝရရှိရေး ကြီးကြပ်ဆောင်ရွက်သွားကြရန်နှင့် ဝန်ထမ်းများ စည်းကမ်း၊ ကျင့်ဝတ်၊ အုပ်ချုပ်ရေး၊ သက်သာချောင်ချိရေးဆိုင်ရာ ကိစ္စရပ်များကို မှာကြားသည်။

ထို့နောက် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဦးစီးဌာနဆိုင်ရာများ ရှင်းလင်းတင်ပြခဲ့ပြီး ဖွံ့ဖြိုးရေးတက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဒီဂရီကောလိပ်ကျောင်းအုပ်ကြီးများ၊ သက်ဆိုင်ရာဌာနခွဲ ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီး/ ပြည်နယ်မှူးများက ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် တည်ဆောက်ရေးလုပ်ငန်းများနှင့် ကိုဗစ်-၁၉ ဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ ပြုမူလုပ်ကိုင်ဆောင်ရွက်နေမှုများ၊ ကိုဗစ်-၁၉ အလွန် သင်တန်းကျောင်းများ ပြန်လည်ဖွင့်လှစ်ရေး ကြိုတင်ဆောင်ရွက်ထားရှိမှုနှင့် သင်တန်းကျောင်းများ ဖွင့်လှစ်နိုင်မှုမရှိသေးချိန်တွင် ဆရာ ဆရာမများနှင့် နည်းပြများ အရည်အသွေးမြင့်မားစေရေး လုပ်ငန်းခွင်သင်တန်းများ ဖွင့်လှစ်နေမှုများ၊ ဝန်ထမ်း သက်သာချောင်ချိရေး၊ အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရသည်။ **သတင်းစဉ်**




## COVID-19 ကာကွယ်ထိန်းချုပ်ရေးနှင့် စပ်လျဉ်းသည့် ကြိုတင်ကာကွယ်ရေးဆိုင်ရာ ကန့်သတ်ချက်များအား ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့အထိ တိုးမြှင့်သတ်မှတ်ကြောင်း ကြေညာချက်

၁။ COVID-19 ကပ်ရောဂါ ကူးစက်ပြန့်ပွားမှုကို ကာကွယ်ထိန်းချုပ်သည့် အစီအမံများအား ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်ရှေးရှုလျက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့ လာရောက်ကြမည့် ခရီးသွားများအပေါ် ပြည်ဝင်ခွင့်ယာယီကန့်သတ်ချက်များအား ထုတ်ပြန်ထားခဲ့ပြီး၊ အဆိုပါ ကန့်သတ်ချက်များအားလုံးကို ၃၁-၁၂-၂၀၂၀ ရက်နေ့အထိ ဆက်လက်တိုးမြှင့်သတ်မှတ်ကြောင်း ၁၅-၁၂-၂၀၂၀ ရက်စွဲပါကြေညာချက်ဖြင့် ထုတ်ပြန်ထားခဲ့ပြီးဖြစ်ပါသည်-

(က) မြန်မာနိုင်ငံသို့ လာရောက်ကြသည့် ခရီးသွားများအပေါ် ကြိုတင်ကာကွယ်ရေး ကန့်သတ်ချက်များနှင့် စပ်လျဉ်း၍ ၁၅-၃-၂၀၂၀ ရက်စွဲပါ ကြေညာချက်၊

(ခ) မြန်မာနိုင်ငံသို့ လာရောက်ကြသည့် ခရီးသွားများအပေါ် ကြိုတင်ကာကွယ်ရေး ထပ်တိုး ကန့်သတ်ချက်များနှင့် ဆိုက်ရောက်ဗီဇာနှင့် အီလက်ထရောနစ်ဗီဇာ ထုတ်ပေးခြင်းများအား ယာယီရပ်ဆိုင်းမှုတို့နှင့်စပ်လျဉ်း၍ ၂၀-၃-၂၀၂၀ ရက်စွဲပါ ကြေညာချက်၊

(ဂ) ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့ လာရောက်ကြသည့် ခရီးသွားများအပေါ် ကြိုတင်ကာကွယ်ရေး ထပ်တိုးကန့်သတ်ချက်များနှင့်စပ်လျဉ်း၍ ၂၄-၃-၂၀၂၀ ရက်စွဲပါ ကြေညာချက်၊

(ဃ) ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့ လာရောက်ကြမည့် နိုင်ငံခြားသားများအား ဗီဇာကင်းလွတ်ခွင့်နှင့် လူမှုရေးဗီဇာ အပါအဝင် မည်သည့်ပြည်ဝင်ဗီဇာ အမျိုးအစားကိုမဆို ယာယီ ရပ်ဆိုင်းမှုနှင့်စပ်လျဉ်း၍ ၂၈-၃-၂၀၂၀ ရက်စွဲပါကြေညာချက်။

၂။ COVID-19 ကူးစက်ရောဂါ ပြည်ပမှ ဝင်ရောက်လာနိုင်မှုနှင့် ကူးစက်ပြန့်ပွားမှုအန္တရာယ်မှ မြန်မာပြည်သူများအား ကာကွယ်စောင့်ရှောက်ပေးနိုင်ရေးအတွက် ထိရောက်သည့်အစီအမံများကို ဆက်လက်ချမှတ်ဆောင်ရွက်သွားနိုင်ရန် ရှေးရှုလျက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရအနေဖြင့် အထက်ဖော်ပြပါ ပြည်ဝင်ခွင့် ယာယီကန့်သတ်မှုဆိုင်ရာ အစီအမံများအားလုံးကို ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့အထိ ထပ်မံတိုးမြှင့်သတ်မှတ်လိုက်ပါသည်။

၃။ သို့ရာတွင် အရေးပေါ် အစိုးရတာဝန်ဖြင့်ဖြစ်စေ၊ မလွှဲမရှောင်သာသော ကိစ္စရပ်များကြောင့်ဖြစ်စေ၊ ပြည်ပနိုင်ငံသားများ (သံတမန်များနှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဝန်ထမ်းများအပါအဝင်)အနေဖြင့် မြန်မာနိုင်ငံသို့ ပျံသန်းပြေးဆွဲရန်ရှိမည့် ကယ်ဆယ်ရေးလေယာဉ်(သို့မဟုတ်) အထူးလေယာဉ်များဖြင့် လာရောက်ရန်ရှိပါက ပြည်ဝင်ခွင့်ဗီဇာဆိုင်ရာ ကန့်သတ်မှုများမှ ကင်းလွတ်ခွင့်ရရှိနိုင်ရန်အတွက် ပြည်ပနိုင်ငံများရှိ အနီးဆုံး မြန်မာသံရုံး/ အဖွဲ့ရုံး/ကောင်စစ်ဝန်ချုပ်ရုံးများသို့ ဆက်သွယ်အကူအညီ တောင်းခံရန် ဖြစ်ပါသည်။ သို့သော် မြန်မာနိုင်ငံသို့ လာရောက်မည့် ခရီးသွားများအားလုံး အနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်ကပ်ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ တည်ဆဲညွှန်ကြားချက်များကို မပျက်မကွက်လိုက်နာကြရမည် ဖြစ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၃၀ ရက်**

**တိမ်အသင့်အတင့် ဖြစ်ထွန်းမည်**

နေပြည်တော် ဒီဇင်ဘာ ၃၀-ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။ **မိုး/ဇလ**

**ပြင်ဆင် ဖတ်ရှုပါရန်**

၂၉-၁၂-၂၀၂၀ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ-၂၂ ပါ "နှုတ်ဆက်ပါတယ် ၂၀၂၀" ဆောင်းပါး၏ "မြန်မာနိုင်ငံနဲ့ ကိုဗစ်-၁၉" စာပိုဒ်တွင် "ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကလည်း ဧပြီ ၁ ရက်က စပြီး အလေးထားဆောင်ရွက်ခဲ့ပါတယ်"ဟု ဖော်ပြထားသည်ကို "ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကလည်း ဇန်နဝါရီ ၄ ရက်ကစပြီး အလေးထားဆောင်ရွက်ခဲ့ပါတယ်"ဟု ပြင်ဆင်ဖတ်ရှုပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ **စာတည်းအဖွဲ့**

# အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၂၁ - ၂၀၃၀) ရေးဆွဲခြင်းအတွက် လွှတ်တော်ကိုယ်စားလှယ်များနှင့် ညှိနှိုင်းဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၃၀

**အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၂၁-၂၀၃၀) (National Education Strategic Plan – NESP) (2021–2030) ရေးဆွဲရေးအတွက် လွှတ်တော်ကိုယ်စားလှယ်များနှင့် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန၌ အွန်လိုင်းစနစ်ဖြင့် ကျင်းပသည်။**

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမျိုးသားလွှတ်တော်ပညာရေးမြှင့်တင်မှု ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်၊ ပြည်နယ်လွှတ်တော်များမှ ပညာရေးနှင့် သက်ဆိုင်သော ကိုယ်စားလှယ်များနှင့် ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ အွန်လိုင်းဖြင့် ပါဝင်ဆွေးနွေးကြသည်။ **(ယာပုံ)**




အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း ၂၀၁၆-၂၀၂၁ အရ ပညာရေးပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ရာတွင် လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသား ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မည်သည့်ခွဲခြားမှုမျှမရှိရေး၊ မည်သူတစ်ဦးတစ်ယောက်မျှမကျန်ရစ်စေရေး၊ ကျောင်းထွက်သူမရှိရေး၊ သင်ယူမှုအခွင့်အလမ်းမဆုံးရှုံးစေရေးတို့သည် ပညာရေးဝန်ကြီးဌာန၏ မူဝါဒများဖြစ်ပြီး မျှော်မှန်းရလဒ်များမှာ ကမ္ဘာ့လူသားကောင်းဖြစ်ရန်၊ ပူးပေါင်းဆောင်ရွက်တတ်ရန်၊ တာဝန်ယူ တာဝန်ခံတတ်ရန်နှင့် ဆန်းသစ်တီထွင်ဖန်တီးတတ်ရန်တို့ ဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များက ပူးပေါင်းဆောင်ရွက်ပေးမှုဖြင့် ပညာရေးအသုံးစရိတ်များ တိုးမြှင့်ပေးခြင်းကြောင့် တိုင်းရင်းသားဒေသများ ဦးစားပေးပြီး လိုအပ်ချက်များဖြစ်သော ဆရာ၊ နည်းပညာနှင့် အခြေခံအဆောက်အအုံများ ဖြည့်ဆည်းပေးလျက်ရှိပါကြောင်း။

### အခမဲ့ပုံနှိပ်ဖြန့်ဝေပေးရန်ဆောင်ရွက်

အခြေခံပညာသင်ရိုးညွှန်းတမ်း အညွှန်းဘောင်အရ ဒေသသင်ရိုးအဖြစ် သတ်မှတ်ထားသည့် ပထမတန်း၊ ဒုတိယတန်း၊ တတိယတန်းတို့အတွက် တိုင်းရင်းသားဘာသာစကား သင်ကြားရေးစာအုပ်များကို တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုကော်မတီများ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့တို့နှင့် ပူးပေါင်းပြုစု၍ သင်ကြားသင်ယူပေးလျက်ရှိပြီး ပညာရေးဝန်ကြီးဌာနက အခမဲ့ပုံနှိပ်ဖြန့်ဝေပေးရန် ပူးပေါင်းဆောင်ရွက်လျက် ရှိပါကြောင်း၊ ဘာသာစကားသင်ဆရာများ၊ သင်ကြားရေးအထောက်အကူပြု နေ့စားလပေး ဆရာ ဆရာမများကို အရည်အချင်းသတ်မှတ်ချက်များအရ ခန့်ထားပေးခြင်း၊ သတ်မှတ်ချက်နှင့် ကိုက်ညီသည့် တိုင်းရင်းသားဒေသခံများကိုလည်း ပညာရေးဆိုင်ရာသင်တန်းများ၊ ပညာရေးဒီဂရီကောလိပ်နှင့် တက္ကသိုလ်များသို့ တက်ရောက်ရန် အားပေးလျက်ရှိပါကြောင်း။

တိုင်းဒေသကြီး/ပြည်နယ်များရှိ တိုင်းရင်းသားဒေသခံများကို ဦးစားပေး ရာထူးခန့်/ ပြောင်း/ တိုးနိုင်ရေးစနစ်ဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒသမတန်း၊ ဧကဒသမတန်း၊ ဒွါဒသမတန်းတို့တွင် ဒေသသင်ရိုးအဖြစ် အိုင်စီတီ၊ အိမ်တွင်းမှုသက်မွေးသင်တန်းနှင့် အကြိုသက်မွေးသင်တန်းတို့ကို သင်ကြားသင်ယူပေးနိုင်ရန် အခြေခံပညာသင်ရိုးညွှန်းတမ်းအညွှန်းဘောင် သတ်မှတ်ချက်နှင့်အညီ အားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊

ထိုသို့အားပေးမှုကြောင့် မူလတန်း၊ အလယ်တန်း၊ အထက်တန်းပြီးမြောက်သူ ဦးရေတိုးမြင့်လာပါကြောင်း၊ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် ပထမဆုံးအကြိမ် အထက်တန်း ကျောင်းသားဦးရေ စုစုပေါင်း တစ်သန်းကျော်ရှိလာပြီး ၂၀၂၀ ပြည့်နှစ်တွင် သတ်မှတ်ချက် ခုနစ်ချက်နှင့် ပြည့်မီသူ ၅၆၆၂၇၄ ဦးကို အထက်တန်းသင်ယူပြီးမြောက်သည့် လက်မှတ်ပေးအပ်ခဲ့ပါကြောင်း၊ ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ နိုင်ငံတကာသင်္ချာအိုလံပီယာ့ International Mathematical Olympiad တွင် အထက်တန်းကျောင်းသားများ ဝင်ရောက်ယှဉ်ပြိုင်ရာတွင် Honorary Mention ခြောက်ခုရရှိရန် စွမ်းဆောင်နိုင်ခဲ့ပါကြောင်း။

အရှေ့တောင်အာရှ မူလတန်းသင်ယူတတ်မြောက်မှု ဆန်းစစ်ချက် South-East Asia Primary Learning Matrix (SEA-PLM) သည် မူလတန်းအဆင့် ကျောင်းသားကျောင်းသူများ၏ စာဖတ်စွမ်းရည်၊ အရေးစွမ်းရည်၊ အတွက်စွမ်းရည်နှင့် ကမ္ဘာ့လူသားကောင်းဖြစ်မှုတို့ကို စစ်ဆေးအကဲဖြတ်ခြင်းဖြစ်ပြီး မိဘ၊ ဆရာများ၊ ကျောင်းအုပ်များကိုလည်း စစ်ဆေးအကဲဖြတ်ပါကြောင်း၊ ယင်းစစ်ဆေးအကဲဖြတ်မှုတွင် အရှေ့တောင်အာရှနိုင်ငံ ၆ နိုင်ငံတွင် အဆင့် ၃ တွင်ရှိခြင်းနှင့် ကျား-မ၊ ကျေးလက်-မြို့ပြ၊ ဝင်ငွေနည်း-များ၊ စာသင်ခန်း-ကျောင်းသားအချိုး စသည်တို့တွင် ကွာဟမှုအနည်းဆုံးဖြစ်ခြင်းတို့သည် အားသာချက်များဖြစ်သော်လည်း ကျောင်းသား ကျောင်းသူများတွင် အပြုသဘောဆောင်သည့် သဘောထားများနှင့် တန်ဖိုးထားမှုများရှိရန်နှင့် မိဘများသည် ဆရာ ဆရာမနှင့် ပိုမိုပူးပေါင်းဆောင်ရွက်ခြင်းများတွင် အားကောင်းရန် လိုအပ်ပါကြောင်း။

ထို့ပြင် ဉာဏ်ရည်ဉာဏ်သွေးထက်မြက်မှု (IQ) နှင့် စိတ်ရင့်ကျက်တည်ငြိမ်မှု၊ တစ်ပါးသူကို စာနာပေးနိုင်မှု (EQ) စသည့် ၂၁ ရာစုဆိုင်ရာ ကျွမ်းကျင်မှုများရရှိစေရန်အတွက် အခြေခံပညာကဏ္ဍ၊ နည်းပညာနှင့် သက်မွေးပညာကဏ္ဍနှင့် အဆင့်မြင့်ပညာကဏ္ဍတို့တွင် သင်ရိုးညွှန်းတမ်းမြှင့်တင်ခြင်း၊ သင်ကြားသင်ယူမှုနည်းလမ်းများ သင်တန်းပေးခြင်း၊ စစ်ဆေးအကဲဖြတ်မှုပြောင်းလဲခြင်း၊ ဆရာ ဆရာမများအတွက် တတ်ကျွမ်းမှုစံသတ်မှတ်ချက် အညွှန်းဘောင် သတ်မှတ်ချက်နှင့်အညီ ဆရာ ဆရာမများကို ရာထူးခန့်ထားခြင်း၊ ပြောင်းရွှေ့ခြင်းနှင့် ရာထူးတိုးမြှင့်ခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပြီး ဆရာ ဆရာမများ၊ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရာတွင် ကျွမ်းကျင်မှုများကို Reskilling လုပ်ခြင်း၊ Upskilling လုပ်ခြင်းတို့ဖြင့် စဉ်ဆက်မပြတ် အရည်အသွေးမြှင့်တင်မှု အခွင့်အလမ်းများအတွက် သင်တန်းများပေး၍ ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှု အခြေအနေအရ နိုင်ငံတကာတွင် Massive Open Online Courses၊ Massive Open Online Distance Learning ကဲ့သို့ အခမဲ့သင်တန်းများသင်ယူရန် အခွင့်အလမ်းများ များပြားလာပြီး ပညာရေးဝန်ကြီးဌာနတွင်လည်း Myanmar Digital Education Platform – MDEP ဖြင့် သင်တန်းများ ဆောင်ရွက်ထားပါကြောင်း။

ထိုသို့ ပြည်တွင်းပြည်ပသင်တန်းများတွင် တစ်သက်တာ သင်ယူနိုင်ရန်အတွက် အင်္ဂလိပ်ဘာသာစကားနှင့် အိုင်စီတီကျွမ်းကျင်မှုသည် အခြေခံလိုအပ်ချက်ဖြစ်သဖြင့် အင်္ဂလိပ်ဘာသာစကား အရည်အချင်းမြှင့်တင်ခြင်းနှင့် အိုင်စီတီဆိုင်ရာသင်တန်းများ၊ စီမံခန့်ခွဲမှုသင်တန်းများ ဆောင်ရွက်ပေးရန် အရေးကြီးပါကြောင်း၊ ပြည်သူ့ဘဏ္ဍာကို ပွင့်လင်းမြင်သာ၍ အကျိုးရှိထိရောက်စွာ အသုံးပြုနိုင်ရေးအတွက် ဆက်စပ်ဝန်ကြီးဌာနများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှုသင်တန်းများ ပေးခြင်း၊ ဒီဂျစ်တယ်/ အွန်လိုင်းစနစ်ဖြင့် မှတ်ပုံတင်ခြင်း၊ အောင်လက်မှတ်ချီးမြှင့်ခြင်းနှင့် ဒီဂျစ်တယ်ဘဏ်စနစ်များကို ပံ့ပိုးဖြည့်ဆည်းပေးရန်နှင့် ပြည်တွင်းပြည်ပ ပညာသင်ဆုများရရှိရေး၊ အသုံးချသုတေသနများ၊ Quality Culture၊ အရည်အသွေးရှိ အချက်အလက်များဖြစ်ပေါ်လာရေး အားပေးဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ပြည်သူ့ဘဏ္ဍာငွေများကို ပညာရေးရင်းနှီးမြှုပ်နှံမှုများဆောင်ရွက်ရာ၌ ပညာရေးဝန်ကြီးဌာနသည် မည်သည့်ပေးခြင်း၊ ယူခြင်းနှင့်အုပ်စုဖွဲ့ခြင်း၊ ဘက်လိုက်ခြင်းများကိုမျှ အားမပေးပါကြောင်း၊ ပညာရေးအသုံးစရိတ်များကို ပွင့်လင်းမြင်သာစွာ၊ အကျိုးရှိထိရောက်စွာ အသုံးပြုလျက် Value for money အဓိကဦးစားပေးရန် အရေးကြီးပါကြောင်းနှင့် ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းနှင့် စာရင်းစစ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

### သင်ယူမှုအခွင့်အလမ်းများ ပံ့ပိုးပေး

ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုများပြုလုပ်ရာတွင် သင်ယူခြင်းသည် တန်ဖိုးမဖြတ်နိုင်သော အနန္တရတနာသိုက်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ အမျိုးသားပညာ အရည်အချင်းမူဘောင်သည် တစ်သက်တာသင်ယူမှုအတွက် အရေးကြီးပါကြောင်း၊ မူလတန်းသင်ယူပြီးမြောက်လျှင် Level – 1 ဖြစ်ပါကြောင်း၊ အလယ်တန်းသင်ယူပြီးမြောက်လျှင် Level – 2 ဖြစ်ပါကြောင်း၊ အထက်တန်းသင်ယူပြီးမြောက်လျှင် Level – 3 ဖြစ်ပါကြောင်း၊ Level-4 သည် Short Cycle တစ်နှစ်အထိ သင်တန်းလေးများဖြစ်ပြီး တက္ကသိုလ်တိုက်ရိုက်တက်၍ မရသော်လည်း Level – 5 ကို သွားလို့ရပါကြောင်း၊ Level – 5 သည် Short Cycle တစ်နှစ်ကနေ နှစ်နှစ်အထိရှိသည့် ဒီပလိုမာသင်တန်း၊ အဆင့်မြင့်ဒီပလိုမာသင်တန်းများဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီပါက Level – 6 သို့ ဆက်လက်ကူးပြောင်းသင်ယူလို့ရပါကြောင်း၊ Level – 6 သည် Bachelor Degree ဖြစ်ပြီး Level – 3 မှ Level – 4 နဲ့ Level – 5 ကို ခုန်ကျော်ပြီး Level – 6 သို့ တိုက်ရိုက်တက်ရောက် ပညာသင်ယူနိုင်ရန်မှာ အင်္ဂလန်တွင် GCE- A စာမေးပွဲ၊ USA တွင် SAT၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ဂေါင်းဂေါင်၊ ဂျပန်တွင် National Examination ကဲ့သို့ မြန်မာနိုင်ငံတွင် တက္ကသိုလ်ဝင်ခွင့်စာမေးပွဲသည် Level – 3 မှ Level – 6 တက္ကသိုလ်သို့ တိုက်ရိုက်ခုန်တက်နိုင်ရေး ကျောင်းသား ကျောင်းသူအားလုံးအတွက် တရားမျှတသော စစ်ဆေးအကဲဖြတ်ခြင်းဖြစ်ပါကြောင်း၊ Level – 7 သည် မဟာဘွဲ့သင်တန်းဖြစ်ပြီး Level – 8 သည် ပါရဂူဘွဲ့သင်တန်းဖြစ်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံ မသင်မနေရ အခြေခံပညာရေးအဆင့်ပေါ်မူတည်ပြီး Level အဆင့်သတ်မှတ်ချက်မတူညီသဖြင့် ဂုဏ်သိက္ခာရှိသော ကောင်းမွန်သည့်အလုပ်အကိုင်များ ရရှိရန်အတွက် Level သတ်မှတ်ချက်နှင့်အညီ တစ်သက်တာသင်ယူမှုအခွင့်အလမ်းများ ပံ့ပိုးပေးရန်သည် အရေးကြီးပါကြောင်း။

နည်းပညာခေတ်တွင် ဉာဏ်ရည်တု၊ စက်ရုပ်တီထွင်အသုံးချမှုပညာ၊ Cloud Computing၊ Big Data၊ Automation Technology၊ Internet of Things များ အားကောင်းလာသဖြင့် လုပ်သားဈေးကွက်ပြောင်းလဲလာခြင်းနှင့်အတူ အလုပ်အကိုင်အခွင့်အလမ်းအတွက် ပြိုင်ဆိုင်မှုပြင်းထန်လာ၍ အဆင့်မြင့်ကျွမ်းကျင်မှုအရေးပါလာပြီး အလုပ်အကိုင်အခွင့်အလမ်းကောင်းများရရှိရန်၊ မတူညီမှုများ လျှော့ချရန်နှင့် အနာဂတ်သာယာလှပရန်အတွက် အရည်အသွေးရှိသောပညာရေးသည် အရေးကြီးပါကြောင်း။

ရှေးထုံးစဉ်လာပညာရေးတွင် လူနည်းစုကသာ ဆုံးဖြတ်ခြင်း၊ ဆရာများက ကျောင်းသားများကို သင်ကြားခြင်း၊ ကျောင်းသားများက သင်ကြားပို့ချသည်ကို အလွတ်ကျက်မှတ်ခြင်း၊ ဆရာများက သင်ကြား၍ ကျောင်းအုပ်များက စီမံခန့်ခွဲခြင်း၊ သင်ရိုးညွှန်းတမ်းများ တစ်သမတ်တည်း စံသတ်မှတ်ထားခြင်း၊ ကျောင်းသားများကို စံသတ်မှတ်ထားသည့် စာမေးပွဲများဖြင့် စစ်ဆေးအကဲဖြတ်ခြင်း၊ စာမေးပွဲရလဒ်ကိုသာ ဦးစားပေးခြင်းတို့ကို တွေ့ရှိရပါကြောင်း။

New Normal Education တွင် တန်ဖိုးထားမှုများ၊ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးမှုပန်းတိုင်၊ သဘာဝ၊ ရွှေ့ပြောင်းနေထိုင်မှု၊ လူ့သက်တမ်းရှည်ကြာမှု၊ သဘာဝပတ်ဝန်းကျင်ပျက်စီးမှုများ၊ ရာသီဥတုပြောင်းလဲလာမှုများ၊ အသင်းအဖွဲ့စိတ်ဓာတ်များ၊ လိုက်လျောညီထွေဖြစ်မှု၊ ပွင့်လင်းမြင်သာမှု၊ စုပေါင်းအင်အားဖြင့် တာဝန်ယူ တာဝန်ခံမှုတို့ဖြင့် ကျောင်းနှင့် လူ့အဖွဲ့အစည်းများ အချင်းချင်းပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ယင်းအချက်များကို သင်ရိုးညွှန်းတမ်းများတွင် ထည့်သွင်းရန်လိုအပ်ပါကြောင်း၊ ထို့အပြင် တစ်သက်တာဒီဂျစ်တယ်သင်ယူမှုနှင့် ပေါင်းစပ်သင်ယူမှုတို့ လိုအပ်လာပါကြောင်း။

### ပေါင်းစပ်သင်ယူမှုတို့ လိုအပ်လာ

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် လမ်းညွှန်ချက်အတိုင်း ဆန္ဒ၊ ဝီရိယ၊ ကြိုးစားမှု၊ တည်ငြိမ်မှုနှင့် ပညာသင်ယူရန်သည် အလွန်အရေးကြီးပါကြောင်း၊ သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်များနှင့် တိုင်းရင်းသားပြည်သူများ၏ ညီညွတ်မှုဖြင့် ပူးပေါင်းပံ့ပိုး ဖြည့်ဆည်းဆောင်ရွက်ခြင်းသည် ပညာရေးဝန်ကြီးဌာနအတွက် တန်ဖိုးရှိ၍ အရေးကြီးပါကြောင်း၊ ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်သည့်အင်အားဖြင့်သာ အဆင့်မြင့်ကျွမ်းကျင်မှုနှင့် စွမ်းရည်များကို ပြည့်ဝနိုင်မည်ဖြစ်ပါကြောင်း၊ လိုအပ်သည့်သင်ယူမှုအတွက် ဒေသလိုအပ်ချက်နှင့်ကိုက်ညီသော အသက်မွေးဝမ်းကျောင်းကာလတိုသင်တန်း၊ ဒီပလိုမာသင်တန်းများ တိုးချဲ့ဖွင့်လှစ်ပေးနိုင်ရန် အရေးကြီးပါကြောင်း၊ တက္ကသိုလ်များတွင် University Autonomy ကို ဦးတည်အကောင်အထည်ဖော်ရန်အတွက် Master Plan၊ တက္ကသိုလ်ပဋိညာဉ်စာတမ်းများနှင့်အညီ University Council၊ Senate၊ Administrative Board များဖွဲ့စည်းခြင်း၊ အခြေခံသုတေသန၊ အသုံးချသုတေသန ဆောင်ရွက်မှုကို အားပေးခြင်း၊ သင်ရိုးညွှန်းတမ်းများမြှင့်တင်ခြင်း၊ သင်ကြားသင်ယူမှု နည်းလမ်းများကို လက်တွေ့ကျကျ Theory နှင့် လက်တွေ့ပေါင်းစပ်ပြီး လုပ်ငန်းခွင်နှင့် ချိတ်ဆက်ကာ ဘွဲ့ရရှိသူများကို အလုပ်အကိုင်ကောင်းများရရှိရန်နှင့် လိုအပ်သော စွမ်းဆောင်ရည်များပြည့်ဝစေရန် ပူးပေါင်းဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဒေသလိုအပ်ချက်နှင့် ကိုက်ညီ၍ ပြည်ထောင်စု၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုသည့် ဒီပလိုမာသင်တန်း၊ ရိုးရိုးဘွဲ့သင်တန်း၊ မဟာဘွဲ့သင်တန်းများဖွင့်လှစ်နိုင်ရေး ပူးပေါင်းပံ့ပိုး ဖြည့်ဆည်းပေးရန် အရေးကြီးပါကြောင်း။

နိဂုံးချုပ်အနေဖြင့် High-Tech Learning သည် Understanding နှင့် Remembering Skills တို့ကိုသာ မြှင့်တင်ပေးနိုင်ပါကြောင်း၊ ဘေးကင်းလုံခြုံ၍ ကျန်းမာပျော်ရွှင်ပြီး အရည်အသွေးရှိသည့် သင်ယူမှုဝန်းကျင်ကောင်းဖြင့်သာ ဖော်ဆောင်နိုင်သော Face-to-Face Teaching Learning တစ်နည်းအားဖြင့် High-Touch learning သည် ယနေ့အထိ မည်သို့မျှ အစားထိုး၍မရသေးပါကြောင်း၊ Application၊ Analysis၊ Evaluation၊ Innovation တို့ကို High-Touch အသုံးပြု၍သာ မြှင့်တင်ပေးနိုင်ပါသဖြင့် High-Tech learning နှင့် High-Touch learning ကို ပေါင်းစပ်သင်ယူခြင်း Blended Learning သည် ယနေ့ဒီဂျစ်တယ်ခေတ်၌ အရေးကြီးပါကြောင်း၊ သို့ဖြစ်ပါ၍ စုပေါင်းအင်အားဖြင့် ညီညီညွတ်ညွတ် ဝိုင်းဝန်းပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံပါကြောင်း ပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ အခြေခံပညာဦးစီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနနှင့် အဆင့်မြင့်ပညာကဏ္ဍတို့မှ ညွှန်ကြားရေးမှူးချုပ်များက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြရာ တက်ရောက်လာသူများက ရင်းနှီးပွင့်လင်းစွာ မေးမြန်း၊ ဆွေးနွေး၊ အကြံပြုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၂၆၉ / ၂၀၂၀ )**
၁၃၈၂ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁ ရက်
( ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၃၀ ရက် )

**တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်**
**အမည်စာရင်းကြေညာခြင်း**

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် တတိယအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော်အတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေ အခန်း (၈) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အမည်စာရင်းပေးပို့လာသည့် အောက်ဖော်ပြပါ တပ်မတော်သားများအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီးဖြစ်၍ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၃၁ အရ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြောင်း ကြေညာလိုက်သည်–

| စဉ် | ပြန်တမ်းဝင်အမှတ် | အဆင့် | အမည် |
|---|---|---|---|
| (၁) | ကြည်း ၁၈၈၃၄ | ဗိုလ်ချုပ် | အောင်မျိုးထွန်း |
| (၂) | ကြည်း ၁၉၆၄၂ | ဗိုလ်ချုပ် | သန်းထွတ်သိန်း |
| (၃) | ကြည်း ၁၇၂၈၇ | ဗိုလ်မှူးချုပ် | ဝင်းမောင် |
| (၄) | ကြည်း ၁၈၁၆၂ | ဗိုလ်မှူးချုပ် | ဇော်ဝင်း |
| (၅) | ကြည်း ၁၈၈၀၄ | ဗိုလ်မှူးချုပ် | ကျော်စန်းလင်း |
| (၆) | ကြည်း ၁၈၈၄၁ | ဗိုလ်မှူးချုပ် | တင့်ဆန်း |
| (၇) | ကြည်း ၁၈၈၅၆ | ဗိုလ်မှူးချုပ် | တင်စန်းနိုင် |
| (၈) | ကြည်း ၁၉၅၁၁ | ဗိုလ်မှူးချုပ် | ရဲနိုင်မျိုး |
| (၉) | ကြည်း ၁၉၅၈၆ | ဗိုလ်မှူးချုပ် | မောင်မောင် |
| (၁၀) | ကြည်း ၂၀၁၇၇ | ဗိုလ်မှူးချုပ် | ဝင်းမိုး |
| (၁၁) | ကြည်း ၂၀၂၉၉ | ဗိုလ်မှူးချုပ် | နေဝင်းအောင် |
| (၁၂) | ကြည်း ၂၀၃၃၁ | ဗိုလ်မှူးချုပ် | သက်ထွန်းအောင် |
| (၁၃) | ကြည်း ၂၁၈၈၁ | ဗိုလ်မှူးချုပ် | ထွန်းမြတ်ရွှေ |
| (၁၄) | ရေ ၁၃၃၅ | ဗိုလ်မှူးချုပ် | နေဝင်း |
| (၁၅) | ရေ ၁၃၆၉ | ဗိုလ်မှူးချုပ် | အောင်ဇော်လှိုင် |
| (၁၆) | ကြည်း ၁၈၀၂၉ | ဗိုလ်မှူးကြီး | အောင်မြင့် |
| (၁၇) | ကြည်း ၁၈၇၀၁ | ဗိုလ်မှူးကြီး | မြင့်ဟန် |
| (၁၈) | ကြည်း ၁၈၈၃၇ | ဗိုလ်မှူးကြီး | မင်းသော် |
| (၁၉) | ကြည်း ၁၉၃၀၇ | ဗိုလ်မှူးကြီး | ခင်မောင်ထွန်း |
| (၂၀) | ကြည်း ၁၉၃၆၈ | ဗိုလ်မှူးကြီး | မင်းဦး |
| (၂၁) | ကြည်း ၁၉၅၀၄ | ဗိုလ်မှူးကြီး | နေလင်း |
| (၂၂) | ကြည်း ၁၉၅၂၈ | ဗိုလ်မှူးကြီး | စိုးလွင် |
| (၂၃) | ကြည်း ၂၀၁၀၃ | ဗိုလ်မှူးကြီး | ထွန်းသန်းအုန်း |
| (၂၄) | ကြည်း ၂၀၉၇၉ | ဗိုလ်မှူးကြီး | အေးကျော်လင်း |
| (၂၅) | ကြည်း ၂၁၃၄၉ | ဗိုလ်မှူးကြီး | ကျော်ကျော်မင်း |
| (၂၆) | ကြည်း ၂၁၆၆၂ | ဗိုလ်မှူးကြီး | သန်းလှိုင် |
| (၂၇) | ကြည်း ၂၂၃၈၂ | ဗိုလ်မှူးကြီး | ဟန်သူ |
| (၂၈) | ကြည်း ၂၂၄၃၅ | ဗိုလ်မှူးကြီး | သန်းနိုင် |
| (၂၉) | ကြည်း ၂၃၀၁၁ | ဗိုလ်မှူးကြီး | ကျော်အောင် |
| (၃၀) | ကြည်း ၂၃၀၈၉ | ဗိုလ်မှူးကြီး | စောကြည်နိုင် |
| (၃၁) | ကြည်း ၂၃၇၀၆ | ဗိုလ်မှူးကြီး | သက်ထွန်း |
| (၃၂) | ကြည်း ၂၃၇၀၈ | ဗိုလ်မှူးကြီး | အေးလွင် |
| (၃၃) | ကြည်း ၂၃၇၁၂ | ဗိုလ်မှူးကြီး | အောင်ကျော်မျိုး |
| (၃၄) | ကြည်း ၂၅၅၀၄ | ဗိုလ်မှူးကြီး | ဒေါ်စိုးစိုးမြင့် |
| (၃၅) | ကြည်း ၁၉၇၆၈ | ဒုတိယဗိုလ်မှူးကြီး | သန်းဦးလွင် |
| (၃၆) | ကြည်း ၂၀၁၉၃ | ဒုတိယဗိုလ်မှူးကြီး | ညီညီလွင် |
| (၃၇) | ကြည်း ၂၁၅၁၄ | ဒုတိယဗိုလ်မှူးကြီး | စန်းနိုင်ဦး |
| (၃၈) | ကြည်း ၂၁၈၈၀ | ဒုတိယဗိုလ်မှူးကြီး | သိမ်းထွဋ် |
| (၃၉) | ကြည်း ၂၂၆၄၈ | ဒုတိယဗိုလ်မှူးကြီး | မိုးကျော် |
| (၄၀) | ကြည်း ၂၄၂၃၀ | ဒုတိယဗိုလ်မှူးကြီး | လှနိုင် |
| (၄၁) | ကြည်း ၂၄၉၈၁ | ဒုတိယဗိုလ်မှူးကြီး | သိန်းစိုးထွန်း |
| (၄၂) | ကြည်း ၂၅၀၆၄ | ဒုတိယဗိုလ်မှူးကြီး | ကျော်မိုးအောင် |
| (၄၃) | ကြည်း ၂၅၂၅၇ | ဒုတိယဗိုလ်မှူးကြီး | မျိုးထက်ဝင်း |
| (၄၄) | ကြည်း ၂၆၀၇၀ | ဒုတိယဗိုလ်မှူးကြီး | ဒေါ်စန်းသီတာခင် |
| (၄၅) | ကြည်း ၂၆၈၁၁ | ဒုတိယဗိုလ်မှူးကြီး | ဇော်မျိုးထက် |
| (၄၆) | ကြည်း ၂၇၀၅၉ | ဒုတိယဗိုလ်မှူးကြီး | ကျော်ဇင်ဝင်း |
| (၄၇) | ကြည်း ၂၈၂၀၇ | ဒုတိယဗိုလ်မှူးကြီး | ဇေယျာမင်း |
| (၄၈) | ကြည်း ၂၈၂၈၆ | ဒုတိယဗိုလ်မှူးကြီး | ဇော်မင်းဦး |
| (၄၉) | ကြည်း ၂၈၃၆၂ | ဒုတိယဗိုလ်မှူးကြီး | နိုင်မင်း |
| (၅၀) | ကြည်း ၂၈၃၈၀ | ဒုတိယဗိုလ်မှူးကြီး | မင်းကြည် |
| (၅၁) | ကြည်း ၂၈၃၈၈ | ဒုတိယဗိုလ်မှူးကြီး | အောင်ကျော်မိုး |
| (၅၂) | ကြည်း ၂၉၀၄၀ | ဒုတိယဗိုလ်မှူးကြီး | စိုင်းအိုက်လှ |
| (၅၃) | ကြည်း ၂၉၃၇၂ | ဒုတိယဗိုလ်မှူးကြီး | ဝင်းမြင့်ထွန်း |
| (၅၄) | ကြည်း ၃၀၅၃၈ | ဒုတိယဗိုလ်မှူးကြီး | စိုင်းအုန်းမြင့် |
| (၅၅) | ကြည်း ၃၁၃၇၂ | ဒုတိယဗိုလ်မှူးကြီး | တင်သောင်းလင်း |
| (၅၆) | ကြည်း ၃၁၃၇၆ | ဒုတိယဗိုလ်မှူးကြီး | ထိန်လင်း |
| (၅၇) | ကြည်း ၃၁၆၄၄ | ဒုတိယဗိုလ်မှူးကြီး | နေလင်းအောင် |
| (၅၈) | ကြည်း ၃၁၇၁၄ | ဒုတိယဗိုလ်မှူးကြီး | နေလင်းထွန်း |
| (၅၉) | ကြည်း ၃၂၂၈၀ | ဒုတိယဗိုလ်မှူးကြီး | အာကာစိုး |
| (၆၀) | ကြည်း ၃၂၈၄၅ | ဒုတိယဗိုလ်မှူးကြီး | သန့်ဇင်ထွန်း |
| (၆၁) | ကြည်း ၃၃၂၄၃ | ဒုတိယဗိုလ်မှူးကြီး | ဝဏ္ဏထွန်း |
| (၆၂) | ကြည်း ၃၃၂၈၉ | ဒုတိယဗိုလ်မှူးကြီး | နိုင်လွင် |
| (၆၃) | ကြည်း ၃၃၃၂၀ | ဒုတိယဗိုလ်မှူးကြီး | အောင်နိုင်ကို |
| (၆၄) | ကြည်း ၃၄၈၉၂ | ဒုတိယဗိုလ်မှူးကြီး | မိုးမြင့်အောင် |
| (၆၅) | ကြည်း ၃၄၈၉၄ | ဒုတိယဗိုလ်မှူးကြီး | ထင်လင်းဦး |
| (၆၆) | ရေ ၃၆၃၀ | ဒုတိယဗိုလ်မှူးကြီး | ကျော်ထွန်း |
| (၆၇) | ရေ ၃၉၉၃ | ဒုတိယဗိုလ်မှူးကြီး | သင်းမောင် |
| (၆၈) | ကြည်း ၂၄၀၇၉ | ဗိုလ်မှူး | နေဝင်း |
| (၆၉) | ကြည်း ၂၄၁၀၇ | ဗိုလ်မှူး | သူရိန်ဇော် |
| (၇၀) | ကြည်း ၂၅၂၅၁ | ဗိုလ်မှူး | သိန်းထွန်း |
| (၇၁) | ကြည်း ၂၅၂၉၅ | ဗိုလ်မှူး | ဇော်ဇော်မိုး |
| (၇၂) | ကြည်း ၂၆၂၀၄ | ဗိုလ်မှူး | ရဲထွန်း |
| (၇၃) | ကြည်း ၂၆၂၅၇ | ဗိုလ်မှူး | ဇော်ဝင်းနိုင် |
| (၇၄) | ကြည်း ၂၇၂၄၆ | ဗိုလ်မှူး | ဇင်လင်း |
| (၇၅) | ကြည်း ၂၉၇၁၃ | ဗိုလ်မှူး | ကျော်မင်းဟန် |
| (၇၆) | ကြည်း ၂၉၇၉၁ | ဗိုလ်မှူး | တင်လင်း |
| (၇၇) | ကြည်း ၂၉၈၂၁ | ဗိုလ်မှူး | စိုးထွန်း |
| (၇၈) | ကြည်း ၃၀၇၁၆ | ဗိုလ်မှူး | အောင်မြတ်သွင် |
| (၇၉) | ကြည်း ၃၀၇၆၆ | ဗိုလ်မှူး | ဝင်းနိုင်ထွန်း |
| (၈၀) | ကြည်း ၃၃၅၀၀ | ဗိုလ်မှူး | ဇေဖြိုး |
| (၈၁) | ကြည်း ၃၃၅၉၃ | ဗိုလ်မှူး | ဝင်းမင်းထွန်း |
| (၈၂) | ကြည်း ၃၄၇၅၂ | ဗိုလ်မှူး | စောကျော်အောင် |
| (၈၃) | ကြည်း ၃၆၄၂၃ | ဗိုလ်မှူး | နိုင်လင်းအောင် |
| (၈၄) | ကြည်း ၃၇၀၇၃ | ဗိုလ်မှူး | စိုးမိုးလွင် |
| (၈၅) | ကြည်း ၃၇၀၇၇ | ဗိုလ်မှူး | ဖွဲ့နေဇော် |
| (၈၆) | ကြည်း ၃၇၃၁၇ | ဗိုလ်မှူး | ကျော်ဘထွန်း |
| (၈၇) | ကြည်း ၃၇၄၆၃ | ဗိုလ်မှူး | လွင်မောင်စိုး |
| (၈၈) | ကြည်း ၃၈၅၆၄ | ဗိုလ်မှူး | တေဇာဖြိုး |
| (၈၉) | ကြည်း ၃၉၅၆၆ | ဗိုလ်မှူး | သန်းအောင်စိုး |
| (၉၀) | ကြည်း ၃၉၇၄၀ | ဗိုလ်မှူး | ထွန်းထွန်းအောင် |
| (၉၁) | ကြည်း ၄၀၇၈၉ | ဗိုလ်မှူး | ဇော်မင်းစိုး |
| (၉၂) | ကြည်း ၄၁၆၂၈ | ဗိုလ်မှူး | အောင်ပြည့်ဖြိုး |
| (၉၃) | ကြည်း ၄၁၉၀၀ | ဗိုလ်မှူး | အောင်ကျော်မျိုး |
| (၉၄) | ကြည်း ၄၂၂၃ | ဗိုလ်မှူး | အောင်ခန့်ဇော် |
| (၉၅) | ကြည်း ၄၃၁၀၈ | ဗိုလ်မှူး | ပြည့်ဖြိုးကို |
| (၉၆) | ရေ ၃၈၉၀ | ဗိုလ်မှူး | ထွန်းထွန်းလတ် |
| (၉၇) | ရေ ၄၃၆၇ | ဗိုလ်မှူး | ကျော်သူဖြိုး |
| (၉၈) | လေ ၂၇၄၁ | ဗိုလ်မှူး | မိုးဦးကျော် |
| (၉၉) | လေ ၃၀၅၃ | ဗိုလ်မှူး | သိန်းလင်းထွန်း |
| (၁၀၀) | လေ ၃၂၉၇ | ဗိုလ်မှူး | ဟိန်းမင်းထွန်း |
| (၁၀၁) | အင်န် ၅၃၇ | ဗိုလ်မှူး | ဒေါ်အေးအေးမာ |
| (၁၀၂) | အင်န် ၆၂၈ | ဗိုလ်မှူး | ဒေါ်သူဇာရွှေ |
| (၁၀၃) | ကြည်း ၆၃၁၀၈ | ဗိုလ်ကြီး | ဒေါ်သိမ့်သီရိထွေးအောင် |
| (၁၀၄) | ကြည်း ၆၇၅၁၇ | ဗိုလ်ကြီး | ဒေါ်ခင်ငြိမ်းချမ်း |
| (၁၀၅) | အင်န် ၈၂၇ | ဗိုလ်ကြီး | ဒေါ်တင်မာဆွေ |
| (၁၀၆) | အင်န် ၉၂၅ | ဗိုလ်ကြီး | ဒေါ်မြင့်မြင့်နွယ် |
| (၁၀၇) | ကြည်း ၆၇၄၉၉ | ဗိုလ်ကြီး | ဒေါ်အိအိထွန်း |
| (၁၀၈) | ကြည်း ၇၀၂၀၂ | ဗိုလ်ကြီး | ဒေါ်အိမွန်လှိုင် |
| (၁၀၉) | ကြည်း ၇၁၄၉၇ | ဗိုလ်ကြီး | ဒေါ်လှိုင်မိုးသွယ် |
| (၁၁၀) | ကြည်း ၇၁၅၂၆ | ဗိုလ်ကြီး | ဒေါ်ယုဇနစံဝင်း |

(လှသိန်း)
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## နိုင်ငံတကာခရီးသည်တင်လေကြောင်းခရီးစဉ်များ မြန်မာနိုင်ငံသို့ ပျံသန်းဆင်းသက်ခြင်းကို ယာယီကန့်သတ်ခြင်းဆိုင်ရာ ညွှန်ကြားချက်၏ သက်ရောက်မှုကာလ တိုးမြှင့်သတ်မှတ်ခြင်း

မြန်မာနိုင်ငံအတွင်း COVID-19 ရောဂါကူးစက်ဖြစ်ပွားမှုကို ထိန်းချုပ်နိုင်ရေး ဆောင်ရွက်ရာတွင် နိုင်ငံတကာမှ လေကြောင်းခရီးစဉ်များဖြင့် ခရီးသည်များ ဝင်ရောက်လာမှုကို ကန့်သတ်ထိန်းချုပ်နိုင်ရေးမှာ များစွာအရေးပါသဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက (၂၉-၃-၂၀၂၀) ရက်နေ့တွင် ထုတ်ပြန်ခဲ့သော နိုင်ငံတကာခရီးသည်တင် လေကြောင်းခရီးစဉ်များ (International Commercial Passenger Flights) မြန်မာနိုင်ငံသို့ ပျံသန်းဆင်းသက်ခြင်းကို ယာယီကန့်သတ်ခြင်းဆိုင်ရာ ညွှန်ကြားချက် (Temporary Measures to Prevent Importation of COVID-19 to Myanmar through Air Travel) ၏ သက်ရောက်မှုကာလကို COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် (၃၁-၁၂-၂၀၂၀) ရက်နေ့၊ မြန်မာစံတော်ချိန် (၂၃:၅၉) နာရီအထိ တိုးမြှင့်သတ်မှတ်ခဲ့ပါသည်။

ယခုအချိန်ထိ ကမ္ဘာ့နိုင်ငံအများစုတွင် COVID-19 ကပ်ရောဂါ ကူးစက်ပြန့်ပွားမှုနှုန်းမြင့်တက်နေဆဲရှိသည့်အပြင် ဗြိတိန်နိုင်ငံ၌ စတင်တွေ့ရှိခဲ့သော ကူးစက်မြန် ဗီဇပြောင်း COVID-19 ရောဂါပိုးအသစ်ကို အချို့အာရှနိုင်ငံများအပါအဝင် အခြားနိုင်ငံများသို့ စတင်ကူးစက်နေလျက်ရှိကြောင်း တွေ့ရှိရသဖြင့် မြန်မာနိုင်ငံအတွင်းသို့ နိုင်ငံတကာလေကြောင်းခရီးသည်များမှတစ်ဆင့် COVID-19 ရောဂါပိုး ကူးစက်မှုအန္တရာယ်မှ ဆက်လက်၍ တားဆီးကာကွယ်နိုင်ရေးအတွက် COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် အထက်ပါညွှန်ကြားချက်၏ သက်ရောက်မှုကာလကို (၃၁-၁-၂၀၂၁) ရက်နေ့၊ မြန်မာစံတော်ချိန် (၂၃:၅၉) နာရီအထိ ထပ်မံတိုးမြှင့် သတ်မှတ်လိုက်ကြောင်း အသိပေးထုတ်ပြန်လိုက်သည်။

တစ်ဖက်တွင် COVID-19 ကပ်ရောဂါ၏ သက်ရောက်မှုကြောင့် မြန်မာနိုင်ငံ၏ စီးပွားရေးထိခိုက်မှုကို ပြန်လည်ကုစားရေးအတွက် အထောက်အကူဖြစ်စေရန် COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်မှုအရ International Commercial Passenger Flights များကို COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုအခြေအနေအပေါ် မူတည်၍ ကျန်းမာရေးဆိုင်ရာ စံသတ်မှတ်ချက်များနှင့်အညီ အဆင့်လိုက် ပြန်လည်ပြေးဆွဲခွင့်ပြုနိုင်ရေးအတွက် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများမှ ညှိနှိုင်းဆွေးနွေးလျက်ရှိကြောင်း အသိပေးဖော်ပြပါသည်။

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**

※ *ကျောဖုံးမှ*

၅။ ၂၀၂၀ ပြည့်နှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲသည် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေသည့် ကာလအတွင်းဖြစ်သော်လည်း မဲဆန္ဒရှင်များ ၇၀ ရာခိုင်နှုန်းကျော် လာရောက်မဲပေးသည့်အတွက် ပြည်တွင်း/ ပြည်ပ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၊ နိုင်ငံခြားသံရုံးများ၊ နိုင်ငံတကာခေါင်းဆောင်များနှင့် မဲဆန္ဒရှင်များကိုယ်တိုင်က အသိအမှတ်ပြုထားသည့် ရွေးကောက်ပွဲဖြစ်ပါသည်။

၆။ ယခုအချိန်ကာလသည် ရွေးကောက်ပွဲအကြို ကာလနှင့် ရွေးကောက်ပွဲနေ့တွင် ဖြစ်ပွားခဲ့သည့် ရဲအရေးပိုင်သည့် ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုများနှင့် တရားမဲ့ပြုကျင့်မှုအတွက် တင်သွင်းလာသည့် ကန့်ကွက်လွှာများကိုလည်း စစ်ဆေးနေသည့်ကာလ ဖြစ်ပါသည်။

၇။ အထက်ပါ ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို ပျက်ပြားစေရန်နှင့် ရွေးကောက်ပွဲရလဒ်ကို လက်မခံသည့်သဘော သက်ရောက်စေသည့် သဘောထားထုတ်ပြန် ချက်များ၊ အလားတူဆောင်ရွက်ချက်များကို နိုင်ငံရေးပါတီများကဖြစ်စေ၊ အဖွဲ့အစည်းများကဖြစ်စေ ပါဝင်ဆောင်ရွက်ခြင်း မပြုကြပါရန် အသိပေးအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ထူးခြားသည့် ညအပူချိန်များ

နေပြည်တော် ဒီဇင်ဘာ ၃၀

ဟားခါးမြို့တွင် ၀ ဒီဂရီစင်တီဂရိတ်၊ ဟဲဟိုးမြို့နှင့် မိုင်းယန်းမြို့တို့တွင် ၂ ဒီဂရီစင်တီဂရိတ်စီ၊ ပူတာအိုမြို့၊ နမ့်စန်မြို့နှင့် လွိုင်လင်မြို့တို့တွင် ၃ ဒီဂရီစင်တီဂရိတ်စီ၊ မချမ်းဘောမြို့၊ ပင်လောင်းမြို့နှင့် မင်းတပ်မြို့တို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီနှင့် ကျောက်မဲမြို့နှင့် ပြင်ဦးလွင်မြို့တို့တွင် ၅ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မိုး/ဇလ

# တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၂၇၀ / ၂၀၂၀ )**
၁၃၈၂ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁ ရက်
( ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၃၀ ရက် )

**တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာခြင်း**

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် တတိယအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အမျိုးသားလွှတ်တော်အတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ ဥပဒေ အခန်း (၈) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အမည်စာရင်း ပေးပို့လာသည့် အောက်ဖော်ပြပါ တပ်မတော်သားများအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီးဖြစ်၍ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၃၁ အရ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြောင်း ကြေညာလိုက်သည် -

| စဉ် | ပြန်တမ်းဝင်အမှတ် | အဆင့် | အမည် |
|---|---|---|---|
| (၁) | ကြည်း ၁၇၉၅၃ | ဗိုလ်ချုပ် | စန်းမြင့် |
| (၂) | ကြည်း ၁၈၀၃၅ | ဗိုလ်မှူးချုပ် | ကျော်ကျော်စိုး |
| (၃) | ကြည်း ၁၉၄၀၄ | ဗိုလ်မှူးချုပ် | တင်ဆွေ |
| (၄) | ကြည်း ၁၉၄၉၀ | ဗိုလ်မှူးချုပ် | တင့်လွင် |
| (၅) | ကြည်း ၂၀၇၁၄ | ဗိုလ်မှူးချုပ် | အောင်မျိုးသန်း |
| (၆) | ကြည်း ၂၀၈၀၈ | ဗိုလ်မှူးချုပ် | နေမျိုးအောင် |
| (၇) | ကြည်း ၂၀၈၃၄ | ဗိုလ်မှူးချုပ် | ဝင်းကိုကို |
| (၈) | ကြည်း ၂၁၃၃၄ | ဗိုလ်မှူးချုပ် | မြင့်မောင်ဦး |
| (၉) | ကြည်း ၂၂၀၅၀ | ဗိုလ်မှူးချုပ် | ညီညီဇော် |
| (၁၀) | ကြည်း ၁၉၃၇၈ | ဗိုလ်မှူးကြီး | အောင်ကျော်စိုး |
| (၁၁) | ကြည်း ၁၉၇၂၉ | ဗိုလ်မှူးကြီး | စိုးမိုးအောင် |
| (၁၂) | ကြည်း ၂၀၃၆၈ | ဗိုလ်မှူးကြီး | သန်းနိုင်ဝင်း |
| (၁၃) | ကြည်း ၂၁၁၀၉ | ဗိုလ်မှူးကြီး | စောထွန်းအောင် |
| (၁၄) | ကြည်း ၂၁၁၂၃ | ဗိုလ်မှူးကြီး | ကျော်ကျော် |
| (၁၅) | ကြည်း ၂၁၆၅၈ | ဗိုလ်မှူးကြီး | မျိုးမင်းအောင် |
| (၁၆) | ကြည်း ၂၁၉၃၄ | ဗိုလ်မှူးကြီး | အောင်ကျော်မိုး |
| (၁၇) | ကြည်း ၂၂၆၂၁ | ဗိုလ်မှူးကြီး | ခိုင်မင်း |
| (၁၈) | ကြည်း ၂၂၆၆၆ | ဗိုလ်မှူးကြီး | ဖုန်းတင့် |
| (၁၉) | ကြည်း ၂၃၀၅၅ | ဗိုလ်မှူးကြီး | ဝင်းဇော်ဦး |
| (၂၀) | ကြည်း ၂၃၀၅၇ | ဗိုလ်မှူးကြီး | အောင်ကျော်ထွန်း |
| (၂၁) | ကြည်း ၂၃၁၉၇ | ဗိုလ်မှူးကြီး | သိန်းတိုး |
| (၂၂) | ကြည်း ၂၃၇၄၂ | ဗိုလ်မှူးကြီး | နေလင်းထွန်း |
| (၂၃) | ကြည်း ၂၃၈၀၂ | ဗိုလ်မှူးကြီး | စိန်ဝင်း |
| (၂၄) | ကြည်း ၂၈၂၉၃ | ဗိုလ်မှူးကြီး | တင်မောင်ဝင်း |
| (၂၅) | လေ ၁၉၃၄ | ဗိုလ်မှူးကြီး | ခင်မြင့် |
| (၂၆) | လေ ၂၀၈၄ | ဗိုလ်မှူးကြီး | အောင်မျိုးကျော် |
| (၂၇) | ကြည်း ၂၃၃၇၈ | ဒုတိယဗိုလ်မှူးကြီး | ညဏ်ရွှေ |
| (၂၈) | ကြည်း ၂၇၄၆၆ | ဒုတိယဗိုလ်မှူးကြီး | အောင်ထွန်းလင်း |
| (၂၉) | ကြည်း ၂၈၂၉၂ | ဒုတိယဗိုလ်မှူးကြီး | သန့်ဆွေ |
| (၃၀) | ကြည်း ၃၁၃၁၄ | ဒုတိယဗိုလ်မှူးကြီး | မျိုးထွန်းအောင် |
| (၃၁) | ကြည်း ၃၂၇၆၃ | ဒုတိယဗိုလ်မှူးကြီး | ကျော်ကျော်ဦး |
| (၃၂) | ကြည်း ၃၃၄၄၇ | ဒုတိယဗိုလ်မှူးကြီး | ကျော်သီဟ |
| (၃၃) | ကြည်း ၂၆၈၇၆ | ဗိုလ်မှူး | ရဲအောင်စော |
| (၃၄) | ကြည်း ၂၇၃၆၅ | ဗိုလ်မှူး | ကျော်စိုးသန့် |
| (၃၅) | ကြည်း ၂၈၇၃၃ | ဗိုလ်မှူး | ဝင်းလွင်ဦး |
| (၃၆) | ကြည်း ၂၉၈၆၆ | ဗိုလ်မှူး | တင်နိုင်ဦး |
| (၃၇) | ကြည်း ၃၂၄၃၂ | ဗိုလ်မှူး | ပြည်ထွန်း |
| (၃၈) | ကြည်း ၃၂၅၇၇ | ဗိုလ်မှူး | ဇော်ဝင်းဦး |
| (၃၉) | ကြည်း ၃၂၈၅၀ | ဗိုလ်မှူး | ကျော်စိုးဦး |
| (၄၀) | ကြည်း ၃၃၁၅၂ | ဗိုလ်မှူး | သိန်းဘိုဘိုထွေး |
| (၄၁) | ကြည်း ၃၃၇၅၂ | ဗိုလ်မှူး | ဝင်းမင်းသန့် |
| (၄၂) | ကြည်း ၃၉၂၂၁ | ဗိုလ်မှူး | ဇော်ထွန်း |
| (၄၃) | ကြည်း ၄၀၆၅၃ | ဗိုလ်မှူး | ကျော်မင်းထွန်း |
| (၄၄) | ကြည်း ၄၁၀၉၇ | ဗိုလ်မှူး | မင်းရဲထွန်း |
| (၄၅) | ကြည်း ၄၁၂၀၅ | ဗိုလ်မှူး | ဖြိုးဝေအောင် |
| (၄၆) | ကြည်း ၄၄၄၁၉ | ဗိုလ်မှူး | ကျော်စိုးဝင်း |
| (၄၇) | ကြည်း ၄၅၄၅၄ | ဗိုလ်မှူး | ဝင်းမင်းထွန်း |
| (၄၈) | ရေ ၄၁၁၁ | ဗိုလ်မှူး | ကျော်သူရ |
| (၄၉) | လေ ၃၃၀၅ | ဗိုလ်မှူး | သန်းထွန်းဦး |
| (၅၀) | ကြည်း ၅၄၉၅၉ | ဗိုလ်ကြီး | ဝင်းမြင့်သန်း |
| (၅၁) | ကြည်း ၆၃၀၉၈ | ဗိုလ်ကြီး | ဒေါ်ဝင်းသီရိဆွေ |
| (၅၂) | ကြည်း ၆၇၄၉၁ | ဗိုလ်ကြီး | ဒေါ်အေးသဉ္ဇာကျော် |
| (၅၃) | အင်န် ၈၅၀ | ဗိုလ်ကြီး | ဒေါ်သန်းသန်းဝင်း |
| (၅၄) | အင်န် ၉၁၇ | ဗိုလ်ကြီး | ဒေါ်မာမာမြင့် |
| (၅၅) | အင်န် ၉၂၈ | ဗိုလ်ကြီး | ဒေါ်သဇင်လှိုင် |
| (၅၆) | အင်န် ၉၃၅ | ဗိုလ်ကြီး | ဒေါ်ခင်ရတနာလှိုင် |

(လှသိန်း)
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အမည်စာရင်းကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၂၇၁ / ၂၀၂၀ )**
၁၃၈၂ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၃၀ ရက်)

**တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အမည်စာရင်းကြေညာခြင်း**

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် တတိယအကြိမ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်အတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ အခန်း(၈)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အမည်စာရင်း ပေးပို့လာသည့် အောက်ဖော်ပြပါ တပ်မတော်သားများအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီးဖြစ်၍ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၃၁ အရ တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြောင်း ကြေညာလိုက်သည်-

| စဉ် | ပြန်တမ်းဝင်အမှတ် | အဆင့် | အမည် |
|---|---|---|---|
| **ကချင်ပြည်နယ်လွှတ်တော်** | | | |
| (၁) | ကြည်း ၂၉၁၉၇ | ဗိုလ်မှူးကြီး | ကျော်လင်းအောင် |
| (၂) | ကြည်း ၂၃၇၅၂ | ဗိုလ်မှူးကြီး | ခင်မောင်မောင် |
| (၃) | ကြည်း ၃၁၄၉၄ | ဒုတိယဗိုလ်မှူးကြီး | စိုးမင်းအောင် |
| (၄) | ကြည်း ၂၇၄၃၀ | ဗိုလ်မှူး | သိန်းဇော်ဦး |
| (၅) | ကြည်း ၃၀၀၀၃ | ဗိုလ်မှူး | တင်ကိုကို |
| (၆) | ကြည်း ၃၀၇၆၄ | ဗိုလ်မှူး | ကျော်သူမျိုး |
| (၇) | ကြည်း ၃၄၇၃၆ | ဗိုလ်မှူး | ထင်လင်းထွန်း |
| (၈) | ကြည်း ၃၉၇၀၆ | ဗိုလ်မှူး | ဝင်းသက်နိုင်မြင့် |
| (၉) | ကြည်း ၄၃၁၆၉ | ဗိုလ်မှူး | ညဏ်လင်းထွန်း |
| (၁၀) | အင်န် ၆၄၅ | ဗိုလ်မှူး | ဒေါ်ဖြူဖြူဖွေးမြင့် |
| (၁၁) | အင်န် ၇၈၂ | ဗိုလ်မှူး | ဒေါ်နွယ်နီလာအေး |
| (၁၂) | ကြည်း ၅၂၄၇၂ | ဗိုလ်ကြီး | ရန်အောင်ထိုက် |
| (၁၃) | ကြည်း ၅၆၆၇၁ | ဗိုလ်ကြီး | ထင်ဦး |
| **ကယားပြည်နယ်လွှတ်တော်** | | | |
| (၁) | ကြည်း ၂၂၀၀၀ | ဗိုလ်မှူးကြီး | မြင့်ဝေ |
| (၂) | ကြည်း ၃၉၅၆၅ | ဗိုလ်မှူး | မျိုးမင်းထက် |
| (၃) | အင်န် ၇၂၁ | ဗိုလ်မှူး | ဒေါ်မော်မော်သန်း |
| (၄) | ကြည်း ၄၈၅၆၇ | ဗိုလ်ကြီး | မြတ်ကိုကို |
| (၅) | အင်န် ၉၁၉ | ဗိုလ်ကြီး | ဒေါ်ကြူကြူခိုင် |
| **ကရင်ပြည်နယ်လွှတ်တော်** | | | |
| (၁) | ကြည်း ၂၂၆၁၇ | ဗိုလ်မှူးကြီး | မျိုးမင်းနောင် |
| (၂) | ကြည်း ၂၂၇၉၈ | ဒုတိယဗိုလ်မှူးကြီး | နိုင်ဝင်း |
| (၃) | ကြည်း ၃၄၇၀၂ | ဗိုလ်မှူး | ဝင်းမင်းလွင် |
| (၄) | အင်န် ၇၈၁ | ဗိုလ်မှူး | ဒေါ်ဆွေနွယ်ဝင်း |
| (၅) | ကြည်း ၆၀၄၇၁ | ဗိုလ်ကြီး | ဟိန်းထက်နိုင် |
| (၆) | ကြည်း ၆၂၂၄၅ | ဗိုလ်ကြီး | အောင်စစ်မောင် |
| **ချင်းပြည်နယ်လွှတ်တော်** | | | |
| (၁) | ကြည်း ၂၅၉၉၅ | ဗိုလ်မှူးကြီး | ဟန်ဝင်းအောင် |
| (၂) | ကြည်း ၃၅၄၁၉ | ဗိုလ်မှူး | အာကာကျော်မိုး |
| (၃) | ကြည်း ၄၈၁၈၀ | ဗိုလ်ကြီး | နိုင်လွင်ထူး |
| (၄) | ကြည်း ၅၆၀၇၁ | ဗိုလ်ကြီး | ညဏ်လင်းဖြိုး |
| (၅) | ကြည်း ၅၇၆၇၈ | ဗိုလ်ကြီး | ပြည်စိုးအောင် |
| (၆) | ကြည်း ၆၄၁၁၃ | ဗိုလ်ကြီး | သိန်းဇော်ဝင်း |
| **စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်** | | | |
| (၁) | ကြည်း ၂၄၉၉၃ | ဗိုလ်မှူးကြီး | ဝင်းတင်စိုး |
| (၂) | ကြည်း ၂၃၀၀၄ | ဗိုလ်မှူးကြီး | စိုးပိုင် |
| (၃) | ကြည်း ၂၀၂၃၅ | ဒုတိယဗိုလ်မှူးကြီး | ခင်မောင်လွင် |
| (၄) | ကြည်း ၂၇၆၀၁ | ဗိုလ်မှူး | သက်နိုင်အေး |
| (၅) | ကြည်း ၂၈၄၇၀ | ဗိုလ်မှူး | သက်နိုင်ဦး |
| (၆) | ကြည်း ၂၉၆၇၀ | ဗိုလ်မှူး | ကျော်စိုး |
| (၇) | ကြည်း ၃၃၉၄၆ | ဗိုလ်မှူး | ဟန်ဝင်း |
| (၈) | ကြည်း ၃၆၆၃၈ | ဗိုလ်မှူး | ဇော်မျိုးရီ |
| (၉) | ကြည်း ၃၇၂၀၇ | ဗိုလ်မှူး | နိုင်ဇင်သက် |
| (၁၀) | ကြည်း ၃၇၈၁၀ | ဗိုလ်မှူး | ကျော်သက်နိုင် |
| (၁၁) | ကြည်း ၄၁၉၆၁ | ဗိုလ်မှူး | လှထွဋ်နောင် |
| (၁၂) | ကြည်း ၃၅၀၇၅ | ဗိုလ်ကြီး | ကျော်ဝင်းလှိုင် |
| (၁၃) | ကြည်း ၄၂၆၄၀ | ဗိုလ်ကြီး | အောင်ထွန်း |
| (၁၄) | ကြည်း ၄၂၆၅၂ | ဗိုလ်ကြီး | မြင့်သွေး |
| (၁၅) | ကြည်း ၄၅၃၀၃ | ဗိုလ်ကြီး | လင်းအောင်သက် |
| (၁၆) | ကြည်း ၄၇၉၃၄ | ဗိုလ်ကြီး | သူရိန်ထွန်း |
| (၁၇) | ကြည်း ၅၀၁၇၂ | ဗိုလ်ကြီး | ရန်မျိုးအောင် |
| (၁၈) | ကြည်း ၅၁၅၈၆ | ဗိုလ်ကြီး | ပြည်ကျော်ဟိန်း |
| (၁၉) | ကြည်း ၅၂၁၃၉ | ဗိုလ်ကြီး | စိုးမင်း |
| (၂၀) | ကြည်း ၅၃၈၆၅ | ဗိုလ်ကြီး | ညဏ်ထွန်း |
| (၂၁) | ကြည်း ၅၄၂၀၄ | ဗိုလ်ကြီး | ရန်ကျော် |
| (၂၂) | ကြည်း ၅၄၃၈၅ | ဗိုလ်ကြီး | သိန်းထိုက် |
| (၂၃) | ကြည်း ၆၆၂၃၈ | ဗိုလ်ကြီး | ဇင်ကိုမောင် |
| (၂၄) | အင်န် ၇၈၃ | ဗိုလ်ကြီး | ဒေါ်နုထွေးဖံ |
| (၂၅) | အင်န် ၈၁၅ | ဗိုလ်ကြီး | ဒေါ်ယုယုဝေ |
| **တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်** | | | |
| (၁) | ကြည်း ၂၆၉၃၄ | ဗိုလ်မှူးကြီး | ကျော်ဇေယျ |
| (၂) | ကြည်း ၂၇၃၇၄ | ဗိုလ်မှူးကြီး | အောင်မျိုးမင်း |
| (၃) | ကြည်း ၃၅၁၄၃ | ဗိုလ်မှူး | ငွေစိုး |
| (၄) | ရေ ၄၄၅၃ | ဗိုလ်မှူး | ဟန်ထူးညီ |
| (၅) | အင်န် ၇၈၈ | ဗိုလ်မှူး | ဒေါ်သီသီမြင့် |
| (၆) | ကြည်း ၄၈၄၄၈ | ဗိုလ်ကြီး | ကျော်စည်သူ |
| (၇) | အင်န် ၉၅၁ | ဗိုလ်ကြီး | ဒေါ်ထက်သဉ္ဇာအောင် |
| **ပဲခူးတိုင်းဒေသကြီးလွှတ်တော်** | | | |
| (၁) | ကြည်း ၂၇၂၉၄ | ဗိုလ်မှူးကြီး | လှမျိုးရွှေ |
| (၂) | ကြည်း ၂၀၀၈၀ | ဗိုလ်မှူးကြီး | နေဝင်းအောင် |
| (၃) | ကြည်း ၂၄၀၅၀ | ဗိုလ်မှူး | လှမိုးသိန်း |
| (၄) | ကြည်း ၃၁၃၆၆ | ဗိုလ်မှူး | သိန်းထူး |
| (၅) | ကြည်း ၃၂၃၉၃ | ဗိုလ်မှူး | ရဲဝင်းထွန်း |
| (၆) | ကြည်း ၃၂၈၀၄ | ဗိုလ်မှူး | ကျော်ငြိမ်း |
| (၇) | ကြည်း ၃၄၉၀၇ | ဗိုလ်မှူး | ဖြိုးဟိန်းကျော် |
| (၈) | ကြည်း ၃၆၃၈၇ | ဗိုလ်မှူး | အောင်မိုးလွင် |
| (၉) | ကြည်း ၃၈၁၀၂ | ဗိုလ်မှူး | တင်နိုင်ဝင်း |
| (၁၀) | ကြည်း ၄၀၄၇၄ | ဗိုလ်မှူး | ဝင်းအောင်သန်း |
| (၁၁) | လေ ၂၈၃၃ | ဗိုလ်မှူး | အောင်မျိုးမင်း |
| (၁၂) | အင်န် ၇၂၀ | ဗိုလ်မှူး | ဒေါ်မေနှင်းအောင် |
| (၁၃) | ကြည်း ၃၃၇၇၂ | ဗိုလ်ကြီး | ကျော်မင်း |
| (၁၄) | ကြည်း ၃၅၁၃၂ | ဗိုလ်ကြီး | ခင်မောင်ဝင်း |
| (၁၅) | ကြည်း ၃၆၆၄၅ | ဗိုလ်ကြီး | မျိုးမင်းဇော် |
| (၁၆) | ကြည်း ၄၆၁၂၅ | ဗိုလ်ကြီး | မင်းသိန်းထိုက် |
| (၁၇) | ကြည်း ၅၄၃၁၈ | ဗိုလ်ကြီး | ထိန်လင်းကျော် |
| (၁၈) | ကြည်း ၅၆၆၆၀ | ဗိုလ်ကြီး | အောင်မျိုးဇော် |
| (၁၉) | အင်န် ၈၅၉ | ဗိုလ်ကြီး | ဒေါ်ကြူကြူထွန်း |
| **မကွေးတိုင်းဒေသကြီးလွှတ်တော်** | | | |
| (၁) | ကြည်း ၂၀၈၂၅ | ဗိုလ်မှူးကြီး | မင်းဦး |
| (၂) | ကြည်း ၁၉၃၁၀ | ဗိုလ်မှူးကြီး | သက်နိုင် |
| (၃) | ကြည်း ၃၆၅၀၂ | ဗိုလ်မှူး/ဒုမှူးကြီး | ဇော်ဦးလတ် |
| (၄) | ကြည်း ၂၈၄၆၃ | ဗိုလ်မှူး | ကျော်ကျော်စိုး |
| (၅) | ကြည်း ၂၈၈၁၈ | ဗိုလ်မှူး | သက်ခိုင်ထွန်း |
| (၆) | ကြည်း ၃၀၀၈၃ | ဗိုလ်မှူး | ရဲမောင် |
| (၇) | ကြည်း ၃၈၃၈၁ | ဗိုလ်မှူး | နေဇော်ဟိန်း |
| (၈) | အင်န် ၈၀၃ | ဗိုလ်မှူး | ဒေါ်အိအိဝင်း |
| (၉) | ကြည်း ၂၈၅၇၆ | ဗိုလ်ကြီး | ထွန်းမြင့်လတ် |

*စာမျက်နှာ ၁၂ သို့*

*စာမျက်နှာ ၁၁ မှ*

| | | | |
|---|---|---|---|
| (၁၀) | ကြည်း ၄၇၄၅၆ | ဗိုလ်ကြီး | ကျော်ကိုဦး |
| (၁၁) | ကြည်း ၅၁၇၀၂ | ဗိုလ်ကြီး | ဇော်မင်းထိုက် |
| (၁၂) | ကြည်း ၅၁၈၄၇ | ဗိုလ်ကြီး | လှိုင်မြင့်ထွန်း |
| (၁၃) | ကြည်း ၅၂၆၃၁ | ဗိုလ်ကြီး | တင်မောင်လွင် |
| (၁၄) | ကြည်း ၅၄၄၄၁ | ဗိုလ်ကြီး | မျိုးမင်းထွန်း |
| (၁၅) | ကြည်း ၅၉၂၆၆ | ဗိုလ်ကြီး | ဇင်မင်းထွန်း |
| (၁၆) | လေ ၃၄၀၉ | ဗိုလ်ကြီး | ဟန်ဝင်းအောင် |
| (၁၇) | အင်န် ၈၅၄ | ဗိုလ်ကြီး | ဒေါ်ခင်သီတာလှိုင် |

**မန္တလေးတိုင်းဒေသကြီးလွှတ်တော်**

| | | | |
|---|---|---|---|
| (၁) | ကြည်း ၂၆၁၀၉ | ဗိုလ်မှူးကြီး | ကျော်ကျော်မင်း |
| (၂) | ကြည်း ၂၂၇၀၁ | ဒုတိယဗိုလ်မှူးကြီး | ရဲမြင့် |
| (၃) | ကြည်း ၂၃၂၇၇ | ဗိုလ်မှူး | သိန်းဟန် |
| (၄) | ကြည်း ၂၅၀၉၇ | ဗိုလ်မှူး | အောင်သီဟ |
| (၅) | ကြည်း ၂၅၂၀၅ | ဗိုလ်မှူး | အောင်မင်းထွေး |
| (၆) | ကြည်း ၂၇၃၈၅ | ဗိုလ်မှူး | ကျော်သူရွှေ |
| (၇) | ကြည်း ၃၂၅၂၈ | ဗိုလ်မှူး | ကျော်လွင်မိုး |
| (၈) | ကြည်း ၃၃၅၃၂ | ဗိုလ်မှူး | မျိုးမင်းလတ် |
| (၉) | ကြည်း ၃၇၉၀၉ | ဗိုလ်မှူး | အေးလင်းထွန်း |
| (၁၀) | ကြည်း ၃၇၉၅၃ | ဗိုလ်မှူး | ဝေယံမင်း |
| (၁၁) | ကြည်း ၃၉၂၄၇ | ဗိုလ်မှူး | ဌေးဦးခိုင် |
| (၁၂) | ကြည်း ၄၂၃၈၁ | ဗိုလ်မှူး | ဇော်မျိုးဝေ |
| (၁၃) | ကြည်း ၂၉၀၃၇ | ဗိုလ်ကြီး | စိုးနိုင် |
| (၁၄) | ကြည်း ၄၂၇၁၂ | ဗိုလ်ကြီး | ခင်မောင်ဇော် |
| (၁၅) | ကြည်း ၄၆၄၁၁ | ဗိုလ်ကြီး | ကျော်သူရ |
| (၁၆) | ကြည်း ၄၉၉၈၄ | ဗိုလ်ကြီး | ကောင်းထက် |
| (၁၇) | ကြည်း ၅၃၃၈၃ | ဗိုလ်ကြီး | အောင်လှိုင်ဖြိုး |
| (၁၈) | ကြည်း ၆၇၄၉၀ | ဗိုလ်ကြီး | ဒေါ်ငြိမ်းဆုရည် |
| (၁၉) | ကြည်း ၇၀၁၃၂ | ဗိုလ်ကြီး | ဒေါ်ငုရွှေဝါဦး |

**မွန်ပြည်နယ်လွှတ်တော်**

| | | | |
|---|---|---|---|
| (၁) | ကြည်း ၂၆၉၃၉ | ဗိုလ်မှူးကြီး | နေထွန်းဦး |
| (၂) | ကြည်း ၁၉၃၆၇ | ဗိုလ်မှူးကြီး | တင်ထွန်း |
| (၃) | ကြည်း ၃၁၀၆၈ | ဗိုလ်မှူး | သက်ခိုင် |
| (၄) | ကြည်း ၃၃၅၂၃ | ဗိုလ်မှူး | လှိုင်အောင်မင်း |
| (၅) | ရေ ၄၃၈၄ | ဗိုလ်မှူး | ကျော်ကျော်မင်း |
| (၆) | အင်န် ၅၇၇ | ဗိုလ်မှူး | ဒေါ်စောသီတာလှိုင် |
| (၇) | အင်န် ၇၄၉ | ဗိုလ်မှူး | ဒေါ်ငုဝါကြည် |
| (၈) | ကြည်း ၅၈၅၁၃ | ဗိုလ်ကြီး | ကျော်သက်နိုင် |

**ရခိုင်ပြည်နယ်လွှတ်တော်**

| | | | |
|---|---|---|---|
| (၁) | ကြည်း ၂၃၁၅၈ | ဗိုလ်မှူးကြီး | မင်းသန်း |
| (၂) | ကြည်း ၂၇၀၁၀ | ဒုတိယဗိုလ်မှူးကြီး | ဝင်းဗိုလ် |
| (၃) | ကြည်း ၃၀၈၀၄ | ဗိုလ်မှူး | အောင်မျိုးဇော် |
| (၄) | ကြည်း ၃၂၄၁၈ | ဗိုလ်မှူး | ကိုကိုဦး |
| (၅) | ရေ ၄၀၈၆ | ဗိုလ်မှူး | အောင်ဇော်မိုး |

**ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်**

| | | | |
|---|---|---|---|
| (၁) | ကြည်း ၂၁၈၉၇ | ဗိုလ်မှူးကြီး | ဝင်းတင့် |
| (၂) | ကြည်း ၂၃၀၁၃ | ဗိုလ်မှူးကြီး | သန့်ဇင်ဦး |
| (၃) | ကြည်း ၂၁၄၇၃ | ဒုတိယဗိုလ်မှူးကြီး | ဌေးအောင် |
| (၄) | ကြည်း ၃၀၉၈၅ | ဒုတိယဗိုလ်မှူးကြီး | နေသွေး |
| (၅) | ကြည်း ၂၄၃၃၆ | ဗိုလ်မှူး | ဇော်လွင်ထွန်း |
| (၆) | ကြည်း ၂၅၃၀၃ | ဗိုလ်မှူး | ဝင်းဟန် |
| (၇) | ကြည်း ၂၇၉၁၉ | ဗိုလ်မှူး | အောင်မြတ်မင်း |
| (၈) | ကြည်း ၂၈၄၂၄ | ဗိုလ်မှူး | သိန်းလှိုင် |
| (၉) | ကြည်း ၃၀၂၄၇ | ဗိုလ်မှူး | မင်းမင်းထွန်း |
| (၁၀) | ကြည်း ၃၆၄၃၂ | ဗိုလ်မှူး | ရဲမင်းအောင် |
| (၁၁) | ကြည်း ၃၆၄၇၉ | ဗိုလ်မှူး | သူအောင်ဇော် |
| (၁၂) | ကြည်း ၃၇၂၃၃ | ဗိုလ်မှူး | ကျော်ဇင်လတ် |
| (၁၃) | ကြည်း ၃၉၅၉၉ | ဗိုလ်မှူး | ဝေယံလင်း |
| (၁၄) | ကြည်း ၄၀၉၈၄ | ဗိုလ်မှူး | သက်နိုင်ဦး |
| (၁၅) | ကြည်း ၄၂၅၂၄ | ဗိုလ်မှူး | ကျော်စွာဝင်း |
| (၁၆) | ကြည်း ၄၅၅၈၄ | ဗိုလ်မှူး | ကြည်ဖေလင်း |
| (၁၇) | ရေ ၃၆၄၁ | ဗိုလ်မှူး | အောင်ကျော်လွင် |
| (၁၈) | ရေ ၃၉၃၄ | ဗိုလ်မှူး | ဇော်လင်းသိန်း |
| (၁၉) | ရေ ၄၂၆၈ | ဗိုလ်မှူး | ကျော်တေဇ |
| (၂၀) | လေ ၂၂၄၃ | ဗိုလ်မှူး | ကျော်အောင် |
| (၂၁) | လေ ၂၉၄၀ | ဗိုလ်မှူး | လှိုင်ဝင်းအောင် |
| (၂၂) | လေ ၃၁၃၈ | ဗိုလ်မှူး | ခိုင်မျိုးထွန်း |
| (၂၃) | အင်န် ၇၄၈ | ဗိုလ်မှူး | ဒေါ်ခင်မင်းမင်းမြတ် |
| (၂၄) | ကြည်း ၄၂၇၁၅ | ဗိုလ်ကြီး | စိုးမင်းဌေး |
| (၂၅) | ကြည်း ၄၅၉၄၅ | ဗိုလ်ကြီး | ဝင်းကျော်သူ |
| (၂၆) | ကြည်း ၅၂၀၉၀ | ဗိုလ်ကြီး | ရဲရင့်ဝင်း |
| (၂၇) | ကြည်း ၅၃၇၆၃ | ဗိုလ်ကြီး | ကျော်ခိုင်လင်း |
| (၂၈) | ကြည်း ၅၄၅၅၇ | ဗိုလ်ကြီး | ကိုကို |
| (၂၉) | ကြည်း ၆၄၁၃၅ | ဗိုလ်ကြီး | ခင်မောင်ဦး |
| (၃၀) | ကြည်း ၇၀၁၃၃ | ဗိုလ်ကြီး | ဒေါ်သက်ဖူးပွင့်ဝေ |
| (၃၁) | ကြည်း ၇၁၅၆၀ | ဗိုလ်ကြီး | ဒေါ်သက်နန္ဒာထက် |
| (၃၂) | ကြည်း ၃၇၄၆၂ | ဗိုလ်မှူး | စိုးရန်နိုင် |
| (၃၃) | ကြည်း ၃၈၁၆၂ | ဗိုလ်မှူး | အောင်ဆန်းဒေး |
| (၃၄) | ကြည်း ၃၉၃၂၂ | ဗိုလ်မှူး | ခင်လှဝင်း |
| (၃၅) | ကြည်း ၃၉၈၆၆ | ဗိုလ်မှူး | သက်ပိုင်ထွန်း |
| (၃၆) | ကြည်း ၄၀၀၄၆ | ဗိုလ်မှူး | ပြည့်ဖြိုးအောင် |
| (၃၇) | ကြည်း ၄၀၁၃၄ | ဗိုလ်မှူး | ကျော်ဇင်ထိုက် |
| (၃၈) | ကြည်း ၄၀၂၄၈ | ဗိုလ်မှူး | ကျော်ကျော်နိုင် |
| (၃၉) | ကြည်း ၄၀၂၅၇ | ဗိုလ်မှူး | ကျော်ဆန်းမင်း |
| (၄၀) | အင်န် ၆၆၅ | ဗိုလ်မှူး | ဒေါ်လင်းလင်းကို |
| (၄၁) | ကြည်း ၃၉၃၈၂ | ဗိုလ်ကြီး | ဟန်လင်းထွန်း |
| (၄၂) | ကြည်း ၄၅၉၆၃ | ဗိုလ်ကြီး | သက်ဦးစံ |
| (၄၃) | ကြည်း ၄၆၁၁၃ | ဗိုလ်ကြီး | ဝင်းမင်းထွေး |
| (၄၄) | ကြည်း ၄၆၃၄၈ | ဗိုလ်ကြီး | တင့်ထွန်းနိုင် |
| (၄၅) | ကြည်း ၄၆၆၄၃ | ဗိုလ်ကြီး | လင်းထိုက်အောင် |
| (၄၆) | ကြည်း ၄၈၆၁၁ | ဗိုလ်ကြီး | သက်ခိုင်မြင့် |
| (၄၇) | ကြည်း ၄၉၈၅၁ | ဗိုလ်ကြီး | ငြိမ်းချမ်းစိုး |
| (၄၈) | ကြည်း ၅၀၃၁၉ | ဗိုလ်ကြီး | မျိုးနိုင်လင်း |
| (၄၉) | ကြည်း ၅၀၃၄၄ | ဗိုလ်ကြီး | အောင်သူ |
| (၅၀) | ကြည်း ၅၁၃၃၁ | ဗိုလ်ကြီး | ငြိမ်းဝေထက်ကို |
| (၅၁) | ကြည်း ၅၂၀၁၉ | ဗိုလ်ကြီး | မျိုးမင်းစိုး |
| (၅၂) | ကြည်း ၅၃၈၈၇ | ဗိုလ်ကြီး | ထင်ကျော် |
| (၅၃) | ကြည်း ၅၄၄၆၇ | ဗိုလ်ကြီး | လွှမ်းမိုးအောင် |
| (၅၄) | အင်န် ၉၅၀ | ဗိုလ်ကြီး | ဒေါ်မေသီဟန် |

**ရှမ်းပြည်နယ်လွှတ်တော်**

| | | | |
|---|---|---|---|
| (၁) | ကြည်း ၂၆၇၅၉ | ဗိုလ်မှူးကြီး | လှဦး |
| (၂) | ကြည်း ၁၉၃၁၅ | ဗိုလ်မှူးကြီး | မင်းမင်းလွင် |
| (၃) | ကြည်း ၂၃၃၄၂ | ဒုတိယဗိုလ်မှူးကြီး | ဝင်းမြင့်ဦး |
| (၄) | ကြည်း ၂၃၈၂၁ | ဒုတိယဗိုလ်မှူးကြီး | လှိုင်းထွန်းအောင် |
| (၅) | ကြည်း ၃၃၆၄၂ | ဒုတိယဗိုလ်မှူးကြီး | မျိုးထိုက် |
| (၆) | ကြည်း ၂၇၁၈၅ | ဗိုလ်မှူး | မြင့်သီဟ |
| (၇) | ကြည်း ၂၇၄၈၈ | ဗိုလ်မှူး | ဇော်မိုးလွင် |
| (၈) | ကြည်း ၂၈၄၇၄ | ဗိုလ်မှူး | အောင်သူခိုင် |
| (၉) | ကြည်း ၂၉၇၅၂ | ဗိုလ်မှူး | ညီညီမင်း |
| (၁၀) | ကြည်း ၃၃၄၉၄ | ဗိုလ်မှူး | လင်းကျော်ခိုင် |
| (၁၁) | ကြည်း ၃၆၁၃၇ | ဗိုလ်မှူး | မျိုးမင်းထွန်း |
| (၁၂) | ကြည်း ၃၆၂၀၁ | ဗိုလ်မှူး | မျိုးမင်းသူ |

**ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်**

| | | | |
|---|---|---|---|
| (၁) | ကြည်း ၂၅၁၃၀ | ဗိုလ်မှူးကြီး | ကျော်စွာလှိုင် |
| (၂) | ကြည်း ၂၉၁၀၉ | ဗိုလ်မှူး | မင်းထွဋ် |
| (၃) | ကြည်း ၃၄၇၁၇ | ဗိုလ်မှူး | နေဝင်းနောင် |
| (၄) | ကြည်း ၃၈၅၀၅ | ဗိုလ်မှူး | မွန်မြတ်သူစိုး |
| (၅) | ရေ ၃၇၈၂ | ဗိုလ်မှူး | အောင်ဇော်သင်း |
| (၆) | ရေ ၄၂၄၄ | ဗိုလ်မှူး | ဖြိုးသူရကျော် |
| (၇) | လေ ၂၈၅၉ | ဗိုလ်မှူး | ဇေယျာမြင့် |
| (၈) | လေ ၂၉၅၃ | ဗိုလ်မှူး | မျိုးမြင့်အောင် |
| (၉) | ကြည်း ၃၆၆၉၂ | ဗိုလ်ကြီး | ထွန်းကိုအောင် |
| (၁၀) | ကြည်း ၄၈၁၂၇ | ဗိုလ်ကြီး | ထွန်းလင်းသန်း |
| (၁၁) | ကြည်း ၄၉၀၈၉ | ဗိုလ်ကြီး | ဇင်မင်းထိုက် |
| (၁၂) | ကြည်း ၅၂၇၉၀ | ဗိုလ်ကြီး | တင်အောင်သူ |
| (၁၃) | ကြည်း ၅၃၇၅၀ | ဗိုလ်ကြီး | အာကာ |
| (၁၄) | ကြည်း ၅၆၃၉၁ | ဗိုလ်ကြီး | မင်းအောင် |
| (၁၅) | ကြည်း ၅၈၁၂၂ | ဗိုလ်ကြီး | ခင်မောင်ချို |
| (၁၆) | ကြည်း ၆၀၁၅၉ | ဗိုလ်ကြီး | ဇော်လင်းထွန်း |
| (၁၇) | ကြည်း ၆၂၅၂၂ | ဗိုလ်ကြီး | ကျော်သူ |
| (၁၈) | အင်န် ၈၆၆ | ဗိုလ်ကြီး | ဒေါ်မြင့်သူထိုက် |

(လှသိန်း)
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## အင်းစိန် မီးရထားခုံးကျော်တံတားလက်တံသစ် တည်ဆောက်မှု ရာနှုန်းပြည့်ပြီးစီး

**ရန်ကုန် ဒီဇင်ဘာ ၃၀**
ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်အတွင်း လက်ရှိအသုံးပြုနေသော အင်းစိန်မီးရထားခုံးကျော်တံတား၏ ပင်မအမှတ်(၂) တံတား နှင့် ဆက်သွယ်၍ ဗဟိုလမ်းကို ဖြတ်ကျော်ကာ မင်းကြီးလမ်းဆီသို့ ဆက်သွယ်တည်ဆောက်လျက်ရှိနေသော ခုံးကျော်တံတားလက်တံသစ်မှာ ယခုအခါ တည်ဆောက်မှုလုပ်ငန်း ရာခိုင်နှုန်းပြည့်ပြီးစီးနေပြီဖြစ်၍ လာမည့် (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ဖွင့်လှစ်ရန်စီစဉ်မှုများ ပြုလုပ်နေပြီဖြစ်ကြောင်း အင်းစိန်မြို့နယ် အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝေဖြိုးဟန် ထံမှ သိရသည်။

အဆိုပါ တံတားလမ်းခွဲသစ်ကိုမြန်မာ့မီးရထား(မြို့ပြ) အင်ဂျင်နီယာဌာန (တံတား)က ကြီးကြပ်၍ အေဂမ်းဆောက်လုပ်ရေးကုမ္ပဏီက ၂၀၁၉ ခုနှစ် ဇွန်လအတွင်းက စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး အင်းစိန်မီးရထားခုံးကျော်တံတားအဟောင်းကို ၁၉၈၉ ခုနှစ်က တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး မြို့နယ်တွင်းသွားလာမှု ပိုမိုများပြားလာသည့်အတွက် ပင်မတံတားကြီးကို ၂၀၁၅ ခုနှစ်တွင် တိုးချဲ့တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယခုအခါတည်ဆောက်နေသော တံတားလက်တံသစ်ကိုပါ ဖွင့်လှစ်မောင်းနှင်ခွင့်ပြုပါက အင်းစိန်မီးရထားခုံးကျော်တံတားကြီးမှာပင်မအလယ်တံတားကြီးမှနေ၍ ဘယ်ညာလမ်းနှစ်လမ်းဖြင့် လမ်းကွန်ရက်များပြည့်စုံစွာ မြို့နယ်အတွင်းခရီးသွားလာမှု ပိုမိုအဆင်ပြေချောမွေ့လာတော့မည်ဖြစ်သည်။

ပင်မတံတားမှာ အင်းစိန်မြို့နယ်အတွင်း လမ်းသစ်လမ်းမှ ပြည်လမ်းဘက်ဆီသို့ ခရီးပေါက်နိုင်မည်ဖြစ်ပြီး ပထမလမ်းခွဲတံတားသည် အင်းစိန်မြို့နယ်အတွင်းပန်းခြံနှင့် ဘောလုံးကွင်းအနီးမှ ဖြတ်သန်း၍ ရွှေ့ခရီးဆက်နိုင်သောလမ်းကြောင်းတစ်ခုဖြစ်သည်။

ယခုကဲ့သို့ တံတားလမ်းခွဲအသစ် တစ်စင်းထပ်မံဖြည့်ဆည်းတည်ဆောက်ရခြင်းမှာ အင်းစိန်ပေါက်တောဘက်မှအလာများပြားသော မော်တော်ယာဉ်များ သွားလာမှုအဆင်ပြေစေရန်အတွက်ဖြစ်ပြီး အင်းစိန်မြို့နယ်အတွင်းရှိ စုပေါင်းရုံး၊ အင်းစိန်ပြည်သူ့ဆေးရုံ၊ ပုဂ္ဂလိကဆေးရုံ၊ အထက(၁)၊ မြို့နယ်ခန်းမ စသည့်လမ်းများဆီမှ လာသောမော်တော်ယာဉ်များမှာ တစ်ဖြောင့်တည်းမဟုတ်ဘဲဂငယ်ကွေ့ ကွေ့၍ မောင်းနှင်နေရသောရသောကြောင့် ယာဉ်ကြောကျပ်တည်းမှုမရှိစေရေးအတွက် တိုးချဲ့တည်ဆောက်ရခြင်းဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝေဖြိုးဟန်က “အဓိက ကတော့ဗျာ လက်ရှိ ဂငယ်ကွေ့ကွေ့နေရတဲ့ ယာဉ်ကြောကမကွေ့ရတော့ဘဲ အဖြောင့်သွားနိုင်ရင် ယာဉ်ကြောပိတ်တာလည်း အဆင်ပြေသွားမယ်၊ အချိန်ကုန်တာတွေလည်း သက်သာသွားနိုင်တာပေါ့” ဟု သုံးသပ်ပြောကြားသည်။

ယခုထပ်မံတည်ဆောက်ခဲ့သောတံတားလက်တံသစ်မှာ ပင်မတံတားအရှည် ၄၄၁ ပေ၊ ချဉ်းကပ်လမ်းအရှည် ၁၂၃ ပေ၊ လမ်းသစ်လမ်းဘက်မှ မင်းကြီးလမ်းဘက်ဆီသို့ အဆင်းတစ်လမ်းသွားအကျယ် ၁၆ ပေကျယ်ဝန်းပြီး လမ်းတစ်ဖက်တစ်ချက်စီ၌အကျယ်သုံးပေစီရှိသောလူသွားလမ်းပါထည့်သွင်းတည်ဆောက်ထားခြင်းဖြစ်ကြောင်း သိရသည်။

**တင်ဝင်းလေး (ကြည့်မြင်တိုင်)**

## မြန်မာနိုင်ငံ ဒစ်ဂျစ်တယ်မီဒီယာအသင်း အသင်းသားများဖိတ်ခေါ်




မြန်မာနိုင်ငံ ဒစ်ဂျစ်တယ်မီဒီယာအသင်း (Myanmar Digital Media Association) ကို (၉-၁-၂၀၂၁) ရက်တွင် ဖွဲ့စည်းမည်ဖြစ်ပါ၍ အသင်းဝင်ဖြစ်ရန်အတွက် အောက်ပါ ဒစ်ဂျစ်တယ်မီဒီယာလုပ်ငန်းများ လုပ်ကိုင်နေသူများ လျှောက်ထားနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည် -

(၁) မီဒီယာ၊ ဖျော်ဖြေရေး၊ သတင်းအချက်အလက် လုပ်ငန်းများ၊
(၂) ယင်းတို့၏ ကဏ္ဍခွဲများမှ လာသော ထုတ်ကုန်များနှင့် ဝန်ဆောင်မှု လုပ်ငန်းများ၊
(၃) ကွဲပြားခြားနားသော ဒစ်ဂျစ်တယ်ကိရိယာများမှတစ်ဆင့် အသုံးပြုကြသည့် ဒစ်ဂျစ်တယ်ပလက်ဖောင်း (ဥပမာ - ဝက်ဘ်ဆိုက်များနှင့် အက်ပလီကေးရှင်းများ)၊
(၄) ဒစ်ဂျစ်တယ်ပုံစံ ပြုလုပ်ထားသော အကြောင်းအရာများ (ဥပမာ - စာကြောင်းများ၊ အသံများ၊ ဗီဒီယိုများနှင့် ရုပ်ပုံများ)၊
(၅) ဝန်ဆောင်မှုများ (ဥပမာ - သတင်းအချက်အလက်များ၊ ဖျော်ဖြေရေးများနှင့် ဆက်သွယ်ရေး လုပ်ငန်းများ) ပါဝင်ပါသည်။

လက်ရှိတွင် အသင်းဝင်ကြေးကို သတ်မှတ်ထားခြင်း မရှိသေးဘဲ ကြိုတင်အသင်းဝင်ထားနိုင်ပြီး အသင်းဖြစ်မြောက်လာပြီးမှသာ အလုပ်အမှုဆောင်အဖွဲ့သစ်က အတည်ပြုသတ်မှတ်မည် ဖြစ်ပါသည်။

အသင်းသားလျှောက်လွှာဖြည့်သွင်းခြင်းကို https://www.myanmardigitalmedia.org/membership-information တွင် ဆောင်ရွက်နိုင်ပြီး အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံဒစ်ဂျစ်တယ်မီဒီယာအသင်း ဖြစ်မြောက်ရေးကော်မတီ အတွင်းရေးမှူး ဦးမင်းဆွေလှိုင် တယ်လီဖုန်းအမှတ် - ၀၉ ၇၉၇၁၅၅၅၅၅၊ တွဲဖက်အတွင်းရေးမှူး တယ်လီဖုန်းအမှတ် - ဦးကျော်မျိုးမင်း ၀၉၉၅၃၄၄၅၅၈၇ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မြန်မာနိုင်ငံဒစ်ဂျစ်တယ်မီဒီယာအသင်း ဖြစ်မြောက်ရေးကော်မတီ

## လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်

**နေပြည်တော် ဒီဇင်ဘာ ၃၀**
မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက် နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်စဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

**မိုး/ဇလ**

# ကာကွယ်ဆေးများကို ပိုမိုထောက်ပံ့ပေးနိုင်ရန် အမေရိကန်ရွေးကောက်ခံသမ္မတ ဂျိုးဘိုင်ဒင် ကြိုးစားဆောင်ရွက်

ဝါရှင်တန် ဒီဇင်ဘာ ၃၀

**အမေရိကန်ပြည်သူများကို ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးနိုင်ရန်အတွက် ပုဂ္ဂလိကကဏ္ဍနှင့် တခြားကဏ္ဍများမှ ပူးပေါင်းဆောင်ရွက်မှုများရရှိရန် လုပ်ဆောင်မည်ဖြစ်ကြောင်း အမေရိကန်ရွေးကောက်ခံသမ္မတ ဂျိုးဘိုင်ဒင်က ပြောကြားလိုက်သည်။ ကိုဗစ်-၁၉ ရောဂါကို တိုက်ဖျက်ရန် ဆောင်ရွက်မှုများနှင့်ပတ်သက်ပြီး ဂျိုးဘိုင်ဒင်က ၎င်း၏ဇာတိမြေ ဒယ်လာဝဲပြည်နယ်မှ မိန့်ခွန်းပြောကြားသည်။**

အမေရိကန်ပြည်ထောင်စုသည် ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဒီဇင်ဘာလလယ်တွင် စတင်ထိုးခဲ့သည်။ ၎င်းတာဝန်ယူသည့် ဇန်နဝါရီ ၂၀ ရက်မှစကာ ပထမရက် ၁၀၀ အတွင်း ကာကွယ်ဆေး သန်း ၁၀၀ ထိုးနှံပေးနိုင်ရန် ဘိုင်ဒင်က ကတိပြုခဲ့သည်။ ကာကွယ်ဆေးထုတ်လုပ်မှု အက်ဥပဒေကို အသုံးပြုပြီး ကာကွယ်ဆေးအတွက် လိုအပ်သောပစ္စည်းကိရိယာများကို ပိုမိုထုတ်လုပ်ရန် ပုဂ္ဂလိကစက်မှုကဏ္ဍကို အမိန့်ပေးရန် စီစဉ်ထားကြောင်း ဘိုင်ဒင်က ပြောကြားလိုက်သည်။

ဘိုင်ဒင်က သူ့အဖွဲ့အနေဖြင့် ကာကွယ်ဆေးကို ပိုမိုယုံကြည်စွာအထိုးခံရန် ပြည်သူ့ပညာပေးလှုပ်ရှားမှုများကို ဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။ အမေရိကန်ရွေးကောက်ခံ ဒုတိယသမ္မတကားမလာဟားရစ်က ယခုရက်အစောပိုင်းတွင် ကာကွယ်ဆေးထိုးနှံမှု ခံယူခဲ့သည်။ ကာကွယ်ဆေးထိုးနှံမှုကို ပြည်သူများ ယုံကြည်ရန် အဆိုပါ ကာကွယ်ဆေးထိုးသည့်အခမ်းအနားကို ရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပေးခဲ့သည်။ အမေရိကန်ပြည်သူ ၃၃၀၀၀၀ ကျော် ကိုဗစ်-၁၉ ကူးစက်မှုကြောင့် သေဆုံးခဲ့သည်။ ကျွမ်းကျင်သူများက အားလပ်ရက်ခရီးသွားများနှင့် လူစုလူဝေးများကြောင့် ကိုဗစ်-၁၉ ကူးစက်မှု ပိုမိုပျံ့နှံ့လာမည်ကို စိုးရိမ်လျက်ရှိသည်။

ကော်လိုရာဒိုပြည်နယ်ရှိ ကျန်းမာရေးအာဏာပိုင်များက ဒီဇင်ဘာ ၂၉ ရက်တွင် အင်္ဂလန်၌ဖြစ်ပွားသော ဗီဇပြောင်း ကိုဗစ်-၁၉ ကို တွေ့ရှိခဲ့ကြောင်း အတည်ပြုခဲ့သည်။ အမေရိကန်တွင် အဆိုပါဗီဇပြောင်း ကိုဗစ်-၁၉ ကို ပထမဆုံးတွေ့ရှိခဲ့ခြင်း ဖြစ်သည်။ တွေ့ရှိခဲ့သည့် အမျိုးသားမှာ ကော်လိုရာဒိုပြည်နယ်မှဖြစ်ကာ အသက် ၂၀ ဝန်းကျင်ရှိကြောင်းသိရပြီး ခရီးသွားရာဇဝင်မရှိကြောင်း၊ အဆိုပါ အမျိုးသားသည် အသွားအလာကန့်သတ် စောင့်ကြည့်မှု ခံယူလျက်ရှိကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**




ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုကို ခံယူနေသော အမေရိကန် ရွေးကောက်ခံသမ္မတ ဂျိုးဘိုင်ဒင်။

## ဗီဇပြောင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားရာနိုင်ငံများမှ ဂျပန်သို့ ရောက်ရှိလာသူများအား လေဆိပ်အသွားအလာကန့်သတ်စောင့်ကြည့်မှုများ ပိုမိုတင်းကျပ်

**တိုကျို ဒီဇင်ဘာ ၃၀**

ဗီဇပြောင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားရာ နိုင်ငံများမှ ဂျပန်နိုင်ငံသို့ ရောက်ရှိလာသူများကို လေဆိပ်အသွားအလာကန့်သတ်စောင့်ကြည့်မှုဆိုင်ရာ ဆောင်ရွက်ချက်များကို ဂျပန်အစိုးရက ပိုမိုတင်းကျပ်လိုက်ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဒီဇင်ဘာ ၃၀ ရက်က ဖော်ပြလိုက်သည်။

တိုကျိုအနီး နာရီတာလေဆိပ်၌ သက်ဆိုင်ရာ လေဆိပ်အာဏာပိုင်များက ဒီဇင်ဘာ ၃၀ ရက်အစောပိုင်းတွင် ရောက်ရှိလာသူများ၏ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စာရွက်စာတမ်း အထောက်အထားများ၊ ကိုဗစ်-၁၉ ကင်းစင်ကြောင်း စစ်ဆေးထားသည့် ထောက်ခံချက်များ၊ ခရီးသွားရာဇဝင်များကို အလေးအနက်စစ်ဆေးမေးမြန်းမှုများ ဆောင်ရွက်လျက်ရှိသည်။

ဂျပန်နိုင်ငံသို့ ပြန်လည်ဝင်ရောက်လိုသော ဂျပန်နိုင်ငံတွင် နေထိုင်သော ဂျပန်နိုင်ငံသားများနှင့် ဂျပန်နိုင်ငံသား မဟုတ်သူများအနေဖြင့် ဗီဇပြောင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားရာ တောင်အာဖရိကနိုင်ငံနှင့် ဗြိတိန်တို့မှ ပြန်လာပါက ၎င်းတို့အနေဖြင့် ကိုဗစ်-၁၉ ကင်းစင်ကြောင်းစစ်ဆေးထားသည့် စာရွက်စာတမ်း အထောက်အထားများကို ပြသရမည်ဖြစ်သည်။

ဒီဇင်ဘာ ၃၀ ရက်မှစပြီး နိုင်ငံပေါင်းရှစ်နိုင်ငံကို ကိုဗစ်-၁၉ ကင်းစင်ကြောင်း အထောက်အထားပြရမည့် စာရင်းထဲတွင် ထည့်သွင်းလိုက်သည်။ အဆိုပါနိုင်ငံများမှာ ပြင်သစ်၊ အိုင်ယာလန်၊ အစ္စရေး၊ အီတလီ၊ ဩစတြေးလျ၊ ဒိန်းမတ်၊ ဘယ်လ်ဂျီယံနှင့် နယ်သာလန်နိုင်ငံတို့ဖြစ်ကြသည်။

ဂျပန်နိုင်ငံသို့ ပြန်လာသူများအနေဖြင့် အဆိုပါနိုင်ငံများမှ ထွက်ခွာခြင်းမပြုမီ ၇၂ နာရီအတွင်း ကိုဗစ်-၁၉ စစ်ဆေးထားသည့် သက်သေအထောက်အထားများကို ပြသရမည်ဖြစ်သည်။ ထို့အပြင် စာရွက်စာတမ်းများပြသနိုင်သည့်အပြင် ၎င်းတို့အနေဖြင့် သက်ဆိုင်ရာ လေဆိပ်အအောက် အအုံ၌ ၁၄ ရက်ကြာ အသွားအလာကန့်သတ်စောင့်ကြည့်မှု ခံယူရမည်ဖြစ်သည်။ ဂျပန်အစိုးရက နောက်ထပ်ခြောက်နိုင်ငံကိုလည်း ကိုဗစ်-၁၉ ကင်းစင်ကြောင်း အထောက်အထားပြရမည့် နိုင်ငံများစာရင်းတွင် ထည့်သွင်းလိုက်သည်။ အဆိုပါနိုင်ငံများမှာ ကနေဒါ၊ ဆွီဒင်၊ စပိန်၊ နော်ဝေ၊ လက်ချင်စတိန်းနိုင်ငံနှင့် ဆွစ်ဇာလန်နိုင်ငံတို့ပါဝင်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**



ဂျပန်နာရီတာလေဆိပ်တွင် သန့်ရှင်းရေးလုပ်နေသော သန့်ရှင်းရေးဝန်ထမ်းတစ်ဦးကိုတွေ့ရစဉ်။

## ဗြိတိန်တွင် နေ့စဉ်ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူအရေအတွက် ၅၀၀၀၀ ကျော် စံချိန်တင် ရောက်ရှိ

**လန်ဒန် ဒီဇင်ဘာ ၂၉**

ဗြိတိန်တွင် နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူအရေအတွက်သည် ဒီဇင်ဘာ ၂၉ ရက်က ၅၀၀၀၀ ကျော်လွန်လာခဲ့ကြောင်း၊ အဆိုပါ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုပမာဏသည် ဒီဇင်ဘာ ၂၈ ရက်က စံချိန်တင်ခဲ့သော ကိုဗစ်-၁၉ ကူးစက်ခံရသူအရေအတွက်ထက် သိသိသာသာ တိုးလာခဲ့ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဒီဇင်ဘာ ၃၀ ရက်က ဖော်ပြလိုက်သည်။ ဆေးရုံခုတင်များလည်း ကုန်သလောက်ရှိနေပြီ ဖြစ်သောကြောင့် စိုးရိမ်မှုများလည်း မြင့်တက်လျက်ရှိသည်။

အင်္ဂလန်နိုင်ငံ အရှေ့တောင်ပိုင်းဒေသအများစု၊ လန်ဒန်နှင့် ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားနေသည့် နေရာများတွင် တင်းကျပ်သည့် ကန့်သတ်ပိတ်ဆို့မှုများ ချမှတ်ထားသည်။ ဗြိတိန်အစိုးရက ဒီဇင်ဘာ ၂၉ ရက်တွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၅၃၁၃၅ ဦးရှိကြောင်း ဖော်ပြခဲ့ပြီး ယင်းပမာဏသည် ဒီဇင်ဘာ ၂၈ ရက်ကထက် ၁၀၀၀၀ ကျော် ပိုမိုများပြားလာခဲ့ကြောင်း နှင့် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများ ဆက်လက်ဖြစ်ပွားလျက်ရှိကြောင်း ဖော်ပြခဲ့သည်။

ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၄၁၄ ဦး တိုးလာမှုနှင့်အတူ ကပ်ရောဂါစတင်ဖြစ်ပွားချိန်ကတည်းက အခုအချိန်အထိ ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၇၁၀၀၀ ကျော်လွန်လာခဲ့ကြောင်း သိရသည်။ လန်ဒန်နှင့် အင်္ဂလန်နိုင်ငံ၏ အခြားဒေသများတွင် ကိုဗစ်-၁၉ ရောဂါဝေဒနာသည်ပေါင်း ၂၀၀၀၀ ကျော် ဆေးရုံတက်ရောက်လျက်ရှိပြီး ယင်းပမာဏသည် ကိုဗစ်-၁၉ ကြောင့် နွေဦးရာသီဆေးရုံတက်ရောက်ရသည့် လူနာအရေအတွက်ထက် ပိုများသည်။

ကျန်းမာရေးဝန်ကြီး မက်တ်ဟန်ကော့ခ်က အမျိုးသားကျန်းမာရေး ဝန်ဆောင်မှုသည် ကိုဗစ်-၁၉ ကြောင့် မခန့်မှန်းနိုင်သောဖိအားများနှင့် ရင်ဆိုင်နေရကြောင်း လူမှုမီဒီယာပေါ်တွင် မှတ်ချက်ပြုရေးသားဖော်ပြခဲ့သည်။ အစိုးရအနေဖြင့် တင်းကျပ်သည့် ကိုဗစ်-၁၉ ကန့်သတ်ချက်နေရာများကို ထပ်မံတိုးချဲ့သတ်မှတ်မည်ဖြစ်ကြောင်း ပြည်တွင်းမီဒီယာများက ဖော်ပြထားသည်။

**အင်န်အိတ်ချ်ကေ**



လန်ဒန်ရှိ နယူးဘွန့်လမ်းတွင် နှာခေါင်းစည်းတပ်ဆင်သွားလာနေသည့် အမျိုးသမီးတစ်ဦးအား တွေ့ရစဉ်။

## အိန္ဒိယနိုင်ငံတွင် ဗီဇပြောင်း ကိုဗစ်-၁၉ ကူးစက်ခံထားရသူ ၂၀ တွေ့ရှိ

**နယူးဒေလီ ဒီဇင်ဘာ ၃၀**

လွန်ခဲ့သော ၁၂ နာရီအတွင်း အိန္ဒိယနိုင်ငံတွင် ဗီဇပြောင်း ကိုဗစ်-၁၉ ကူးစက်ခံရသူ ၁၂ ဦး စစ်ဆေးတွေ့ရှိခဲ့မှုနှင့်အတူ အဆိုပါဗီဇပြောင်း ကိုဗစ်-၁၉ ကူးစက်ခံထားရသူပေါင်း ၂၀ ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဒီဇင်ဘာ ၃၀ ရက်တွင် ပြောကြားလိုက်သည်။

အဆိုပါ လူ ၂၀ တွင် အင်္ဂလန်၌ ကူးစက်ပြန့်ပွားနေသော အသွင်ပြောင်း ကိုဗစ်-၁၉ ဆားစ်-ကိုဗစ်-၂ ဗိုင်းရပ်စ်ကို စစ်ဆေးတွေ့ရှိခဲ့ကြောင်း သိရ သည်။ အဆိုပါ ဗီဇပြောင်း ကိုဗစ်-၁၉ စစ်ဆေးတွေ့ရှိခဲ့သူများအနက် ဘန်ဂါလူရူမှ သုံးဦး၊ ဟိုက်ဒရာဘတ်မှ နှစ်ဦး၊ ပူနီးမှ တစ်ဦးတို့ ပါဝင်ကြောင်း သိရသည်။

နမူနာပေါင်း ၁၀၇ ခုကို ဓာတ်ခွဲခန်းပေါင်း ၁၀၇ ခုတွင် စမ်းသပ်စစ်ဆေးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြလိုက်သည်။ ပြောင်းလဲဖြစ်ပေါ်လာသည့်အခြေအနေများအရ အစိုးရက ကိုလ်ကတ္တား၊ ပူနီး၊ ဟိုက်ဒရာဘတ်၊ ဘင်ဂါလူရူ၊ ဒေလီအပါအဝင် မတူညီသောမြို့များတွင် မျိုးရိုးဗီဇများကို စစ်ဆေးရန် ဓာတ်ခွဲခန်း ၁၀ ခုပါ ယာယီပူးပေါင်းအဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းတည်ထောင်လိုက်သည်။

ယင်းအခြေအနေကို ဂရုတစိုက် စောင့်ကြည့်သွားရမည်ဖြစ်ကြောင်း၊ ပိုမိုစောင့်ကြည့်ထောက်လှမ်း၊ ထိန်းချုပ်မှုများ လုပ်ဆောင်ရန်နှင့် နမူနာများကို ဓာတ်ခွဲခန်းသို့ ပို့ဆောင်ရာတွင်လည်း အကြံပြုချက်များလည်း ပံ့ပိုးပေးမည်ဖြစ်ကြောင်း ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဗီဇပြောင်း ကိုဗစ်-၁၉ သစ်ကို ဗြိတိန်တွင် တွေ့ရှိခဲ့ပြီး ယင်းက ကမ္ဘာတစ်ဝန်း စိုးရိမ်ပူပန်မှုများမြင့်တက်စေပြီး ခရီးသွားလာရေးဆိုင်ရာ ကန့်သတ်ထိန်းချုပ်မှုများ ပိုမိုလုပ်ဆောင်နေရကြောင်း သိရသည်။

**ဆင်ဟွာ**

# အီရန်အမျိုးသားလုံခြုံရေး မူဝါဒလိုင်းကို မကျော်လွန်ရန် အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန သတိပေး

**တီဟီရန် ဒီဇင်ဘာ ၃၀**

အီရန်အမျိုးသားလုံခြုံရေးမူဝါဒလိုင်းကို ကျော်လွန်ခြင်း မပြုရန် အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက သက်ဆိုင်ရာနိုင်ငံများကို သတိပေးလိုက်ကြောင်း တီဟီရန်တိုင်းမ် သတင်းစာတွင် ဖော်ပြသည်။

အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ခါတစ်ဇာဒက်သည် ဒီဇင်ဘာ ၂၈ ရက်က ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ အစ္စရေးရေငုပ်သင်္ဘောတစ်စင်း ပင်လယ်ကွေ့အတွင်း ဖြတ်သန်းမောင်းနှင်လာမှုကို သတိပြုမိကြောင်း ပြောကြားခဲ့သည်။ ပင်လယ်ကွေ့ဒေသသည် အီရန်နိုင်ငံအတွက် အရေးကြီးသည့်နေရာဖြစ်ရာ အဆိုပါ မူဝါဒလိုင်းကို ကျော်လွန်လာပါက အန္တရာယ်ရှိကြောင်း ခါတစ်ဇာဒက်က ပြောသည်။

အီရန်နိုင်ငံသည် ဒေသတွင်းတင်းမာမှုများ မြင့်တက်လာမည်ကို မလိုလားသော်လည်း နိုင်ငံ့လုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန် တုံ့ဆိုင်းမှုမရှိကြောင်းနှင့် အမေရိကန်အနေဖြင့် ဒေသအတွင်းတင်းမာမှုများ လျော့ကျလာစေရန် ကြိုးပမ်းစေလိုကြောင်း သဘောထားဖော်ပြခဲ့သည်။ ပြီးခဲ့သည့် ရက်ပိုင်းအတွင်း အစ္စရေးရေငုပ်သင်္ဘောတစ်စင်း ပင်လယ်ကွေ့အတွင်း မောင်းနှင်လာကြောင်း ဝါရှင်တန်ပို့စ်သတင်းစာက ဖော်ပြခဲ့သည်။

ထို့ပြင် ပြီးခဲ့သည့်ရက်များအတွင်း အမေရိကန်၏ နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောတစ်စင်းနှင့် စစ်သင်္ဘောနှစ်စင်း ဟော်မုဇ်ရေလက်ကြားကို ဖြတ်သန်းခဲ့ကြောင်း အမေရိကန်ရေတပ်က ကြေညာခဲ့မှုကို အေပီသတင်းက ဖော်ပြခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**



၂၀၁၉ခုနှစ် ဧပြီလက ဟော်မုဇ်ရေလက်ကြားတွင် ကင်းလှည့်နေသည့် အီရန်တပ်ဖွဲ့ဝင်များကိုတွေ့ရစဉ်။

# အမေရိကန်၌ ကိုဗစ်-၁၉ ကူးစက်ခံရသည့် ကလေးငယ်အရေအတွက် နှစ်သန်းကျော်ပြီဖြစ်

**ဝါရှင်တန် ဒီဇင်ဘာ ၃၀**

အမေရိကန်ပြည်ထောင်စုတွင် ကိုဗစ်-၁၉ စတင်ကူးစက်ဖြစ်ပွားခဲ့ချိန်မှ စတင်ကာ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ခံရသည့် ကလေးငယ်အရေအတွက် နှစ်သန်းကျော်အထိ ရှိလာခဲ့ကြောင်း အမေရိကန်ကလေးများ ဆေးကုသမှုဆိုင်ရာ အကယ်ဒမီနှင့် ကလေးများ ဆေးရုံအသင်း(AAP)မှ ဖော်ပြသည့် နောက်ဆုံးရအချက်အလက်များအရ သိရသည်။

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသည့် ကလေးငယ်အရေအတွက် ၁၇၉၀၀၀ အထိ ရှိခဲ့ကြောင်း အေအေပီက ဖော်ပြသည်။ ပြီးခဲ့သည့် နိုဝင်ဘာလမှ စတင်ကာ ကိုဗစ်-၁၉ ကူးစက်ခံရသည့် ကလေးငယ် အရေအတွက်သည် တစ်သန်းကျော်လာခဲ့သည်။ နိုင်ငံအတွင်း ဒီဇင်ဘာ ၁၀ ရက်မှ ၂၄ ရက်အထိ ကိုဗစ်-၁၉ ကူးစက်ခံရသည့် ကလေးငယ်အရေအတွက် ၂၂ ရာခိုင်နှုန်း တိုးလာခဲ့ကြောင်း သိရသည်။

သို့ဖြစ်ရာ အမေရိကန်ပြည်ထောင်စုတစ်ဝန်း၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ အရေအတွက် စုစုပေါင်း၏ ၁၂ ဒသမ ၄ ရာခိုင်နှုန်းသည် ကလေးငယ်များ ဖြစ်လျက်ရှိသည်။ အမေရိကန်ရှိ ကလေးငယ် အရေအတွက် တစ်သိန်းလျှင် ၂၆၅၈ ဦးအထိ ရောဂါကူးစက်ခံနေရခြင်းဖြစ်ကြောင်း အမေရိကန် ကလေးများ ဆေးကုသမှုဆိုင်ရာ အကယ်ဒမီနှင့် ကလေးများဆေးရုံအသင်း၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

လက်ရှိအချိန်တွင် ကိုဗစ်-၁၉ ကူးစက်ခံရသည့် ကလေးငယ်များ အတွင်း ရောဂါလက္ခဏာ ပြင်းထန်စွာ ခံစားရမှု အဖြစ်နည်းလျက်ရှိသည်။ ကပ်ရောဂါ၏ နောက်ဆက်တွဲအခြေအနေများကြောင့် ရေရှည်တွင် ရောဂါကူးစက်ခံရသည့် ကလေးငယ်များ၏ ရုပ်ပိုင်းဆိုင်ရာကျန်းမာမှုကိုသာမက စိတ်ကျန်းမာရေးအပေါ်တွင်လည်း သက်ရောက်လာနိုင်ကြောင်း အေအေပီအဖွဲ့က အစီရင်ခံစာ၌ ဖော်ပြခဲ့သည်။

**ဆင်ဟွာ**


အမေရိကန်ပြည်ထောင်စု၌ ကလေးငယ်တစ်ဦးအား ကိုဗစ်-၁၉ စစ်ဆေးခြင်း ဆောင်ရွက်နေစဉ်။

# ဂျပန်နိုင်ငံတွင် နှင်းမုန်တိုင်းအပြင်းအထန် ကျရောက်နိုင်ကြောင်း သတိပေးနှိုးဆော်

**တိုကျို ဒီဇင်ဘာ ၃၀**

ဂျပန်နိုင်ငံတွင် နှစ်သစ်ကူးရက်တစ်လျှောက် နှင်းမုန်တိုင်းတိုက်ခတ်နိုင်ကြောင်း မိုးလေဝသအာဏာပိုင်များက ပြည်သူများအား သတိပေးနှိုးဆော်လျက် ရှိသည်။

အင်အားပြင်းစွာ ဝင်ရောက်လာသည့် လေအေးထုက အထူးသဖြင့် ဂျပန်ပင်လယ်တစ်လျှောက်တွင် နှင်းများထူထပ်စွာ ကျဆင်းစေလိမ့်မည်ဖြစ်ကြောင်း မိုးလေဝသအာဏာပိုင်များက ပြောသည်။ နှင်းများကျဆင်းမှုသည် ဒီဇင်ဘာ ၃၀ ရက် ညပိုင်းမှစတင်ကာ အချို့နေရာများတွင် အလွန်မြန်ဆန်စွာ ကျဆင်းနိုင်ကြောင်း သိရသည်။

နီဂါတာခရိုင်ရှိ တောင်တန်းထူထပ်သည့် ဒေသများတွင် ဒီဇင်ဘာ ၂၉ ရက် နံနက်ပိုင်းမှစတင်ကာ တစ်ရက်ကျော်ကြာသည်အထိ ၈၀ စင်တီမီတာနှင့်အထက် နှင်းများကျရောက်ဖုံးလွှမ်းနိုင်ကြောင်း ခန့်မှန်းထားသည်။ ကန်ဆိုင်ဒေသရှိ တောင်တန်းဧရိယာများတွင် နှင်းထု ၇၀ စင်တီမီတာအထက်ရှိနိုင်ပြီး ဟိုကူရီကူနှင့် ချူဂိုကူဒေသတို့တွင် ၆၀ စင်တီမီတာအထက် ရှိနိုင်ကြောင်း သိရသည်။

ဂျပန်နိုင်ငံမြောက်ပိုင်းနှင့် အရှေ့ပိုင်းရှိ ဂျပန်ပင်လယ်ကမ်းခြေတစ်လျှောက် ဒီဇင်ဘာ ၃ ရက်နေ့အထိ နှင်းများ ဆက်တိုက်ကျဆင်းနိုင်ကြောင်း မိုးလေဝသအာဏာပိုင်များက ပြောသည်။ ဂျပန်အရှေ့ပိုင်းနှင့် အနောက်ပိုင်းတို့တွင်လည်း လေပြင်းများ တိုက်ခတ်နိုင်ပြီး နှင်းခဲပြိုကျမှုများ၊ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုများဖြစ်ပွားနိုင်ကြောင်း သတိပေးထားသည်။ သို့ဖြစ်ရာ ပြည်သူများအနေဖြင့် နှင်းမုန်တိုင်းကျရောက်နိုင်သည့်ကာလအတွင်း မလိုအပ်ဘဲ အိမ်အပြင်မထွက်ကြရန် အာဏာပိုင်များက တိုက်တွန်းထားကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# တောင်ကိုရီးယားနိုင်ငံတွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၁၀၅၀ ထပ်တိုး

**ဆိုးလ် ဒီဇင်ဘာ ၃၀**

တောင်ကိုရီးယားနိုင်ငံတွင် ဒီဇင်ဘာ ၂၉ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသည့် အတည်ပြုလူနာ ၁၀၅၀ ထပ်တိုးလာခဲ့ရာ တစ်နိုင်ငံလုံး ရောဂါကူးစက်ခံရသူ အရေအတွက်စုစုပေါင်း ၅၉၇၇၃ ဦးအထိ ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

နိုင်ငံအတွင်း နှစ်ရက်ဆက်တိုက် နေ့စဉ်ရောဂါကူးစက်ခံရသူ ၁၀၀၀ ကျော်ရှိခဲ့သည်။ ရောဂါထပ်မံကူးစက်ခံရသူများအနက် ၃၈၃ ဦးမှာ ဆိုးလ်မြို့ဒေသခံများဖြစ်ပြီး ၂၇၄ ဦးသည် ဂျယ်အွန်ဂီပြည်နယ်တွင် နေထိုင်ကြသူများဖြစ်ကြောင်း သိရသည်။ ရောဂါကူးစက်ခံရသူ ၂၅ ဦးမှာ ပြည်ပမှ ကူးစက်ခံခဲ့ရခြင်းဖြစ်ရာ ပြည်ပမှ ကူးစက်ခံခဲ့ရသူ အရေအတွက်စုစုပေါင်း ၅၃၅၈ ဦးအထိ ရှိပြီဖြစ်သည်။

ရောဂါကြောင့် သေဆုံးသူ ၂၀ ထပ်မံပေါ်ထွက်လာခဲ့ပြီးနောက် တစ်နိုင်ငံလုံး သေဆုံးသူအရေအတွက် စုစုပေါင်း ၈၇၉ ဦးအထိ တိုးလာခဲ့သည်။ သေဆုံးသူအရေအတွက် အားလုံးပေါင်းသည် ရောဂါကူးစက်ဖြစ်ပွားမှု၏ ၁ ဒသမ ၄၇ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

ရောဂါ ကူးစက်ခံရပြီးနောက် ပြန်လည်ပျောက်ကင်းသွားသူ ၇၃၂ ဦး ထပ်မံပေါ်ထွက်ခဲ့ရာ တစ်နိုင်ငံလုံးရှိ ရောဂါပျောက်ကင်းသူအရေအတွက် စုစုပေါင်း ၄၁၄၃၅ ဦး ရှိပြီဖြစ်သည်။ သို့ဖြစ်ရာ ပြန်လည်ကျန်းမာလာသူ အရေအတွက်စုစုပေါင်းသည် ရောဂါကူးစက်ဖြစ်ပွားမှု၏ ၆၉ ဒသမ ၃၂ ရာခိုင်နှုန်း ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြသည်။

**အေအက်ဖ်ပီ**


တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တောင်ပိုင်းရှိ ဆေးကုသဌာနတွင် ကိုဗစ်-၁၉ စစ်ဆေးမှုခံယူရန် ရောက်ရှိနေသည့် ကျန်းမာရေးဝန်ထမ်းများကိုတွေ့ရစဉ်။

# ၂၀၂၀ ပြည့်နှစ်အတွင်း သတင်းမီဒီယာသမား ၅၀အထိ အသတ်ခံရ

**ပါရီ ဒီဇင်ဘာ ၃၀**

၂၀၂၀ ပြည့်နှစ်အတွင်း သတင်းမီဒီယာလုပ်ငန်းများနှင့်ဆက်စပ်ကာ အသတ်ခံခဲ့ရသည့် သတင်းသမားဦးရေ ၅၀ အထိရှိကြောင်း နယ်စည်းမခြားသတင်းထောက်များအဖွဲ့က ဒီဇင်ဘာ ၂၉ ရက်တွင် ဖော်ပြခဲ့သည်။

အသတ်ခံခဲ့ရသည့် သတင်း မီဒီယာသမားများအနက် အများစုမှာ စစ်ပွဲအတွင်းရောက်ရှိခဲ့သူများမဟုတ် ကြောင်း အဆိုပါအဖွဲ့က ပြောသည်။ ရာဇဝတ်မှုများ၊ အကျင့်ပျက်ခြစားမှု များနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဖြစ်ရပ်များကို လိုက်လံစုံစမ်းနေသည့် သတင်းထောက်များကို ပစ်မှတ်ထားသည့် သတ်ဖြတ်မှုများလည်း တိုးပွား လာကြောင်း သိရသည်။

မက္ကဆီကို၊ အိန္ဒိယနှင့် ပါကစ္စတန် နိုင်ငံတို့တွင် ဖြစ်ပွားသည့် လူသတ်မှုများတွင် သတင်းသမားများ အသတ် ခံခဲ့ရမှုကို နယ်စည်းမခြား သတင်းထောက်များအဖွဲ့က အလေးပေး ဖော်ပြခဲ့သည်။ သေဆုံးခဲ့သည့် သတင်းသမားများ၏ ၄၈ ရာခိုင်နှုန်းသည် ၎င်းတို့၏ လုပ်ငန်းနှင့်ပတ်သက်၍ ပစ်မှတ်ထား သတ်ဖြတ်ခံခဲ့ရခြင်း ဖြစ်ကြောင်း အဖွဲ့၏နှစ်လည်အစီရင်ခံစာတွင် ဖော်ပြထားသည်။ ၂၀၁၉ ခုနှစ်အတွင်း သတင်းမီဒီယာသမားများ အသတ်ခံရမှု ၆၃ ခုအထိ ဖြစ်ပွား ခဲ့ကြောင်း သိရသည်။

**ဘန်ကောက်ပို့စ်**

# ရက် ၉၀ လွန်သွားရင် ပြန်ပြီး ဖြစ်နိုင်တဲ့ အခြေအနေရှိ



ဒီရောဂါဖြစ်ပြီးရင် အေးအေးဆေးဆေးပဲ၊ နောင်ဖြစ်စရာ မလိုတော့ဘူးဆိုပြီးတော့ ထင်နေတဲ့ လူတွေလည်း ရှိပါတယ်။ အဲဒီဟာလည်း မဟုတ်ပါဘူးဆိုတာ ကျွန်မ သတိပေးပါရစေ။ ကျွန်မနားလည်သလောက်ကတော့ ပညာရှင်များ သတ်မှတ်ထားတာက ရောဂါဖြစ်ပြီးတော့ ၃ လလောက်အထိ ရက် ၉၀ ပေါ့။ ရက် ၉၀ ဆိုတော့ ၃ လလောက်အထိကို ပြန်ပြီးတော့ ရောဂါကူးဖို့ အခြေအနေမရှိဘူးပေါ့။ မရှိသလောက်ပဲ ဆိုပါတော့။ ဒါပေမယ့် ရက် ၉၀ လွန်သွားလို့ရှိရင် ပြန်ပြီးတော့ ဖြစ်နိုင်တဲ့အခြေအနေ ပြန်ရောက်သွားပါတယ်။ ဒါကြောင့် တစ်ခါ ကိုဗစ်ကူးပြီးပြီဆိုရင်၊ ဖြစ်ပြီးပြီဆိုရင် နောင်ဖြစ်တော့မှာ မဟုတ်ဘူး၊ ဖြစ်ရင်လည်း ဖြစ်ပါစေဆိုပြီးတော့ ဒီလိုစိတ်ထဲမှာ မထားပါနဲ့။ ထပ်တလဲလဲ ဖြစ်နေတယ်ဆိုလို့ရှိရင်တော့ ကိုယ့်ရဲ့အခြေခံကျန်းမာရေးကိုတော့ ထိခိုက်မှာဖြစ်ပါတယ်။ အဲဒီလို အခြေခံကျန်းမာရေး ထိခိုက်ရုံတင်မကဘူးပေါ့။ တစ်ခါဖြစ်တိုင်းဖြစ်တိုင်း ကိုယ့်အတွက်ရော၊ ကိုယ့်မိသားစုတွေ အတွက်ရော ဝန်ထုပ်ဝန်ပိုး ဖြစ်ပါတယ်။ နိုင်ငံတော်အတွက်လည်း ဝန်ထုပ်ဝန်ပိုးဖြစ်ပါတယ်။

(Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁၁-၁၂-၂၀၂၀ ရက်နေ့တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့် စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

# COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၅၈၇ ဦး တွေ့ရှိ

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၃၀-၁၂-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

(၂၉-၁၂-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၃၀-၁၂-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၇,၀၁၀) ခုအား စစ်ဆေးပြီးစီးခဲ့ရာ **COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၅၈၇) ဦး တွေ့ရှိ**ရပါသည်။

ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ
(၃၀-၁၂-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) | (၁,၆၄၁) ခု | (၉၃) ဦး |
| ဆေးသုတေသနဦးစီးဌာန (ရန်ကုန်) | (၄၉၉) ခု | (၂၃) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) | (၄၇၇) ခု | (၄၄) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) | (၄၄၈) ခု | (၈) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (တောင်ကြီး) | (၅၄၇) ခု | (၁၂) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မူဆယ်) | (၄၄၀) ခု | (၂) ဦး |
| ဆေးတက္ကသိုလ် (၁) (ရန်ကုန်) | (၇၀) ခု | (၁၈) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၈၆) ခု | (၁၅) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁,၁၇၇) ခု | (၃၀) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၈၂) ခု | (၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှု အခြေအနေ | (၈၉၈) ခု | (၉၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၀,၄၄၅) ခု | (၂၄၃) ဦး |
| **စုစုပေါင်း** | **(၁၇,၀၁၀) ခု** | **(၅၈၇) ဦး** |

COVID-19 နေ့စဉ် စမ်းသပ်တွေ့ရှိရမှုနှုန်း (test positivity rate) မှာ အောက်ပါအတိုင်း ဖြစ်ပါသည် –

| | ၂၁-၁၂-၂၀ | ၂၂-၁၂-၂၀ | ၂၃-၁၂-၂၀ | ၂၄-၁၂-၂၀ | ၂၅-၁၂-၂၀ | ၂၆-၁၂-၂၀ | ၂၇-၁၂-၂၀ | ၂၈-၁၂-၂၀ | ၂၉-၁၂-၂၀ | ၃၀-၁၂-၂၀ |
|---|---|---|---|---|---|---|---|---|---|---|
| ပိုးတွေ့ရှိမှုရာခိုင်နှုန်း | ၄.၀ | ၄.၁ | ၄.၀ | ၄.၃ | ၃.၉ | ၃.၆ | ၃.၇ | ၃.၄ | ၃.၄ | ၃.၅ |

မှတ်ချက်။ COVID-19 စမ်းသပ်တွေ့ရှိရမှုနှုန်းမှာ ဓာတ်ခွဲစစ်ဆေးသည့်အရေအတွက်ပေါ်၌လည်း မူတည်နေပါသည်။ (၂၁-၁၂-၂၀၂၀) ရက်နေ့မှ (၃၀-၁၂-၂၀၂၀) ရက်နေ့အထိ နေ့စဉ်စစ်ဆေးသော ဓာတ်ခွဲနမူနာအရေအတွက်မှာ အနည်းဆုံး (၁၆,၆၀၇)ခုမှ အများဆုံး(၂၃,၄၈၅)ခု အထိ ဖြစ်ပြီး ပျမ်းမျှအရေအတွက်မှာ (၁၉,၉၆၀) ခု ဖြစ်ပါသည်။

* ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တစ်ပြည်လုံးအတိုင်းအတာဖြင့် ဆောင်ရွက်နေသည့် ပါးစပ်နှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက် (mask and face shield campaign) ၌ ပါဝင်သော ဆောင်ရွက်ရမည့် အချက်များကို တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်မှသာလျှင် ရောဂါကူးစက်ပြန့်ပွားမှုကို အမြန်ဆုံးထိန်းချုပ်နိုင်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် COVID-19 လူနာဖြစ်ပွား၊ သေဆုံးမှုအခြေအနေ
(၃၀-၁၂-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | အသစ် (လွန်ခဲ့သော ၂၄ နာရီအတွင်း) | ယခုအထိ စုစုပေါင်း |
|---|---|---|
| စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၁၇,၀၁၀) ဦး | (၁,၇၉၄,၂၅၃) ဦး |
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၅၈၇) ဦး | (၁၂၃,၄၇၀) ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | (၈၄၂) ဦး | (၁၀၆,၁၂၁) ဦး |
| သေဆုံးလူနာ | (၂၇) ဦး | (၂,၆၆၄) ဦး |

- ယနေ့ သေဆုံးသူ (၂၇) ဦး မှာ ပြည်သူ့ဆေးရုံများ၊ COVID-19 ရောဂါ ကုသရေးဌာနများနှင့် တပ်မတော်ဆေးရုံများမှ ဖြစ်ပြီး ၎င်းတို့အနက် ရောဂါအခံရှိသူ (၁၈) ဦး ပါဝင်ပါသည်။
- တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဆေးရုံများနှင့် ရန်ကုန်မြို့ရှိ COVID-19 ရောဂါကုသရေးဌာနများ၊ တပ်မတော်ဆေးရုံများမှ ဆေးရုံဆင်းခွင့်ရရှိသူ စုစုပေါင်း (၈၄၂) ဦးတွင် –
  - ပြည်သူ့ဆေးရုံများ – (၂၂၆) ဦး
  - COVID-19 ရောဂါကုသရေးဌာနများ (ရန်ကုန်မြို့) – (၆၁၆) ဦး ပါဝင်ပါသည်။
- ရန်ကုန်တိုင်းဒေသကြီးအတွင်း အသွားအလာကန့်သတ်ထားရှိရာ နေရာများမှ ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သူများအနက် Negative အဖြေထွက်ရှိခဲ့ပြီး နေအိမ်များတွင် အသွားအလာကန့်သတ်ထားရှိသူ စုစုပေါင်း (၆၈၈) ဦးတွင် –
  - Hotel Quarantine – (၂၁၀)ဦး
  - Facility Quarantine – (၂၀၁) ဦး
  - Community Based Facility Quarantine – (၂၆၄) ဦး
  - Anosmia Center – (၁၃) ဦး

ပါဝင်ပြီး ၎င်းတို့အား နေအိမ်များတွင် အသွားအလာဆက်လက်ကန့်သတ်ထားရှိပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

# ဒစ်ဂျစ်တယ် စီးပွားရေးအကြောင်း သိကောင်းစရာ အမေး / အဖြေ အစီအစဉ်

ထက်လျှံ

စီးပွားရေးလုပ်ငန်း စတင်လုပ်ဆောင်ရာ၌ ရရှိနိုင်မည့် အရင်းအမြစ်နှင့် စုပေါင်းဆောင်ရွက်ခြင်းစနစ်ကို အသုံးပြုခြင်းဖြင့် ပြဿနာများ ကိုင်တွယ်ဖြေရှင်းနိုင်ပုံနှင့် ပတ်သက်ပြီး ဗဟုသုတမျှဝေပေးမည့် ဒစ်ဂျစ်တယ်စီးပွားရေးအကြောင်း သိကောင်းစရာ အမေး / အဖြေ အစီအစဉ်ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဒီဇင်ဘာ ၃၀ ရက် ညနေ ၆ နာရီခွဲတွင် ထုတ်လွှင့်ပြသခဲ့ရာ ပြည်သူများ သိရှိနိုင်ရန်အတွက် ပြန်လည်ဖော်ပြလိုက်ပါသည်။

**အစီအစဉ်မှူး ။** ။ ဒီအစီအစဉ်မှာ စီးပွားရေးလုပ်ငန်း တစ်ခု စတင် လုပ်ကိုင်မယ်ဆိုရင် ရရှိနိုင်မယ့် ပံ့ပိုးကူညီမှုတွေနဲ့ စုပေါင်းဆောင်ရွက်မှုစနစ်ကို ဘယ်လိုအသုံးပြုပြီး ဘယ်လိုပြဿနာတွေကို ဖြေရှင်းပေးနိုင်သလဲ စတဲ့အကြောင်းအရာတွေကို ဆွေးနွေးသွားမယ့် ဒစ်ဂျစ်တယ်စီးပွားရေးအကြောင်း သိကောင်းစရာ အစီအစဉ်ကနေ ကြိုဆိုပါတယ်။

ဒီနေ့အစီအစဉ်မှာ မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဒေါက်တာ အောင်သူရနဲ့ ThaMarDaw.Com ၏ Founder & CEO ဦးအောင်ကိုကိုသက် တို့က ပါဝင်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ပထမဦးဆုံး မေးခွန်းအနေနဲ့ စီးပွားရေးလုပ်ငန်းတစ်ခု၊ ပရောဂျက်တစ်ခုကို စတင်လုပ်ကိုင်ခဲ့မယ်ဆိုရင် ဘယ်လိုပံ့ပိုးကူညီနိုင်မယ့် အရင်းအမြစ်တွေ ရှိနိုင်သလဲဆိုတာကို ဒေါက်တာအောင်သူရ က ရှင်းပြပေးပါဦး။

**ဒေါက်တာအောင်သူရ ။** ။ ဒီခေတ် ဒစ်ဂျစ်တယ်စီးပွားရေးစနစ်မှာ စီးပွားရေးလုပ်ငန်းတစ်ခု၊ ပရောဂျက်တစ်ခုလုပ်မယ်ဆိုရင် ဘယ်လိုလုပ်ကိုင် ဆောင်ရွက်သွားရမယ်ဆိုတာကို ပြောပြချင်ပါတယ်။ ဥပမာ – ယခင်တုန်းက ပရောဂျက်တစ်ခု သို့မဟုတ် ရုပ်ရှင်တစ်ခု ရိုက်မယ်၊ သီချင်း အခွေထုတ်မယ်ဆိုရင်ဖြစ်ဖြစ်၊ သို့မဟုတ် Product တစ်ခုကို ထုတ်မယ်ဆိုရင်ဖြစ်ဖြစ် နမူနာကောင်းတစ်ခု ထွက်လာတဲ့အဆင့်အထိ ရောက်လာတဲ့အချိန်မှာ အဲဒီအဆင့်ကနေ ဆက်ပြီးသွားနိုင်ဖို့ထက် ရပ်သွားတဲ့အဖြစ်က များပါတယ်။

ကိုယ်က နာမည်ကြီး အဆိုတော်လည်း မဟုတ်ဘူး၊ ရုပ်ရှင်ဒါရိုက်တာလည်း မဟုတ်ဘူးဆိုရင် ဒါက ပရောဂျက်တစ်ခုကို ဆက်ပြီးသွားနိုင်ဖို့က မလွယ်ပါဘူး။ ဒီနေရာမှာ ဘာလုပ်ရသလဲဆိုရင် အရင်တုန်းက စတူဒီယိုတွေ ရှာရမယ်၊ Music Label တွေ၊ ကိုယ့်ကိုအားပေးမယ့် အဖွဲ့အစည်းတွေ ရှာရမယ်။ စာအုပ်တစ်ခု ထုတ်မယ်ဆိုရင်တောင် အဲဒီ စာအုပ်ကို ကိုယ်ကရေးမယ်ဆိုရင် များသောအားဖြင့် အဲဒီစာအုပ်ကို ထုတ်နိုင်ဖို့အတွက် စာအုပ်တိုက်တစ်ခုကို ရှာဖို့ဆိုတာ တော်တော်လေး မလွယ်ပါဘူး။

ယခင်ခေတ်က ဒီလိုအခက်အခဲတွေ အများကြီးကြုံခဲ့တော့ ကိုယ့်ပရောဂျက်တွေ တကယ် အောင်မြင်သွားဖို့၊ လူတွေက ကိုယ့်ရဲ့ ပရောဂျက်ကို ကြိုက်နိုင်ရင်တောင် လူတွေလက်ထဲကို ရောက်သွားနိုင်တဲ့အထိကို အခက်အခဲတစ်ခုရှိပါတယ်။

နောက်ပိုင်းမှာ ဒစ်ဂျစ်တယ်နည်းစနစ်တွေ ထွက်ပေါ်လာတဲ့အချိန်မှာ ဘာလုပ်လို့ရသလဲဆိုတော့ ကိုယ့်ရဲ့ ပရောဂျက်ကို စတူဒီယိုအကြီးကြီးတွေက ဖြစ်ဖြစ်၊ စာအုပ်တိုက်အကြီးကြီးတွေက ဖြစ်ဖြစ်၊ ရင်းနှီးမြှုပ်နှံပေးမယ့်အဆင့်တွေ မရောက်ခင်အချိန်မှာ အများက ကိုယ့်ရဲ့ ပရောဂျက်ကို လက်ခံနိုင်မယ့်သူတွေကို တင်ပြပြီး သူတို့ကို ဖြန့်ပေးနိုင်တဲ့အဆင့် တစ်ခုရှိပါတယ်။

ကိုယ်က ပရောဂျက်တစ်ခု စမယ်ဆိုရင် များသောအားဖြင့် လိုတာက နှစ်မျိုးရှိတယ်။ တစ်ခုက ငွေကြေး လုံလုံလောက်လောက် မရှိတာ။ ဒီပရောဂျက်ကို စတင်နိုင်ဖို့အတွက် ငွေကြေးကိုယ့်မှာ လုံလုံလောက်လောက် ရှိမယ်ဆိုရင်တောင် ပရောဂျက်ကို ကျယ်ကျယ်ပြန့်ပြန့် ဖြန့်နိုင်ဖို့၊ ကုန်ပစ္စည်းတွေ ထုတ်နိုင်ဖို့၊ ဝန်ဆောင်မှုတွေ ပေးနိုင်ဖို့ ကိုယ့်မှာ လုံလုံလောက်လောက် အင်အားမရှိတဲ့ အခါမှာ တစ်ခုက ဘာပေါ်လာသလဲဆိုရင် Crowd Funding ဆိုတာ ပေါ်လာတယ်။

Crowd Funding ဆိုတာက လူအများစုဆီက နည်းနည်းစီ၊ နည်းနည်းစီကို ကိုယ့်ကိုအားပေးပြီး ငွေထည့်ပေးတဲ့ စနစ်တစ်ခုပါ။ ဒီနေရာမှာ ငွေထည့်တယ်ဆိုတာ အမျိုးမျိုးဖြစ်နိုင်တယ်။ အကြောင်းအရာ အမျိုးမျိုးကြောင့်လည်း ဖြစ်နိုင်ပါတယ်။ တချို့က ချေးပြီးထည့်တာရှိတယ်။




ဒစ်ဂျစ်တယ်စီးပွားရေးအကြောင်း သိကောင်းစရာ အမေး၊ အဖြေ အစီအစဉ်တွင် မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဒေါက်တာ အောင်သူရနှင့် ThaMarDaw.Com ၏ Founder & CEO ဦးအောင်ကိုကိုသက် တို့ ပါဝင်ဖြေကြားဆွေးနွေးစဉ်။

> **"Crowd Funding ဆိုတာက လူအများစုဆီက နည်းနည်းစီ၊ နည်းနည်းစီကို ကိုယ့်ကိုအားပေးပြီး ငွေထည့်ပေးတဲ့စနစ်တစ်ခုပါ။ ဒီနေရာမှာ ငွေထည့်တယ်ဆိုတာ အမျိုးမျိုးဖြစ်နိုင်တယ်။ အကြောင်းအရာအမျိုးမျိုးကြောင့်လည်း ဖြစ်နိုင်ပါတယ်။ တချို့က ချေးပြီးထည့်တာရှိတယ်။ တချို့က ရှယ်ယာလိုချင်လို့ ထည့်တာရှိတယ်။ တချို့က ကိုယ့်ကိုအားပေးချင်လို့ ထည့်တာရှိတယ်။ တချို့ကျတော့ ကိုယ့်ထုတ်ကုန်ကို သူများထက်ဦးပြီးရနိုင်လို့ ထည့်တာမျိုးလည်း ရှိတယ်။ ဒီနေရာမှာ အကြောင်းမျိုးစုံကြောင့် ကိုယ့်ကို ငွေကြေးထည့်ဝင်ပေးကြတာ ဖြစ်ပါတယ်"**

တချို့က ရှယ်ယာလိုချင်လို့ ထည့်တာရှိတယ်။ တချို့က ကိုယ့်ကိုအားပေးချင်လို့ ထည့်တာရှိတယ်။ တချို့ကျတော့ ကိုယ့်ထုတ်ကုန်ကို သူများထက်ဦးပြီးရနိုင်လို့ ထည့်တာမျိုးလည်း ရှိတယ်။ ဒီနေရာမှာ အကြောင်းမျိုးစုံကြောင့် ကိုယ့်ကို ငွေကြေးထည့်ဝင်ပေးကြတာ ဖြစ်ပါတယ်။

ဒါပေမယ့် သူက အရင်ဘဏ်က ချေးငွေရတာတို့၊ ရှယ်ယာရင်းနှီးတာနဲ့ ဘာကွာသွားသလဲဆိုရင် တစ်ယောက်စီ၊ တစ်ယောက်စီက နည်းနည်းစီ၊ နည်းနည်းစီ၊ ကိုယ်တတ်နိုင်သလောက် ထည့်တယ်။ ထည့်တဲ့သူတွေကလည်း တကယ့်ကျွမ်းကျင်တဲ့ ရင်းနှီးမြှုပ်နှံသူတွေ ဖြစ်ဖို့ မလိုဘူး။ ဘဏ်တွေလိုမျိုး သေချာသုံးသပ်ပြီး လုပ်တာမျိုးလည်း မဟုတ်ဘူး။ သူတို့က များသောအားဖြင့် ကိုယ်တင်ပြတဲ့ ပရောဂျက်ကို ကြိုက်လို့၊ သူတို့အနေနဲ့ ဒါကို စိတ်ဝင်စားလို့၊ သူတို့အနေနဲ့ ကိုယ့်ကို အားပေးချင်လို့၊ တစ်ယောက်ကို နည်းနည်းစီ ထည့်ပေးကြတာပါ။

ဒါက ပရောဂျက်တစ်ခုစမယ်ဆိုရင် အဓိက ငွေကြေးလိုအပ်တယ်။ ဒုတိယတစ်ပိုင်းက ငွေကြေးဘက် မဟုတ်ပါဘူး။ တခြားအရင်းအမြစ်တွေ လိုပါတယ်။ ဥပမာ – နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးကူညီပေးမှု လိုအပ်ပါတယ်။ Marketing Agency တစ်ခုကို ကိုယ့်ရဲ့ Logo တစ်ခု ဆွဲပေးပါလို့ အလုပ်အပ်လိုက်တာထက် အင်တာနက်ကနေ လူအများစုကို ကိုယ်က ဆက်သွယ်နိုင်ပြီး ဘယ်သူက Logo တစ်ခုဆွဲပေးနိုင်သလဲ၊ ဘယ်အပိုင်းမှာ ကူညီပေးနိုင်သလဲဆိုတဲ့ အများစုဆီက ပြန်စုပြီး ကူညီထောက်ပံ့မှုတစ်ခုရတာကို Crowd Sourcing လို့ခေါ်ပါတယ်။

အရင်ခေတ်က ပရောဂျက်တစ်ခု စလုပ်မယ်ဆိုရင် အကူအညီကို တစ်နေရာတည်းက ရနိုင်တယ်။ ကိုယ့်တိုင်းပြည်မှာလည်း တစ်ခါတလေကျရင် ရှိချင်မှ ရှိမယ်။ မြန်မာပြည်မှာ လုံလုံလောက်လောက် ဒါမျိုးကို စိတ်ဝင်စားလို့ အားပေးတဲ့အဖွဲ့အစည်းဆိုတာ ရှိချင်မှ ရှိမှာဖြစ်ပါတယ်။ ဒါပေမယ့် အင်တာနက်နည်းပညာကို အသုံးပြုသွားတဲ့အခါ ဥပမာ – ကိုယ်က Documentary တစ်ခုရိုက်ချင်တယ်။

မြန်မာပြည်က ချင်းပြည်နယ်မှာ နေထိုင်မှုပုံစံ ပရောဂျက်တစ်ခုကို Documentary ရိုက်မယ်။ မြန်မာပြည်မှာ ဒါကို ငွေကြေးစိုက်ထုတ်ကုန်ကျခံမယ့် အဖွဲ့အစည်းက ရှိချင်မှရှိမယ်။ ဒါပေမယ့် တခြားနိုင်ငံခြား အဖွဲ့အစည်းတွေက စိတ်ဝင်စားပြီး သူတို့ကူညီပေးချင်တယ်ဆိုတဲ့ စိတ်တစ်ခုနဲ့ လုပ်ပေးတာမျိုးတွေ ရှိနိုင်တယ်။

**အစီအစဉ်မှူး ။** ။ အခြားနိုင်ငံတွေမှာ ကျယ်ပြန့်စွာ အသုံးပြုနေပေမယ့် မြန်မာနိုင်ငံမှာ အကြောင်းအမျိုးမျိုးကြောင့် အသုံးမပြုနိုင်သေးတဲ့ တချို့အရာတွေလည်း ရှိပါတယ်။ မကြာမီ မြန်မာနိုင်ငံမှာ ဖြစ်လာနိုင်တာတွေက ဘာတွေရှိနေသလဲဆိုတာကို ဆွေးနွေးပေးပါဦး။

**ဒေါက်တာအောင်သူရ ။** ။ အများစုက ချေးငွေဆိုရင် မိတ်ဆွေ၊ ကိုယ့်အသိုင်းအဝိုင်းက ချေးတာ တစ်ခုရှိမယ်။ နောက်တစ်ခုက ဘဏ်က ချေးငွေ ချေးတယ်ဆိုတာပဲ သိပါတယ်။ ဒါပေမယ့် Crowd Lending ဆိုတာ ကိုယ့်ပရောဂျက်ကို တင်ပြလိုက်တယ်။ ကိုယ့်ပရောဂျက်က ဒီလိုပုံစံမျိုးရှိတယ်။ ဒါမျိုးလုပ်ချင်တယ်။ ဒီအတွက် ဘယ်သူက ချေးမလဲဆိုပြီး တင်ပြလိုက်တယ်။

ချေးတဲ့ပလက်ဖောင်းတစ်ခုကို တင်ပြလိုက်တဲ့အချိန်မှာ ချေးချင်တဲ့သူတွေက တစ်ဦးစီလည်း ဖြစ်နိုင်တယ်။ အဖွဲ့အစည်းတွေလည်း ဖြစ်နိုင်တယ်။ အကုန်လုံးက ပရောဂျက်ကို ကြိုက်လို့ နည်းနည်းချေးချင် ချေးမယ်။ များများချေးချင် ချေးမယ်။ မျှပြီးချေးသွားတာကို Crowd Lending လို့ ခေါ်ပါတယ်။ ဥပမာ – သိန်းတစ်ထောင်တန်တဲ့ ပရောဂျက်ကို တစ်ယောက်က သိန်းငါးဆယ် ထည့်တယ်။ တစ်ယောက်က သိန်းနှစ်ဆယ်ထည့်မယ်။ နောက်တစ်ယောက်က သိန်းသုံးဆယ် ထည့်မယ်။ တဖြည်းဖြည်းနဲ့ အကုန်လုံးပေါင်းလိုက်တဲ့အချိန်မှာ ဒီပရောဂျက်အတွက် Financing တစ်ခုကို ရသွားတယ်။

ဒါပေမယ့် ချေးငွေဆိုရာမှာ နိုင်ငံတိုင်းက အစိုးရဘက်ကနေ ဒီချေးငွေနဲ့ပတ်သက်ပြီး Regulation ဆိုတာလည်း ရှိပါတယ်။ အတိုးနှုန်းဘယ်လောက်အထိ ဖြစ်ခွင့်ရတယ်။ ဘယ်လိုပုံစံနဲ့ ချေးခွင့်ရတယ်။ ဘာကို လုပ်ခွင့်ရတယ်။ ဘာကိုလုပ်ခွင့် မရဘူးဆိုတဲ့ ကန့်သတ်ချက်တွေရှိပါတယ်။ Crowd Lending ဆိုတာရှိပေမယ့် ချေးငွေနဲ့ ပတ်သက်ရင် လိမ်လည်မှုတွေ၊ ပရောဂျက်တွေ မဟုတ်ဘဲနဲ့ ပြသွားပြီး ချေးငွေကို လိမ်သွားတာမျိုး မဖြစ်အောင် Regulation တွေ လိုအပ်ပါတယ်။ ဒါက လာမယ့်နှစ်တွေမှာ အခြားနိုင်ငံတွေလုပ်တဲ့ လမ်းကြောင်းအတိုင်း မြန်မာနိုင်ငံမှာ Crowd Lending ဆိုတာပေါ်လာဖို့ မျှော်လင့်ထားပါတယ်။

နောက်တစ်ခုကတော့ Crowd Lending တင်မကဘူး။ Equity Crowd Funding ဆိုတာ ကိုယ်က ပရောဂျက်တစ်ခု ပြလိုက်တယ်ဆိုရင် ကိုယ့်ပရောဂျက်ထဲကို ချေးငွေအနေနဲ့ ထည့်တာ မဟုတ်ဘဲ ရှယ်ယာအနေနဲ့ ထည့်တာဖြစ်ပါတယ်။ အများကစုပြီး နည်းနည်းစီ ရှယ်ယာထည့်သွားတာရှိပါတယ်။

ဒါပေမယ့် ရှယ်ယာထည့်တဲ့အခါမှာလည်း သူ့ရဲ့ Regulation တွေ ရှိပါတယ်။ ရင်းနှီးမြှုပ်နှံသူတွေကို လိမ်လည်မှုတွေ မဖြစ်အောင်၊ ပရောဂျက်တွေ ဗန်းပြပြီး ပိုက်ဆံတွေကို ထုတ်သွားတာမျိုးတွေ မဖြစ်အောင် အစိုးရဘက်က ဥပဒေနဲ့ လုပ်ထုံးလုပ်နည်းတွေကို သေချာလုပ်ရပါတယ်။ တိုင်းပြည်တိုင်း၊ တိုင်းပြည်တိုင်းမှာ Crowd Funding တွေ ရှယ်ယာထည့်နိုင်ဖို့ လုပ်ထုံး၊ လုပ်နည်းတွေကို အတိုင်းအတာတစ်ခုအထိ ပြင်ရပါတယ်။

ဘာကြောင့်လဲဆိုတော့ တိုင်းပြည်တိုင်းလိုလိုမှာ ပုဂ္ဂလိကကုမ္ပဏီဆိုရင် ရှယ်ယာရှင် အရေအတွက် ဘယ်လောက် ဖြစ်ခွင့်ရတယ်ဆိုတဲ့ ကန့်သတ်ချက်တွေ အများကြီးရှိပါတယ်။ ဘယ်လောက်အထိ အများဆုံးခေါ်လို့ရတယ်။ ဥပမာ – လူ ၅၀ အထိခေါ်လို့ရတယ် စသဖြင့် ဒီလိုမျိုး ကန့်သတ်ထားပါတယ်။ ဒါပေမယ့် Equity Crowd Funding လုပ်တဲ့အခါ ရင်းနှီးမြှုပ်နှံတာ ၅၀ မကဘူး၊ ရာနဲ့လည်း ချီသွားနိုင်ပါတယ်။

ပုဂ္ဂလိကကုမ္ပဏီအဖြစ် ပြောင်းလဲလောက်အောင် အနေအထားက မကြီးဘူးဆိုတော့ လုပ်ထုံးလုပ်နည်းတစ်ခုကိုပြင်ပြီး လူအများစုက ရင်းနှီးမြှုပ်နှံတဲ့ ပုဂ္ဂလိက ကုမ္ပဏီရဲ့ စည်းကမ်းချက်တွေလောက် မတင်းကျပ်ဖို့ လိုပါတယ်။ အခြားတိုင်းပြည်၊ နိုင်ငံတွေမှာ ကျင့်သုံးနေတဲ့ နည်းလမ်းတွေက ဘာတွေလဲ၊ ဘယ်လိုပြင်လိုက်ရင် ပိုကောင်းသွားမလဲဆိုပြီး လေ့လာလို့ရပါတယ်။ လုပ်လို့ရတဲ့ အပိုင်းတွေက Reward–based Crowd Funding ပါ။ Reward–based Crowd Funding ဆိုတာ ကိုယ့်ပရောဂျက်ကို တင်ပြလိုက်တယ်။

ပရောဂျက်ထဲကို ထည့်လိုက်တဲ့သူက ချေးငွေအနေနဲ့ ထည့်တာမျိုး မဟုတ်ဘူး။ ရှယ်ယာအနေနဲ့ ထည့်တာ မဟုတ်ဘူး။ သူတို့အနေနဲ့ ဒီပရောဂျက်ကိုကြိုက်လို့ သူတို့ ထည့်ပေးလိုက်ရင် လက်ဆောင်လေး ဘာပြန်ပေးမလဲ ဆိုတာ ကိုယ်ကနေ ကတိပြုပေးရပါတယ်။ ဥပမာ – ရုပ်ရှင်တစ်ခု ရိုက်တယ်ဆိုရင် ဒီရုပ်ရှင်ကို ကျန်တဲ့သူတွေကို မပြခင် ရင်းနှီးမြှုပ်နှံသူကို အရင်ပြရပါမယ်။ ဒါမှ မဟုတ် တစ်ယောက်က ဒီပရောဂျက်ကို ရင်းနှီးမြှုပ်နှံထားတယ်ဆိုရင် တစ်ပိုင်းတစ်စလောက်မှာ ဇာတ်ပို့အနေနဲ့ ပါခွင့်ပေးရမယ်။

ရုပ်ရှင်ထဲမှာ တစ်နေရာဝင်ပြီး တစ်ခန်းလောက် ရိုက်ခွင့်ရတာ ရှိချင်ရှိမယ်။ ဒါမျိုးက ရင်းနှီးမြှုပ်နှံတာလည်း မဟုတ်ဘူး။ ချေးငွေလည်း မဟုတ်တဲ့အတွက် မြန်မာနိုင်ငံမှာ အကျိုးဝင်တဲ့ ကန့်သတ်ချက်တွေ မရှိလောက်ဘူးလို့ ကျွန်တော်ယုံကြည်ပါတယ်။ ဒီလိုမျိုးပါပဲ Crowd Sourcing ဆိုတာ အများစုဆီက အကူအညီတောင်းတဲ့ သဘောမျိုးပါ။ မြန်မာပြည်သာမက တစ်ကမ္ဘာလုံးကနေ အကူအညီတစ်ခု တောင်းနိုင်တဲ့အတွက် ဒါကကန့်သတ်ချက်တွေ မရှိလောက်ဘူးလို့ ကျွန်တော် ယုံကြည်ပါတယ်။

ဒါပေမယ့် ပရောဂျက်တစ်ခု စမယ်ဆိုရင် သေချာစဉ်းစားဖို့လိုပါတယ်။ ဘာတွေက အကျိုးဝင်တယ်။ ဘာတွေက ဥပဒေနဲ့ငြိနိုင်တယ်။ ဘာတွေက ခွင့်ပြုထားတယ်ဆိုတာကို နည်းနည်းလေး ကြည့်ပြီး သုံးသပ်ပြီးတော့မှ စတင်စေချင်ပါတယ်။

**အစီအစဉ်မှူး ။** ။ စုပေါင်းဆောင်ရွက်ခြင်း စနစ်ရဲ့ အကြောင်းနဲ့ စုပေါင်းဆောင်ရွက်ခြင်းစနစ်ကို ဘယ်သူတွေအတွက် အသုံးချလို့ ရနိုင်သလဲဆိုတာ ရှင်းပြပေးပါဦး။

**ဦးအောင်ကိုကိုသက် ။** ။ စုပေါင်း ဆောင်ရွက်ခြင်း စနစ်ကို အင်္ဂလိပ်လို Crowd Sourcing လို့ ခေါ်ပါတယ်။ "စုပေါင်းဆောင်ရွက်ခြင်း"နဲ့ "စနစ်" ဆိုပြီး နှစ်ပိုင်းခွဲကြည့်လို့ရမယ် ထင်ပါတယ်။ ဘယ်သူတွေအတွက် အသုံးဝင်တယ်ဆိုတာကို မပြောခင်မှာ စုပေါင်းဆောင်ရွက်တဲ့ အသွင်တွေကို ပြောပါမယ်။

*စာမျက်နှာ ၁၇ သို့*

# အမေး၊ အဖြေ အစီအစဉ်



*စာမျက်နှာ ၁၆ မှ*

Crowd Sourcing အမျိုးကွဲတွေ အမျိုးမျိုး သတ်မှတ်လို့ရတယ်။ Crowd Voting ဆိုတာ ရှိတယ်။ တစ်ခုခုနဲ့ ပတ်သက်ရင် စုပြီး Vote လုပ်တဲ့ကိစ္စတွေ၊ Creative Work, Art Work တွေ Crowd Sourcing လုပ်တဲ့ကိစ္စတွေ စသဖြင့် အမျိုးမျိုးရှိပါမယ်။

မြန်မာနိုင်ငံမှာ ရှေးတုန်းကတည်းက စုပေါင်းဆောင်ရွက်တယ်ဆိုတဲ့ အသွင်တွေက ရှိပြီးသား ဖြစ်ပါတယ်။ အသစ်တော့ မဟုတ်ပါဘူး။ မြန်မာပြည်မှာ ရှိတာ အများစုကို အင်္ဂလိပ်လို Implicit Crowd Sourcing လို့ ခေါ်လို့ရမယ် ထင်ပါတယ်။ သီးခြားသတ်မှတ်ထားတာ မရှိပါဘူး။ ဒါပေမယ့် ကိုယ်ဘာသာကိုယ် လုပ်ကြပါတယ်။ ဥပမာ– စာအုပ်ထုတ်ပြီး ရောင်းတယ်ဆိုတဲ့ကိစ္စ၊ ငယ်ငယ်တုန်းက ကဗျာစာအုပ်ထုတ်တဲ့ကိစ္စ၊ အခုအလှူငွေစုပြီး လှူတဲ့ကိစ္စ ဒါတွေအကုန်လုံးက Crowd Sourcing ထဲမှာ အကုန်လုံး အကျုံးဝင်ပါတယ်။ စုပေါင်းဆောင်ရွက်ခြင်း စနစ်တစ်ခုမှာ အခြေခံအားဖြင့် ရှုထောင့် ငါးခုနဲ့ ခွဲကြည့်လို့ ရပါတယ်။

နံပါတ်တစ်ရှုထောင့်က **ဦးဆောင်စတင်သူ** ရှုထောင့်ပါ။ သူက Idea တစ်ခုရှိမယ်။ ဒါက လုပ်သင့်တယ်။ ကောင်းတယ်။ တစ်ယောက်တည်း မနိုင်ဘူး။ ဒါဆိုရင် ငွေအား၊ လူအား၊ ပညာအား တစ်ခုခု လိုအပ်နေတယ်ဆိုတဲ့ကိစ္စကို သူက စားပွဲပေါ်ကို ယူလာတဲ့သူ ဖြစ်ပါတယ်။

ဒုတိယရှုထောင့်က **ပါဝင်ဆောင်ရွက်ထည့်ဝင်သူ** ရှုထောင့်ပါ။ အိုင်ဒီယာ (Idea) ကို ကြိုက်လို့၊ ခေါင်းဆောင်ကို ကြိုက်လို့၊ စနစ်ကိုယုံလို့ ငွေအား၊ လူအား၊ ပညာအားနဲ့ ပါဝင်ဆောင်ရွက်သူပါ။

တတိယရှုထောင့်က **ချိတ်ဆက်ဆောင်ရွက်စီစဉ်ပေးသူ** ရှုထောင့်ပါ။ ဦးဆောင်စတင်သူနဲ့ ချိတ်ဆက်ဆောင်ရွက်စီစဉ်သူက သူငယ်ချင်းတွေ ဖြစ်နေရင် ချိတ်ဆက်ဆောင်ရွက်စီစဉ်သူ မလိုပါဘူး။ ဒါပေမယ့် တကယ်လို့ ကြီးကြီးမားမားနဲ့ လူအများကြီးလုပ်ဖို့ လိုအပ်မယ်ဆိုရင် ချိတ်ဆက်ဆောင်ရွက်စီစဉ်သူ လိုပါမယ်။ သူက ပတ်ဝန်းကျင်ကို Crowd Sourcing Project အကြောင်း သတင်းဖြန့်ပေးတာကအစ လိုအပ်ရင်၊ လိုအပ်သလို ဘယ်သူက ဘယ်နေရာမှာ လုပ်ဖို့လိုနေပါတယ်ဆိုပြီး ဦးဆောင်တဲ့သူနဲ့ အဖွဲ့ဝင်တွေကို ပြန်ပြီးသတိပေးတာမျိုးတွေ ရှိပါမယ်။

နံပါတ်လေးရှုထောင့်က **ကြပ်မတ်ကွပ်ကဲတဲ့သူ** ရှုထောင့်ပါ။ အလုပ်တွေကို တရားမျှတအောင် ထိန်းချုပ်ကြပ်မတ်ကွပ်ကဲပြီး ဥပဒေအရ တရားမျှတအောင် လုပ်ပေးတဲ့သူလည်း လိုပါမယ်။

နံပါတ်ငါးရှုထောင့်က **ဒစ်ဂျစ်တယ်နည်းပညာကို အသုံးချပြီးစီစဉ်ပေးတဲ့သူ** ရှုထောင့်ပါ။ ဒစ်ဂျစ်တယ်ခေတ်စားလာတာက အင်တာနက်ပေါ်လာတဲ့အချိန်မှာ Crowd Sourcing စုပေါင်းဆောင်ရွက်ခြင်းစနစ်ကို ပိုပြီး ကျယ်ကျယ်ပြန့်ပြန့်သွားလို့ ရလာပါတယ်။ အရင်တုန်းက ကျွန်တော်တို့က သူငယ်ချင်းအချင်းချင်းအကြားမှာ၊ လုပ်ငန်းစုတစ်ခုတည်းမှာ၊ ဒါမှမဟုတ် လုပ်ငန်းစု နှစ်ခု / သုံးခုကြားမှာ ဖြစ်တယ်ဆိုပေမယ့်၊ အခုအင်တာနက်ပေါ်လာချိန်မှာ ရန်ကုန်မြို့က လူတွေက မန္တလေးက လူတွေနဲ့ ပူးပေါင်းဆောင်ရွက်လို့လည်း ရလာပါတယ်။ မြန်မာပြည်ကနေ စင်ကာပူနဲ့ အမေရိကတို့ကို ပေါင်းပြီး လုပ်ဆောင်လည်း ရလာပါတယ်။ ဒစ်ဂျစ်တယ်နည်းပညာကို အသုံးပြုပြီး အလိုအလျောက် စနစ်တကျအဆင်ပြေသွားအောင် တည်ဆောက်စီမံပေးမယ့် ဆော့ဖ်ဝဲလ်သမားတွေလည်း လိုလာပါတယ်။

အခုပြောခဲ့တဲ့ ရှုထောင့်အားလုံးကို အချိတ်အဆက်မိပြီး အစီအစဉ်ကျအောင် စနစ်တကျ ဖန်တီးတဲ့အခါ Crowd Sourcing စုပေါင်းဆောင်ရွက်ခြင်းစနစ်တွေ ဖြစ်လာပါတယ်။ သာမန်နားလည်အောင်ပြောရရင် Crowd Sourcing ဆိုတာ အင်တာနက်ကို အခြေပြုပြီးဖန်တီးထားတဲ့ Facebook, Google လိုမျိုး Digital Software စနစ်တွေပါ။

ဒီဆော့ဖ်ဝဲလ်တစ်ခုမှာ ဦးဆောင်သူကလည်း သူလိုချင်တဲ့ Idea ကိုသွားပြီး တင်ထားလိုက်မယ်။ ပါမယ့်သူကလည်း စာရင်းသွင်းထားလိုက်မယ်။ စီစဉ်ပေးတဲ့သူက အဲဒီလူတွေကို လိုက်ကြည့်ပြီး ဘယ်နေ့မှာစမယ်၊ ဘယ်နေ့မှာ ဆုံးမယ်၊ ပိုက်ဆံတွေကို ဘယ်လိုဝေမယ် ဒါတွေကို စီမံပေးတဲ့သူ လည်းရှိမယ်။ ကြပ်မတ်ကွပ်ကဲသူက တရားဥပဒေဘောင်ထဲမှာ ရှိသလား၊ တရားမျှတမှု ရှိသလား၊ ငွေမည်းတွေလား ဒါတွေကို လိုက်စစ်ဆေးတာဖြစ်ပါတယ်။ အစိုးရလိုမျိုး ဖြစ်ပါတယ်။ ဒီဟာကို ဆော့ဖ်ဝဲလ်နဲ့စုပြီး အွန်လိုင်းပေါ်မှာ သွားနေတာ ဖြစ်ပါတယ်။

ဒါက Crowd Sourcing စနစ်တွေရဲ့ အခြေခံဖြစ်ပါတယ်။ ရှေးတုန်းက သာမန် စုပေါင်းဆောင်ရွက်ခြင်းဆိုတာကို ပိုပြီးတစ်မူထူးတဲ့အသွင်နဲ့ အခုဒစ်ဂျစ်တယ်ခေတ်မှာ ပိုပြီးကျယ်ပြန့်ထိရောက်အောင် ဆောင်ရွက်ပေးထားတဲ့စနစ်မျိုးကို Crowd Sourcing စုပေါင်းဆောင်ရွက်ခြင်းစနစ်လို့ ခေါ်ပါတယ်။ စာအုပ်ထုတ်ပြီး ရောင်းတယ်ဆိုတဲ့ကိစ္စ၊ ငယ်ငယ်တုန်းက ကဗျာစာအုပ်ထုတ်တဲ့ ကိစ္စ၊ အခုအလှူငွေစုပြီးလှူတဲ့ကိစ္စ စတာတွေကအစ မိမိ ပတ်ဝန်းကျင်နဲ့ နိုင်ငံအတွက်အကျိုးရှိဖို့ အသွင်သစ်နဲ့ ပိုပြီးထိရောက်အောင်၊ ပိုပြီးကျယ်ပြန့်ထိရောက်စွာ ဆောင်ရွက်ချင်သူတိုင်းအတွက် Crowd Sourcing စုပေါင်းဆောင်ရွက်ခြင်းစနစ်တွေ ရှိနေပါတယ်။

**အစီအစဉ်မှူး ။** ။ **စုပေါင်းဆောင်ရွက်ခြင်း စနစ်ကို အသုံးပြုရင် မြန်မာနိုင်ငံမှာ ဘယ်လို ပြဿနာတွေကို ဖြေရှင်းပေးနိုင်သလဲဆိုတာ ဆွေးနွေးပေးပါဦး။**

**ဦးအောင်ကိုကိုသက် ။** ။ လက်တွေ့မှာ တစ်ဦးတည်း၊ တစ်ယောက်တည်း လုပ်ရင် အခက်အခဲတွေ အများကြီးရှိပါတယ်။ တစ်ခါတလေကျရင် ဒါက မိမိ ပတ်ဝန်းကျင်၊ အသိုင်းအဝိုင်းနဲ့ နိုင်ငံအတွက် အကျိုးရှိမယ့်ကိစ္စဆိုရင် ဒါမျိုးတွေကို ကိုယ်ထူကိုယ်ထစနစ်နဲ့ စုပေါင်းဆောင်ရွက်ခြင်းက ပြဿနာကို ပြေလည်စေတာ မှန်ပါတယ်။

ဒါပေမယ့် စုပေါင်းဆောင်ရွက်ခြင်းနဲ့ စနစ်ဆိုပြီး နှစ်ခုခွဲရင် စုပေါင်းဆောင်ရွက်ခြင်းမှာ ပြဿနာတွေ အများကြီး ရှိနိုင်ပါတယ်။ နံပါတ်တစ် ပြဿနာက ဦးဆောင်စတင်သူပါ။ သူ့ရဲ့ ကောင်းတယ်ဆိုတဲ့ကိစ္စ၊ Idea, Concept ကို အများနားလည်အောင် တင်ပြဖို့ ခက်ပါတယ်။ ဘယ်လိုပုံစံနဲ့ တင်ပြမလဲ၊ ခေတ်ပုံတွေ ဘယ်လိုပြမလဲ၊ ဒါမှမဟုတ် Plan တွေ ရေးပြမလား ဒါက ခက်ပါတယ်။

ဒုတိယဖြစ်တဲ့ ပါဝင်ဆောင်ရွက်သူတစ်ယောက်အနေနဲ့ သူဘာလုပ်ရင် ဘာဖြစ်မယ်၊ ငွေထည့်ရင် ဘာထွက်လာမယ်၊ သူ့ရဲ့ အလုပ်နဲ့ ရလဒ်တွေကို ရှင်းလင်းစွာသိမြင်ဖို့ ခက်ပါတယ်။ နံပါတ်သုံးက ချိတ်ဆက်ဆောင်ရွက်စီစဉ်သူအတွက် အချိတ်အဆက်မိမိနဲ့ ထိရောက်အောင် ဆောင်ရွက်ပေးဖို့က ခက်ပါတယ်။ ဒီလိုပဲ ကြပ်မတ်ကွပ်ကဲသူ အစိုးရအနေနဲ့ မျက်ကွယ်မှာ ဘာတွေဖြစ်တယ်ဆိုတာ မသိဘူးဆိုရင်၊ အချက်အလက်တွေနဲ့ မြေပြင်အခြေအနေကို မသိဘူးဆိုရင် သူ့အနေနဲ့ စနစ်တကျဖြစ်အောင် စီစဉ်ပေးရတာ ခက်ပါလိမ့်မယ်။

ဘယ်သူက သာစေ၊ နာစေ ဆုံးဖြတ်ပေးရတာ ခက်ပါလိမ့်မယ်။ အချက်အလက်တွေနဲ့ မြေပြင်အခြေအနေကို သိဖို့က ကြပ်မတ်ကွပ်ကဲသူက ခက်ပါတယ်။ ဒီလိုပဲ ဆော့ဖ်ဝဲလ်ရေးတတ်ရုံနဲ့ လုပ်လို့ မရပါဘူး။ နည်းပညာကို အသုံးချစီမံပေးမယ့်သူကလည်း အထက်က လေးယောက်အတွက်ကို အဆင်ပြေစေမယ့် စနစ်တစ်ခုကို Support လုပ်ပေးဖို့ ခက်ပါတယ်။

တခြားနိုင်ငံတွေနဲ့ တခြားနေရာတွေမှာ Crowd Sourcing သုတေသနတွေနဲ့ လက်တွေ့ စမ်းသပ်တာတွေကိုလည်း အမျိုးမျိုးလုပ်ကြပါတယ်။ နောက်ဆုံးထွက်လာတဲ့ ရလဒ်အနေနဲ့ လွယ်ကူရိုးရှင်းထိရောက်တဲ့ Crowd Sourcing စနစ်တွေ ဖြစ်လာပါတယ်။

ဒီစနစ်တွေကို ကျွန်တော်တို့က တစ်ခါတည်း ယူသုံးလိုက်ခြင်းဖြင့် ခုနပြောတဲ့ ပြဿနာတွေကို တစ်ခါတည်း ဖြေရှင်းလိုက်ပြီးသား ဖြစ်ပါတယ်။ ဒီတော့ ပြောချင်တာက နှစ်ခုပါ။ တစ်ခုက ရှေးကနဲ့မတူတဲ့ အသွင်နဲ့ ပိုမိုမြန်ဆန်လွယ်ကူအောင် အလုပ်တွေကို ပြီးမြောက်အောင် ဆောင်ရွက်လို့ ရလာပါတယ်။ နံပါတ်နှစ်က ဒီလိုဆောင်ရွက်တဲ့အခါ ရှိတဲ့အခက်အခဲတွေကို နိုင်ငံတကာမှာ ခေတ်စားနေပြီးသား ဖြေရှင်းပုံနည်းစနစ်တွေနဲ့ ကျွန်တော်တို့က ဖြေရှင်းဖို့အတွက် အဆင်သင့် ရလာပါတယ်။ ဒီနှစ်ခုကြောင့် မြန်မာနိုင်ငံမှာ မိမိပတ်ဝန်းကျင်နဲ့ နိုင်ငံအတွက် အကျိုးရှိဖို့ အသွင်သစ်နဲ့ ပိုပြီးထိရောက်အောင်၊ ပိုပြီးကျယ်ပြန့်ထိရောက်စွာ ဆောင်ရွက်ချင်သူတိုင်းအတွက် ရှေးကထက် စုပေါင်းလုပ်ကိုင်ခြင်းရလဒ်ကို အခွင့်အရေး ပိုရှိလာတယ်လို့ ပြောချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

## ပြည်ပနိုင်ငံများ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများနှင့် မြန်မာသင်္ဘောသားများအား ပြန်လည်ခေါ်ဆောင်

**နေပြည်တော် ဒီဇင်ဘာ ၃၀**



နိုင်ငံတကာခရီးသည်တင် လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် မလေးရှားနိုင်ငံတွင် အခက်အခဲ ကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၇၅ ဦးအား ကွာလာလမ်ပူမြို့ရှိ မြန်မာသံရုံးမှ စီစဉ်သည့် မြန်မာအပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်း (MAI) ကယ်ဆယ်ရေးလေယာဉ်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ အဆင်ပြေ ချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။

ထို့ပြင် ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာသင်္ဘောသားများအား ဆိုးလ်မြို့ရှိ မြန်မာသံရုံးနှင့် မြန်မာသင်္ဘောသားဝန်ထမ်း အလုပ်ကျပြောင်းလဲခြင်း အကူအညီပေးရေးကော်မတီ (CCSC) တို့မှ ပူးပေါင်းစီစဉ်သည့် မြန်မာအပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်း (MAI) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။

အဆိုပါ ကယ်ဆယ်ရေးလေယာဉ်တွင် ကိုရီးယားသမ္မတနိုင်ငံမှ ၇၇ ဦး၊ အင်ဒိုနီးရှားမှ ၂၅ ဦး၊ စင်ကာပူမှ လေးဦး၊ အာရပ်စော်ဘွားများပြည်ထောင်စုမှ ခုနစ်ဦး၊ ဂျာမနီမှ သုံးဦး၊ ပြင်သစ်မှ နှစ်ဦး၊ ဆိုက်ပရပ်စ်မှ ရှစ်ဦး၊ အီဂျစ်မှ တစ်ဦး၊ ဂျပန်မှ လေးဦး မြန်မာနိုင်ငံသား စုစုပေါင်း ၁၃၁ ဦး လိုက်ပါခဲ့ကြသည်။

အလားတူ ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာသင်္ဘောသားများအား ရီယာဒ်မြို့ရှိ မြန်မာသံရုံးမှ စီစဉ်သည့် (၁၈) ကြိမ်မြောက် မြန်မာအပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်း (MNA) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ ည ၉ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ အဆင်ပြေ ချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။ အဆိုပါ ကယ်ဆယ်ရေးလေယာဉ်တွင် အာရပ်စော်ဘွားများပြည်ထောင်စုမှ ၈၃ ဦး၊ အီဂျစ်မှ တစ်ဦး၊ တောင်အာဖရိကမှ ငါးဦး၊ တန်ဇင်နီးယားမှ တစ်ဦး၊ မော်လဒိုက်မှ ၁၄ ဦးနှင့် သီရိလင်္ကာမှ လေးဦး မြန်မာနိုင်ငံသား စုစုပေါင်း ၁၀၈ ဦး လိုက်ပါခဲ့ကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေး၊ သီးသန့်စီစဉ်ပေးသည့် နေရာ / သတ်မှတ် ဟိုတယ်များ၌ အသွားအလာကန့်သတ်မှု ခုနစ်ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှု ခုနစ်ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးကြသည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများနှင့် မြန်မာသင်္ဘောသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့် အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများ၊ သင်္ဘောကုမ္ပဏီများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ် ဂုဏ်ပြုဖျော်ဖြေပွဲကို သောကြာနေ့ညတွင် ဆက်လက်ဖျော်ဖြေမည်

**နေပြည်တော် ဒီဇင်ဘာ ၃၀**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ်ကို ဂုဏ်ပြုသောအားဖြင့် မြန်မာ့အသံ(ရေဒီယို)တွင် ထင်ရှားကျော်ကြားခဲ့သော တေးသီချင်းများအနက်မှ ၇၅ ပုဒ်ကို ရွေးချယ်ပြီး အပတ်စဉ် သောကြာနေ့တိုင်း MRTV ၏ ည ၈ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်လျက်ရှိရာ ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၁ ရက် (နှစ်သစ်ကူးနေ့) ညတွင် ပွဲစဉ် (၄) ကို ဆက်လက် ဖျော်ဖြေမည် ဖြစ်သည်။

### ဒုတိယအကြိမ် ပြန်လည်ထုတ်လွှင့်မည်

အဆိုပါပွဲစဉ်တွင် စန္ဒရား ကွန်းဇော် တေးဂီတအဖွဲ့နှင့်အတူ တေးသံရှင် သန်းမြတ်စိုး၊ နောင်ရဲထွဋ်၊ ဝိုင်းလမင်းအောင်၊ ခင်ညွှန့်ရည်၊ တက္ကသိုလ်လဲ့လဲ့၊ ဟေမာနေဝင်း၊ အိုပြည့်ရှင်၊ ခင်ပိုးပန်းချီနှင့် အေးမြဖြူတို့က ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်ပြီး ယင်းတင်ဆက်မှုကို ဇန်နဝါရီ ၃ ရက်၊ တနင်္ဂနွေနေ့၊ နံနက် ၁၀ နာရီခွဲတွင် ဒုတိယအကြိမ် ပြန်လည်ထုတ်လွှင့် ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဒစ်ဂျစ်တယ် စီးပွားရေးအကြောင်း သိကောင်းစရာ အမေး၊ အဖြေ အစီအစဉ် ဆက်လက်ထုတ်လွှင့်မည်

**နေပြည်တော် ဒီဇင်ဘာ ၃၀**

ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှု ကာလအတွင်း စီးပွားရေးလုပ်ငန်းများ ပြန်လည်လုပ်ကိုင် လည်ပတ်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ပြည်သူအတွက် အသိပညာ မျှဝေပေးမည့် "ဒစ်ဂျစ်တယ် စီးပွားရေးအကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ်"ကို နိုဝင်ဘာ ၂၅ ရက်မှစ၍ အပတ်စဉ် ဗုဒ္ဓဟူးနှင့် ကြာသပတေးနေ့များတွင် ညနေ ၆ နာရီခွဲမှ ည ၇ နာရီအထိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသလျက်ရှိသည်။




ဒီဇင်ဘာ ၃၁ ရက် (ကြာသပတေးနေ့) ညနေတွင် နိုင်ငံအများစု၌ လက်ရှိအသုံးပြုနေသည့် စုပေါင်းဆောင်ရွက်ခြင်းဖြင့် ချဉ်းကပ်နိုင်မည့် နည်းလမ်းများနှင့် ပတ်သက်ပြီး ဗဟုသုတမျှဝေပေးမည့် ဒစ်ဂျစ်တယ်စီးပွားရေးအကြောင်းသိကောင်းစရာ အစီအစဉ်အား Yangon Innovation Center မှ (CEO) ဦးရာဇီနှင့် Myanma Awba Group မှ (Group CTO) ဦးသက်နိုင်စိုးတို့က ဆွေးနွေးကြမည်ဖြစ်ရာ ၎င်းဆွေးနွေးချက်များကို ညနေ ၆ နာရီခွဲတွင် ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၃၀-၁၂-၂၀၂၀) ရက်နေ့၊ ညနေ (၅:၀၀)နာရီ

၁။ (၂၉-၁၂-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ (၆၁၉) ဦး၏ မြို့နယ်အလိုက် တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြုလူနာ (ဦးရေ) |
|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | မြောက်ဥက္ကလာပ | ၂၈ |
| | | မင်္ဂလာဒုံ | ၂၅ |
| | | မှော်ဘီ | ၁၈ |
| | | အင်းစိန် | ၁၅ |
| | | ဒဂုံမြို့သစ် (တောင်ပိုင်း) | ၁၄ |
| | | တာမွေ | ၁၂ |
| | | တောင်ဥက္ကလာပ | ၁၂ |
| | | လှိုင် | ၁၂ |
| | | ရွှေပြည်သာ | ၁၀ |
| | | သဃ်ာန်းကျွန်း | ၈ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၈ |
| | | လှိုင်သာယာ | ၇ |
| | | မရမ်းကုန်း* | ၇ |
| | | ပုဇွန်တောင် | ၇ |
| | | သန်လျင် | ၆ |
| | | စမ်းချောင်း | ၆ |
| | | ဗဟန်း | ၆ |
| | | လှည်းကူး | ၅ |
| | | တိုက်ကြီး | ၄ |
| | | ကမာရွတ် | ၄ |
| | | ကြည့်မြင်တိုင် | ၄ |
| | | ရန်ကင်း | ၄ |
| | | မင်္ဂလာတောင်ညွန့် | ၄ |
| | | ပန်းဘဲတန်း | ၃ |
| | | သာကေတ | ၃ |
| | | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၃ |
| | | ဒဂုံဆိပ်ကမ်း | ၃ |
| | | ဗိုလ်တထောင် | ၂ |
| | | ထန်းတပင် | ၂ |
| | | ဒလ | ၂ |
| | | ကျောက်တန်း | ၁ |
| | | သုံးခွ | ၁ |
| | | လမ်းမတော် | ၁ |
| | | အလုံ | ၁ |
| | | ခရမ်း | ၁ |
| | | ကော့မှူး | ၁ |
| | | လသာ | ၁ |
| | | တွံတေး | ၁ |
| | | စုစုပေါင်း | ၂၅၂ |
| ၂။ | မန္တလေးတိုင်းဒေသကြီး | မဟာအောင်မြေ | ၂၃ |
| | | ပြည်ကြီးတံခွန် | ၂၁ |
| | | ချမ်းအေးသာစံ | ၂၀ |
| | | အောင်မြေသာစံ | ၁၈ |
| | | အမရပူရ | ၁၇ |
| | | ချမ်းမြသာစည် | ၁၅ |
| | | ပုသိမ်ကြီး | ၁၄ |
| | | တောင်သာ | ၃ |
| | | ညောင်ဦး | ၃ |
| | | ကျောက်ဆည် | ၂ |
| | | မလှိုင် | ၂ |
| | | မြင်းခြံ | ၂ |
| | | မိတ္ထီလာ | ၂ |
| | | မြစ်သား | ၂ |
| | | သာစည် | ၂ |
| | | စဉ့်ကိုင် | ၁ |
| | | စဉ့်ကူး | ၁ |
| | | စုစုပေါင်း | ၁၄၈ |
| ၃။ | နေပြည်တော် | ဇေယျာသီရိ | ၄၀ |
| | | ပုဗ္ဗသီရိ | ၃ |
| | | ပျဉ်းမနား | ၂ |
| | | ဒက္ခိဏသီရိ | ၁ |
| | | လယ်ဝေး | ၁ |
| | | စုစုပေါင်း | ၄၇ |
| ၄။ | ပဲခူးတိုင်းဒေသကြီး | ပဲခူး | ၂၂ |
| | | ဒိုက်ဦး | ၄ |
| | | ညောင်လေးပင် | ၃ |
| | | ကဝ | ၃ |
| | | ပြည် | ၂ |
| | | ရေတာရှည် | ၁ |
| | | ဝေါ | ၁ |
| | | အုတ်တွင်း | ၁ |
| | | စုစုပေါင်း | ၃၇ |
| ၅။ | စစ်ကိုင်းတိုင်းဒေသကြီး | ဆားလင်းကြီး | ၁၀ |
| | | စစ်ကိုင်း | ၉ |
| | | ကလေး* | ၇ |
| | | မုံရွာ | ၂ |
| | | ရွှေဘို | ၂ |
| | | မြောင် | ၁ |
| | | ချောင်းဦး | ၁ |
| | | ကသာ | ၁ |
| | | ဝက်လက် | ၁ |
| | | စုစုပေါင်း | ၃၄ |
| ၆။ | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ် | ၆ |
| | | အင်္ဂပူ | ၆ |
| | | ကျုံပျော် | ၅ |
| | | ညောင်တုန်း | ၅ |
| | | ဟင်္သာတ | ၄ |
| | | မအူပင် | ၂ |
| | | ဘိုကလေး | ၁ |
| | | စုစုပေါင်း | ၂၉ |
| ၇။ | မွန်ပြည်နယ် | မော်လမြိုင် | ၁၁ |
| | | သထုံ | ၄ |
| | | ပေါင် | ၃ |
| | | ကျိုက်ထို | ၂ |
| | | သံဖြူဇရပ် | ၁ |
| | | စုစုပေါင်း | ၂၁ |
| ၈။ | မကွေးတိုင်းဒေသကြီး | စလင်း | ၇ |
| | | အောင်လံ | ၂ |
| | | မြိုင် | ၂ |
| | | ပခုက္ကူ | ၂ |
| | | နတ်မောက် | ၂ |
| | | မြို့သစ် | ၂ |
| | | ရေနံချောင်း | ၁ |
| | | သရက် | ၁ |
| | | ငဖဲ | ၁ |
| | | စုစုပေါင်း | ၂၀ |
| ၉။ | တနင်္သာရီတိုင်းဒေသကြီး | ထားဝယ်* | ၆ |
| | | လောင်းလုံ | ၄ |
| | | ပုလော | ၂ |
| | | ရေဖြူ | ၂ |
| | | မြိတ် | ၁ |
| | | သရက်ချောင်း | ၁ |
| | | စုစုပေါင်း | ၁၆ |
| ၁၀။ | ကချင်ပြည်နယ် | မိုးညှင်း | ၃ |
| | | ဖားကန့် | ၂ |
| | | မိုးမောက် | ၁ |
| | | စုစုပေါင်း | ၆ |
| ၁၁။ | ရခိုင်ပြည်နယ် | တောင်ကုတ် | ၄ |
| | | စုစုပေါင်း | ၄ |
| ၁၂။ | ကယားပြည်နယ် | လွိုင်ကော် | ၂ |
| | | စုစုပေါင်း | ၂ |
| ၁၃။ | ချင်းပြည်နယ် | တီးတိန် | ၂ |
| | | စုစုပေါင်း | ၂ |
| ၁၄။ | ရှမ်းပြည်နယ် | တောင်ကြီး | ၁ |
| | | စုစုပေါင်း | ၁ |
| (၂၉-၁၂-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | | | (၆၁၉) ဦး |

* မြို့နယ်များမှ (၇) ဦးသည် ပြည်ပမှ ပြန်လည်ရောက်ရှိလာသဖြင့် အသွားအလာကန့်သတ်ထားရှိသူများ ဖြစ်ပါသည်။

မှတ်ချက်။ (၂၉-၁၂-၂၀၂၀) ရက်နေ့တွင် စစ်ဆေးတွေ့ရှိခဲ့သော ဓာတ်ခွဲအတည်ပြုလူနာ (၆၁၉) ဦးတွင် အနံ့မရရှိသူ (၆၉) ဦး ပါရှိပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ၃၀-၁၂-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုးကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၁၉၉၇၇၇၀၄ | ၁၁၈၄၄၄၇၂ | ၃၄၆၅၇၉ |
| ၂။ | အိန္ဒိယ | ၁၀၂၄၅၃၂၆ | ၉၈၃၄၁၄၁ | ၁၄၈၄၇၅ |
| ၃။ | ဘရာဇီး | ၇၅၆၄၁၁၇ | ၆၆၄၇၅၃၈ | ၁၉၂၇၁၆ |
| ၄။ | ရုရှား | ၃၁၃၁၅၅၀ | ၂၅၂၅၄၁၈ | ၅၆၄၂၆ |
| ၅။ | ပြင်သစ် | ၂၅၇၄၀၄၁ | ၁၉၁၈၀၆ | ၆၄၀၇၈ |
| ၆။ | ဗြိတိန် | ၂၃၈၂၈၆၅ | စိစစ်ဆဲ | ၇၁၅၆၇ |
| ၇။ | တူရကီ | ၂၁၇၈၅၈၀ | ၂၀၅၈၄၃၇ | ၂၀၃၈၈ |
| ၈။ | အီတလီ | ၂၀၆၇၄၈၇ | ၁၄၂၅၇၃၀ | ၇၃၀၂၉ |
| ၉။ | စပိန် | ၁၉၀၆၀၅၇ | စိစစ်ဆဲ | ၅၀၄၄၂ |
| ၁၀။ | ဂျာမနီ | ၁၆၉၁၇၀၇ | ၁၂၇၇၉၀၀ | ၃၂၄၂၀ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၃၀-၁၂-၂၀၂၀

| | COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၇၃၅၁၂၄ | ၆၀၃၇၄၁ | ၂၁၉၄၄ |
| ဖိလစ်ပိုင် | ၄၇၂၅၃၂ | ၄၃၉၅၀၉ | ၉၂၃၀ |
| မြန်မာ | ၁၂၃၄၇၀ | ၁၀၆၁၂၁ | ၂၆၆၄ |
| မလေးရှား | ၁၁၀၄၈၅ | ၈၇၄၆၀ | ၄၆၃ |
| စင်ကာပူ | ၅၈၅၆၉ | ၅၈၄၀၀ | ၂၉ |
| ထိုင်း | ၆၆၉၀ | ၄၂၁၂ | ၆၁ |
| ဗီယက်နမ် | ၁၄၅၆ | ၁၃၂၃ | ၃၅ |
| ကမ္ဘောဒီးယား | ၃၆၄ | ၃၆၁ | ၀ |
| ဘရူနိုင်း | ၁၅၇ | ၁၄၉ | ၃ |
| လာအို | ၄၁ | ၄၀ | ၀ |


# ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများခွင့်ပြုပေးမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄) ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ (၁၀) ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီ စိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ (၂၈-၁၂-၂၀၂၀) နေ့က ပြုလုပ်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးတွင် (၉-၁၁-၂၀၂၀) နေ့မှ (၂၆-၁၁-၂၀၂၀) နေ့ထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် အသစ် လျှောက်ထားသူ ခုနစ်ဦးကိုလည်းကောင်း၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ဂျာနယ် တစ်ဦး၊ မဂ္ဂဇင်း နှစ်ဦး၊ အထွေထွေ ၂၃ ဦး၊ ပေါင်း ၂၆ ဦးကိုလည်းကောင်း၊ သတင်းအေဂျင်စီလုပ်ငန်း လျှောက်ထားသူ ၁၅ ဦးကိုလည်းကောင်း အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများ ပြဋ္ဌာန်းသည့် (၁၀-၁၀-၂၀၁၄) နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၆၈၅ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၃၀၁၈ ဦး နှင့် သတင်းအေဂျင်စီလုပ်ငန်း ၃၆၄ ဦး၊ စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၅၀၆၇ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပြီး ဖြစ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန







**အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့် သတင်းစာ မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာပါ**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၃၀- ၁၂ - ၂၀၂၀

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၃၂၁၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် ၁၃၁၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် ၁၂၄၃၃၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၃၂၁၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် ၁၃၁၇၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် ၁၂၄၃၃၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၆၁၀/၆၅၅ ကျပ် | ၆၅၅/၆၆၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၆၂၀/၆၇၀ ကျပ် | ၆၇၀/၆၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၈၅/၆၁၅ ကျပ် | ၆၅၀/၆၅၅ ကျပ် |
| အောက်တိန်း ၉၅ | ၇၀၅/၇၃၀ ကျပ် | ၇၇၅/၇၉၀ ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၂၉ . ၁ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၂၉ . ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၀၂ . ၆ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၉၉ . ၉ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၈၆ . ၃ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၁၀၁၆ . ၇ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၀၃ . ၆၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၁၃၁ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၂၂ . ၃၃ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၉ . ၃၁ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၄ . ၂၈၁ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၉၀၀ | ၉၉၀၀ | ၆၇၆ | ၆၆၉၂၄၀၀ |
| MTSH | ၃၈၅၀ | ၃၈၅၀ | ၁၂၃၃ | ၄၇၄၇၀၅၀ |
| MCB | ၈၀၀၀ | ၈၀၀၀ | ၄၀၀ | ၃၂၀၀၀၀၀ |
| FPB | ၂၂၅၀၀ | ၂၂၅၀၀ | ၄၄၅၀ | ၁၀၀၁၂၅၀၀၀ |
| TMH | ၂၈၀၀ | ၂၈၀၀ | ၁၅၀ | ၄၂၀၀၀၀ |
| EFR | ၃၇၀၀ | ၃၇၀၀ | ၁၄၆၉ | ၅၃၁၅၃၀၀ |

ခင်ရတနာ - စုစည်းသည်

**မြန်မာ့အလင်း**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်းသတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး၊ မိမိဖြိုး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ပိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

# ရန်ကုန်တက္ကသိုလ်နှင့် ကျွန်မ

## ဒေါက်တာလေးငုံ

**ကျွန်မသည် ၁၉၈၇ ခုနှစ်တွင် အခြေခံပညာအထက်တန်းစာမေးပွဲကို (က) အဆင့်ဖြင့် အောင်မြင်ခဲ့ပါသည်။ ထိုနှစ်က စနစ်သစ်၏ ပထမဆုံးဖြေဆိုရသော စာမေးပွဲဖြစ်သောကြောင့် အောင်မြင်သူ အလွန်နည်းသည်။ ထိုသို့ရှားရှားပါးပါး အောင်မြင်သူများထဲမှ ကျွန်မပါဝင်ခဲ့၍ အလွန်ပျော်ခဲ့ရသည်။ အောင်စာရင်းကြည့်ပြီး ပြန်လာသော ကျွန်မ၏ ခြေလှမ်းများသည် မြေကြီးနှင့် မထိတော့ဟုထင်ရသည်။ ချက်ချင်းပင် တက္ကသိုလ်ကျောင်းသူကြီး ဖြစ်သွားသလို ခံစားရသည်။**



ရန်ကုန်တက္ကသိုလ်။

“ငါ့သမီး တက်ချင်တဲ့ တက္ကသိုလ်ကြီးကို တက်ရတော့မယ်”ဟု မေမေက တဖွဖွပြောနေသလို “သမီး တက္ကသိုလ်မှာ ဆရာမဖြစ်အောင် လုပ်ပါ” ဟုလည်း ဖေဖေက တိုက်တွန်းလာသည်။ တက္ကသိုလ် မတက်ရသေးခင် ရည်မှန်းချက်များ တသီကြီးဖြစ်နေလေပြီ။

ထိုနေ့ညက ကျွန်မတို့ မိသားစုအားလုံး ပျော်နေကြသည်။ ဖေဖေသည် စိတ်ကြည်နူးလာလျှင် သီချင်းညည်းတတ်သည်။ စိတ်ပါလက်ပါ သီချင်းဆိုပြတတ်သည်။ တယောမပါ၊ မယ်ဒလင်မပါ၊ တီးခတ်စရာ မပါသော်လည်း ထိုနေ့ညက အလွတ်ဆိုပြသော ဖေဖေ့သီချင်းအသံသည် ကြည်ကြည်အေးအေးနှင့် အလွန်နားထောင်၍ကောင်းလှသည်။ မေမေက ပြုံး၍ နားထောင်နေသည်။ ကျွန်မကတော့ ဖေဖေ့ပေါင်ပေါ်တွင် မေးတင်၍ နားထောင်သည်။

“ရွှေစံပယ်ရုံ ဘေးဝယ်၊ ညချမ်းရိပ်ဝယ်၊ တေးသံမေးကာ ရောက်ခဲ့ပေ့ါကွယ် xxxx ပန်းစံပယ်အလှ x x x မာလာပျိုရယ် ချစ်တင်းစကားကိုတဲ့ xxxx မောင်ပြောမယ် x x x”

ဖေဖေ့အသံသည် ကျွန်မနားထဲတွင်စွဲနေသည်။ ထိုသီချင်းသည် “ရွှေစံပယ်ရုံ” သီချင်းဖြစ်ပြီး ဖေဖေ အမြဲသီဆိုလေ့ရှိသဖြင့် ကျွန်မ အလွတ်ရနေသည်။ တက္ကသိုလ် နောက်ခံသီချင်းတစ်ပုဒ်ဖြစ်သည်ဟုလည်း ဖေဖေက ပြောဖူးသည်။

ထိုသီချင်းသည် ဒုတိယကမ္ဘာစစ်အတွင်းက ရန်ကုန်တက္ကသိုလ် ပုဂံဟောမှ တက္ကသိုလ် ကျောင်းသားကြီး ကိုဖေညွန့်က အင်းလျားဟောမှ တက္ကသိုလ်ကျောင်းသူ ခင်မိမိကို ချစ်ကြိုက်၍ ဖွဲ့ဆိုထားသည်ဟု သိရသည်။

ဖေဖေသည် ရန်ကုန်တက္ကသိုလ်တွင် ကျောင်းတက်ခဲ့သော တက္ကသိုလ်ကျောင်းသားကြီး ဖြစ်ခဲ့ဖူးသောကြောင့် သူတွေ့ကြုံခဲ့ရသော တက္ကသိုလ်အတွေ့အကြုံများ၊ သူကြားသိခဲ့ရသော အသိအမြင်များကို မကြာခဏ ပြောပြလေ့ရှိသည်။ ဖေဖေသည် သီချင်းဆိုကောင်းရုံမက စာဖတ်လည်းဝါသနာပါသည်။ တက္ကသိုလ်တက်လျှင် ကျွန်မအား မြန်မာစာမေဂျာယူရန် ပြောသည်။ ကျွန်မကိုယ်တိုင်လည်း စာဖတ်ရသည်ကို ဝါသနာပါသည်။ ငယ်စဉ်ကတည်းက စာကြီးပေကြီးများကို ဖတ်ခဲ့သည်။ ငယ်စဉ်က စတုတ္ထတန်း ကျောင်းသူဖြစ်သောကျွန်မသည် အဋ္ဌမတန်း ကျောင်းသားဖြစ်သော အစ်ကိုကြီး၏ အလယ်တန်းကဗျာ လက်ရွေးစဉ်၊ စကားပြေ လက်ရွေးစဉ် အစရှိသော ကျောင်းသင်ရိုး စာအုပ်များကို ယူဖတ်ခဲ့သည်။

“ကျွန်တော်တို့ရွာ၏ အနောက်ဘက်တွင် သင်္ချိုင်းကုန်းရှိသည်” ဟူသောဝါကျဖြင့် အစချီထားသည့် ဆရာတင်မိုး၏ “သင်္ချိုင်းကုန်း”ဟူသော ရသစာပေမှ စာကြောင်းများကို ကျွန်မ အလွတ်ပင်ရနေခဲ့သည်။ “ဖိုးမောင်လာပြီ”၊ “ပအိုဝ်းမိခင်၏ လက်စားချေခန်း” စသော ဇာတ်လမ်း ကဗျာများကိုဖတ်၍ ကျွန်မ မျက်ရည်ကျခဲ့ရသည်။ ဆရာကြီး ဇော်ဂျီ၊ ဆရာကြီး မင်းသုဝဏ်၊ ဆရာသိပ္ပံမောင်ဝတို့ ကဲ့သို့သော ခေတ်စမ်းစာဆိုရှင်ကြီးများကို လေးစားအားကျခဲ့သည်။ မြန်မာစာကို ချစ်သည်။ မြန်မာစာကို မြတ်နိုးသည်။ ထို့ကြောင့်လည်း တက္ကသိုလ်တက်လျှင် မြန်မာစာ မေဂျာယူမည်ဟု သန္နိဋ္ဌာန်ချခဲ့သည်။

### ရန်ကုန်တက္ကသိုလ် ကျောင်းသူဘဝ

ကျွန်မသည် ရန်ကုန်တက္ကသိုလ် ဗိုလ်တထောင်နယ်မြေတွင် မြန်မာစာမေဂျာဖြင့် ပထမနှစ် တက်ခွင့်ရသည်။ ကျွန်မတို့ ကျောင်းတက်စဉ်က ရန်ကုန်တက္ကသိုလ် လက်အောက်ခံ ဗိုလ်တထောင်နယ်မြေ(RC1)၊ လှိုင်နယ်မြေ (RC2)၊ ကြည့်မြင်တိုင်နယ်မြေ(RC3) ဟူ၍ရှိရာ ပထမနှစ်နှင့် ဒုတိယနှစ်ကို သက်ဆိုင်ရာ နယ်မြေများတွင် တက်ရောက်ရပြီး တတိယနှစ်ရောက်မှသာ ရန်ကုန်တက္ကသိုလ်(ပင်မ)သို့ ပြောင်းရွှေ့တက်ခွင့်ရပါသည်။ ကံဆိုးချင်တော့ ကျွန်မ ကျောင်းတက်ပြီး နှစ်ဝက်လောက်အရောက်တွင် ရှစ်လေးလုံး အရေးအခင်း စတင်လေတော့သည်။ ကျောင်းတွေ ပိတ်လိုက်ရသည်။ သုံးနှစ်ကျော်၊ လေးနှစ်နီးပါး ကျောင်းစာသင်ခန်းများနှင့် အဆက်အသွယ်ပြတ်သွားခဲ့သည်။ ကျောင်းများ ပြန်ဖွင့်သောအခါ အသက်သုံးနှစ်လောက် ကြီးသွားပါပြီ။ အချိန်တိုအတွင်း ကျောင်းတက်ပြီး စာမေးပွဲများဖြေဆိုကြရသည်။ ရန်ကုန်တက္ကသိုလ်လက်အောက်ခံ နယ်မြေများတွင် ပထမနှစ်၊ ဒုတိယနှစ်သာမက တတိယနှစ်အထိ တက်ကြရသည်။ စတုတ္ထနှစ်ရောက်မှ ရန်ကုန်တက္ကသိုလ်(ပင်မ) သို့ တက်ခွင့်ရသည်။ သို့သော် ဒုတိယနှစ်တွင် ဂုဏ်ထူးတန်းဝင်ပါက ရန်ကုန်တက္ကသိုလ် (ပင်မ)သို့ ပြောင်းရွှေ့တက်ရပါသည်။

“တက္ကသိုလ် ဆရာမပဲ လုပ်ပါ သမီးရယ်” ဟူသော မိဘနှစ်ပါး၏ အသံများသည် ကျွန်မ၏နားထဲတွင် ပဲ့တင်ထပ်နေပြီး ကျွန်မကိုယ်တိုင်လည်း ဆရာမအလုပ်ကို ဝါသနာပါသည်။ ဒုတိယနှစ်တွင် ဂုဏ်ထူးတန်းဝင်ရန် ကြိုးစားခဲ့ပြီး ဂုဏ်ထူးတန်းဝင်ခဲ့ပါသည်။ ကျွန်မသည် ၁၉၉၂ ခုနှစ်တွင် ပထမနှစ်ဂုဏ်ထူးတန်း ကျောင်းသူဘဝဖြင့် ရန်ကုန် တက္ကသိုလ်ကြီးသို့ စတင် ခြေချခွင့်ရသည်။ တောင်ငူဆောင်တွင် တက်ရပါသည်။ မှတ်မှတ်ရရ ရန်ကုန်တက္ကသိုလ်ကြီးထဲသို့ ကျောင်းစတက်သောနေ့တွင် တောင်ငူဆောင်ကို ရှာမတွေ့၍ ကျောင်းထဲမှာ တစ်ယောက်တည်း ယောင်လည်လည် ဖြစ်နေသည်။ ချိန်းထားသော သူငယ်ချင်းများနှင့်လွဲ၍ ပဲခူးဆောင်ဘက်သို့ ရောက်သွားခဲ့သည်။

“ညိုချောလေးရယ်ယဉ်ပါတယ်” ဟူသော အသံပြကြီးကြောင့် ကျွန်မအဆောင် အပေါ်ထပ်သို့ မော့ကြည့်မိသည်။ “အချစ်ကလေးရေ ဘယ်သူ့ကိုရှာနေတာလဲ၊ ကိုယ့်ကို ရှာနေတာလား”။ အဆောင်ပေါ်မှ ကျောင်းသားတစ်ယောက်က လှမ်း၍ စနောက်သဖြင့် ပဲခူးဆောင်နားမှ အမြန်သုတ်ခြေတင်ခဲ့ရသည်။ ရှက်ရှက်နှင့် လျှောက်ခဲ့ရင်း အင်းဝ ကင်န်တင်းဘက်သို့ ဘယ်လိုရောက်သွားသည်မသိ။ “မလေးငုံ”ဟု လှမ်းခေါ်လိုက်သော အသံကြောင့် လှည့်ကြည့်မိရာ ကင်န်တင်းတွင် ထိုင်နေကြသော သူငယ်ချင်းများကို တွေ့ရပါသည်။ ကျွန်မသည် နဖူးတွင်စိုနေသောချွေးစများကို သုတ်၍ ခုံတစ်ခုံကိုဆွဲယူကာ ထိုင်လိုက်သည်။ သူငယ်ချင်းများကို တွေ့ရသဖြင့် အမောပြေခဲ့ရသည်။ ဥသြငှက်လေး၏ သာသာယာယာ ဆွဲဆွဲငင်ငင် အော်မြည်နေသော အသံသည် တွေ့ဆုံကြုံကွဲ ဟူသော လောက၏ ဓမ္မတာတရားကို ပြောပြနေသယောင်ယောင်ပင်။

### မြန်မာစာဂုဏ်ထူးတန်းတက်ရောက်ခြင်း

ထိုနှစ်က ရန်ကုန်တက္ကသိုလ် ဗိုလ်တထောင်နယ်မြေမှ ဂုဏ်ထူးတန်းဝင်ခဲ့သူများမှာ မလေးငုံ(စာရေးသူ ကျွန်မ) အပါအဝင် မာလာအောင်၊ ရီရီမြင့်၊ နုမြင့်ထက်နှင့် ခင်မိုးအေး ၅ ဦး ဖြစ်ပါသည်။ ဗိုလ်တထောင်နယ်မြေမှာ ကျောင်းတက်စဉ် ကိုယ့်အုပ်စုနှင့်ကိုယ် ခပ်တန်းတန်းနေခဲ့ကြသော်လည်း ဂုဏ်ထူးတန်းဝင်၍ ရန်ကုန်တက္ကသိုလ်သို့ ရောက်လာသောအခါ အလွန်ခင်မင်ရင်းနှီးသော သူငယ်ချင်းများ ဖြစ်သွားခဲ့သည်။ ကျွန်မတို့အထဲတွင် မာလာအောင်က အလှဆုံးဖြစ်သည်။ ငွေကြေးလည်း ချမ်းသာကြွယ်ဝသည်။ သူ့ကို သဘောကျ၍ ပိုးပန်းနေကြသော ကျောင်းသားအများအပြားရှိသည်။ စက်မှုကျောင်းသားများ၊ ဆေးကျောင်းသားများလည်း ပါဝင်သည်။ ဂုဏ်ထူးတန်းသုံးနှစ်တက်၍ ဝိဇ္ဇာ(ဂုဏ်ထူး) ဘွဲ့ရပြီး မာလာအောင် ကျောင်းဆက်မတက်တော့ပါ။ ဆရာဝန်တစ်ဦးနှင့် အိမ်ထောင်ပြုသွားခဲ့သည်။ နောက်တစ်ယောက်က ရီရီမြင့်၊ သူ့ကို ရီလေးဟု ကျွန်မတို့က ချစ်စနိုးခေါ်ခဲ့ကြသည်။ သူက အသားညိုညိုဝဝနှင့် ရှပ်အင်္ကျီကို အမြဲဝတ်ဆင်သည်။ ယောကျ်ားလေးပုံစံဖြစ်သည်။ ကျွန်မတို့ အုပ်စု ရွှေဘိုဆောင်ဘက်က ဖြတ်လျှောက်တိုင်း “မိန်းမ အာနိုးကြီး” ဟု အဆောင် ကျောင်းသားများက စလေ့ရှိသည်။ ထိုအခါမျိုးတွင် ရီလေးသည် အာဝဇ္ဇန်းကောင်းကောင်းဖြင့် ကျောင်းသားများကို ပြန်လည်ချေပလေ့ရှိတတ်သည်။ ကျွန်မတို့အတွက် ပျော်ရွှင်ဖွယ်ရာ နေ့ရက်များ ဖြစ်ခဲ့ရသည်။

နောက်တစ်ယောက်ကတော့ နုမြင့်ထက် ဖြစ်သည်။ သူက စာပေသမား၊ ခပ်အေးအေး နေတတ်သည်။ စကားပြောလျှင်လည်း လေသံအေးအေးနှင့်။ ကျောင်းပိတ်ရက်တွင် သီလရှင်ဝတ်ခဲ့၍ ကျောင်းပြန်တက်တော့ ခေါင်းတုံး (ဂဒုန်း) ဆံပင်နှင့် ဖြစ်နေသည်။ အသားအရေ စိုစိုပြည်ပြည်၊ နူးနူးညံ့ညံ့နှင့် စာကြမ်းပိုးရုပ်လည်း ပေါက်သည်။ သူလည်း ဂုဏ်ထူးတန်းပြီးတော့ ကျောင်းဆက်မတက်တော့ပါ။ ပညာရေးကို ဦးစားပေးသူဖြစ်ပါလျက် ဘာကြောင့် ကျောင်းဆက်မတက်တာလဲ ဟူသောအကြောင်းကိုလည်း ကျွန်မတို့ မသိရတော့ပါ။ သူနှင့် အဆက်အသွယ်ပြတ်ခဲ့ရသည်။ မကြာသေးခင်က သူကွယ်လွန်သွားတာ ကြာပြီဟူသော သတင်းကို သူငယ်ချင်းတစ်ယောက် ဆီကကြားသိခဲ့ရသည်။ လွန်စွာစိတ်မကောင်း ဖြစ်ခဲ့ရသည်။ အင်းလျားကန်ပေါင်က ဘူးသီးကြော်ဆိုင်၊ ဘွဲ့နှင်းသဘင်ရှေ့က ခြင်္သေ့ရုပ်ကြီးဘေး၊ သစ်ပုပ်ပင် ကြီးရဲ့ အနီးအနား၊ အပန်းဖြေရိပ်သာ (RC)ထဲမှာ၊ စာကြည့်တိုက်ကြီးရဲ့ တစ်နေရာ၊ ဂျပ်ဆင်ရှေ့က မြတ်ခင်းပြင်၊ ဦးချစ်ဆိုင်၊ တောင်ငူဆောင်ကြီးရဲ့ စာသင်ခန်းတွေထဲမှာ သူ့ရဲ့ပုံရိပ်တွေ တင်ကျန်ခဲ့ပါပြီ။

ခင်မိုးအေးကတော့ ဖြူဖြူသွယ်သွယ်လေးဖြစ်ပြီး ချစ်စရာကောင်းသည်။ သူ့ကို မိုးမိုးဟု ခေါ်သည်။ သူလည်း ရီလေးကဲ့သို့ပင် စကားတတ်သည်။ အမြဲရယ်ပြုံးနေတတ်သည်။ တက်တက်ကြွကြွနှင့် ထက်ထက်မြက်မြက်ရှိသည်။ သူက ကျွန်မနှင့်အတူ မဟာဝိဇ္ဇာတန်းအထိ အတူတက်ခဲ့ပြီး ယခု ကုမ္ပဏီတစ်ခုတွင် အလုပ်ဝင်နေသည်ဟု သတင်းကြားရသည်။ ကျွန်မတို့သူငယ်ချင်း ၅ ယောက်သည် ဂုဏ်ထူးတန်း ပြီးဆုံးသည်အထိ သွားအတူ၊ လာအတူ၊ စားအတူနှင့် ကထိန်ပွဲ၊ အာစရိယပူဇော်ပွဲ၊ အနုပညာအသင်းက ပြုလုပ်သောပွဲများ၊ အားကစားပွဲများတွင် တက်တက်ကြွကြွ ပါဝင် ဆင်နွှဲခဲ့ကြသည်။ ရီလေးနှင့် မိုးမိုးတို့က ကျောင်းလက်ရွေးစင် ဘော်လီဘောအားကစားသမားများဖြစ်သည်။

ရန်ကုန်တက္ကသိုလ် တောင်ငူဆောင်တွင် ထိုစဉ်က အင်္ဂလိပ်စာဌာနနှင့် မြန်မာစာဌာနတို့ရှိပြီး အင်္ဂလိပ်စာဌာနမှာ မြေညီထပ်နှင့် အလယ်ထပ်တစ်ဝက်၊ မြန်မာစာဌာနမှာ အပေါ်ဆုံးထပ်နှင့် အလယ်ထပ်တစ်ဝက်ဖြစ်သည်။ အင်္ဂလိပ်စာဌာနနှင့် မြန်မာစာဌာန နှစ်ခုပေါင်း၍ တောင်ငူဆောင်ကြီးသည် အလွန်စည်ကားသိုက်မြိုက်နေသည်။ ထိုစဉ်က မြန်မာစာပါမောက္ခဌာနမှူးမှာ ဒေါ်ပိုဖြစ်သည်။ ကျွန်မတို့ ဂုဏ်ထူးတန်း ပထမနှစ် စတက်တော့ T 23 တွင် စာသင်ကြားရပြီး ယခု မြန်မာစာပြတိုက်ဖွင့်ထားသော အခန်းဖြစ်ပါသည်။

### ဆရာကြီးမောင်ခင်မင်ဆီက အလေ့အကျင့်ကောင်းများ

ဆရာကြီး ဦးခင်အေးကို ပထမဆုံးမြင်ဖူးသောနေ့သည် ကျွန်မတို့အတန်းကို ဆရာ စဝင်သောနေ့ဖြစ်ပါသည်။ ဆရာကြီးသည် “ဝေလေလေ” ဟူသောစကား၏ အဓိပ္ပာယ်ကို ရှင်း၍ ကျောင်းသူကျောင်းသားများကို ဆုံးမစကားပြောကြားခဲ့သည်။ ပထမနှစ် ဂုဏ်ထူးတန်းမှစ၍ ဆရာကြီးနှင့် စာသင်ကြားခွင့်ရခဲ့ပါသည်။ ဆရာကြီးသည် အတန်းကိုအချိန် တိတိကျကျ ဝင်သည်။ ဘယ်သောအခါမှ အတန်းကို အချိန်နောက်ကျမှ ဝင်သည်ဟူ၍ မရှိခဲ့ပေ။ ကျောင်းသူ ကျောင်းသားများ အတန်းချိန် နောက်ကျမှ ဝင်လာလျှင်လည်း မကြိုက်ပေ။ အတန်းချိန် နောက်ကျမှ ဝင်လာလျှင်လည်း စာသင်ခဏရပ်ပြီး မျက်မှန်အပေါ်မှကျော်၍ တစ်ချက်စိုက်ကြည့်တတ်သည်။ ပြီးတော့ စာဆက်သင်သည်။ ဆရာကြီးသည် ကျောင်းသူကျောင်းသားများကို ဆူဆူပူပူ လုပ်လေ့မရှိ။ ဆရာကြီး၏ မေတ္တာ စေတနာကို နားလည်ကြသော ကျောင်းသူ ကျောင်းသားများသည် နောက်တစ်ခါ စာသင်ချိန် နောက်မကျတော့ဘဲ အချိန်မှန် အတန်းဝင်တတ်သည့် အလေ့အကျင့်ကို ရလာကြသည်။

၁၉၉၃ ခုနှစ် နိုဝင်ဘာလတွင် ဒဂုံတက္ကသိုလ်သို့ စတင်ဖွင့်လှစ်သောအခါ ဆရာကြီးသည် ဒဂုံတက္ကသိုလ်တွင် တွဲဖက်ပါမောက္ခတာဝန်ဖြင့် တာဝန် ထမ်းဆောင်ခဲ့သည်။ ဆရာကြီးသည် ဒဂုံတက္ကသိုလ်မှ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနရှိ ဂုဏ်ထူးတန်းများနှင့် မဟာတန်းများကို မမောနိုင်၊ မပန်းနိုင်လာရောက် သင်ကြားပို့ချခဲ့သည်။ ကျွန်မတို့သည် တောင်ငူဆောင်၏ ငယ်မွေးခြံပေါက်များဖြစ်သည်ဟု ဆရာကြီးက မကြာခဏ ပြောလေ့ရှိသည်။ ဆရာကြီး ဆရာမကြီးတို့၏ ကျေးဇူးတရားများသည် ကျွန်မတို့တပည့်များအပေါ်တွင် လွန်စွာကြီးမားခဲ့ပါသည်။ *စာမျက်နှာ ၂၂ သို့*

**“ရန်ကုန်တက္ကသိုလ်သည် နှစ် ၁၀၀ အတွင်း ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးနှင့်တကွ နိုင်ငံတော်၏ အရေးအရာ ဘက်စုံကဏ္ဍတို့တွင် ထူးချွန်ပြောင်မြောက်စွာ ဆောင်ရွက်နိုင်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ မွေးထုတ်ပေးခဲ့သည်။ ရန်ကုန်တက္ကသိုလ်ကြီးသည် တစ်ချိန်က အရှေ့တောင်အာရှ နိုင်ငံများ၌ အလှပဆုံးသော တက္ကသိုလ်၊ ပညာရှင်များ လေးစားရသော တက္ကသိုလ်အဖြစ် ရပ်တည်ခဲ့”**

# ရန်ကုန်တက္ကသိုလ် နှစ်တစ်ရာပြည့်အထိမ်းအမှတ်ဆောင်းပါး



*စာမျက်နှာ ၂၀ မှ*

ကျွန်မတို့ ကျောင်းသူဘဝက စာမေးပွဲ ဖြေရသည်မှာ တစ်နှစ်တစ်ကြိမ်စနစ်ဖြစ်၍ အားလပ်ချိန်များလည်း အတော်ရခဲ့သည်။ ထိုအချိန်က မြန်မာနိုင်ငံတွင် တက္ကသိုလ်၊ ကောလိပ် များများစားစား မရှိချေ။ ရန်ကုန်တက္ကသိုလ်ကြီးတွင် အနယ်နယ်အရပ်ရပ်မှ လာရောက် ကျောင်းတက်ကြသော ကျောင်းသူ ကျောင်းသားများနှင့် သူငယ်ချင်းများဖြစ်ကာ ရင်းနှီးကျွမ်းဝင်ခဲ့ကြသည်။ နွေရာသီကျောင်း ပိတ်ရက်သို့ရောက်လျှင် တစ်ယောက်နှင့် တစ်ယောက် စာများရေး၍ အလွမ်းဖြေခဲ့ကြသည်။ ချစ်သူ ရည်းစားရှိသောသူများဆိုလျှင် နွေရာသီကျောင်း ပိတ်ရက် အမြန်ကုန်ဆုံး၍ မိုးရာသီကျောင်းများ ပြန်ဖွင့်မယ့်ရက်ကို လွမ်းမောတသစွာ စောင့်မျှော်ကြရှာပါသည်။ ထိုစဉ်က ယခုလို ဖုန်းဆက်ရသည်ကလည်း မလွယ်၊ လမ်းပန်းဆက်သွယ်ရေးကလည်း မကောင်းသဖြင့် တစ်နေရာနှင့် တစ်နေရာ ကမ္ဘာကြီး ခြားနေသည်ဟု ထင်ရသည်။

ကျွန်မ တတိယနှစ် ဂုဏ်ထူးတန်း တက်နေစဉ် ၁၉၉၅ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် (၇၅) နှစ်မြောက် စိန်ရတုပွဲနှင့်ကြုံခဲ့ရသည်။ စိန်ရတု အကြိုလှုပ်ရှားမှုများ အနေဖြင့် ရန်ကုန်တက္ကသိုလ်သမိုင်းနှင့် အထိမ်းအမှတ်စာစောင်များ၊ ဘာသာရပ်ဆိုင်ရာ ဂျာနယ်များ၊ ပြည်တွင်း ပြည်ပ သုတေသီများ၏ သုတေသနစာတမ်းဖတ်ပွဲနှင့် ဟောပြောပွဲများ၊ ဆွေးနွေးပွဲများ၊ စာပေ ပြိုင်ပွဲနှင့် ပြပွဲ စသောစာပေနှင့် ပညာရပ် ဆိုင်ရာ လှုပ်ရှားမှုများအပြင် အားကစားပြိုင်ပွဲ များ၊ ကာယအလှမောင်/မယ် ပြိုင်ပွဲများ၊ ခေတ်အဆက်ဆက် ဝတ်စားဆင်ယင်မှုပြပွဲများ စသောပွဲများကို ခြိမ့်ခြိမ့်သဲသဲ စည်ကား သိုက်မြိုက်စွာ ကျင်းပခဲ့ပါသည်။

နိုင်ငံတော်က စိန်ရတုခန်းမနှင့် စိန်ရတု ဥယျာဉ်ကို တည်ဆောက်ပေးခဲ့သည်။ အဆောင်အလိုက်၊ ဘာသာရပ်အလိုက် အသင်းအဖွဲ့များကလည်း တက္ကသိုလ် ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်များ စိုက်ပျိုးကြရာ ကျွန်မတို့ကျောင်းသူ ကျောင်းသားများကလည်း ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြသည်။ ညဘက်တွင် သထုံလမ်းတောက်လျှောက် စိန်ရတုခန်းမကြီး အထိ မီးရောင်စုံများထွန်းညှိကာ ဘာသာရပ်အသီးသီးမှ ဖွင့်လှစ်ရောင်းချသော ဆိုင်ခန်းများဖြင့် ပျော်စရာကောင်းပြီး ပွဲတော်ကြီးကို သက်ဝင်လှုပ်ရှားစေခဲ့ပါသည်။ ကံ့ကော်ပွင့် ၃ ပွင့်၊ ဘွဲ့နှင်းသဘင်၊ နောက်ခံကောင်းကင်ပြာ နှင့် မြေသားအညို ၁၉၂၀ – ၁၉၉၅ ဟူသည့် စာတန်း အောက်ခံ အပြာတို့သည် ရန်ကုန် တက္ကသိုလ်၏ (၇၅) နှစ်မြောက် စိန်ရတုအမှတ်တံဆိပ်ဖြစ်သည်။ ထိုစဉ်က ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်သည် ဒေါက်တာ ထွန်းမောင် ဖြစ်သည်။ တက္ကသိုလ်နှင့်ဆိုင်သော သီချင်းများကိုလည်း မြန်မာ့ရုပ်မြင်သံကြားမှ နေ့စဉ်ထုတ်လွှင့်ပေးခဲ့သည်။ ဦးသက်လွင် (အဆင့်မြင့်) ရေးသားသော **"မြကျွန်းညိုညို၊ တက္ကသိုလ်"** သီချင်းသည် ထိုအချိန်မှစ၍ တက္ကသိုလ်လောကတွင် အလွန်နာမည်ကြီးသော သီချင်းဖြစ်လာခဲ့သည်။ ယနေ့အထိ မြန်မာနိုင်ငံရှိ တက္ကသိုလ်များ၏ အခမ်းအနားတွင် "မြကျွန်းညိုညို" သီချင်းသည် တက္ကသိုလ်အဖွင့်သီချင်းအဖြစ် တက္ကသိုလ်၏ ဂုဏ်ပုဒ်ကို ထည်ထည်ဝါဝါ မြှင့်တင်နိုင်ခဲ့သည်။

ကျွန်မသည် ၁၉၉၅ – ၉၆ တွင် ဝိဇ္ဇာဂုဏ်ထူးဘွဲ့ကို ရရှိခဲ့ပြီး မဟာဝိဇ္ဇာတန်းသို့ ဆက်၍ တက်ခဲ့သည်။ သူငယ်ချင်းများဖြစ်သည့် ရီရီမြင့်နှင့် ခင်မိုးအေးတို့လည်း ကျွန်မနှင့်အတူ မဟာဝိဇ္ဇာတန်းကို တက်ကြသည်။ မာလာအောင်နှင့် နုမြင့်ထက်ကတော့ ဝိဇ္ဇာ (ဂုဏ်ထူး)ဘွဲ့နှင့်ပင် ရပ်၍ ကျောင်းဆက်မတက်ကြတော့ပါ။ မဟာတန်းတွင် ဘာသာနှင့် စာပေဟူ၍ရှိရာ မိမိတို့ကို ကြိုက်နှစ်သက်ရာ ဘာသာတွဲ ယူခွင့်ရှိပါသည်။ ကျွန်မတို့ သူငယ်ချင်း ၃ ယောက် "ဘာသာ" တွဲကို ယူခဲ့ကြသည်။

ဘာသာတွဲတွင် မြန်မာကျောက်စာ၊ မွန်ကျောက်စာ၊ မင်စာ၊ ပျူစာ စသော ရှေးဟောင်းစာများ၊ ဘာသာဗေဒ၊ သဒ္ဒဗေဒနှင့် ဘာသာစကားဆိုင်ရာ ကျမ်းများ၊ ဒုတိယကျော်အောင် စံထားဆရာတော်၊ ဦးဖိုးလတ်၊ ဝဇီရမုတ္တိ၊ ဦးဖိုးစိန် စသောပုဂ္ဂိုလ်ကျော်ကြီးများ၏ သဒ္ဒါဆိုင်ရာကျမ်းများ၊ ဝေါဟာရဆိုင်ရာကျမ်းများကိုလည်း သင်ရပါသည်။ ထိုအချိန်တွင် မြန်မာစာဌာန၏ ပါမောက္ခဌာနမှူး ဆရာမကြီး ဒေါ်ပိုသည် ဧည့်ပါမောက္ခအဖြစ် ဂျပန်နိုင်ငံတွင် သုံးနှစ်တာဝန်ထမ်းဆောင်ခဲ့ပြီး ရန်ကုန်တက္ကသိုလ်တွင် ဒုတိယအကြိမ် ပါမောက္ခဌာနမှူးတာဝန်ကို ထမ်းဆောင်ခဲ့ပါသည်။ ဆရာမကြီးသည် ကျွန်မတို့၏ မဟာဝိဇ္ဇာကျမ်း ခေါင်းစဉ်များကို ကိုယ်တိုင်စိစစ်ပေးခဲ့သည်။ ကျွန်မသည် ၁၉၉၉ ခုနှစ်တွင် မဟာဝိဇ္ဇာဘွဲ့ကို ရရှိခဲ့သည်။ မဟာဝိဇ္ဇာဘွဲ့ယူပြီးသည့်နောက်တွင် ကျောင်းကြီးနှင့် ၂ နှစ်ခန့် အဆက်အသွယ် ပြတ်ခဲ့ပါသည်။ တက္ကသိုလ်ဆရာမ ဖြစ်ချင်လွန်းသော ကျွန်မ၏ ဆန္ဒတို့သည် ချက်ချင်း မပြည့်ဝခဲ့ပေ။ တက္ကသိုလ်များမှ နည်းပြရာထူးများ ခေါ်ဆိုတိုင်း အကြိမ်ကြိမ် ဝင်ရောက်ဖြေဆိုခဲ့ရသည်။ ၂၀၀၂ ခုနှစ်၊ ဇန်နဝါရီလတွင် ပြည်တက္ကသိုလ်တွင် နည်းပြရာထူးဖြင့် တာဝန်စတင် ထမ်းဆောင်ခဲ့သည်။

ထိုစဉ်က ပြည်တက္ကသိုလ်၏ ပါမောက္ခချုပ်သည် ဆရာကြီး ဦးမြဝင်းမြင့်ဖြစ်ပြီး ဆရာကြီးသည် မြဝင်း (ဒဿန) ဟူသော ကလောင်အမည်ဖြင့် စာရေးသားခဲ့သည်။ ပြည်တက္ကသိုလ် မြန်မာစာပါမောက္ခ၊ ဌာနမှူးမှာ ဆရာမကြီး ဒေါ်အေးမြင့်(ကလောင်အမည် ပြုံးမြေလတ်) ဖြစ်သည်။ ဆရာမကြီးသည် စည်းကမ်းအလွန်ကြီးသည်။ ဌာနရှိ ဆရာမများ ကျောင်းလာလျှင် အင်္ကျီလက်ရှည်၊ ရင်ဖုံးကိုသာ ဝတ်ဆင်ရပါသည်။ ထိုအချိန်က တက္ကသိုလ် ဆရာ၊ ဆရာမများ ဝတ်ဆင်ရန် ကျောင်းဝတ်စုံ မပေါ်သေးပါ။

ပြည်နှင့် ရန်ကုန်သည် ၆ နာရီခန့် ကားစီးရပါသည်။ ငယ်စဉ်ကတည်းက အိမ်နှင့် မခွဲခဲ့ဖူးသော ကျွန်မသည် အဖေနှင့် အမေကို အလွန်လွမ်းခဲ့ပါသည်။ ကျွန်မ၏ တစ်ဦးတည်းသော လူမမည်သားလေးကိုလည်း လွမ်းပါသည်။ စနေ၊ တနင်္ဂနွေနေ့ ညနေတိုင်း ပြည်ရွှေဆံတော်ဘုရားကြီးသို့သွား၍ ဘုရားဝတ်ပြုပြီးတိုင်း "အိမ်ကိုအမြန်ပြန်ရပါလို၏" ဟု ဆုတောင်းရသည်မှာလည်း အမောပင်။ ပြည်ရွှေဆံတော်ဘုရားပေါ်ရှိ တောင်ပိုင် ဘိုးဘိုးကြီး ရုပ်တုရှေ့တွင် သစ္စာဆို၍ ကျောက်တုံး "မ" ရသည်မှာလည်း အကြိမ်ကြိမ်။ နောက်ဆုံးတော့ ပြည်တောင်ပိုင်ဘိုးဘိုးကြီးသနားလေရော့လားမသိ။ ပြည်တက္ကသိုလ် တွင် ၇ လခန့်ကြာသောအခါ ရန်ကုန်တက္ကသိုလ်သို့ ပြောင်းရွှေ့ခဲ့ရသည်။

## ပြည်တက္ကသိုလ်မှ ရန်ကုန်တက္ကသိုလ်သို့

ပြောင်းရွှေ့ရသည့်အကြောင်းကား ပါရဂူကြိုသင်တန်းဝင်ခွင့်ဖြေဆိုရာတွင် အောင်မြင်ပြီး ပါရဂူကြိုတန်း တက်ရခြင်းကြောင့် ဖြစ်သည်။ ပါရဂူကြိုတန်း တစ်နှစ်ပြီးသွားသောအခါ ရန်ကုန်တက္ကသိုလ်မှာပင် နည်းပြဘဝဖြင့် ဆက်လက် တာဝန်ထမ်းဆောင်ခွင့်ရခဲ့သည်။ ထိုစဉ်က ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနဌာနမှူးသည် ဆရာကြီး ဒေါက်တာ ခင်အေးဖြစ်သည်။ ဆရာကြီးသည် ၂၀၀၂ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်နေ့တွင် ကျင်းပသော ရန်ကုန်တက္ကသိုလ်(၁၀၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ဂုဏ်ထူးဆောင် စာပေပါရဂူဘွဲ့ကိုရရှိခဲ့သည်။ မြန်မာစာဌာန၏ မဏ္ဍိုင်ကြီးသဖွယ် အားကိုးအားထားပြုခဲ့ရသော ဆရာကြီးအတွက် မြန်မာစာမိသားစုတစ်စုလုံးက ဝမ်းမြောက်ဂုဏ်ယူခဲ့ရပါသည်။

ကျွန်မ ပါရဂူတန်း စတက်သော ၂၀၀၂ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်ကြီးသည် အရင်ကနှင့် မတူတော့ပေ။ ယခင်က နုပျိုလန်းဆန်း တက်ကြွနေသော ရန်ကုန်တက္ကသိုလ်ကြီးသည် ယခုအခါ ဣန္ဒြေရရနှင့် တည်ငြိမ်ရင့်ကျက်နေသော အသွင်ကိုဆောင်နေပြီး အဓိပတိလမ်းအဆုံး ဘွဲ့နှင်းသဘင်ခန်းမကြီးသည် သူ့ထံသို့ ရောက်လာမည့်သူများကို တမ်းတနေသယောင်ရှိသည်။ ကျောင်းသူ ကျောင်းသားများ၏ မိတ်ဆွေ၊ သူငယ်ချင်းသဖွယ်ဖြစ်ခဲ့သော သစ်ပုပ်ပင်ကြီးသည် အဓိပတိလမ်းအတိုင်း ဖြတ်လျှောက်လာမည့် ငယ်ပေါင်းကြီးဖော်များကို လှမ်းမျှော်ကြည့်နေသယောင် ခံစားရသည်။ ဂျပ်ဆင်ဘုရားရှိခိုးကျောင်းထဲမှ ဓမ္မသီချင်းသံတို့ကလည်း တစ်ချက်တစ်ချက် ပျံ့လွင့်နေသည်။ စာကြည့်တိုက်တွင် ယခင်က ကျောင်းသူ ကျောင်းသားများနေရာတွင် စတစ်ကော်လာ၊ လည်ကတုံးလက်ရှည်နှင့် ဝတ်ဆင်ထားသောဆရာများ၊ မြန်မာဆန်ဆန် ဝတ်ဆင်ထားသော ဆရာမများ၊ ပါရဂူကျောင်းသူ ကျောင်းသား အနည်းအကျဉ်းသာ မြင်ရတော့သည်။ ကျောင်းကြီး၏ လူအစည်ကားဆုံးနေရာဖြစ်သော RC ထဲတွင်ပင် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ တစ်ယောက်စ နှစ်ယောက်စသာ ရှိတော့သည်။ အင်းလျားကန်ပေါင်ပေါ်ရှိ ဘူးသီးကြော်ဆိုင်များကလည်း ခြောက်ကပ်ကပ်နှင့်...။

မြန်မာနိုင်ငံတစ်ဝန်းတွင် တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ ကောလိပ်များ တိုးချဲ့ဖွင့်လှစ်လိုက်သဖြင့် ရန်ကုန်တက္ကသိုလ်ထဲတွင် ကျောင်းသားဦးရေ အတော်နည်းပါးသွားခဲ့ပြီး ပါရဂူသင်တန်းများနှင့် အချို့ဌာနများတွင် ဒီပလိုမာသင်တန်းများ အနည်းငယ်သာ ရှိပေသည်။ အမိတက္ကသိုလ်ကြီးသည် ဆယ်စုနှစ် တစ်စုခန့် အထီးကျန်ခဲ့ရသော်လည်း ဣန္ဒြေရရနှင့် လှပနေဆဲဖြစ်သည်။ နွေ၊ မိုး၊ ဆောင်းတို့ အလီလီပြောင်းခဲ့ပါသည်။ ကျွန်မလည်း ပါရဂူကျမ်းကိုပြုစုရင်း လွမ်းမောဖွယ်ရာ နေ့ရက်များကို ဖြတ်သန်းခဲ့ရသည်။ တစ်ခါတစ်ရံ သူငယ်ချင်းများကို လွမ်းပါသည်။ သူတို့က တက္ကသိုလ်ဆရာမ မလုပ်ကြပေ။ မဟာဝိဇ္ဇာတန်းပြီးကတည်းက သူတို့နှင့် အဆက်အသွယ် ပြတ်ခဲ့ရသည်။

## မိခင်မြန်မာစာဌာနရင်ခွင် ခိုလှုံခဲ့ခြင်း

၂၀၀၆ ခုနှစ်တွင် ဆရာကြီး ဒေါက်တာ ခင်အေး ပင်စင်ယူပြီး ဆရာမကြီး ဒေါက်တာ ခင်ဆွေမြင့် ပါမောက္ခဌာနမှူးဖြစ်လာသည်။ ဆရာမကြီးသည် မြန်မာစာဌာနကို အလွန်ချစ်သူဖြစ်သည်။ ဆရာမကြီး လက်ထက်တွင် တောင်ငူဆောင်ရှေ့၌ ပန်းခြံလေး ပြုလုပ်ကာ ရေကန်လေး တည်ဆောက်ပေးခဲ့သည်။ ထိုရေကန်လေးကို ငေးကြည့်မိတိုင်း ဆရာမကြီးကို လွမ်းပါသည်။ ဆရာမကြီး ဒေါက်တာ ခင်ဆွေမြင့် တစ်နှစ်ကျော်ခန့် ဌာနမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ဆရာမကြီး ဒေါက်တာ ခင်ဆန်းဦးသည် မြန်မာစာဌာန၏ ပါမောက္ခဌာနမှူး ဖြစ်လာခဲ့သည်။

ဆရာမ ဒေါက်တာ ခင်ဆန်းဦး လက်ထက် ၂၀၀၇ ခုနှစ် မေလတွင် "ကုန်းဘောင်ခေတ်တွင် မြန်မာကျောက်စာများရှိ နာမ်အထူးပြုပုဒ်များ လေ့လာချက် (ဘာသာဗေဒလေ့လာမှု)" ဟူသောခေါင်းစဉ်ဖြင့် ပါရဂူဘွဲ့ကို ရရှိခဲ့ပါသည်။ ကျွန်မသည် ထိုအချိန်အထိ ရန်ကုန်တက္ကသိုလ်တွင် နည်းပြဘဝနှင့်သာ ရှိနေပါသေးသည်။

၂၀၀၈ ခုနှစ် မေလဆန်းတွင် နာဂစ်မုန်တိုင်းကြောင့် ရန်ကုန်တက္ကသိုလ်အတွင်းရှိ အဆောက်အအုံများ အတော်ပျက်စီးသွားခဲ့သည်။ အမိုးများ လန်သွားခဲ့သည်။ ကျောင်းအတွင်းရှိ သစ်ပင်ပေါင်းများစွာ ပြိုလဲခဲ့သည်။ နှစ်ရက်ခန့်အကြာ ကျောင်းအတွင်းသို့ဝင်ရာတွင် ပြိုလဲနေသော သစ်ပင်ကြီးများကြားမှ တောင်ငူဆောင်သို့ လေးဖက်ထောက်၍ သွားခဲ့ရသည်။ တက္ကသိုလ်ဝင်တန်း အဖြေလွှာများ စစ်ဆေး၍ မပြီးဆုံးသေးသဖြင့် ဆရာမကြီး ဒေါက်တာ ခင်ဆန်းဦးနှင့် ဌာနရှိ ဆရာ ဆရာမများအားလုံး စိတ်ပင်ပန်း၊ လူပင်ပန်းဖြင့် ထိုအဖြေလွှာများ မပျောက်ပျက်၊ မပျက်စီးအောင် ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြရသည်။ ဆရာမကြီး၏ စည်းစနစ်ကျမှု၊ လုပ်ရည်ကိုင်ရည်ရှိမှု၊ သစ္စာ၊ သမာဓိတို့ကြောင့် အခက်အခဲအားလုံး အောင်မြင်စွာ ကျော်ဖြတ်နိုင်ခဲ့သည်။

ကျွန်မသည် ၂၀၁၀ ပြည့်နှစ် မတ်လတွင် လက်ထောက်ကထိကရာထူး တိုးခဲ့ပါသည်။ ၂၀၁၁ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ ထားဝယ်တက္ကသိုလ်သို့ တစ်နှစ်ခန့် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ရသည်။ ၂၀၁၇ – ၂၀၁၈ တွင် ကျိုင်းတုံတက္ကသိုလ် မြန်မာစာဌာန ကထိကရာထူးဖြင့် တစ်နှစ် ထမ်းဆောင်ခဲ့ရသည်။ ၂၀၁၃ ခုနှစ်တွင် ဆရာကြီး ဒေါက်တာ အောင်မြင့်ဦး ရန်ကုန်တက္ကသိုလ်၏ ပါမောက္ခဌာနမှူး ဖြစ်လာခဲ့သည်။ ဆရာကြီး ဌာနမှူးဖြစ်ပြီး မကြာခင်တွင် ရန်ကုန်တက္ကသိုလ်ကြီး၌ ထူးချွန်ကျောင်းသားများ စတင်လက်ခံခဲ့ပါသည်။ ရန်ကုန်တက္ကသိုလ်ကြီးသည် ထူးချွန်ထက်မြက်သော ကျောင်းသား ကျောင်းသူများဖြင့် ပြန်လည်စည်ကားလာခဲ့သည်။ နှစ်စဉ် ကျောင်းသားဦးရေများလာသည်နှင့်အမျှ လန်းဆန်းစိုပြည်လာခဲ့သည်။

ရန်ကုန်တက္ကသိုလ်၏ အင်္ဂလိပ်စာဌာနသည် ပင်လုံဆောင်သို့ ပြောင်းရွှေ့ခဲ့သည်။ တောင်ငူဆောင်တွင် မြန်မာစာဌာန သီးသန့်ထားရှိခဲ့ပြီး နိုင်ငံတကာမှ လာရောက်ကျောင်းတက်ကြသော နိုင်ငံခြားကျောင်းသူ ကျောင်းသားများလည်း မြန်မာစာဘာသာရပ်ကို စိတ်ဝင်တစား ပျော်ရွှင်စွာ သင်ယူကြပါသည်။ ဆရာကြီး ဒေါက်တာအောင်မြင့်ဦး၏ ဦးဆောင် ကြိုးပမ်းဆောင်ရွက်မှုကြောင့် စာပေတည်းဖြတ်မှု ဒီပလိုမာသင်တန်းများကိုလည်း ဖွင့်လှစ်ပေးနိုင်ခဲ့သည်။ မြန်မာစာထူးချွန် ကျောင်းသား ကျောင်းသူများကို မြန်မာစာ ဘာသာရပ်သာမက တခြား ဘာသာရပ်များ ဖြစ်သည့် အင်္ဂလိပ်၊ တရုတ်၊ ကိုရီးယား၊ ထိုင်း၊ ဂျပန် အစရှိသော ဘာသာစကားများကို သက်ဆိုင်ရာ နိုင်ငံခြားမှ ဆရာများ ဖိတ်ကြား၍ သင်ကြားပို့ချပေးခဲ့သည်။ ထူးချွန်ကျောင်းသား ကျောင်းသူများကို နှစ်စဉ် အလှည့်ကျ နိုင်ငံခြားသို့ စေလွှတ်ပြီး မြန်မာစာဘာသာရပ် တိုးတက်စေခြင်းအလို့ငှာဆရာ ဆရာများကိုလည်း နိုင်ငံခြားသို့ နှစ်စဉ် အလှည့်ကျ စေလွှတ်ခဲ့သည်။

ရန်ကုန်တက္ကသိုလ် ရာပြည့်အထိမ်းအမှတ်နှင့် မြန်မာစာဌာန တည်ထောင်သည့် (၇၈) နှစ်မြောက် အထိမ်းအမှတ်အဖြစ် ဆရာကြီးဦးဖေမောင်တင်၏ ရုပ်တုဖွင့်ပွဲ အခမ်းအနားကို ၂၀–၁၂–၂၀၁၉ ရက်နေ့တွင် တောင်ငူဆောင် မြန်မာစာခန်းမ၌ ကျင်းပခဲ့သည်။ မြန်မာစာဌာနရှိ ပြတိုက်နှင့် ကျောက်စာခန်းကို ဖွင့်လှစ်နိုင်ခဲ့ပြီး မြန်မာစာဌာနရှိ စာကြည့်တိုက်သည် အနယ်နယ်အရပ်ရပ်ရှိ တက္ကသိုလ်များမှ မြန်မာစာဆရာ၊ ဆရာမများ၊ ကျောင်းသူ ကျောင်းသားများ၏ အားထားရာနေရာ ဖြစ်လာခဲ့သည်။ ယခု အခါ ဆရာမကြီး ဒေါက်တာညိမ်းညိမ်းသည် မြန်မာစာဌာန၊ ဌာနမှူးအဖြစ် ဆက်လက် တာဝန်ယူဆောင်ရွက်လျက်ရှိသည်။ မြန်မာစာဌာနတွင် တာဝန်ထမ်းဆောင်ခဲ့သော ပါမောက္ခဌာနမှူး ဆရာကြီး ဆရာမကြီး ၁၈ ဦး ရှိခဲ့ပါပြီ။

ရန်ကုန်တက္ကသိုလ်သည် နှစ် ၁၀၀ အတွင်း ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးနှင့်တကွ နိုင်ငံတော်၏ အရေးအရာ ဘက်စုံကဏ္ဍတို့တွင် ထူးချွန်ပြောင်မြောက်စွာ ဆောင်ရွက်နိုင်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ မွေးထုတ်ပေးခဲ့သည်။ ရန်ကုန်တက္ကသိုလ်ကြီးသည် တစ်ချိန်က အရှေ့တောင်အာရှ နိုင်ငံများ၌ အလှပဆုံးသော တက္ကသိုလ်၊ ပညာရှင်များ လေးစားရသော တက္ကသိုလ်အဖြစ် ရပ်တည်ခဲ့သည်။ ယခုအခါ အဆိုပါအဆင့်အတန်းသို့ ပြန်လည်ရောက်ရှိရန် ရုပ်ပိုင်းဆိုင်ရာ ကဏ္ဍများကို ဖြည့်စွမ်းနေသလို စိတ်ပိုင်းဆိုင်ရာ ကဏ္ဍများကိုလည်း မြှင့်တင်ရန် ကြိုးပမ်းရပေဦးမည်။

ကျွန်မ၏ ငယ်ရွယ်နုပျိုစဉ် ကျောင်းသူဘဝမှစ၍ ဆရာမ ဘဝအထိ ပျော်ရွှင်ကြည်နူးခဲ့ရသော၊ ရင်းနှီးကျွမ်းဝင် ခိုလှုံခဲ့ရသော ရန်ကုန်တက္ကသိုလ်ကြီး၏ အလှတရားများသည် ဘယ်သောအခါမှ မရိုးနိုင်ပါ။ ကြည်နူးမှု၊ လွမ်းဆွေးမှု၊ တမ်းတမှု၊ အောင်မြင်မှုများနှင့်အတူ ပညာရှင်များ၏ ဘူမိနက်သန်ဖြစ်သော ရန်ကုန်တက္ကသိုလ်၏ နှစ် (၁၀၀) ပြည့် ပွဲတော်ကြီးကို ဤဆောင်းပါးဖြင့် ဂုဏ်ပြုလိုက်ရပါသည်။ ။



## စာရေးသူ၏ ကိုယ်ရေးအကျဉ်း

- အဘ – ဦးစိန်ဝင်း၊ အမိ – ဒေါ်မြမြရီတို့မှ ၁၉၇၀ ပြည့်နှစ်တွင် ရန်ကုန်မြို့၌ ဖွားမြင်ခဲ့သည်။
- အမည်ရင်းမှာ မလေးငုံ ဖြစ်ပါသည်။
- ၁၉၈၇ ခုနှစ် မတ်လတွင် အခြေခံပညာအထက်တန်း အောင်မြင်ခဲ့သည်။
- ၁၉၉၆ ခုနှစ်တွင် ဝိဇ္ဇာဂုဏ်ထူးဘွဲ့၊ ၂၀၀၀ ပြည့်နှစ်တွင် မဟာဝိဇ္ဇာဘွဲ့၊ ၂၀၀၇ ခုနှစ်တွင် ပါရဂူဘွဲ့ကို ရန်ကုန်တက္ကသိုလ်မှ ရရှိခဲ့သည်။
- ၂၀၀၂ ခုနှစ်တွင် ပြည်တက္ကသိုလ်၌ နည်းပြအဖြစ် တာဝန် စတင်ထမ်းဆောင်ခဲ့ပြီး ထားဝယ်တက္ကသိုလ်၊ ကျိုင်းတုံတက္ကသိုလ်တို့တွင် လက်ထောက်ကထိက၊ ကထိကရာထူးများဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။
- ယခုအခါ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနတွင် ကထိကရာထူးဖြင့် တာဝန်ထမ်းဆောင်လျက်ရှိပြီး ပါရဂူကျမ်းများ၊ သုတေသနကျမ်းများ၊ မဟာဝိဇ္ဇာကျမ်းများကို ကြီးကြပ် ဆောင်ရွက်လျက်ရှိပါသည်။

# ထာဝစဉ် ဂုဏ်ယူနေမည်

**ဒေါက်တာ ဥမ္မာလင်း (နတ်မောက်သွေးသစ်)**

**စာရေးသူ၏ဘဝတွင် မိမိကိုယ်မိမိ ဂုဏ်အယူရဆုံးတစ်ခုမှာ ရန်ကုန်တက္ကသိုလ်တွင် ပညာလေ့လာဆည်းပူးခွင့်ရရှိခဲ့ရခြင်းဖြစ်သည်။ အခြေခံပညာအထက်တန်းအောင်မြင်ပြီး တက္ကသိုလ်တက်ရောက်ရမည့် ကျောင်းသူ ကျောင်းသားအများစု၏ အိပ်မက်တစ်ခုမှာ ဂုဏ်သတင်းကျော်စောသည့် ရန်ကုန်တက္ကသိုလ်ကြီးတွင် ပညာဆည်းပူးခွင့် ရရှိလိုခြင်းပင်ဖြစ်သည်။ စာရေးသူ၏ တက္ကသိုလ်ကျောင်းသူဘဝမှာ ပထမနှစ်နှင့် ဒုတိယနှစ်တွင် ဗိုလ်တထောင်နယ်မြေ RC–1 ၌ ၂ နှစ် ပညာသင်ကြားခဲ့ပြီး ဒုတိယနှစ်တွင် ဂုဏ်ထူးတန်းသို့ တက်ရောက်ခွင့်ရခဲ့သည့်အတွက် ဂုဏ်ထူးတန်း(၃)နှစ်၊ မဟာဝိဇ္ဇာတန်း (၂)နှစ်၊ ပါရဂူတန်း (၅)နှစ်ဖြင့် စုစုပေါင်း (၁၀)နှစ်ကြာ ရန်ကုန်တက္ကသိုလ်ကြီးတွင် ပညာသင်ကြားခွင့် ရရှိခဲ့သည်။**

### တက္ကသိုလ်ဆိုသည်မှာ

အဆင့်မြင့်ပညာရပ်များနှင့် ဗဟုသုတများစနစ်တကျပို့ချရာ ကျောင်းတော်ကြီးများကို တက္ကသိုလ်ဟု ခေါ်သည်။ ရှေးအခါက ပညာသင်ယူလိုသူများသည် ယခုခေတ်ကဲ့သို့ တက္ကသိုလ်များ အမြောက်အမြား မရှိသေးသည့်အတွက် တက္ကသိုလ်ရှိရာသို့ သက်စွန့်ဆံဖျားသွားရောက်ကာ ပညာဆည်းပူးခဲ့ကြရသည်။ အင်္ဂလိပ်ဘာသာဖြင့် ယူနီဗာစတီ (University) ဟူသော တက္ကသိုလ်သည် လက်တင်ဘာသာစကား "ယူနီဗာစီတပ်" မှ ဆင်းသက်လာခြင်းဖြစ်ပြီး အဖွဲ့အစည်းဟူသော အဓိပ္ပာယ်ဖြစ်သည်။ ပညာလိုလားသူများနှင့် ပညာသင်ကြားပေးသူ ဆရာများစုပေါင်း၍ ဖွဲ့စည်းထားသော အဖွဲ့အစည်းကြီးများကို ဥရောပတိုက်တွင် စတင်တည်ထောင်ခဲ့ခြင်းဖြစ်သည်။ ခေတ်အဆက်ဆက် လူသားများသည် ပညာအရပ်ရပ်ကို နည်းလမ်းအမျိုးမျိုးဖြင့် ရှာဖွေခဲ့ကြသည်။ ဘုရားရှင်ပွင့်တော်မမူမီကပင် ယခုခေတ် တက္ကသိုလ်ကြီးများ၏ ရှေ့ပြေးပညာပေးဗဟိုဌာနကြီးများဖြစ်သော တက္ကသိုလ်ပြည် ဒိသာပါမောက္ခဆရာကြီးထံတွင် ပညာများကို ဆည်းပူးခဲ့ကြသည့် အလေ့အထရှိခဲ့သည်ကို စွယ်စုံကျမ်းများမှတစ်ဆင့် သိရှိခဲ့ရသည်။

လူသားတိုင်းသည် လိုအပ်ချက်နှင့် လိုအင်ဆန္ဒများကို ဖြည့်ဆည်းနိုင်ရန်အတွက် မိမိဘဝကို မိမိဆန္ဒနှင့်အညီ ကိုယ်တိုင်ပုံဖော်စီမံခန့်ခွဲကြရမည်ဖြစ်သည်။ ပညာရည်ပြည့်ဝသည့်ဘဝ ဖြစ်လာစေရန် ယုံကြည်ချက်၊ ခံယူချက်၊ ရည်မှန်းချက်ကိုယ်စီဖြင့် ပညာရပ်များကို အရွယ်သုံးပါးစလုံး စဉ်ဆက်မပြတ် လေ့လာဆည်းပူးခြင်းဖြင့် ပညာအလင်းရောင်များကို ထွန်းညှိကြရမည်ဖြစ်သည်။ နိုင်ငံတကာတွင် တိုင်းပြည်တိုးတက်စေခြင်း သို့မဟုတ် ဆုတ်ယုတ်စေခြင်းဆိုသည်မှာ ပညာတတ်ပေတံနှင့် တိုင်းတာခြင်း ဖြစ်သည်။

### ဆရာသမားများ၏ အနန္တကျေးဇူး

ပါရဂူကျမ်းပြုများသည် မိမိ၏ ဌာနတွင် များပြားလှသော ဆရာသမားများ၊ ကျောင်းသူကျောင်းသားများ၏ ရှေ့၌ Regular စာတမ်း၊ Credit စာတမ်းများကို အကြိမ်ကြိမ် ဖတ်ကြရသည်။ စာတမ်းဖတ်ရာတွင် ဘွဲ့လွန်များပင် ဖြစ်လင့်ကစား လက်ဖျားတွေ အေးစက်ကြောက်ဒူးတွေတုန်ကာ စိတ်လှုပ်ရှားပြီး အမှားမှားအယွင်းယွင်း ဖြစ်ခဲ့ကြသည်။ ဝမ်းနည်းအားငယ်နေသည့် တပည့်များအား ဆရာ ဆရာမများက အားပေးစကားပြောကြားသည်မှာ လူသားတိုင်းတွင် အရည်အချင်းသုံးမျိုး ရှိသည်။ ငုပ်လျှိုးနေသော အရည်အချင်း၊ မဖော်ပြနိုင်၊ မဖော်ပြရဲသော အရည်အချင်းနှင့် ကြိုးစားတည်ဆောက်ရန် အားနည်းနေသော အရည်အချင်းဟူ၍ဖြစ်ပြီး အရည်အချင်းမရှိသူဟူ၍ လုံးဝ မရှိပါဟု နှစ်သိမ့်ပေးပြီး Presentation, Talk, Seminar, Workshop နှင့် Public Speaking တို့ကို မည်သို့မည်ပုံ ပြောကြားရမည် တို့ကိုပါ သင်ကြားပေးခဲ့သည်။

စာရေးသူနှင့် သူငယ်ချင်းများသည် ဝေသာလီဆောင်ရှေ့ထိုင်နေစဉ် ပေါ်တီကိုအောက်သို့ သမိုင်းပါမောက္ခ၏ ကားဝင်လာသောအခါ ဆရာမကြီးထံမှ ခြင်းတောင်းနှင့် စာအုပ်များကို သူငယ်ချင်းတစ်စု အပြေးအလွှား အလှအပယူရန် လုပ်ဆောင်ခဲ့ကြသည်။ ထိုအခါ ဆရာမကြီးက ဂါရဝတရားရှေ့ထား၍ ဆောင်ရွက်ကြသည်မှာ မှန်ကန်သော်လည်း ဖား၍ လုပ်ဆောင်တတ်သည့် အမူအကျင့်သည် အလေ့အထတစ်ခု ဖြစ်သွားမည်ကို စိုးရိမ်ကာ "ဆန်ရင်း နာနာဖွပ်" ဆိုသည့်အတိုင်း ဆုံးမခဲ့သည်။ တပည့်များ၏ စိတ်ဓာတ်၊ အမူအကျင့်နှင့် စာရိတ္တတို့ကို ပုံသွင်းပေးပြီး ရန်ကုန်တက္ကသိုလ်တွင် ပညာဆည်းပူးခဲ့ကြသော နိုင်ငံ့ခေါင်းဆောင်ကြီးများ၏ အပြုအမူ၊ အများအကျိုးအတွက် အနစ်နာခံတတ်သော စိတ်ဓာတ်၊ အခက်အခဲနှင့် တွေ့ကြုံလျှင် ဖွဲလုံ့လမလျှော့ဘဲ မကြောက်မရွံ့ ရဲဝံ့စွာ ဖြေရှင်းတတ်သော စွမ်းရည်သတ္တိတို့ကို စံနမူနာပေး၍ သင်ကြားပေးခဲ့သည်။

နိုင်ငံနှင့် လူမျိုးအတွက် ထားရှိရမည့် ခံယူချက်များကို လယ်တီဝိပဿနာ၊ လယ်တီဆရာတော်ဘုရားကြီး ဘဒ္ဒန္တဇာကရာဘိဝံသ ဟောကြားတော်မူထားသည့် **"ငါသည်လူဇာတ် ငါသည်မြတ်၏၊ ငါမြတ်သောသူ ငါသို့သူကား ငါတကားဟု၊ ငါမှား ငါကြိုက် ငါမလိုက်တည့်၊ ငါကြိုက် ငါ့မျိုး ငါ့တန်ခိုးဖြင့်၊ ငါ့မျိုး ငါ့ဆွေ ငါ့တိုင်းပြည်နှင့် သူငါကောင်းကျိုး ဆောင်သည်ပိုးမည်၊ ငါ့မျိုး ငါ့ဇာတ် မြတ်စေသော်"** ဆိုသည့် ဆရာတော်၏ အဓိဋ္ဌာန်အတိုင်း နေထိုင်ကြရန် အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမသည်။ ဆရာသမားများ အမြဲပြောလေ့ရှိသည်မှာ တပည့်များသည် ရန်ကုန်တက္ကသိုလ် ကျောင်းထွက်များဖြစ်ခဲ့ကြသည့် အာဇာနည် နိုင်ငံ့ခေါင်းဆောင် ကြီးများကဲ့သို့ နိုင်ငံအတွက် ရထားခေါင်းတွဲပမာရှေ့မှ ဦးဆောင်ပေးရမည် ဟူ၍ ဖြစ်သည်။

နောင်အနာဂတ်တွင် ရန်ကုန်တက္ကသိုလ်မှ သင်ကြားပေးလိုက်သော ပညာများဖြင့် နိုင်ငံအတွက် အားထားရမည့်သူများ ဖြစ်လာစေရန်အတွက် ပါရဂူအကြိုတန်း (Preliminary) တွင် ဆရာကြီး ဒေါက်တာသန်းထွန်း၊ ဗိုလ်မှူးကြီး လှရှိန်၊ ဆရာကြီး ဒေါက်တာ ခင်မောင်ညွန့်၊ ဆရာကြီး ဒေါက်တာတိုးလှ၊ ဆရာကြီး ဒေါက်တာကျော်ဝင်းတို့မှ သမိုင်းဘာသာရပ်များကို ခရေစေ့တွင်းကျ သင်ကြားပေးခဲ့သည်။ အလားတူ ဆရာမကြီး ဒေါ်အုန်းကြည်၊ ဆရာမကြီး ဒေါ်မြစိန်၊ ဆရာမကြီး ဒေါက်တာ မားဂရက်ဝေါင်းနှင့် ရန်ကုန်တက္ကသိုလ်၊ သမိုင်းဌာနရှိဆရာ၊ ဆရာမများသည် သမိုင်းဘာသာရပ်ကို သင်ကြားပေးရုံသာမက မြန်မာ့သမိုင်းနှင့် ကမ္ဘာ့သမိုင်းတို့တွင် ဖြစ်ပွားခဲ့သော ဖြစ်ရပ်များနှင့် ဥပမာပေး၍ လူမှုဘဝနေထိုင်ရေးအတွက်ပါ အသိပညာများ မျှဝေပေးခဲ့ကြသည်။

### ဥပမာပေးကာ ပဲ့ပြင်ဆုံးမ

ကမ္ဘာ့သမိုင်းတွင် ဘီစီ ၆ ရာစုဝန်းကျင်၌ တရုတ်ပြည်တွင် ကွန်ဖြူးရှပ်စ်နှင့် လာအိုဇီ၊ ပါရှား၌ ဇိုရိုစတာ၊ ခေါမ၌ ပိုက်သာဂိုရပ်စ်၊ အိန္ဒိယ၌ မဟာဝီရနှင့် ဗုဒ္ဓတို့ပေါ်ပေါက်ခဲ့ကြသည်။ ဤကမ္ဘာတွင် မလုပ်ဘဲ နေရဲသောသတ္တိနှင့် လုပ်သင့်သည်ကို လုပ်ရဲသောသတ္တိများ ထိုပုဂ္ဂိုလ်ကြီးများ၏ သန္တာန်တွင် အလိုအလျောက် အမြစ်တွယ်၍ နေသည်ကို အတုယူ အားကျစေရန် သင်ကြားပေးခဲ့သည်။ သမိုင်းအစဉ်အလာ ကြီးမားခဲ့သည့် ရန်ကုန်တက္ကသိုလ်ကြီးမှ မွေးထုတ်ပေးလိုက်စေကာမူ သင်ကြားပေးလိုက်သည့် ပညာ၏ တန်ဖိုးကို ကောင်းစွာအသုံးမချတတ်လျှင် ထိုပညာ၏ တန်ဖိုးသည် အလကားဖြစ်သွားမည်ကို သတိပြုမိစေရန်၊ ပညာဗဟုသုတ ထူးချွန်သူများ ဖြစ်လာစေရန် သင်ကြားပေးသည်။ တပည့်များ၏ ဘဝအောင်မြင် တိုးတက်စေရန် ဆောင်ရွက်ရာတွင် အသိဉာဏ်အကြွေ့အပြောင်းသည် အလွန်ပင် အရေးကြီးကြောင်း ပဲ့ပြင်ဆုံးမသည်။

### ရန်ကုန်တက္ကသိုလ် ကျောင်းသူဘဝ မေ့မရ

လွန်ခဲ့သည့် နှစ်၂၀ ကျော်ကာလများတွင် ဆရာ ဆရာမ မလာသေးသည့်အချိန်များ၌ စာသင်ခန်းထဲ သူငယ်ချင်းများနှင့်အတူ ရယ်စရာမောစရာပြောကာ ပျော်ရွှင်ခဲ့သည့် အချိန်များ၊ အတန်းမစမီ ဦးချစ်လက်ဖက်ရည်ဆိုင်ထိုင်ကာ ဝိုင်းဖွဲ့စားသောက်ခဲ့ကြသည့်အချိန်များ၊ RC ထဲက ကွန်ပျူတာဆိုင်များမှာ မိတ္တူကူး၊ ကွန်ပျူတာရိုက်ရန်အတွက် တန်းစီစောင့်ခဲ့ရသည့်အချိန်များ၊ ရန်ကုန်တက္ကသိုလ်တွင် ရုပ်ရှင်ရိုက်ကူးရေးအဖွဲ့များ ရုပ်ရှင်လာရောက်ရိုက်သည့်အခါ ကလေးများကဲ့သို့ အပြေးအလွှားသွားကြည့်ခဲ့ကြသည့် အချိန်များ၊ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်မှ ငှားရမ်းလာသည့်စာအုပ်များကို ပိုက်ကာ အဓိပတိလမ်းမပေါ် မမောနိုင်မပန်းနိုင် လျှောက်ခဲ့ကြသည့်အချိန်များ၊ ကျောင်းစာများနှင့် မအားလပ်သည့်ကြားက သစ်ပုပ်ပင်ကြီးနှင့် ဂျပ်ဆင်ရှေ့ရောက်လေတိုင်း အမြဲလိုလို ဓာတ်ပုံရိုက်ဖြစ်ခဲ့သည့်အချိန်များ၊ ဂျပ်ဆင်အောက်က ထိုင်ခုံများမှာ သူငယ်ချင်းများနှင့် အတူထိုင်ရင်း၊ အကြော်တွေစားရင်း ဟိုငေး ဒီငေး ပျော်ခဲ့ကြသည့်အချိန်များ၊ ရန်ကုန်တက္ကသိုလ်တွင် ဆယ်စုနှစ်တစ်ခုအထိ ပညာသင်ကြားခဲ့သော်လည်း အင်းလျားမသွားဘဲ၊ အတန်းမလစ်ဘဲ တစာစာ ဖြစ်ခဲ့ကြသည့်အတွက် စာကြမ်းပိုးများဟု နောက်ပြောင်အခေါ်ခံခဲ့ရသည့် အချိန်များသည် ရိုးရှင်းလှသည့် တက္ကသိုလ်ကျောင်းသူဘဝ ဖြစ်သော်လည်း မမေ့နိုင်သည့် လွမ်းမောဖွယ်ရာ အမှတ်တရများပင်ဖြစ်သည်။

နှစ်စဉ် ပညာတတ်မြောက်မြားစွာကို မွေးထုတ်ပေးလျက်ရှိသည့် ရန်ကုန်တက္ကသိုလ်ကြီးသည် ယခုအခါ နှစ်တစ်ရာပြည့်ခဲ့ပြီဖြစ်သည်။ ဟေမာနေဝင်း၏ သီချင်းထဲကလို "အဓိပတိလမ်းမက...အရင်လိုပါပဲ" ဆိုသကဲ့သို့ Assembly Hall ၊ RC ၊ ကွန်ဗိုကေးရှင်း၊ သစ်ပုပ်ပင်ကြီး၊ ဂျပ်ဆင်နှင့် ချစ်သူ့လမ်းလေး တို့သည်လည်း အရင်အတိုင်း မပြောင်းမလဲ တည်ရှိနေသော်လည်း အမိတက္ကသိုလ်ကြီးမှ မွေးထုတ်သင်ကြားပေးလိုက်သူများမှာ အဖိုးအနဂ္ဃထိုက်တန်သည့် ပညာများဖြင့် စီးပွားရေးလုပ်ငန်းများတွင် အောင်မြင်ပြီး ကိုယ်ပိုင်လုပ်ငန်းရှင်ကြီးများအဖြစ် လည်းကောင်း၊ အစိုးရဌာနများတွင် အဆင့်မြင့်ရာထူးကြီးများကိုထမ်းဆောင်၍ လည်းကောင်း၊ လွှတ်တော်အရပ်ရပ်တွင် လွှတ်တော်ကိုယ်စားလှယ်ကြီးများအဖြစ် လည်းကောင်း၊ တက္ကသိုလ်များတွင် တွဲဖက်ပါမောက္ခ၊ ပါမောက္ခရာထူးများဖြင့်လည်းကောင်း၊ နိုင်ငံ့တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နေကြပြီး နယ်ပယ်အသီးသီးတွင် အောင်မြင်မှုကိုယ်စီရရှိနေကြပြီဖြစ်သည်။ ဂုဏ်သတင်းကျော်စောလှသည့် ရန်ကုန်တက္ကသိုလ်တွင် ပညာသင်ကြားခွင့်ရခဲ့သည့် အချိန်များကို နှစ်တွေ မည်မျှပင်ကြာမြင့်စေကာမူ အမြဲသတိရနေ မည်။ ရန်ကုန်တက္ကသိုလ်ကျောင်းသူဘဝကို ထာဝစဉ် ဂုဏ်ယူနေမည်။ ။





တက္ကသိုလ်ဓမ္မာရုံတွင် ရန်ကုန်တက္ကသိုလ်၊ သမိုင်းအထူးပြုကျောင်းသူ ကျောင်းသားများ အာစရိယပူဇော်ပွဲ အမှတ်တရ။



### စာရေးသူ၏ ကိုယ်ရေးအကျဉ်း

- အမည်ရင်းမှာ ဒေါက်တာ ဥမ္မာလင်း ဖြစ်သည်။ အဘ မောင်မောင်စိန်လင်း (နတ်မောက်)၊ အမိ ဒေါ်သန်းသန်းတို့မှ ၁၉၇၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၃ ရက်နေ့တွင် ရန်ကုန်မြို့၌ မွေးဖွားသည်။
- ၁၉၉၅ ခုနှစ်တွင် ဝိဇ္ဇာ(ဂုဏ်ထူးဘွဲ့)၊ ၂၀၀၀ ပြည့်နှစ်တွင် မဟာဝိဇ္ဇာဘွဲ့၊ ၂၀၀၉ ခုနှစ်တွင် ပါရဂူဘွဲ့တို့ကို သမိုင်းအထူးပြုဖြင့် ရန်ကုန်တက္ကသိုလ်မှ ရရှိခဲ့သည်။ ၂၀၁၀ ပြည့်နှစ်တွင် အင်္ဂလိပ်စာ ဒီပလိုမာဘွဲ့ကို အမျိုးသား စီမံခန့်ခွဲမှုပညာကောလိပ်မှ ရရှိခဲ့သည်။
- မြန်မာနိုင်ငံ စာရေးဆရာအသင်းဝင်အမှတ် – ၁၀၅၈၉ ဖြစ်သည်။
- သတင်းစာများ၊ ဝယ်သူ့စိတ်ကြိုက်ဂျာနယ်၊ တော်ဝင်ပန်းဂျာနယ်၊ ရွှေနိုင်ငံသစ်ဂျာနယ်၊ ခေတ်မိုးဂျာနယ်နှင့် ဝန်ကြီးဌာနမှ ထုတ်ဝေသည့် စီမံ/ ဖွံ့ဖြိုးဂျာနယ်များတွင် မော်ကွန်းထိပ်ထား၊ ဒေါက်တာ ဥမ္မာလင်း (မော်ကွန်းတိုက်)၊ ဒေါက်တာ ဥမ္မာလင်း (နတ်မောက်သွေးသစ်) စသည့် ကလောင်အမည်များဖြင့် သုတစာပေ အပုဒ် ၂၀ ကျော် ရေးသားခဲ့သည်။
- ၁၉၉၉ ခုနှစ်တွင် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန၌ အငယ်တန်းစာရေးရာထူးမှ စတင်အမှုထမ်းခဲ့ပြီး ယခုအခါလက်ထောက်ညွှန်ကြားရေးမှူးတာဝန်ကို ထမ်းဆောင်လျက်ရှိသည်။

**"ပညာရည်ပြည့်ဝသည့်ဘဝ ဖြစ်လာစေရန် ယုံကြည်ချက်၊ ခံယူချက်၊ ရည်မှန်းချက်ကိုယ်စီဖြင့် ပညာရပ်များကို အရွယ်သုံးပါးစလုံး စဉ်ဆက်မပြတ် လေ့လာဆည်းပူးခြင်းဖြင့် ပညာအလင်းရောင်များကို ထွန်းညှိကြရမည်ဖြစ်သည်။ နိုင်ငံတကာတွင် တိုင်းပြည်တိုးတက်စေခြင်းသို့မဟုတ် ဆုတ်ယုတ်စေခြင်းဆိုသည်မှာ ပညာတတ်ပေတံနှင့် တိုင်းတာခြင်းဖြစ်"**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ၂၀၂၀ ပြည့်နှစ် လုပ်ငန်းများအပေါ် သုံးသပ်ခြင်းနှင့် ၂၀၂၁ ခုနှစ်အတွက် လုပ်ငန်းများစီမံခြင်း အခမ်းအနားသို့ တက်ရောက်

နေပြည်တော် ဒီဇင်ဘာ ၃၀

**၂၀၂၀ ပြည့်နှစ် လုပ်ငန်းများအပေါ် သုံးသပ်ခြင်းနှင့် ၂၀၂၁ ခုနှစ်အတွက် လုပ်ငန်းများစီမံခြင်း အခမ်းအနားကို ယနေ့ ညနေ ၄ နာရီက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၌ ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပသည်။** (ယာပုံ)



အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် က ၂၀၂၀ ပြည့်နှစ်အတွင်း လုပ်ငန်းဆောင်ရွက်ခဲ့မှုများ၏ အားနည်းချက်၊ အားသာချက်များအပေါ် ပြန်လည်သုံးသပ်ရင်း ၂၀၂၁ ခုနှစ် နှစ်သစ်ကို ကြိုဆိုကာ မိမိတို့၏ လုပ်ငန်းစဉ်များကို တက်ကြွစွာ ဆက်လက်ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ်၊ မတ်လမှစ၍ ကိုဗစ်-၁၉ ကြောင့် တစ်ကမ္ဘာလုံးတွင် ကျန်းမာရေး၊ စီးပွားရေးနှင့် အလုပ်အကိုင်များ ထိခိုက်နစ်နာမှုများရှိပါကြောင်း၊ မိမိတို့နိုင်ငံသည်လည်း ကိုဗစ်-၁၉ ကြောင့် စီးပွားရေး ထိခိုက်မှုများရှိသည့်အတွက် ကုစားနိုင်ရေးနှင့် ပြန်လည်ထူထောင်နိုင်ရေးတို့အတွက် ရှေ့ဆက်ဆောင်ရွက်သွားမည့် နည်းလမ်းများကို သုံးသပ်ရန် လိုအပ်ပါကြောင်း။

ကိုဗစ်-၁၉ ကြောင့် စိန်ခေါ်မှုများစွာ ကြုံတွေ့နေရသော်လည်း ဒစ်ဂျစ်တယ်နည်းပညာ တိုးတက်မှုဆိုင်ရာ အခွင့်အလမ်းများကို ထိထိရောက်ရောက် အသုံးချသည့် ဥပမာတစ်ခုအနေဖြင့် မိမိတို့ဝန်ကြီးဌာနတွင် Trade Net 2.0 အွန်လိုင်း ပလက်ဖောင်းကို တည်ထောင်ထားရှိပြီး ပို့ကုန်/ သွင်းကုန် လိုင်စင်များကို အွန်လိုင်းမှ လျှောက်ထားရယူနိုင်အောင် ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် ဂုဏ်ယူပါကြောင်း၊ ကုန်သွယ်မှုကဏ္ဍတွင် ပြည်ပပို့ကုန် တိုးတက်ရန် လိုအပ်သကဲ့သို့ ပြည်တွင်းကုန်သွယ်မှု မြန်ဆန်သွက်လက် ချောမွေ့နေရန် လိုအပ်ပါကြောင်း၊ တရားမဝင်ကုန်သွယ်မှုများကို တရားဝင်ဖြစ်ရန် ဆောင်ရွက်နိုင်ပါက ပို့ကုန်/သွင်းကုန်သည် ရာခိုင်နှုန်းများစွာ တိုးတက်လာမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပုဂ္ဂလိကကဏ္ဍအား လွတ်လပ်စွာ လုပ်ပိုင်ခွင့်များ ဖန်တီးပေးခဲ့ပြီးဖြစ်သော်လည်း လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျဖြစ်စေရန်အတွက် ထိန်းကျောင်းပေးသွားရန် လိုအပ်ပါကြောင်း၊ ပုဂ္ဂလိကကဏ္ဍ ခိုင်မာအားကောင်းစေရန် အစိုးရ-ပုဂ္ဂလိက ညှိနှိုင်းပူးပေါင်း ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

ဝန်ထမ်းများအနေဖြင့် အစိုးရ၏ မူဝါဒကို အလေးထားပြီး ဝန်ထမ်းတစ်ဦးချင်း၏ စွမ်းဆောင်ရည် တိုးတက်မြင့်မားလာစေရန် ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ သို့မှသာ တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ဝန်ကြီးဌာနက တစ်ဖက်တစ်လမ်းမှ ပါဝင်အကျိုးပြု ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း။

မိမိတို့ ဝန်ကြီးဌာနအနေဖြင့် ဌာန၏ မူလတာဝန်များအပြင် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ အထူးစီးပွားရေးဇုန်များ ဖွံ့ဖြိုးတိုးတက်ရေး၊ Ease of Doing Business ဆိုင်ရာ လုပ်ငန်းစဉ်များ၊ တရုတ်- မြန်မာ နယ်စပ် စီးပွားရေးဇုန် တည်ထောင်အကောင်အထည်ဖော်ရေး စသည့် ကိစ္စရပ်များကိုလည်း တာဝန်ယူဆောင်ရွက်လျက်ရှိရာ ဝန်ကြီးဌာနမှ ဝန်ထမ်းများ စီမံခန့်ခွဲမှု စွမ်းဆောင်ရည် တိုးတက်မြင့်မားရန် အရေးကြီးပါကြောင်း၊ အမှုထမ်း၊ အရာထမ်း လူငယ်များကို သက်ဆိုင်ရာ ပညာရပ်များ လေ့လာဆည်းပူးခွင့်၊ ပါဝင်ဆောင်ရွက်ခွင့်ပေးရန်နှင့် အထက်အောက် အဆင့်ဆင့် အပြန်အလှန်ညှိနှိုင်း ပူးပေါင်း ဆောင်ရွက် သွားကြစေလိုကြောင်း၊ လူငယ်များ၏ လေ့လာမှု၊ အတွေ့အကြုံနှင့် ဆန်းသစ်သော အတွေးအမြင်များကို နားထောင်ပေးရန် လိုအပ်သကဲ့သို့ လူကြီးများ၏ လမ်းညွှန်မှုကိုလည်း လိုက်နာဆောင်ရွက်ရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် များစွာဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ ပုဂ္ဂလိကကဏ္ဍနှင့် ထိတွေ့မှုအများဆုံးဝန်ကြီးဌာနဖြစ်ပြီး ၎င်းတို့ ကြုံတွေ့ရသည့် အခက်အခဲများ ဖြေရှင်းရာတွင် ထိရောက်သော ပံ့ပိုးမှုများ ပေးနိုင်ခဲ့သည့်အတွက် ဂုဏ်ယူရပါကြောင်း၊ "စီးပွားကူးသန်း ရှေ့သို့လှမ်း" ဟူသော မိမိတို့ဝန်ကြီးဌာန၏ ဆောင်ပုဒ်ကို ဆက်လက်ထိန်းသိမ်းထားနိုင်ရန်နှင့် "စီးပွားကူးသန်း ရှေ့သို့လှမ်း၊ ကြိုးပမ်းဆောင်ရွက် ပြည်သူ့အတွက်" ဖြစ်လာအောင် ကြိုးပမ်း ဆောင်ရွက်သွားကြရန် မှာကြားသည်။

ယင်းနောက် အမြဲတမ်းအတွင်းဝန်နှင့် ဦးစီးဌာနများမှ တာဝန်ရှိသူများက ၂၀၂၀ ပြည့်နှစ်အတွင်း လုပ်ငန်းဆောင်ရွက်ခဲ့မှုများနှင့် ရှေ့ဆက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က တင်ပြချက်များအပေါ် သုံးသပ်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများ ကြီးကြပ်ရေးကောင်စီ (၂/၂၀၂၀) အစည်းအဝေးကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၃၀**


လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများကြီးကြပ်ရေးကောင်စီ (၂/၂၀၂၀) အစည်းအဝေးကို ဒီဇင်ဘာ ၂၉ ရက် နံနက်ပိုင်းက နေပြည်တော်ရှိ ရုံးအမှတ် (၁၂) ၌ Online စနစ်ဖြင့် ကျင်းပသည်။ (ဝဲပုံ)


အစည်းအဝေးတွင် လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများကြီးကြပ်ရေးကောင်စီဥက္ကဋ္ဌ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းက ယခုကာလ၌ ကိုဗစ်-၁၉ ကြောင့် စီးပွားရေး ကျဆင်းလာသည့်အခြေအနေတွင် အရေးကြီးလာသည့် လူမွဲခံယူခြင်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အားလုံးဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

အစည်းအဝေး၌ လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများ ကြီးကြပ်ရေးကောင်စီ (၁/၂၀၂၀)အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများအသင်း (Insolvency Practitioner Association) ကို အသိအမှတ်ပြုကြောင်း ကြေညာရန်ကိစ္စ၊ လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်ပုံစံနှင့် အခကြေးငွေများ သတ်မှတ်သည့် အမိန့်ကြော်ငြာစာအပေါ် ကောင်စီဝင်များ၏ သဘောထားမှတ်ချက်များနှင့် စပ်လျဉ်း၍ စိစစ်ချက်၊ မှတ်ပုံတင်အရာရှိအဖြစ် လွှဲအပ်ခြင်းခံရသူ အမည်စာရင်းကိစ္စ၊ ကော်မတီများဖွဲ့စည်းရန်ကိစ္စ၊ MyCO Online System တွင် လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများ မှတ်ပုံတင်ခြင်းကို အတည်ပြုရန်အတွက် ကောင်စီကိုယ်စား Document Examiner အဖြစ်တာဝန်ယူဆောင်ရွက်နိုင်မည့်သူများ အမည်စာရင်း တောင်းခံလာခြင်းကိစ္စ စသည်တို့ကို အစီအစဉ်အတိုင်း ဆွေးနွေးကြပြီး တက်ရောက်လာသည့် ကောင်စီဝင်များက အထွေထွေကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ ကြီးကြပ်ရေးကောင်စီဝင်များဖြစ်သည့် တရားလွှတ်တော်ရှေ့နေများကောင်စီဥက္ကဋ္ဌ ကိုယ်စား တရားလွှတ်တော်ရှေ့နေများကောင်စီအဖွဲ့ဝင်၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ကိုယ်စား ဒုတိယဥက္ကဋ္ဌ၊ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းမှ နာယက၊ ဥက္ကဋ္ဌနှင့် ဘုတ်အဖွဲ့ဝင်များ၊ မှတ်ပုံတင်အရာရှိ ကိုယ်စား ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးတို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



RE GD.
ဝဟ္ဖွပ်ဟွပ်နဲ့အပ်ဖြဲဂ အောင်ဆိုးနေတဲ့ချောင်း ကွမ်းရှက်ပုံ ဆေးကောင်း
မြန်မာ့တိုင်းရင်း ဆေးဖက်ဝင် စစ်မှန်သော ပရဆေး ပစ္စည်းများဖြင့် ဖော်စပ်ထားသောကြောင့် အုံ့ ဩ လောက် အောင်အထူးပင် ဆေး စွမ်းထက်မြက်လှပါသည်။

များနာကိုက်ခဲ တုပ်ကွေးပျောက်လို့ နာမည်ကျော်
ဆေးစွမ်းထက်လို့နာမည်ကျော် ပြည်သူ့ကျန်းမာရေးအကျိုးမျှော်
စိန်ဘယက် ငန်းနီကျော်
အမျိုးသမီးများသွေးသားနှင့်ပတ်သက်၍ ကိုက်ခဲခြင်းကင်းပြီး သွေးသားစိုပြည် လှပစေပါသည်။




## ရောင်းချရန်ကြော်ငြာစာ
### တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆
### မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်
### ၂၀၁၈ ခုနှစ် တရားမဇာရီမှုအမှတ် - ၂

| | | |
|---|---|---|
| မြန်မာအရှေ့တိုင်းဘဏ်လီမိတက် | နှင့် | ၁။ ဦးတင်ဝင်း |
| (၎င်း၏ ကိုယ်စား မန်နေဂျာ- | | ၂။ ဒေါ်ချယ်ရီညို |
| ဒေါ်ဝင်းဝင်းမာ) | | ၃။ ဦးတင်မောင် |
| | | ၄။ ဒေါ်နန်းလှစိန် |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံးများ** |

မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်၊ တရားမကြီးမှုအမှတ် ၈/၂၀၁၇ အမှုတွင် အနိုင်ဒီကရီကို အတည်ပြု ဆောင်ရွက်ရန်အတွက် အောက်တွင် ဖော်ပြထားသော ပစ္စည်းကို ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၈ ရက် (၁၃၈၂ခုနှစ် ပြာသိုလပြည့်ကျော် ၁၂ ရက်) နံနက် ၁၀နာရီတွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**ပစ္စည်းစာရင်း**

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအနောက်ရပ်ကွက်၊ အကွက် ၅၆၀၊ ဦးပိုင်(၁၉-င)၊ ဧရိယာ ၀ဒသမ ၀၃၄၁ ဧက၊ ဦးပိုင်(၁၉-စ)၊ ဧရိယာ ၀ဒသမ ၀၃၄၁ ဧက၊ ဦးပိုင်(၂၁)၊ ဧရိယာ ၀ဒသမ ၀၃၈၂ ဧက၊ ဦးပိုင်(၂၂)၊ဧရိယာ ၀ဒသမ ၀၅၈၄ ဧက၊ စုစုပေါင်း ဧရိယာ ၀ဒသမ ၁၆၄၈ ဧကရှိ ဒေါ်ချယ်ရီညို အမည်ပေါက် ဘိုးဘပိုင်မြေကွက်များနှင့် ယင်းမြေကွက်များပေါ်ရှိ (၇၈)ပေx (၂၉)ပေ ကျယ်ဝန်းသော သံကူကွန်ကရစ် နှစ်ထပ်ခွဲတိုက် တစ်လုံး၊ (၅၁)ပေx (၃၄)ပေ အကျယ်အဝန်းရှိ နံကပ်တစ်ထပ် ကားဂိုဒေါင်တစ်လုံး ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်။

**လေလံကြမ်းခင်းဈေး- ကျပ်သိန်း(၁၆၅၀၀)(ကျပ်သိန်းတစ်သောင်းခြောက်ထောင်ငါးရာတိတိ)**

**လေလံရောင်းချမည့် စည်းကမ်းချက်များ**

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရသမျှ ဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။ တရားရှုံး၏ အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုရန်နှိုးဆော်လိုက်သည်။

၂။ လေလံတင်ရောင်းချသည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်းရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့် ပစ္စည်းအတွက် လက်ခံရန် မသင့်ကြောင်း ရောင်းချသူအရာရှိကထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သော ပစ္စည်းအတွက် လေလံဆွဲဝယ်သူက ငွေကျပ် ၁၀၀လျှင် ၂၅ ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည်လေလံတင် ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့် အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာလေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်ရက်ကို ပယ်၍ ၁၅ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီ ပေးဆောင်ရမည်။ ၁၅ရက်မြောက်သည့်ရက်သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်ရက်တွင် အပြေအကျေ ပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါရက်များတွင် ပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန်လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့်လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၂၄ ရက်တွင် ရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

**(စန်းစန်းဝင်း)**
**ဒုတိယညွှန်ကြားရေးမှူး**
**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
### လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ဆိုခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ ကနောင်ပင်မဓာတ်အားခွဲရုံရှိ ချွတ်ယွင်းသွားသော 230/33/11kV, 33.33 MVA Single Phase Transformer (1)No ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းကို တင်ဒါအမှတ်-40 (T)/DPTSC (PSD)/2020-2021 (မြန်မာကျပ်ငွေ)ဖြင့် တင်ဒါခေါ်ဆိုဆောင်ရွက်လိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါများအား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးရာဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်သို့ တင်ဒါပိတ်ရက် ၂၈-၁-၂၀၂၁ ရက်၊ (၁၄:၀၀) နာရီ နောက်ဆုံးထား၍ (လူကိုယ်တိုင်)လာရောက်တင်သွင်းရမည်။

၃။ သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ တင်ဒါပုံစံများအား ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပြီး လာရောက်ဝယ်ယူရာတွင် ကုမ္ပဏီတစ်ခုလျှင် ကိုယ်စားလှယ်(၁)ဦးသာ Covid-19 ရောဂါဆိုင်ရာ အကာအကွယ်(Mark နှင့် Face Shield) များဝတ်ဆင်၍ လာရောက်ဝယ်ယူပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ တင်ဒါကြော်ငြာအား ဝန်ကြီးဌာန၏ Web-Portal (www.moee.gov.mm)တွင်လည်း ကြော်ငြာမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ဖုန်း-၀၆၇-၃၄၁၀၂၀၉၊ ၀၆၇-၃၄၁၀၂၈၂**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
### လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ ပြည့်ဖြိုးမြစွမ်းအင်နှင့် ရေအားစက်ရုံများဌာန လက်အောက်ရှိ ရဲရွာဓာတ်အားပေးစက်ရုံ၏ Chiller System (Ventilation And Air Conditioning System) Upgrading ပြုလုပ်ခြင်းလုပ်ငန်းအား (မြန်မာကျပ်ငွေ)ဖြင့် လုပ်ငန်းဆောင်ရွက်ရန် (DDP At Site) ဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်-

(က) Tender No.57/EPGE/2020-2021 — ရဲရွာဓာတ်အားပေးစက်ရုံ၏ Chiller System (Ventilation And Air Conditioning System) Upgrading ပြုလုပ်ခြင်းလုပ်ငန်း

၂။ ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ (Technical Proposal) နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal) တို့အား သီးခြားစီချိပ်ပိတ်၍ တင်ဒါပိတ်ရက်၏ ၁၄:၀၀ နာရီနောက်ဆုံးထား၍ (လူကိုယ်တိုင်) လာရောက်တင်သွင်းရမည်။

၃။ **တင်ဒါပိတ်ရက်နှင့်အချိန်** - ၄-၂-၂၀၂၁ ရက်၊ (၁၄:၀၀) နာရီ

၄။ **တင်ဒါလက်ခံမည့်နေရာ** - လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ မော်တော်ယာဉ်ဌာန

၅။ တင်ဒါပုံစံအား ၅-၁-၂၀၂၁ ရက်မှစတင်၍ ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာနဝက်ဆိုဒ် (www.moee.gov.mm) တွင်လည်း ကြော်ငြာထားမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ဖုန်း-၀၆၇-၈၁၀၄၂၇၈၊ ၀၆၇-၈၁၀၄၂၇၉**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၈)၊ ပါမစ်မြေကွက် အမှတ် (၁၄၁၁/ခ)၊ မြိတ်လမ်း (၂၀' x ၆၀') ပေရှိသော နေအိမ်၊ ခြံမြေနှင့်ခံစားခွင့်အရပ်ရပ်ကို ပိုင်ဆိုင်သူ ဦးငွေထွန်း ၆/ထဝန(နိုင်)၀၂၁၆၃၁၊SLN ၀၀၄၂၉၀ က ရောင်းချပိုင်ခွင့်ရှိကြောင်း ကတိပြုဝန်ခံ၍ ကျွန်ုပ်အားရောင်းချရန် ကမ်းလှမ်းလာသဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်လဲ့လဲ့ဝင်း ၁၂/သဃက(နိုင်)၀၄၀၈၁၄**
**ဖုန်း-၀၉-၄၄၃၀၂၇၈၄၂၊ ၀၉-၇၆၄၁၁၀၇၃၀**

## ကချင်ပြည်နယ်အစိုးရအဖွဲ့
### လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာန
### ကချင်ပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
### (တတိယအကြိမ်)အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကချင်ပြည်နယ်၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ကချင်ပြည်နယ်၏ မြို့နယ်(၆)ခုအတွင်းဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအား သတ်မှတ်ဘဏ္ဍာရေးနှစ်အတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန်ရှိပါသဖြင့် ဆောင်ရွက်လိုသောလုပ်ငန်းရှင်များအား (တတိယအကြိမ်) အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| (က) **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** | - | ၁၆-၁၂-၂၀၂၀ ရက်၊ (ဗုဒ္ဓဟူးနေ့) (ရုံးချိန်အတွင်း) |
| (ခ) **PO Cheque နောက်ဆုံး တင်သွင်းရမည့်ရက်၊အချိန်** | - | ၁၄-၁-၂၀၂၁၊ (ကြာသပတေးနေ့) ညနေ (၄:၃၀)နာရီ |
| (ဂ) **တင်ဒါတင်သွင်းရမည့် ရက်၊ အချိန်** | - | ၁၅-၁-၂၀၂၁၊ (သောကြာနေ့) ညနေ (၄:၃၀)နာရီ |
| (ဃ) **တင်ဒါတင်သွင်းရမည့်နေရာ** | - | ညွှန်ကြားရေးမှူး(မြို့ပြရုံး)၊ ကချင်ပြည်နယ်၊ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့နှင့် drrdkachin@ gmail com |

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ရုံးချိန်အတွင်း လူကိုယ်တိုင်ဖြင့်သော်လည်းကောင်း၊ Online ဖြင့်လည်းကောင်း တင်ဒါလျှောက်လွှာများအား ရောင်းချမည်ဖြစ်ပြီး တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက ညွှန်ကြားရေးမှူး(မြို့ပြရုံး)၊ ကချင်ပြည်နယ်၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့တွင် လာရောက်ကြည့်ရှုခြင်းဖြင့်လည်းကောင်း၊ ရုံးဖုန်း-၀၇၄-၂၅၂၂၂၈၄၊ ၀၉-၂၅၆၆၁၂၇၈၈သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ကချင်ပြည်နယ်**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်၊ အကွက်အမှတ်-၁၆၈/၃ ရှိ ဧရိယာ အကျယ်အဝန်း အလျား၄၀ပေxအနံ၆၀ပေ ရှိသော မြေကွက်အမှတ်(၅၄၃)၊ မြေကွက် အမှတ်(၅၄၄)၊ မြေကွက်အမှတ်(၅၄၅)ရှိ မြေကွက်များနှင့် မြေကွက်များပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်ကို လက်ရှိ ပိုင်ဆိုင်၍ တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဝင်းအောင် ၇/သလပ(နိုင်) ၀၃၇၆၅၉ ထံမှ ဖော်ပြပါမြေကွက်အား အပြီးအပိုင်ဝယ်ယူမည်ဖြစ်ပါ၍ စရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါသည်။

ထို့ကြောင့် အဆိုပါမြေကွက်များနှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသည်ဆိုပါက စာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သီရိမောင် ၅/ကသန(နိုင်)၁၀၂၁၇၀**
**ဖုန်း-၀၉-၇၇၈၈၉၉၃၅၀**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၁၂)ရပ်ကွက်၊ မဥ္ဇူသကလမ်း၊ မြေတိုင်းရပ်ကွက်(၃၂)၊ အမှတ်(၁၀၇၇)ဟုခေါ်တွင်သော ဧရိယာ အကျယ်အဝန်း (အလျား၄၀ပေxအနံ၆၀ပေ) ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်ကို လက်ရှိပိုင်ဆိုင်၍ တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးသူရကိုကို ၁၂/ကတတ(နိုင်) ၀၂၅၇၆၆ထံမှ ဖော်ပြပါမြေကွက်အား အပြီးအပိုင် ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေခဲ့ပြီးဖြစ်ပါသည်။

ထို့ကြောင့် အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်တကွကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ကန့်ကွက်မည့်သူမရှိပါက မြေကွက် အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**မောင်ဝင့်ခန့်**
**ဖုန်း-၀၉-၇၅၀၂၂၅၄၀၂**
**၅၁ရပ်ကွက်၊ မြောက်ဒဂုံ၊ ရန်ကုန်တိုင်းဒေသကြီး**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်အရှေ့ပိုင်းခရိုင်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၁၅၁)ရပ်ကွက်၊ အမှတ်(၁၁၅၃)၊ (၄၀X၆၀)ပေ အကျယ်အဝန်းရှိ ဦးလှတင်( ISN.၅၅၂၇၆၄) အမည်ပေါက်လျက်ရှိသော မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ သီးပင်၊ စားပင် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်လာခဲ့သူ ဦးမင်းထက်အောင် ၁၂/ဒဂတ(နိုင်)၀၃၈၇၆၁ထံမှ အပြီးအပိုင်ဝယ်ယူရန် အတွက် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်းခိုင်လုံသော စာရွက်စာတမ်း မူရင်းများ ယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက မြေကွက်အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| **ဒေါ်မိုးမိုးလွင် (LL.B,D.B.L)** | **ဦးအာကာဟိန်း(LL.B)** |
| **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဥ်--၃၀၁၇၉)** | **(စဥ်-၅၃၀၂၄)** |
| **ရုံးခန်းလိပ်စာ-** | **အိမ်လိပ်စာ-** |
| **အမှတ်(၁၀၁၈)၊ သခင်စံရွှေလမ်း၊(၁၁)ရပ်ကွက်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး** | **အမှတ်(၁၆/က)၊ ကမြောကင်းလမ်း၊ ဆန်းချီရပ်ကွက်၊ ထားဝယ်မြို့၊တနင်္သာရီ တိုင်းဒေသကြီး။** |

**ဖုန်း-၀၉-၄၃၁၂၁၄၄၉၊ ၀၉-၇၇၁၀၉၃၇၅၅၊ ၀၉-၄၂၂၂၁၀၂၂၅**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၃၂)၊ မြေကွက်အမှတ်-၁၃၂၊ အကျယ်အဝန်း(၄၀ပေx၆၀ပေ)ရှိ ဦးသန်းဖေ(၂) အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဝယ်ယူခဲ့ပြီး လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းလာသူ ဒေါ်ခင်ချိုသက် ၁၂/အစန(နိုင်) ၀၆၃၇၉၇ ထံမှ ဝယ်ယူရန် အရောင်းအဝယ်ပြုသည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်မာသောစာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့် တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်သင်းသင်းဦး**
**၂/ဖဆန(နိုင်) ၀၀၂၉၂၈**
**အမှတ်(၁၄၇၆)၊ ၄၆ရပ်ကွက်၊ ပြည်ထောင်စုလမ်းမ၊**
**မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့**

## ဂိုဒေါင် ငှားမည်/ရောင်းမည်

54'x145'
ကွန်တိန်နာဝင်လို့ရသည်။
စက်ဆန်း 360
ဆီဆိုင်အနီး
ဖုန်း-၀၉-၂၅၄၂၀၅၈၅၀၊ ၀၉-၇၉၆၃၃၇၂၅၁

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်၊ ၆၄/စီးဖြိုး၊ မြေကွက်အမှတ် (၁၇)၊ မြေကွက်တည်နေရာ အမှတ်(၁၇)၊ ရတနာသိင်္ဂီလမ်း၊ (၆၄)ရပ်ကွက်၊ ဒဂုံတောင်မြို့နယ်၊ ဦးကျော်ညွန့်(ခ)ဘတ်တမာနာသန့် ၁၂/မဂတ(နိုင်)၀၁၅၃၆၂ အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား ဂရန်အမည်ပေါက် ဦးကျော်ညွန့်(ခ)ဘတ်တမာနာသန့်မှ ဘဏ်ချေးမြေပုံ လျှောက်ထားလာရာ တင်ပြဂရန်နှင့် မြေစာရင်းတွင် ဦးကျော်ညွန့်(ခ)ဘတ်တမာနာသန့်ဖြစ်ပြီး နိုင်ငံသားကတ်တွင် ဦးဘတ်တမာနာသန့် ၁၂/မဂတ(နိုင်)၀၁၅၃၆၂ ဖြစ်၍ ဦးကျော်ညွန့်(ခ) ဦးဘတ်တမာနာသန့်တို့မှာ တစ်ဦးတည်းဖြစ်ကြောင်း ကျမ်းကျိန်လွှာ ၁၂/၈၂/၁၉၊၂-၁၂-၂၀၁၉ ဖြင့်လည်းကောင်း၊ (၂၀၁၇)ခုနှစ် တွင်ထုတ်ယူခဲ့သော ဘဏ်ချေး မြေပုံပျောက်ဆုံးသွားသည်မှာ မှန်ကန်ကြောင်း ကျမ်းကျိန်လွှာအမှတ်၁၂/၈၃/၁၉၊၂-၁၂-၂၀၁၉ ဖြင့်ရှင်းလင်းတင်ပြပြီး ဂရန်မူရင်းတင်ပြ၍ ဘဏ်ငွေချေးရန် မြေပုံကူးလျှောက်ထားရာ တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းနှင့် လုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# ရွှေရတု မင်္ဂလာနှစ်ပတ်လည် ဆုတောင်းလွှာ

သား ၊ သမီး နှင့် မြေးများအပေါ် မေတ္တာ၊ ကရုဏာ၊ စေတနာ ကြီးမားစွာဖြင့်
ကျွေးမွေးပြုစု ပညာသင်ပေးပြီး ဆုံးမလမ်းညွှန်ကာ အမြဲဂုဏ်ယူလေးစားစံနမူနာ ယူထိုက်သော

**ချစ်ဖေဖေ ဦးတိုး + ချစ်မေမေ ဒေါ်သျှမ်း**

(စိန်သရဖူ၊ ပေါ်ပြူလာ ချည်ချောလုံချည်၊ စိန်ရတနာအထည်စက်၊ ဝမ်းတွင်းမြို့) တို့၏

**နှစ် (၅၀)မြောက် “ရွှေရတု” မှသည်**

“မြရတု”၊ “စိန်ရတု”၊ “နဝရတ်ရတု” ရတုအဆက်ဆက်တိုင်အောင်
ချစ်သားသမီး မြေးများနှင့် အတူ ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာစွာ အလှူရေစက် လက်နှင့်မကွာ
ဘာသာ သာသနာအကျိုးကို ဆက်လက်ဆောင်ရွက်နိုင်ပါစေ၊
ရပ်ရွာအကျိုး အများအကျိုးကို ဆက်လက်ထောက်ပံ့ လှူဒါန်းနိုင်ပါစေ၊
တရားထူး တရားမြတ်ရအောင် ကျင့်ကြံအားထုတ်နိုင်ပါစေကြောင်း မင်္ဂလာဆုမွန်တောင်းလိုက်ပါသည်။

**ချစ်သား ၊ သမီး ၊ မြေး များ**

၁။ **ကိုနေလင်း + မမိုးမိုးသင်း**(ရွှေမောင်း-ချည်ရောင်းဝယ်ရေး)၊
(သား) မောင်နေလင်းတိုး (Grade-10, AIS) ၊ မောင်ရဲလင်းခန့် (Grade-6, AIS)
၂။ **ကိုစိုးလှိုင် + မမိုးမိုးနှင်း** (ဦးစိုးလှိုင် – ကိုယ်ပိုင်အထက်တန်းကျောင်း)၊ (သမီး) မရွှန်းလက်ရွှေရည် (Pre-KG, AIS)
၃။ **ကိုကျော်ကျော်ဦး + မခင်ပပလင်း** (စိန်သရဖူ – ချည်၊ဆိုးဆေးရောင်းဝယ်ရေး)၊
(သား) မောင်ရဲလင်းတိုး (2nd Year, Univesity of LaVerne, California)
(သမီး)မဇူဇူလင်းတိုး (Grade - 10, AIS) ၊(သား) မောင်ပိုင်ထူးကျော် (Grade-1, AIS)
မိသားစု ၊ ဝမ်းတွင်းမြို့။


သွေးတိုးကျ သွေးတိုးကျ



**သန္တိသုခ**

ကြော်ငြာခွင့်ပြုချက်အမှတ်
တအဝက (စာနယ်ဇင်း)
014/0819

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
TMR012355 (0919)

**သွေးတိုးကျ**

အမြို့မြို့ဆိုင်တိုင်းတွင် ရနိုင်ပါသည်။

လပြည့်သစ္စာ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၉ ၄၄၈၀၃၄၄၇၇၊ ၀၉ ၂၆၁၉၉၃၆၅၃၊ ၀၉ ၄၂၂၄၄၃၈၄၅


## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးဥပဒေအမိန့်–၂၁၊ နည်းဥပဒေ –၂၂)
မြောက်ဥက္ကလာပမြို့နယ် တရားရုံးတော်၌
၂၀၂၀ပြည့်နှစ် တရားမကြီးမှုအမှတ် –၃၇နှင့် ဆက်နွယ်သည့်
၂၀၂၀ပြည့်နှစ် တရားမဇာရီမှုအမှတ် –၄၅

ဒေါ်တင်တင် နှင့် ၁။ ဒေါ်စန်းစန်း
၂။ ဦးမင်းစိုး
၃။ ဒေါ်ခင်သန်းဦး

တရားနိုင် တရားရှုံးများ

ဒေါ်စန်းစန်း၊ အမှတ်(၅၉၉) နွယ်နီ(၇)လမ်း၊ (င)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့(ယခုနေရပ်လိပ်စာမသိ)၊ ဦးမင်းစိုး အမှတ်(၁၀၀)၊ ၃၉–လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဒေါ်ခင်သန်းဦး၊ မီးသတ်ဝင်း၊ အိမ်ထောင်သည်လိုင်း၊ မြောက်ဥက္ကလာမြို့နယ်၊ ရန်ကုန်မြို့(ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

၂၀၂၀ပြည့်နှစ် တရားမကြီးမှုအမှတ် –၃၇တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒေါ်တင်တင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုစေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ(သို့မဟုတ်) အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၁၂ ရက် (၁၃၈၂ ခုနှစ် နတ်တော်လကွယ်နေ့ ) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် ဤရုံးတော်ရှေ့တွင်လာရောက်ရမည်။

၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ၂၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဇေယျာဦး)
မြို့နယ်တရားသူကြီး
မြောက်ဥက္ကလာပမြို့နယ်တရားရုံး

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဇ)ရပ်ကွက်၊ ဥဇ္ဇနာ(၆)လမ်း၊ အမှတ်(၃၅၄) မြေကွက်ပေါ်ရှိ(မှန်ခန်း)တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တိုက်ခန်းပိုင်ရှင်ဒေါ်နီလာစိုး ၁၂/ဥကမ(နိုင်)၁၅၆၂၁၆ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်နိုင်စိုး ၁၁/မအန(နိုင်) ၀၃၂၆၂၇ ကဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်း၊အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ရက်သတ္တ(၁)ပတ်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဦးလှမင်းထွန်း
LL.B.,D.B.L.,MA–Part II
တရားလွှတ်တော်ရှေ့နေ (စဥ်–၁၂၈၅၅)
အမှတ်(၂/၂၉)၊ ဇမ္ဗူရာဇ်ရွှေစင်လမ်း၊ ဝေဘာဂီ၊ မြောက်ဥက္ကလာ။
(၅/၆၆၄)ဥယျာဉ်(၄)လမ်း၊ ဘားအံ။
၀၉–၂၅၄၂၂၂၃၂၊ ၀၉–၇၉၂၈၁၀၉၈၁၂

## နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးစီးကြောင်းနှင့် မည်သို့မျှ ပတ်သက်မှုမရှိတော့ကြောင်း အများသိရှိနိုင်စေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်စုနန္ဒာလှိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးကျော်စိုးမိုး ၁၂/ဥကမ(နိုင်)၁၈၂၀၁၃နှင့် ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်စုနန္ဒာလှိုင် ၁၂/ဥကမ(နိုင်)၂၀၈၂၀၆တို့သည် ၂၈–၁၂–၂၀၁၈ရက်တွင် အသိသက်သေများရှေ့မှောက်တွင် အကြင်လင်မယားအဖြစ်မှ နှစ်ဦးသဘောတူလက်မှတ်ရေးထိုးကာ ကွာရှင်းပြတ်စဲခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကွာရှင်းပြတ်စဲပြီးသည့်ရက်မှစ၍ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်စုနန္ဒာလှိုင်နှင့် ဦးကျော်စိုးမိုးတို့သည် တစ်ဦးနှင့်တစ်ဦး မည်သို့မျှပတ်သက်မှုမရှိတော့သဖြင့် ၎င်း၏ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်စုနန္ဒာလှိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်မေသဥ္ဇာသိန်း (LL.B) ဒေါ်နှင်းဝတ်ရည်ထွန်း (LL.B)
တရားလွှတ်တော်ရှေ့နေ(စဥ်–၁၄၅၉၈) အထက်တန်းရှေ့နေ(စဥ်–၅၁၀၉၇)
အမှတ် ၃၄၅၊ နဝရတ် ၃လမ်းအောက်၊ (၈)ရပ်ကွက်၊ သာကေတမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း– ၀၉– ၄၂၁၁၁၇၂၀၄၊ ၀၉– ၂၆၂၆၈၅၇၄၄

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်၊ ကွင်းအမှတ်(၁၂/၁–ခ)၊ ဦးပိုင်အမှတ်(၁၄၆)၊ မြေရေိယာ ၀ဒသမ ၁၈၃ ဧကရှိ မြေကွက်ကို ဦးအောင်ခင်အမည်ဖြင့် ၃၀–၆–၂၀၂၀ရက် အထိနှစ်(၃၀)ဂရန် မြေငှားဂရန် သက်တမ်းရရှိခဲ့ပြီး ၁၈–၃–၁၉၉၁ ရက်တွင် ဦးအောင်ခင်ထံမှ ဦးအင်ဒိန်နော်တောင်က လည်းကောင်း၊ ဦးပိုင်(၁၄၆/က)၊မြေရေိယာ ၀ဒသမ ၀၉၂ ဧကရှိ မြေကွက်အပိုင်းကို ၃–၄–၂၀၁၅ရက်တွင် ဦးအင်ဒိန်နော်တောင်နှင့် ဒေါ်ထုခေါန်တို့ထံမှ ဦးခွန်းအောင်ကလည်းကောင်း နှစ်ဦးသဘောတူ အိမ်ခြံမြေကွက် အရောင်းအဝယ်ကတိစာချုပ်ဖြင့် အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ခဲ့ကြပြီး ဦးခွန်းအောင် ၁/မကန(နိုင်)၁၀၄၅၀၀ အမည်ဖြင့်မြေငှားဂရန်အမည်ပြောင်း၊ အသစ်ရရှိရေးအတွက် ၁၈–၉–၂၀၂၀ရက်စွဲပါ ကတိသစ္စာပြုကျမ်းကျိန်လွှာအမှတ်(၈၃/၂၀၂၀)ကို ၂၄–၉–၂၀၂၀ ရက်စွဲပါ ကတိသစ္စာပြု ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ် (၆၂၄/၂၀၂၀)အဖြစ် ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံး လုပ်နည်း ညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်အမည်ပြောင်း၊ အသစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မြစ်ကြီးနားမြို့

## လက်ထပ်ပြီးစီးခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ကမ်းနားလမ်း
Aung Zeya Complex,B3(702)နေ ဦးကျော်ဝင်းဒင်–ဒေါ်စန်းမြင့်သန်းတို့၏ သား

**မောင်ငြိမ်းချမ်းကိုကို**

B.Sc(Hons)in Applied Accounting.Oxford . Brookes University (U.K)

နှင့်

မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ ကော့ပရုံစံပြကျေးရွာနေ
ဦးမောင်ညို–ဒေါ်ကျင်ထွေးတို့၏သမီး

**မသဇင်ဝင်း**

B.Sc(Maths)

တို့သည် နှစ်ဖက်သောမိဘများ၏ခွင့်ပြုချက်အရ(၁၈–၁၂–၂၀၂၀)ရက်တွင် ဗဟိုတရားရုံး (ရန်ကုန်တိုင်း)၌ လက်ထပ်ပြီးစီးပါကြောင်း။

မောင်ငြိမ်းချမ်းကိုကို–မသဇင်ဝင်း


**SEVEN စံ**
မြေကွက်များရောင်း/ဝယ်ရေး
ဒဂုံဆိပ်ကမ်း၊အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊
(ရွှေပေါက်ကံမြို့သစ်)
အိမ်အရောက် ငွေပေးချေသည်။
“ပွဲခလုံး၀မယူပါ”။
09 - 33 333 511
09 - 33 333 514
09 - 33 333 644

**အောင်ကမ္ဘာ**
ဒဂုံမြို့သစ် (တောင်ပိုင်း၊ ဆိပ်ကမ်း၊အရှေ့ပိုင်း၊ မြောက်ပိုင်း)ရွှေပေါက်ကံ
မြေကွက်များဝယ်လိုသည်။
အိမ်အရောက်ငွေချေသည်။
ပွဲခပေးရန်မလိုပါ။
09-43118200
09-450096155


## အမွေဆက်ခံရန် သက်သေခံလက်မှတ်လျှောက်ထားကြောင်း အကြောင်းကြားစာ

(အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၃၇၃)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်
၂၀၂၀ပြည့်နှစ်၊ တရားမအထွေထွေမှုအမှတ်–၁၃၄
ကွယ်လွန်သူ ဒေါ်ယဉ်ဌေး၌ကျန်ရစ်သော ပစ္စည်းအကြောင်း

ဦးတင်ဦး လျှောက်သူ

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဆေးစက်ရပ်ကွက်၊ အလင်းရောင်လမ်း၊ တိုက်အမှတ်(၈၆/A)မြေညီထပ်နေ ဦးတင်ဦးက ကွယ်လွန်သူ ဒေါ်ယဉ်ဌေး၏ တရားဝင်ခင်ပွန်းဖြစ်သည်ဟူ၍ အထက်ပါနေရပ်နေ ၎င်းကွယ်လွန်သူ ဒေါ်ယဉ်ဌေးမှာ ကျန်ရစ်သောပစ္စည်းများထဲမှ ရရန်ရှိသောကြွေးမြီများကို ကောက်ခံရန် အမွေဆက်ခံခြင်း အက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌လျှောက်ထားသည်ဖြစ်၍ ၎င်းကွယ်လွန်သူ ဒေါ်ယဉ်ဌေးမှာကျန်ရစ်သော ပစ္စည်းများအပေါ်၌ ရရန်ရှိသူဟူသမျှ တို့သည်ဤ ရုံးသို့ ၂၀၂၁ခုနှစ်၊ ဇန်နဝါရီ ၂၅ရက်( ၁၃၈၂ခုနှစ် ပြာသိုလဆန်း ၁၃ရက်) တွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်သူ ဦးတင်ဦး၏ လျှောက်ထားချက်ကို ကြားနာ၍ လက်မှတ်ရသင့် မသင့်သည်ကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၀ပြည့်နှစ် ဒီဇင်ဘာလ (၂၉)ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဒေါ်မြအေး)
တွဲဖက်ခရိုင်တရားသူကြီး(၃)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်၊ ကွင်းအမှတ်(၁၂/၂–က)၊ ဦးပိုင်အမှတ်(၄၀)၊ မြေရေိယာ ၀ဒသမ ၁၈၃ ဧကရှိ မြေကွက်ကို ဦးလှမြင့် အမည်ဖြင့် ၃၀–၆–၂၀၂၀ ရက်အထိနှစ်(၃၀) မြေငှားဂရန် သက်တမ်းရရှိပိုင်ဆိုင်ကြပြီး ၁၅–၁၀–၁၉၉၈ ရက်တွင် ဦးလှမြင့်ထံမှ ဦးလဝေါ်တူးတောင်ကလည်းကောင်း၊ ဦးပိုင်(၄၀/က)၊ မြေရေိယာ ၀ ဒသမ ၁၀၁ ဧကရှိ မြေကွက်အပိုင်းအား ၃–၇–၂၀၂၀ရက်တွင် ဦးလဝေါ်တူးတောင်ထံမှ ဦးဂျာတူးကလည်းကောင်း နှစ်ဦးသဘောတူ အိမ်ခြံမြေအရောင်းအဝယ်စာချုပ်ဖြင့် အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ခဲ့ကြပြီး ဦးဂျာတူး ၁/မကန(နိုင်)၁၁၀၂၅၈ အမည်ဖြင့် မြေငှားဂရန် ဦးပိုင်ခွဲအမည်ပြောင်းရရှိရေးအတွက် ၃၀–၇–၂၀၂၀ရက်စွဲပါကျမ်းကျိန်လွှာ အမှတ် (၄၉၉/၂၀၂၀)ကို ၁၈–၈–၂၀၂၀ရက်စွဲပါ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ် (၄၇၉/၂၀၂၀)အဖြစ် ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန် ဦးပိုင်ခွဲ၊ အမည်ပြောင်း ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်၊ ကွင်းအမှတ်(၁၂/၁ခ)၊ ဦးပိုင်အမှတ်(၁၅၉)၊ မြေရေိယာ ၀ဒသမ ၁၈၃ ဧကရှိ မြေကွက်ကို ဦးဇော်လွမ်အောင် အမည်ဖြင့် ၃၀–၆–၂၀၂၀ ရက်အထိနှစ်(၃၀)ဂရန် မြေငှားဂရန် သက်တမ်းရရှိခဲ့ပြီး ၁၅–၆–၂၀၀၁ ရက်တွင် ဦးဇော်လွမ်အောင်နှင့် ဒေါ်နန်အောင်တို့ နှစ်ဦးထံမှ ဦးခွန်းအောင်က နှစ်ဦးသဘောတူ အိမ်ခြံမြေကွက် အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ကြပြီး ဦးခွန်းအောင် ၁/မကန(နိုင်)၁၀၄၅၀၀ အမည်ဖြင့်မြေငှားဂရန် အမည်ပြောင်း၊ အသစ်ရရှိရေးအတွက် ၁၈–၉–၂၀၂၀ရက်စွဲပါ ကတိသစ္စာပြုကျမ်းကျိန်လွှာအမှတ်(၈၂/၂၀၂၀)ကို ၂၄–၉–၂၀၂၀ ရက်စွဲပါ ကတိသစ္စာပြုကျမ်းကျိန်လွှာ မှတ်ပုံတင်အမှတ် (၆၂၃/၂၀၂၀)အဖြစ် ပြုဆို တင်ပြလျက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာ ဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက် မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက် နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန် အမည်ပြောင်း၊ အသစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာ အပ်ပါသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မြစ်ကြီးနားမြို့


**ကောင်းမြန်မာ**
ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း
တောင်ပိုင်းရှိမြေကွက်များ
ဝယ်လိုသည်(ပွဲခပေးရန်မလိုပါ)
09-5128736
09-420963466


## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်၊ ကွင်းအမှတ်(၁၂/၂က)၊ ဦးပိုင်အမှတ်(၂၉)၊ မြေရေိယာ ၀ဒသမ ၁၈၃ ဧကရှိ မြေကွက် ကို ဦးကျော်မောင် အမည်ဖြင့် ၃၀–၆–၂၀၂၀ရက်အထိ နှစ်(၃၀)ဂရန် မြေငှားဂရန် သက်တမ်းရရှိခဲ့ပြီး ၇–၄–၁၉၉၆ ရက်တွင် ဦးကျော်မောင်ထံမှ ဦးလပိနော်ဘောက်က လည်းကောင်း၊ ဦးပိုင်(၂၉/က)၊ မြေရေိယာ ၀ ဒသမ ၀၉၂ ဧကရှိ မြေကွက်အပိုင်းကို ၂၁–၃–၂၀၁၄ ရက်တွင် ဦးလပိနော်ဘောက်ထံမှ ဒေါ်ရှရဲဂျာလုကလည်းကောင်း နှစ်ဦးသဘောတူ အိမ်ခြံမြေကွက် အရောင်းအဝယ်ကတိစာချုပ်ဖြင့် အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ခဲ့ကြပြီး ဒေါ်ရှရဲဂျာလု ၁/မကန(နိုင်)၀၈၄၃၄၉ အမည်ဖြင့် မြေငှားဂရန် ဦးပိုင်ခွဲ၊ အမည်ပြောင်း ရရှိရေးအတွက် ၁၁–၈–၂၀၂၀ရက်စွဲပါ ကတိသစ္စာပြု ကျမ်းကျိန်လွှာအမှတ် (၅၄၅/၂၀၂၀)ကို ၁၈–၈–၂၀၂၀ရက်စွဲပါ ကတိသစ္စာပြု ကျမ်းကျိန်လွှာ မှတ်ပုံတင် အမှတ် (၄၇၄/၂၀၂၀)အဖြစ် ပြုဆို တင်ပြလျက် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်း အား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာ ပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း နှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထား သူအား လုပ်ထုံးလုပ်နည်း ညွှန်ကြား ချက်များနှင့်အညီ မြေငှားဂရန်၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း ထုတ်ပေးရေး ကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မြစ်ကြီးနားမြို့

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်၊ ကွင်းအမှတ်(၁၂/၂က)၊ ဦးပိုင်အမှတ် (၁၇)၊ မြေရေိယာ ၀ဒသမ ၁၈၃ ဧကရှိ မြေကွက်ကို ဦးအင်ဒေါင်ခမ်းလွန်း အမည်ဖြင့် ၃၀–၆–၂၀၂၀ ရက်အထိ နှစ်(၃၀)ဂရန် မြေငှားဂရန် သက်တမ်း ရရှိခဲ့ပြီး ၁၇–၅–၁၉၉၆ ရက်တွင် ဦးအင်ဒေါင်ခမ်းလွန်းထံမှ ဒေါ်ဂျာရိန်က လည်းကောင်း၊ (၃–၉–၁၉၉၈)ရက်တွင် ဒေါ်ဂျာရိန်ထံမှ ဒေါ်ဖာကွန်ဂျာဘူ က လည်းကောင်း၊ ၁၁–၄–၂၀၀၃ ရက်တွင် ဒေါ်ဖာကွန်ဂျာဘူထံမှ ဒေါ်ဂျာရင်က လည်းကောင်း၊ ၂၁–၁–၂၀၀၄ရက်တွင် ဒေါ်ဂျာရင်ထံမှ ဒေါ်ဂျာနန်ကလည်း ကောင်း နှစ်ဦးသဘောတူ အိမ်ခြံ မြေကွက် အရောင်းအဝယ်ကတိစာချုပ် ဖြင့် အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ခဲ့ကြပြီး ဒေါ်ဂျာနန် ၁/မကန(နိုင်)၁၂၀၂၈၂ အမည်ဖြင့် မြေငှားဂရန် အမည်ပြောင်း၊ အသစ်ရရှိရေးအတွက် ၁၁–၈–၂၀၂၀ ရက်စွဲပါ ကတိသစ္စာပြုကျမ်းကျိန်လွှာ အမှတ်(၅၄၄/၂၀၂၀)ကို ၁၈–၈–၂၀၂၀ ရက်စွဲပါ ကတိသစ္စာပြု ကျမ်းကျိန်လွှာ မှတ်ပုံတင်အမှတ် (၄၇၅/၂၀၂၀)အဖြစ် ပြုဆိုတင်ပြလျှက် လျှောက်ထားလာခြင်း နှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြ ချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြ နိုင်သူ မည်သူမဆို ယခုလျှောက်ထား ခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ (၁၅) ရက် အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူ အား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက် များနှင့်အညီ မြေငှားဂရန် အမည်ပြောင်း၊ အသစ်ထုတ်ပေးရေးကို ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ် ပါသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မြစ်ကြီးနားမြို့

## ဝမ်းနည်းကြေကွဲခြင်း
# ဒေါ်အမာ
## အသက်(၉၁)နှစ်

ရွှေဘိုမြို့၊အမှတ်(၆) ရပ်ကွက်၊ ဘုရင်ဂျီကျောင်းဝင်းနေ (ဦးစိန်ငွေ)၏ဇနီး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နိုင်-ဇနီး ဒေါက်တာ အေးသဉ္ဇာခိုင်၊ ဒုတိယညွှန်ကြားရေးမှူး(မွေးကုဦးစီးဌာန)တို့၏မိခင် ဒေါ်အမာ အသက်(၉၁)နှစ် သည် ၂၉-၁၂-၂၀၂၀ရက် (အင်္ဂါနေ့) ညနေ ၅:၂၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးနှင့်
ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ အရာထမ်း/အမှုထမ်းများ

## ဝမ်းနည်းကြေကွဲခြင်း
# ဒေါ်အမာ(ရွှေဘိုမြို့)
## အသက်(၉၁)နှစ်

ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နိုင်-ဇနီး ဒေါက်တာအေးသဉ္ဇာခိုင်၊ ဒုတိယညွှန်ကြားရေးမှူး (မွေးကုဦးစီးဌာန)တို့၏ မိခင်ကြီး ဒေါ်အမာသည် ၂၉-၁၂-၂၀၂၀ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဦးစိုးညွှန့်လှိုင်-ဒေါ်ကေသီလှိုင်
(ပြည်ထောင်စုရှေ့နေချုပ်ရုံး)
ဦးဝင်းမင်းသိန်း-ဒေါ်ခိုင်ဇင်ဝင်း
(ပုသိမ်ကြီးမြို့နယ်ဥပဒေရုံး)

# ဦးမြဟန်(ပဲခူးမြို့)
## ထွေ/အုပ်(ငြိမ်း)
## အသက် (၉၂)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ကံဘဲ့စည်ပင်အိမ်ရာဝင်း၊ တိုက် (A/4)၊ အခန်း (၀၀၂)နေ (ဦးပုလေး-ဒေါ်စိမ်းမေ)တို့၏သား၊ (ဒေါ်ခင်အေးမြင့်)၏ခင်ပွန်း၊ (ဦးတင့်စိုး)-ဒေါ်ချိုမြအေး(ဌာနခွဲမှူး၊ Y.C.D.C)၊ ဦးဇော်သိန်း (MTTL)-ဒေါ်ချိုမာအောင်၊ (ဦးပြည့်ကျော်)၊ (ဦးအောင်မျိုး)တို့၏ချစ်လှစွာသောဖခင်၊ ဗိုလ်ပြည့်စုံအောင်-မထိုက်ဆုဝေ၊ မောင်ကောင်းစံလင်းတို့၏ အဘိုးသည် ၂၈-၁၂-၂၀၂၀ရက် (တနင်္လာနေ့) ညနေ ၄:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၁၂-၂၀၂၀ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# ဦးမြဟန်(ပဲခူးမြို့)
## ထွေ/အုပ်(ငြိမ်း)
## အသက် (၉၂)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ကံဘဲ့စည်ပင်အိမ်ရာ၊ တိုက် (A/4)၊ အခန်း (၀၀၂)နေ (ဦးပုလေး-ဒေါ်စိမ်းမေ)တို့၏ သား၊ (ဒေါ်ခင်အေးမြင့်)၏ခင်ပွန်း၊ (ဦးချစ်-ဒေါ်စိန်ဟန်)၊ (ဦးမောင်ကလေး-ဒေါ်ညွန့်တင်)၊ (ဒေါ်ဖြူ)တို့၏ညီ/မောင်၊ ဒေါက်တာတင့်လွင်-ဒေါ်ကေသီလေးညွန့်၊ (ဒေါ်နုနုအေး)၊ ဦးတင့်အောင်-ဒေါ်ခင်မျိုးလွင်၊ ဦးခင်အောင်-ဒေါ်ခင်ယုဝေ၊ ဦးတိုးအောင်-ဒေါ်ဥမ္မာလှိုင်၊ (ဦးညိုအောင်)-ဒေါ်ခင်သက်သက်တို့၏ ဦးလေးသည် ၂၈-၁၂-၂၀၂၀ရက် (တနင်္လာနေ့) ညနေ ၄:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၁၂-၂၀၂၀ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်

ကျန်ရစ်သူမိသားစု

# ဦးစိန်လှမောင်
## ဦးစီးအရာရှိ(ငြိမ်း)၊
## မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
## စစ်တွေမြို့
## အသက်(၆၅)နှစ်

စစ်တွေမြို့၊ မြို့သူကြီးရပ်ကွက်၊ လမ်းမကြီး(၃၀၃)နေ (ဦးမောင်သာအောင်-ဒေါ်အောင်မသာ)တို့၏သားကြီး၊ (ဦးမောင်ပြည့်လှ- ဒေါ်မချမ်း)တို့၏သားသမက်၊ ဒေါ်အေးညွန့်သာ၏ချစ်လှစွာသောခင်ပွန်း၊ (ဦးကျော်ဇော)-ဒေါ်အေးအေးခင်၊(ဦးကျော်သန်း)-ဒေါ်လှစောခိုင်၊ဦးမောင်မြထွန်း-ဒေါ်မအေးနုတို့၏ ညီ/အစ်ကို၊ ဦးလှမင်း-ဒေါ်စုမြတ်ထွေး၊ ဦးအောင်ဝင်းလှိုင်(ဒု-ဦးစီးမှူး၊မြေစာရင်းဦးစီးဌာန)-ဒေါ် သွယ်သွယ်အောင်၊ ဗိုလ်မှူးတင်ဇေထွန်း (ဒု-တပ်ရင်းမှူး)-ဒေါ်နန်းစုမွန်တို့၏ဖခင်၊ မောင်မြတ်မင်းသန့်၊ မောင်ခိုင်စိုးသန့်၊ မောင်ပိုင်မြတ်ထွန်း၊ မမေမြတ်နိုးတို့၏ အဘိုးရင်သည်၂၉-၁၂-၂၀၂၀ရက် (အင်္ဂါနေ့) ည ၁၁:၄၅ နာရီတွင် ဗဟန်းမြို့နယ်၊ ဆရာစံတောင်၊ မေယုလမ်း၊ အမှတ် ၂၂နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၁၂-၂၀၂၀ရက် (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ဗဟန်းနေအိမ်မှ ကားများ မွန်းလွဲ ၁:၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအား ရည်စူး၍ ၃-၁-၂၀၂၁ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၉ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
# ဘဒ္ဒန္တသုစရိတ(မိုးကုတ် ကမ္ဘဋ္ဌာနာစရိယ)
## ပဓာန နာယကဆရာတော်
## သက်တော်(၅၇)နှစ် သိက္ခာတော်(၃၇)ဝါ

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ဏ/(၁၄)ရပ်ကွက်၊ သုစရိတာရာမ မြန်အောင်ကျောင်းတိုက်၊ ပဓာန နာယကဆရာတော် ဘဒ္ဒန္တသုစရိတသည် (၁၃၈၂ ခုနှစ်၊ နတ်တော်လပြည့်နေ့) ၂၉-၁၂-၂၀၂၀ရက်(အင်္ဂါနေ့)နံနက် ၂နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါကြောင်း ရပ်ဝေးရပ်နီးမှ ဆရာတော်များ၊ တပည့်ဒါယကာ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

တပည့်သံဃာများနှင့် ဒါယကာ ဒါယိကာမများ

## ဝမ်းနည်းကြေကွဲခြင်း
# ဒေါ်အမာ
## အသက်(၉၁)နှစ်

ရွှေဘိုမြို့၊ အမှတ်(၆)ရပ်ကွက်၊ ဘုရင်ဂျီကျောင်းဝင်းနေ (ဦးစိန်ငွေ)၏ဇနီး၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးကျော်ကျော်နိုင်-ဇနီး ဒေါက်တာအေးသဉ္ဇာခိုင်၊ ဒုတိယညွှန်ကြားရေးမှူး(မွေးကုဦးစီးဌာန)တို့၏ မိခင် ဒေါ်အမာ အသက်(၉၁)နှစ်သည် ၂၉-၁၂-၂၀၂၀ရက် (အင်္ဂါနေ့)ညနေ ၅:၂၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့်ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း/အမှုထမ်းများ
ပြည်ထောင်စုရှေ့နေချုပ်ရုံး

## အထူးဝမ်းနည်းကြေကွဲခြင်း
# ဒေါ်ခင်ချစ်(ပုသိမ်မြို့)
## အသက် (၉၁)နှစ်

ပါမောက္ခဒေါက်တာ ဦးမြင့်စိုးဝင်း(ပါမောက္ခဌာနမှူး-နှလုံးဆေးကုသဌာန၊ မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး)-ဒေါ်လှလှဌေးတို့၏ ချစ်လှစွာသော မိခင်ကြီး ဒေါ်ခင်ချစ်သည် ၃၀-၁၂-၂၀၂၀ရက်တွင် အာယုအင်တာနေရှင်နယ်ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

နှလုံးဆေးကုသဌာနမိသားစု
မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး

## အထူးကျေးဇူးတင်လွှာ
# ဒေါ်ခင်ချစ်(ပုသိမ်မြို့)
## အသက် (၉၁)နှစ်

ကျွန်တော်၊ ကျွန်မတို့၏မိခင်ကြီး ဒေါ်ခင်ချစ်(ပုသိမ်မြို့)သည် ၃၀-၁၂-၂၀၂၀ရက်တွင် အာယုအင်တာနေရှင်နယ်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် နာမကျန်းဖြစ်သည့်အချိန်မှစ၍ သင်္ဂြိုဟ်ပြီးသည်အထိ အစစအရာရာ ကူညီမှုများပေးခဲ့ကြသည့် ပုသိမ်ပြည်သူ့ဆေးရုံကြီး၊ မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး၊ အာယုအင်တာနေရှင်နယ်ဆေးရုံကြီးတို့မှ ဆရာဝန်ကြီးများ၊ ဆရာဝန်၊ ဆရာမများ၊ သူနာပြုဆရာမများနှင့် ဝန်ထမ်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို ကျေးဇူးအထူးတင်ရှိပါသည်။

ပါမောက္ခဦးမြင့်စိုးဝင်း-ဒေါ်လှလှဌေး
ဒေါ်စန်းစန်းတင်
ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
# ဒေါက်တာဦးတင်မြင့်
## ဒုတိယညွှန်ကြားရေးမှူး(အနာကြီး)(ငြိမ်း)
### အသက်(၈၉)နှစ်

မြန်မာနိုင်ငံပန်းဝါသနာရှင်အသင်းမှ တွဲဖက်ဘဏ္ဍာရေးမှူး(၁)ဒေါ်ဝိုင်းဝိုင်းမွန်၏ ဖခင်ဒေါက်တာတင်မြင့်သည် ၂၆-၁၂-၂၀၂၀ ရက်တွင်ကွယ်လွန်သွားပါကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဥက္ကဋ္ဌနှင့်အမှုဆောင်အဖွဲ့ဝင်များ
မြန်မာနိုင်ငံပန်းဝါသနာရှင်အသင်း

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
# ဦးဉာဏ်ထွန်း
## အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၄)ရပ်ကွက်၊ သင်းဝင်လမ်း၊ အမှတ် ၉၉၄နေ (ဦးမောင်မောင်-ဒေါ်ခင်ကြည်)တို့၏ သားကြီး၊ ဒေါ်မြင့်မြင့်၊ ဦးမျိုးသန့်-ဒေါ်သန်းသန်းမြင့်၊ ဒေါ်စန်းစန်းလှတို့၏အစ်ကို၊ ဦးမျိုးသက်-ဒေါ်အေးအေးကြွယ်(စင်ကာပူ ကောင်းစုံမီနီမတ်)၊ ဦးညီညီဟန်- ဒေါ်ခင်လေးအောင်၊ ဦးထိန်လင်း-ဒေါ်သက်သက်ချမ်း၊ ဦးထိန်ဝင်း-(ဒေါ်မြမြအေး)၊ ဦးရဲဝင်းနိုင်-ဒေါ်ရည်မွန်ဟန် (ဒု-ဂျာကမ္ဘောဇဘဏ်)၊ ဦးကျော်သူရ-ဒေါ်သွင်မို့မို့ထွဋ်တို့၏ ဖခင်၊ ဒေါ်စန်းစန်း၏ချစ်လှစွာသောခင်ပွန်း၊ မြေး ၁၀ယောက်၊ မြစ်တစ်ယောက်တို့၏ အဘိုးသည်၂၉-၁၂-၂၀၂၀ရက်(အင်္ဂါနေ့) ည ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၁၂-၂၀၂၀ရက် (ကြာသပတေးနေ့)မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
# သူကောင်းမ ဒေါ်လေးလေး
## စလင်းမြို့၊ မကွေးတိုင်း
## အသက် (၉၀)

မြန်မာမင်းများလက်ထက်၊ စကုမြို့၊ နောက်ဆုံးမြို့ဝန်မင်း၊ သူကောင်းဦးဆိုင်၊ သူကောင်း မဒေါ်ငွေတို့၏ မြေး၊ စကုမြို့၊ မြို့အုပ်မင်း၊ (သူကောင်းဦးဘိုးသိုက်-သူကောင်းဒေါ်ရိုး)တို့၏သမီး၊ (သူကောင်း ဦးကြာစို-သူကောင်းမ ဒေါ်ဂိုင်)တို့၏ချွေးမ၊ (သူကောင်း ဦးမောင်မောင်ကြီး-သူကောင်းမ ဒေါ်လုန်း)တို့၏ညီမ၊ သူကောင်း ဦးစိန်ရိုး(တိုင်းဦးစီးမှူး၊ လဝက-ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ သူကောင်းမ ဒေါ်ခင်ခင်ဦး၊ (သူကောင်း ဦးဘုန်းစိုး)၏ အဒေါ်၊ ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောလယ်ရပ်ကွက်၊ ဖျာပုံလမ်း၊ အမှတ် (၁၄)နေ ဒေါ်စံရွှေမွန်(ကထိက၊ ငြိမ်း)၊ ဦးလှဘုန်း (လ/ထညွှန်မှူး၊ လဝက)၊ ဒေါက်တာ ကြေ့မှူးအောင် ပါမောက္ခဌာနမှူး(ရှေးသု၊ ဒဂုံတက္ကသိုလ်)၊ ဦးမျိုးနိုင်-ဒေါ်မိုးသီတာ (ဂျပန်)၊ ဦးတိုးလှျံ (အမေရိကန်)၊ ဦးဝင်းဟန်-ဒေါ်ဝတ်ရည်အေး(ခေတ္တ အမေရိကန်)တို့၏မိခင်၊ မောင်ကျော်စိုးလင်း(ဂျပန်)၊ မအိန္ဒြေဝင်းဟန်၊ မမြမှူးရွှေစင်ဟန်၊ မမြတ်မှူးကြယ်စင်ဟန်(အမေရိကန်)တို့၏ဘွားဘွားကြီး၊ သူကောင်းမ ဒေါ်လေးလေးသည် ၃၀-၁၂-၂၀၂၀ ရက် နံနက် ၇:၁၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါကြောင်း။ မီးသင်္ဂြိုဟ်မည့်ရက်အား ထပ်မံကြေညာမည်ဖြစ်ကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ခရစ်တော်၌အိပ်ပျော်ခြင်း
# ဦးမောင်လှ(ခ)စတင်းနစ်(စ်)လော့
## ငွေဝင်းသန်းရေယာဉ်၊ သုခဗလဆန်စက် ဘိုကလေးမြို့
## အသက်(၈၄)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ဘိုကလေးမြို့၊ ဒုတိယလမ်း၊ အမှတ် ၁၈၇ (ဦးအရန်- ဒေါ်အေး)တို့၏သားကြီး၊ အမာမြို့၊ ကမ်းနားလမ်း၊ (၁)ရပ်ကွက် ဒေါ်ခင်ဝေ(ခ)ဒေါ်ပေ၏ ချစ်လှစွာသောခင်ပွန်း၊ ဦးခင်မောင်ဦး(သုခဗလဆန်စက်)၊ ဘိုကလေးမြို့၊ ဗိုလ်ဗထူးလမ်း၊ (၃)ရပ်ကွက်၊ အိမ်အမှတ်(၈၆)၊ ဦးမြဦး(အောင်ပင်လယ်ရွှေဆိုင်နှင့်ကုန်စုံဆိုင် အောင်ပင်လယ်တည်းခိုခန်း၊ သုခဗလဆန်စက်)-ဒေါ်ရွှေအိုး၊ ဦးသက်နိုင်-ဒေါ်ခင်မာဌေး၊ ဦးမြင့်သိန်း-ဒေါ်ခင်မာချို၊ အမာမြို့ ဦးဂွမ်ဂျာ-ဒေါ်ခင်မာတိုး၊ အင်းစိန်မြို့နယ်၊ အနောက်ကြို့ကုန်းအိမ်ရာ ၊ အမှတ် ၁၀၃ ဦးအောင်လင်းဦး-ဒေါ်မို့မို့ခင်၊ အမာမြို့ ဦးကျော်မိုးနိုင်- ဒေါ်ခင်မာဖြိုး တို့၏ဖခင်၊ မြေးခုနစ်ယောက်၊ မြစ်နှစ်ယောက်တို့၏ အဘိုးသည်၃၀-၁၂-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၄:၅၀နာရီတွင် ဂရင်းဟံသာဆေးရုံကြီးတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁-၁-၂၀၂၁ရက် (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ခဝဲခြံမင်းသုံးပါးဘုရားရှိခိုးကျောင်း၌ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်း ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# ဦးအောင်ကျော်
## (စာရင်းကိုင်ချုပ်-BGSI)
## အသက် (၈၅)နှစ်

ရန်ကုန်မြို့၊ အမှတ် -၁၂၊ ကျောက်ရေတွင်းလမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်နေ ဒေါ်ကြည်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးတင်ဝင်း-ဒေါ်တင်မေဦး (Joy Store)၊ ဦးဇော်ဝင်းအောင်-ဒေါ်သီတာအောင် (Point Electronic CCTV)တို့၏ ဖခင်၊ ဒေါက်တာ ထက် ထက်အိလွင် (Servier)၊ မသန့်သဇင်နိုင် BE(Civil) Final Year (TU)၊ မစုပြည့်ဇော် (Psychology 3rd Year)၊ မောင်ထက်နိုင်လင်း (Grade-7) တို့၏အဘိုးသည် ၂၉-၁၂-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၂:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့မွန်းလွဲ ၂နာရီတွင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ရဟန်း ဒါယိကာမကြီး
# ဒေါ်မြစန်းရီ (ခ)ဒေါ်မာလာ
## အသက်(၇၀)

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီး အရှေ့ရပ်ကွက်၊ ပိတောက်ပင်လမ်း၊ အမှတ် ၇၂၊ မြေညီနေ (ဦးမြဒင်-ဒေါ်ခင်ရီ)တို့၏ သမီး၊(ဦးစံပွား-ဒေါ်သိန်းလှ)တို့၏ သမီးချွေးမ၊ ဗိုလ်မှူးညွန့်လှိုင်(ငြိမ်း)ဒု-ညွှန်ကြားရေးမှူး(ငြိမ်း) ငါးလုပ်ငန်းဦးစီးဌာန၏ ချစ်လှစွာသော ဇနီး၊ (ဦးမျိုးဝင်းလှိုင်)၊ ဦးသူရသိန်း(Go Safe GPS)-ဒေါ်မျိုးမြင့်မြင့်လှိုင် (Prime- Boss)၊ ဒေါ်မျိုးတင့်တင့်လှိုင်၊ ဦးမျိုးထွဋ်လှိုင်-ဒေါ်သဉ္ဇာလွင်၊ ဒေါ်မျိုးထက်သီရိလှိုင် (Ratana Metta Organization)တို့၏ ချစ်လှစွာသောမိခင်၊ မြေးလေးယောက်တို့၏ အဘွားသည်၃၀-၁၂-၂၀၂၀ရက် နံနက် ၃နာရီတွင် သဃ်ာန်းကျွန်း စံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁နာရီတွင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# ဦးကျော်စွာညို(ခ)ကိုဘာဘူကြီး
## အကောက်ခွန်မှူး၊ အကောက်ခွန်ဦးစီးဌာန
## အသက်(၃၇)နှစ်

မိုးကုတ်မြို့၊ အရှေ့ပိုင်းရပ်ကွက်နေ (ဦးညို)-ဒေါ်ဝင်းကြည်တို့၏သားထွေး၊ လယ်ဝေးမြို့နေ ဦးသောင်း-ဒေါ်ပျိုတို့၏ သားသမက်၊ ဦးမင်းမင်းထွဋ်(ညွှန်ကြားရေးမှူး၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန)၊ ဦးကိုကိုလတ်-ဒေါ်သိမ့်သိမ့်စိုး၊ ကိုသော်တာညိုတို့၏ ညီ၊ မောင်ဘုန်းခန့်ပိုင်ဇေ၏ချစ်လှစွာသောဖခင်၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အောင်ရတနာလမ်း၊ အမှတ် ၁၀၊ ဒုတိယထပ်(ဘီ)နေ ဒေါ်ခင်မဒီဖြိုး၏ ချစ်လှစွာသောခင်ပွန်း သည်၂၉-၁၂-၂၀၂၀ရက် (အင်္ဂါနေ့) ညနေ ၃:၁၅နာရီတွင် ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

မြို့မကျောင်းသားကျောင်းသူ
ဟောင်းများအသင်း
### ဒေါ်မေမေတင်
(မြို့မကျောင်းသူဟောင်း)
အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချို (၂) ရပ်ကွက်၊ စောမဟာလမ်း၊ အမှတ်(၁)နေ (ဦးတင်ညွန့်)၏ဇနီးသည်၂၆-၁၂-၂၀၂၀ရက် (စနေနေ့) ညနေ ၆:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၁၂- ၂၀၂၀ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းဝင်များအား အကြောင်းကြားသိစေအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့
မြို့မကျောင်းသား
ကျောင်းသူဟောင်းများအသင်း

# သစ်တော
# နှင့်
# သစ်ပင်
# ချစ်ခင်တဲ့
# လူမျိုး
# သစ်ပင်ကို
# နှစ်စဉ်စိုက်
# ရွှေတိုက်
# ကိုစိုး

# ၂၀၂၀ ပြည့်နှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ မဲစာရင်းနှင့်စပ်လျဉ်း၍ ထုတ်ပြန်ချက်

၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၃၀ ရက်

၁။ ယခုအခါ ၂၀၂၀ ပြည့်နှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမဲစာရင်းနှင့်စပ်လျဉ်း၍ တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့က မြို့နယ်အချို့၏မဲစာရင်းများ ထုတ်ပြန်လျက်ရှိပါသည်။ အဆိုပါ မဲစာရင်းများသည် ၁.၁၀.၂၀၂၀ ရက်နေ့မှ ၁၄.၁၀.၂၀၂၀ ရက်နေ့အထိ ဒုတိယအကြိမ် ကပ်ထားကြေညာမည့် မဲစာရင်းများကို မဲစာရင်းတွင် မိမိအမည်မပါက ပုံစံ (၃) ဖြင့် တောင်းဆိုရန်၊ မပါဝင်သင့်သူ (ကွယ်လွန်သူအပါအဝင်)များ ပါဝင်နေက ပုံစံ (၄) ဖြင့် ကန့်ကွက်ရန်၊ အချက်အလက် မှားယွင်းနေပါက ပုံစံ (၄-က) ဖြင့် ပြင်ဆင်ရန်အတွက် နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများကိုသာ PDF ဖိုင်ဖြင့် ဖြန့်ဝေထားသည့် မဲစာရင်း ဖြစ်ပါသည်။ တပ်မတော် သတင်းမှန်ပြန်ကြားရေးအဖွဲ့က ထိုမဲစာရင်းကို PDF ဖိုင်မှ Excel ဖိုင်အဖြစ်သို့ပြောင်း၍ မဲစာရင်း ထပ်သည်၊ မှတ်ပုံတင်အမှတ်မပါ၊ မဲမသမာမှုဖြစ်နိုင်သည် စသည်ဖြင့် ဒုတိယအကြိမ်ထုတ်ပြန်ပေးသည့် မဲစာရင်းများကိုအခြေခံ၍ ထုတ်ပြန်ထားခြင်းဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

၂။ ယင်းသို့ ဒုတိယအကြိမ် မဲစာရင်းကပ်ထားစဉ် မဲဆန္ဒရှင်များ လာရောက်ကြည့်ရှု၍ ပုံစံ (၃)၊ ပုံစံ (၄)၊ ပုံစံ (၄-က) ဖြင့် ထပ်မံလျှောက်ထားသဖြင့် အဆိုပါ မဲစာရင်းကို ထပ်မံပြင်ဆင်ဖြည့်စွက်ရသည်များ ရှိပါသည်။

၃။ ထို့အပြင် မဲပေးပိုင်ခွင့်ရှိသူတိုင်း မဲပေးပိုင်ခွင့်မဆုံးရှုံးစေရေးအတွက် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသည့်ကာလအတွင်း မိခင်နိုင်ငံသို့ နိုင်ငံခြားမှပြန်လည်ရောက်ရှိလာသည့် မဲဆန္ဒရှင်များ၊ မိမိရောက်ရှိနေသည့်မြို့နယ်မှ မဲစာရင်းပါရှိသည့် မြို့/ရွာသို့ ပြန်ခွင့်မရသူများ၊ မဲစာရင်းတွင် အစုအဝေးလိုက် ကျန်ရစ်ခဲ့သည့် မဲဆန္ဒရှင်များကို သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ထပ်မံဖြည့်သွင်းရသည်များလည်း ရှိပါသည်။ တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့က အခြေခံထုတ်ပြန်သည့် မဲစာရင်းမှာ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် မဲပေးသည့် နောက်ဆုံးမဲစာရင်း မဟုတ်ပါ။

၄။ အဆိုပါမဲစာရင်းများသည် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ရွေးကောက်ပွဲကော်မရှင်တို့ စုပေါင်းပြုစုထားသည့် မဲစာရင်း ဖြစ်ပါသည်။ ရွေးကောက်ပွဲနေ့တွင်လည်း မဲရုံတွင် ပညာရေးဝန်ကြီးဌာနက မဲရုံမှူး၊ မဲရုံအဖွဲ့ဝင် ဆရာ/ဆရာမများ၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနဝန်ထမ်းများ၊ နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ရွေးကောက်ပွဲ ကိုယ်စားလှယ်များ၊ ၎င်းတို့၏ မဲရုံကိုယ်စားလှယ်နှင့် အကူကိုယ်စားလှယ်များ စသည်တို့၏ရှေ့မှောက်တွင် ဆောင်ရွက်ခဲ့သည့် ရွေးကောက်ပွဲလုပ်ငန်းစဉ် ဖြစ်ပါသည်။

*စာမျက်နှာ ၁၀ ကော်လံ ၅ ✻*

## (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် (၂၀၀ ကျပ်တန်) အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ် (၃)မျိုး ရောင်းချပေးမည်




**နေပြည်တော် ဒီဇင်ဘာ ၃၀**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ်(၂၀၀ ကျပ်တန်) (၃)မျိုးကို ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၄ ရက် မြန်မာသက္ကရာဇ် ၁၃၈၂ ခုနှစ် နတ်တော်လပြည့်ကျော် ၆ ရက် (တနင်္လာနေ့)၊ နံနက် ၉ နာရီခွဲမှစတင်၍ နေပြည်တော် ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ စာတိုက်များတွင် ရောင်းချပေးသွားမည် ဖြစ်သည်။

*စာမျက်နှာ ၂၄ ကော်လံ ၁ ❐*



ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ တည်ဆောက်ပြီးစီးသဖြင့် ဇန်နဝါရီ ၄ ရက် (လွတ်လပ်ရေးနေ့) တွင် ဖွင့်လှစ်တော့မည့် အင်းစိန်မီးရထားခုံးကျော်တံတား လက်တံသစ် (မင်းကြီးလမ်းဘက်) ကို တွေ့ရစဉ်။ (သတင်း - စာ - ၁၂) ဓာတ်ပုံ- အောင်မြင့်(ပြန်/ဆက်)

## ပဲလေ့စ်တိုက်စစ်မှူး ဇာဟာကို ဇန်နဝါရီတွင် ခေါ်ယူရန် ကြိုးပမ်းနေသည့် စီးရီးအေကလပ် အေစီမီလန်



အီတလီစီးရီးအေကလပ် အေစီမီလန်အသင်းသည် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ပရီမီယာလိဂ်ကလပ် ခရစ္စတယ်ပဲလေ့စ်အသင်းမှ တိုက်စစ်မှူး ဝီလ်ဖရိုက်ဇာဟာကို ခေါ်ယူရန် ပြင်ဆင်နေကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ထို့အပြင် အေစီမီလန်အသင်းသည် ဇာဟာအနေဖြင့် ၎င်းတို့ကို ၁၀ နှစ်အတွင်း ပထမဆုံးအကြိမ် စီးရီးအေဖလားဆွတ်ခူးရရှိအောင် ကူညီပေးနိုင်လိမ့်မည်ဟုလည်း ယုံကြည်နေကြောင်း ဖော်ပြထားသည်။

အေစီမီလန်အသင်းသည် ယခုနှစ်ရာသီ စီးရီးအေအမှတ်ပေးဇယားကို ပွဲစဉ် ၁၄ အပြီးတွင် ရမှတ် ၃၄ မှတ်ဖြင့် ဦးဆောင်နိုင်သည့်အသင်းဖြစ်ပြီး ၂၀၁၀-၂၀၁၁ ခုနှစ်နောက်ပိုင်း စီးရီးအေအမှတ်ပေးဖလားကို ဆွတ်ခူးရန် ပစ်မှတ်ထားနေခြင်း ဖြစ်သည်။ အသက် ၂၈ နှစ်အရွယ်ရှိ ဇာဟာသည် ယခုနှစ်ရာသီ ခရစ္စတယ်ပဲလေ့စ်အသင်းတွင် ခြေစွမ်းပြကစားထားနိုင်သည့် ကစားသမားတစ်ဦးဖြစ်ကာ ပရီမီယာလိဂ် ၁၄ ပွဲတွင် ဂိုးရရှိအောင် နှစ်ကြိမ်ဖန်တီးပေးထားနိုင်ပြီး ရှစ်ဂိုးသွင်းယူပေးထားသည်။ ၎င်းသည် ယမန်နှစ်က ပဲလေ့စ်အသင်းအတွက် ပရီမီယာလိဂ် ၃၈ ပွဲတွင် ဂိုးရရှိအောင် သုံးကြိမ်ဖန်တီးပေးထားနိုင်ပြီး လေးဂိုးသာသွင်းယူထားနိုင်သည့်အတွက် ယခုနှစ်တွင်

*စာမျက်နှာ ၂၄ ကော်လံ ၁ ❍*


ယနေ့ မာတိကာ

ဗီဇပြောင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားရာ နိုင်ငံများမှ ဂျပန်သို့ ရောက်ရှိလာသူများအား လေဆိပ်အသွားအလာကန့်သတ်စောင့်ကြည့်မှုများ ပိုမိုတင်းကျပ် စာ ၁၃

အမေရိကန်၌ ကိုဗစ်-၁၉ ကူးစက်ခံရသည့် ကလေးငယ်အရေအတွက် နှစ်သန်းကျော်ပြီဖြစ် စာ ၁၄